ဂါထာသဘောစထောင်

(အဋ္ဌကထာ)

၆.၃
ယက

၄၀၅ ရဂ္ဂ

ဗုဒ္ဓသာသန ဒီဃဘာဏက ဒီဃနိကာယ ကောဝိဒ

နှင့်

သာသနဓဇ သိရိပဝရ ဓမ္မာစရိယ

ဆုထူးပန်ဆရာတော်

အရှင်နာဝယက

ပြုစုအပ်သော

"ဂါထာတဇောဇ"

ဓမ္မကထိက ကြီး,ငယ်များ အတွက် လိုအပ်၍
ပေါ်ထွက်လာရသော (ကျမ်းစာ)

သင့်ဘဝပုံနှိပ်တိုက်

၁၇-မဟာကုန်းလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်ပြို

ဘာသာရေးဆိုင်ရာ စာပေခွင့်ပြုချက်အမှတ် (၇၀၂၃)
ကင်းလွတ်ခွင့်အမှတ် (၀၂၃၉၀)

အုပ်ရေ ၂၀၀၀

ဓမ္မဒါန

ပဌမ အကြိမ်

၁၃၃၇-ခု၊ တော်သလင်းလ

၁၉၇၅-ခု၊ စက်တင်ဘာလ

ထုတ်ဝေသူ

အရှင်နာယက

ဆုထူးပန် စာသင်တိုက်

အမှတ် ၁၅၊ နတ်မောက်လမ်း၊ ရန်ကုန်မြို့။

ပုံနှိပ်သူ

ဒေါ်ခင်မြင့်၊ မှတ်ပုံတင်အမှတ်(၀၁၁၁)

သင့်ဘဝပုံနှိပ်တိုက်၊ ၁၇-မလ္လကုန်းလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်မြို့။

ကတည်းက ကတဝေဒီ

၂၄-ပစ္စည်း ပဋ္ဌာန်းနည်းဖြင့် စစ်ကြောဝေဖန်လျှင် ရန်သူသည်ပင် မိမိ၏ ကျေးဇူးရှင်ဖြစ်ရကား လောကတလွှားဌ် ကျေးဇူးရှင်မဟုတ်သော သက်ရှိ သက်မဲ့ အရာဟူ၍ ဘာတခုမျှ မရှိပါ။

ထို့ကြောင့်-

* ရတနာ ၃-ပါး ကျေးဇူးရှင်မျှားကိုဂုဏ်း။

* လက်ဦးဆရာ မည်ထိုက်စွာသား ပုဗ္ဗာစရိယ မိန္ဒင့်ဘာဟုနှစ်ဝ သော ကျေးဇူးဂုဏ်အင် အနန္တ မေတ္တာရှင်မျှားကိုဂုဏ်း။

* တလုံးတဂါထာ တပါဒမှစ၍ တနပဲ့ပြင် သွန်သင်ပေတတ် ဆရာ အရှင်မြတ်တို့ကိုဂုဏ်း။

* ကိစ္စကြီးငယ် အသွယ်သွယ် အဝဝဌ် ဖေးဖေးမမ မေတ္တာမျှ၍ ကကွစိတ်ထား မိတ်ဆွေမျှား ဉာတကာမျှား ဒကာ ဒကာမ မျှားကိုဂုဏ်း။

* ထိုမှတပါး ဂဏန်းသား၍ ပိုင်းခြားမပြနိုင်သည့် အနန္တမျှားဖြင် ကျေးဇူးရှင် မှန်သမျှတို့ကိုဂုဏ်း-

မိမိထက် အသက်သိက္ခာ ဂုဏ်ဝါအားဖြင့် ကြီးဘိမူ ဦးနှိမ်မာန်လျော့ မြတ်နိုးစွာ ကန်တော့ပါ၏။

မိမိအောက် ငယ်ပါမူ ကရုဏာနှင့် မေတ္တာဆင့်ကာ ပွားမျှားပါ၏။

အရှင်နာဃက

ကြည့်လိုရာရာ မာတိကာ

ဂါထာဦးရေ	ဂါထာအမည်	စာမျက်နှာ
၁။	ကျမ်းဖွင့်ရစနာ အောင်ဂါထာနှင့် ပဏာမ	.... ၃-၄
၂။	အောင်မှူးမြတ်ဌာန် အောင်ဆုပန်	.... ၅
၃။	ကိုယ့်ကို အောင်မှ အောင်ဒါဗျ	.... ၆
၄။	အလှပန်းငုံ နှစ်လှာခြုံ	.... ၆
၅။	သာသနာကြီး ထိန်ညီးပါစေ မေတ္တာဝေ	.... ၇
၆-၇။	သာသနဂုဏ်ရည်	.... ၈-၉
၈။	သံဃာတော်များ ချမ်းသာပွား ဘုရားသာသနာဝေ	.... ၉
၉။	ဒို့များဆရာ-ချမ်းသာပါစေ	.... ၁၀
၁၀။	မိဘနှစ်ဖြာ ကျန်းမာချမ်းသာပါစေ	.... ၁၀
၁၁-၁၂။	အနန္တမေတ္တာပို့(နှင့်)ကြောက်ဖွယ်ရာဘုံမေတ္တာခြုံ	.... ၁၁
၁၃-၁၄။	လစန်းအာရုံပန်းပဒုံ(နှင့်) မေတ္တာသုတ်လာပို့မေတ္တာ	.... ၁၂
၁၅။	တရားတောင်း	.... ၁၃
၁၆။	တနည်းတရားတောင်း	.... ၁၄
၁၇-၁၈။	လျှပ်စစ်သွင် ဖြစ်ပျက်စဉ်(နှင့်) မစ္ဆေဇ္ဈာသာကြောက်စရာ	.... ၁၅
၁၉ မှ ၂၁။	ဇနကမင်းကြီး တမ်းတသော (၃)ဂါထာ	.... ၁၆
၂၂။	ဝတီသာမှ ဘုရားကြွ	.... ၁၉
၂၃။	မလဲ့သာ ခဲ့ခဲ့ရပေမဲ့	.... ၁၉
၂၄။	သင်္ဘောတက်တာ ကောင်းဘို့ရာ	.... ၂၀
၂၅-၂၆။	ဗုဒ္ဓဂုဏ်ရည်(နှင့်)မ,တို့သဘော	.... ၂၁
၂၇။	စိတ်၏စေရာ	.... ၂၂
၂၈။	သစ္စာဝါစံ- မြတ်မန္တန်ဟုပေး	.... ၂၃
၂၉-၃၀-၃၁။	ဗုဒ္ဓပီဘိ နှိုင်းသိမမြင်	.... ၂၄
၃၂။	ကိုယ့်ကိုယ်ကိုပင် စစ်တမ်းတင်	.... ၂၅
၃၃-၃၄။	သေမင်းနှင့် နွားကျောင်းသား(နှင့်) သေပင်းပြိုင်အနိုင်မရှိ	၂၆
၃၅။	စေ့စေ့ဟေ့ ရေးရေးပေါ်	၂၇
၃၆။	အချိန်ဂိုဓိုက် လုလွဲစိုက်	.... ၂၈
၃၇။	ငါဘုရားက လမ်းပြသူသာ	၂၉
၃၈-၃၉။	သူ့ကိစ္စကိုယ့်ကိစ္စ(နှင့်)မှာတမ်းတော်	၃၀

(၈)

ဂါထာတဆောင်

ဂါထာဦးရေ	ဂါထာအမည်	စာမျက်နှာ
၄၀။	လသာတုန်းဗိုင်းငင်	.... ၄၁
၄၂။	မကြောက်တရား	.... ၄၂
၄၃-၄၄။	နိဗ္ဗူရိပ်ခွင်အတူဝင်(နှင့်)ပြဟ္မာ့ပြည်တစင်းဝင်း	.... ၄၃
၄၅။	တိမ်တိုက်အသွင် လူ့ရုပ်ခွင်	.... ၄၄
၄၆။	ချစ်နှိုင်းကြပါစေ	.... ၄၅
၄၇-၄၈။	မြင်မေ့ကြားမေ့(နှင့်) မြင်သင့်ဒါမြင်	.... ၄၆
၄၉-၅၀။	စိတ်သာရှင်စော	.... ၄၇
၅၁။	စိတ်တခုသာအဓိက	.... ၄၈
၅၂-၅၃။	အကုသိုလ်က လှည့်ဖျားပမာ ကုသိုလ်က ထားပမာ	.... ၄၉
၅၄-၅၅။	ဘုရားသော်မှ ရှုံးပေးရ(နှင့်) နင်လားဟဲ့ကာမ	.... ၅၀
၅၆။	မြတ်ထက်မြတ်ရာ	.... ၄၁
၅၇။	မီးမျိုဒါက မြတ်သေးသည်	.... ၄၂
၅၈-၅၉။	မောဟမီးကြီးထိန်ထိန်ညီး(နှင့်)ရာဂငြိမ်းဆေး	.... ၄၃
၆၀။	မောဟငြိမ်းအေး ဘုရားဆေး	.... ၄၄
၆၁-၆၂။	အာသဝံကုန်ရာသီသောခါ(နှင့်)မိုးဆိုဒါဖြဟ္မာပါ	.... ၄၅
၆၃။	စောင့်စည်းသမှု အစဉ်ပြု	.... ၄၆
၆၄-၆၅။	ဟောဒါမှုရဟန်း(နှင့်) သားရှိသူသားကြောင့်ပူ	.... ၄၇
၆၆။	တကိုယ်တော်တည်း	.... ၄၈
၆၇။	လယ်ထွန်သော မြတ်စွာဘုရား	.... ၄၉
၆၈။	မိဘလုပ်ကျေး နတ်ချစ်ဆေး	.... ၄၉
၆၉-၇၀။	မိဘကျေးဇူးမသိက လူယုံတ်(နှင့်)မာန	.... ၅၀
၇၁-၇၂။	အလုပ်ပမာန(နှင့်)တဦးတည်းသား၌မေတ္တာလို	.... ၅၁
၇၃-၇၄။	သြဃလေးဖြာ ကူးနိုင်သူ	.... ၅၂
၇၅-၇၆။	မနစ်မြုပ်သူနှင့် လှည့်စားဟန်ဆောင်	.... ၅၃
၇၇။	ချစ်တယ်ဆိုဒါဘယ်သူလဲ	.... ၅၄
၇၈။	အဖေ၁မင်က ဘေးဖြစ်ရ	.... ၅၅
၇၉-၈၀။	ကိလေသာဖြစ်ကြောင်း အမေးအဖြေ	.... ၅၆

အမှားပြင်ဆင်ချက်။ ။၄၁မှ ၅၀ထိ စာမျက်နှာ နံပါတ်ဘပ် မှားနေပါ၍ ပထမ ၄၁မှ ၅၀ထိကို ၃၁မှ ၄၀ ဟု ပြင်ဆင်ဖတ်ပါ။ ဒုတိယ ၄၁မှ ၅၀ထိမှာ အမှန်ဖြစ်ပါသည်။

ဂါထာဦးရေ	ဂါထာအမည်	စာမျက်နှာ
ဂ၁ မှ ဂ၅။	သုန္ဒရိက ဘာရဒ္ဒါဇသုတ်(ဂါထာ)	၆ဂ
ဂ၆ မှ ဂဂ။	ဒုက္ခဖြစ်ရ သူကစ(နှင့်) ပုထုဇဉ်နှင့် အရိယာ	၅၅
ဂ၉-၉၀။	ဓဝဒနာချုပ်နိဗ္ဗာန် ...	၅၉
၉၁-၉၂။	စဲ့မိသည့်ဝန်	၆၀
၉၃-၉၄။	ဒုက္ခမူလ သူကစ (နှင့်) အိပ်မက်ပမာ	၆၁
၉၅-၉၆။	တဦးတည်းသာ ဆိတ်ငြိမ်စွာ	၆၂
၉၇-၉၈။	ရေစက်သွန်းချ ထိုခဏ(နှင့်) မိုးကိုစိန်ခေါ် ..	၆၃
၉၉-၁၀၀။	အမြတ်ဆုံးတထူး (နှင့်) အာဠဝကမျက်မာန်ကျ .	၆၄
၁၀၁။	အရေးကြီးသော သဒ္ဓါ ..	၆၅
၁၀၂။	အောင်-အောင်-အောင် ..	၆၆
၁၀၃-၁၀၄။	အနဲဟုမရှိ(နှင့်)တူမျှမေတ္တာ ...	၆၇
၁၀၅-၁၀၆။	ဒု(နှင့်) သ ...	၆၈
၁၀၇-၁၀၈။	နု(နှင့်)သော	၆၉
၁၀၉-၁၁၀။	လျှပ်ပန်းပမာ(နှင့်)ပွက်ဆောက်ဖျားတွင် မုံညှင်းတင်	၇၀
၁၁၁-၁၁၂။	ချမ်းသာစု(နှင့်)ဘေးရန်ကင်းကွာလွန်ချမ်းသာ....	၇၁
၁၁၃-၁၁၄။	သံသရာဆိုဒါ(နှင့်)တဏှာ၏ကြိမ်းသံ	၇၂
၁၁၅။	အထင်မှား အမြင်မှား	၇၃
၁၁၆-၁၁၇။	ခြေတလှမ်းတသန်း(နှင့်)အဝေးကြီး	၇၄
၁၁၈။	လူမဝင် ရှင်မဟုတ်	၇၅
၁၁၉။	ငါဘုရားနှင့် နိုးသလားဝေးသလား	၇၆
၁၂၀-၁၂၁။	မဖြတ်နိုင်တဲ့ ဝဋ်ပွဲဆိုင်(နှင့်)မဟာဿရတန ..	၇၇
၁၂၂။	အာရုံထဲ တစ်စုံ	၇၈
၁၂၃-၁၂၄။	တဦးတည်းသားပမာ(နှင့်)အကုသိုလ်ဝိတက်မှု ...	၇၉
၁၂၅-၁၂၆။	သီလပညာအရင်းသာ(နှင့်)မာနကိုပယ် ..	၈၀
၁၂၇-၁၂၈။	အိပ်နေလျှင်(နှင့်) ခြေရာပျောက်	၈၁
၁၂၉။	ဒုက္ခကိုမှ လိုချင်သည် ...	၈၂
၁၃၀။	လူယုတ်နှင့် မပေါင်းနှိုင်	၈၃
၁၃၁-၁၃၂။	ဇရဓက်ကိုပယ်(နှင့်)ဝိပုတ္တိပုံ:	၈၄
၁၃၃။	တောတောင်တဝှမ်း အလှမ်းပြေ ...	၈၅

(ည)

ဂါထာတဆောင်

ဂါထာဒဋ္ဌိးရေ	ဂါထာအမည်	စာမျက်နှာ
၁၃၄။	တောရိပ်မှိကာ ပျော်စမ်းပါ	.... ၈၅
၁၃၅။	ဆရာ့ဂုဏ်	....
၁၃၆။	ခြေဖဝါးလက္ခဏာ မှတ်စရာ	.... ၈၇
၁၃၇။	တောခွေးနှင့် ပေါက်ပင့်ပမာ	.... ၈၇
၁၃၈။	အရှင်လဲပုပ် အသေလဲပုပ်	.... ၈၉
၁၃၉။	ပုပ်လွန်းလို့ ဒုတ်ထမ်းစောင့်ရ	.... ၈၉
၁၄၀။	ဗုဒ္ဓဆိုဒါ ဘာလဲ	.... ၉၀
၁၄၁-၁၄၂။	သွားလို့မရောက်(နှင့်) ဘဂဝါဂုဏ်တော်	.... ၉၁
၁၄၃-၁၄၄။	နေ့ရှိသရွေ့ ကြေမြေ့ဇီဝေ	.... ၉၂
၁၄၅။	သုဘူတိမထေရ်	.... ၉၃
၁၄၆-၁၄၇။	မြေအိုးပမာ(နှင့်) နေရှိန်နှင်းပေါက်	.... ၉၄
၁၄၈။	တောင်ကြီးတွေ့ ကြံတ်ချေသလို	.... ၉၅
၁၄၉။	အမြောက်ပုံးတို့ ဖောက်အုံးတော့ မဖြုံ	.... ၉၆
၁၅၀။	အရှက်မဲ့ကင်း ဟယ်သေမင်း	.... ၉၆
၁၅၁-၁၅၂။	မသိနိုင်ဆု(နှင့်) စိတ်တချက်သာအသက်ရှင်	.... ၉၇
၁၅၃။	ဓမ္မသဘာဝ တွေးဆကြ	.... ၉၈
၁၅၄-၁၅၅။	ပစ္စုပ္ပန်(နှင့်)အသက်ရှင်	.... ၉၈
၁၅၆-၁၅၇။	နွားကိုတိုင်မှာချည်သလို(နှင့်)ကျားသစ်ပမာ	.... ၉၉
၁၅၈- မှ ၁၆၁။	ဒေါသဖြေနည်းမျှား	.... ၁၀၀
၁၆၂မှ ၁၆၅။	ဒေါသဖြေနည်းမျှား	.... ၁၀၂
၁၆၆-၁၆၇။	အသုဘကထာ ရွှစရာ	.... ၁၀၃
၁၆၈-၁၆၉။	စားတော့ပြုံး စွန့်တော့မုန်း	.... ၁၀၄
၁၇၀။	ဘယ်မှာလဲ ဆံပင်	.... ၁၀၅
၁၇၁။	မပျော်တိုင်းထွက်မသွားနှင့်	.... ၁၀၆
၁၇၂။	မျောင်စိတ်	.... ၁၀၆
၁၇၃။	၂နှစ်ကြာမှ တခွန်းပြော	.... ၁၀၇
၁၇၅။	အတွင်းလှမှ ဗြာဟ္မဏ	.... ၁၀၈
၁၇၆။	ရောယှက်သူမျှား မီးတွေ့ပွား	.... ၁၀၉
၁၇၇။	ရန်မျှားလှ၍ လာဘ်ကိုပယ်သည်	.... ၁၁၀
၁၇၈။	နှလုံးမသွင်းတတ်၍ ငတ်မိပါသည်	.... ၁၁၁
၁၇၉။	ကိုယ့်ကိုကိုယ် အသိဆုံးပါ	.... ၁၁၁

ဂါထာဦးရေ	ဂါထာအမည်	စာမျက်နှာ
၁၀၀။	တိုက်ရင်းသေမယ်	.... ၁၁၂
၁၀၁။	သြော်ကျေးဇူးကြီးမားလှပေစွ	.... ၁၁၃
၁၀၂။	ရဟန်းဘဝ၌ချမ်းသာလိုချင်လျှင်	.... ၁၁၃
၁၀၃။	ငါ့မှာ ခြေ ၂ချောင်း အကောင်းသား	.... ၁၁၄
၁၀၄။	ဂါရဝကင်းလျှင် နိဗ္ဗာန်ခွင် ဝင်ရန်ဝေးလှသည်	.... ၁၁၆
၁၀၅။	တကိုယ်လုံး ကြေမွသွားပါစေ	.... ၁၁၆
၁၀၆။	မာန်ထောင်လို၍ သာသနာဝင်လျှင်	.... ၁၁၇
၁၀၇။	သေမင်းရန် မတွန်းလှန်နိုင်	.... ၁၁၀
၁၀၀-၁၀၉၊	ငဲ့ကွက်ကင်းမှချမ်းသာ(နှင့်) ရှင်သေ ၂ပါးလို....	၁၁၉
၁၉၀-၁၉၁။	သေ၍ဝမ်းသာ(နှင့်) ချမ်းသာလို့ သိလ	၁၂၀
၁၉၂။	ပန်ဆင်လိုသောဆု(လကုဏ္ဍကဘဒ္ဒိယထေရ်)	၁၂၁
၁၉၃မှ ၁၉၆။	အပေါ်ယံကြော သြဃတော	၁၂၁
၁၉၇-၁၉၀။	လူမိုက်(နှင့်)အာသဝေါထုတ်ရာလမ်း	၁၂၃
၁၉၉-၂၀၀။	အမြတ်ဆုံးဆိုဒါ	၁၂၄
၂၀၁-၂၀၂။	သြဃလေးဖြာ ဘယ်လိုကူးမယ်	၁၂၅
၂၀၃။	ခြသေ့ပမာ တင့်တယ်စွာ	၁၂၆
၂၀၄-၂၀၅။	ရေညှိမကပ်ရွေ့ဝတ်ကြောမုံ(နှင့်)'ကာမသဘော'	၁၂၇
၂၀၆။	တောတောင်ထဲဝယ် ပျော်မွေ့ဖွယ်	၁၂၈
၂၀၇။	အိုးဝေသံသာ တောဝနာ	၁၂၉
၂၀၈-၂၀၉။	အမြတ်ရအောင်နှင့် အရဟံ	၁၃၀
၂၁၀-၂၁၁။	မရဏာသတိ(နှင့်) ဒေါသပယ်နည်း	၁၃၁
၂၁၂-၂၁၃။	အဆိပ်(နှင့်) အဆိပ်မလူးလိုပါ	၁၃၃
၂၁၄-၂၁၅။	မြွေးစူးခံရသူနှင့် ကောင်းစွာ အိပ်ရသူ	၁၃၄
၂၁၆။	မာရ်နတ်ထောင်ဆားသော ကျော့ကွင်း	၁၃၅
၂၁၇။	မြွေဟောက်မ	၁၃၆
၂၁၈။	ဘေးရန်ပတ်လည်	၁၃၇
၂၁၉-၂၂၀။	ကိုယ့်အလုပ်ကိုယ်လုပ်(နှင့်) လွတ်မြောက်စေသူ	၁၃၈
၂၂၁-၂၂၂။	ဟဲ့သေမင်း(နှင့်)မီးပုံထဲမှသံဃာတို့ပါ	၁၃၉
၂၂၃။	အဆိပ်တခုက် ပျားတစက်	၁၄၁
၂၂၄မှ ၂၂၆။	ကိုးကွယ်ရာအမှား(နှင့်)အမှန်	၁၄၂
၂၂၇-၂၂၈။	ရှိမဇနဘူး ဖြစ်နေတယ်(နှင့်) ပြောအနတ္တ	၁၄၄

ဂါထာဦးရေ	ဂါထာအမည်	စာမျက်နှာ
၂၂၉-၂၃၀။	စိတ်ဖြင့်ဆေးပါ(နှင့်) နှစ်သစ်ကူးချိန်	.... ၁၄၆
၂၃၁။	နှနှုငယ်ငယ် ချိန်ခါဝယ်	.... ၁၄၇
၂၃၂။	ဖြစ်တာသခ်ါရ မဖြစ်မှ နိဗ္ဗာန်	.... ၁၄၈
၂၃၃။	ဟောသူ-နာသူ-သာဓုခေါ်သူ	.... ၁၄၉
၂၃၄။	သမင်နှင့်မြက်၊ လူမိုက်နှင့်ကာမ	.... ၁၅၀
၂၃၅-၂၃၆။	အမဲရိုးနှင့်ခွေး၊ လူမိုက်(နှင့်)သံသရာ	.... ၁၅၁
၂၃၇။	သစ္စာမြင် သံသာခွင် ကျင်လည်ရလေသည်	.... ၁၅၃
၂၃၈။	ခွေးသိ ဝက်သိ မဟုတ်ပါ	.... ၁၅၄
၂၃၉။	သတိပဋ္ဌာန်ပွားသူမှ နိဗ္ဗာန်ရ	.... ၁၅၆
၂၄၀။	လေးလံလှစွာ ဝန်ခန္ဓာ	.... ၁၅၇
၂၄၁။	လူကထိန်သင်္ကန်းနှင့် မင်္ဂလာတံဆိုပန်ရှယ်	.... ၁၅၈
၂၄၂။	ဥဒါန်းဂါထာ အနေကစာ	.... ၁၅၉
၂၄၃။	လေးပါးသစ္စာ ဤကိုယ်မှာ	.... ၁၆၁
၂၄၄။	ခန္ဓာငါးဖြာ ဥပမာ	.... ၁၆၀
၂၄၅။	နောက်ဆုံး မှာတမ်းတော်ကြီး	.... ၁၆၁
၂၄၆။	မင်းစည်းစိမ် ဘယ်မမက်တယ်	.... ၁၆၁
၂၄၇။	ဆုတောင်းမေတ္တာ ဘာဝနာ	.... ၁၆၂
၂၄၈။	အသိုးအပုပ်- အနှစ်ထုတ်ပါ	.... ၁၆၃
၂၄၉။	ဟဲ့ကာမ(နှင့်)ဒိဋ္ဌိဘေးဒုက္ခရေးကြီး	.... ၁၆၄
၂၅၀ မှ ၂၅၃။	ဓာတ်ကြီး ၄ ပါး ဖမ်ဖွဲ့ဆိုး ၄ကောင်	.... ၁၆၅
၂၅၄။	သံယောဇဉ်	.... ၁၆၆
၂၅၅-၂၅၆။	နတ်ပင့်နှင့် ပရိတ်အမှန်း	.... ၁၆၈
၂၅၇ မှ ၂၅၉။	မင်္ဂလာဂါထာ	.... ၁၇၁
	မေတ္တာပို့ဆောင်ပုဒ်လင်္ကာများ	.... ၁၇၂
	အာသီသ	.... ၁၇၃
	အမျှဝေသော ရပါစေ	.... ၁၇၄

အမှာစာ

"တချိန်တုန်းက စာရေးသူသည် ဓမ္မကထိကဖြစ်ခဲ့ဘူးပါသည်"ဟု ဆို လျှင် အံ့သြမိကြပေလိမ့်မည်။ သို့သော် အမှန်တကယ်ပင် စာရေးသူ ဓမ္မ ကထိက ဖြစ်ခဲ့ဘူးပါသည်။

အကြောင်းကားဤသို့–

စာရေးသူတို့၏မြို့၌ ပရိယတ္တိသာသနာနုဂ္ဂဟ အမျိုးသားစာမေးပွဲတခု ကို စာရေးသူသည် ထက်ဝက်မျှသောတာဝန်ကို ယူလျက် စတင်ကျင်းပ ပေးခဲ့သည်မှာ ဆယ်နှစ်တိုင်ပါသည်။ ထိုစဉ်ကအလုပ်အစဖြစ်၍ အသင်း မှာ ရံပုံငွေ ပြည့်ပြည့်စုံစုံ မရှိသေး။ အတိအကျဆိုရသော် သုညသာရှိ သေးသည်။ လူထုအနေနှင့်လည်း ပရိယတ္တိနှင့်ပတ်သက်၍ မနှီးကြား သေး။ ထိုအထဲတွင် ဆန်ကျင်ဘက်လုပ်မည့်သူများတောင်မှ ရှိသေး သည်။ စာမေးပွဲတွင် အောင်မြင်သော သံဃာတော်များကို ဆုပေးရေး နှင့် ဆွမ်း, ကွမ်း, ကိစ္စမှစ၍ ရံပုံငွေက အများကြီးလိုသည်။ ထိုရံပုံငွေကို ရရှိရေးအတွက် ဓမ္မကထိကအကျော်များကိုပင်၍ တရားပွဲများ ကျင်းပ ပေးရသည်။

တနှစ်တွင် ဓမ္မကထိကအခက်အခဲ ကြုံရသည်။ တရားပွဲရက်များက လည်း ကြည်သာပြီးပြီ။ စာဖြေသံဃာများကလည်း စာဖြေနေကြပြီ။ ဤအချိန်တွင်မှ စီစဉ်ထားသော ဓမ္မကထိက, က အကြောင်းမညီညွတ်၍ မကြွလာနိုင်ကြောင်း ကြေးနန်းပို့သည်။ ဤအခြေအနေတွင် စာရေးသူ က အဖြည့်ခံအဖြစ် ဓမ္မကထိကစင်ပေါ်သို့ တက်ခဲ့ရသည်။ စာရေးသူမှာ ထိုစဉ်က ငယ်သေးသည်ဖြစ်၍ မခံချင်စိတ်နှင့် ကြိုးစားလာခဲ့ရာမှ ဓမ္မ ကထိက ဖြစ်လာခဲ့ရပါသည်။

(ယခုမူ ကြီးလာပြီဖြစ်၍ မည်သည့်အလုပ်ကိုမျှ မခံချင်စိတ်ဖြင့် မလုပ်တော့ဘဲ သင့်မသင့် အကျိုးရှိမရှိ ဆင်ခြင်သောပညာဖြင့်သာ လုပ်တတ်လာတော့သည်။)

ယခုမူ စာရေးသူသည် ပုံမှန်နေရာဖြစ်သော စာချ ဂဏဝါစက နေရာသို့ နေရာမြဲမြဲနှင့် ရောက်ရှိနေပါပြီ။ ဤပရိယတ္တိအလုပ်ကိုကား သာသနာအတွက် အရေးပါသည့်အလုပ်အနေဖြင့် (မခံချင်စိတ်မပါဘဲ) ကြိုးစားပါသည်။

စာရေးသူ ယခုလို စာချနေသောအခါမှ ခမ္မကထိကများအတွက်ဖြစ်သော ဤသည့် "ဂါထာတထောင်" စာအုပ် ထွက်လာရသည်မှာလည်း အတော်တော့ ထူးဆန်းနေပေလိမ့်မည်။

ဤဂါထာတထောင်စာအုပ်ကို ထုတ်ဝေရန် အချိန်ကြာမြင့်စွာကပင် တိုက်တွန်းကြသည်။ သို့သော် စာရေးသူ၌ မအား၍ မထုတ်ဖြစ်ခဲ့ပါ။

လူ့သဘောဟူသည်က ရှေးဖြစ်ဟောင်းဖြစ်များကိုပြန်ပြောင်းအောက်မေ့ချင်ကြသည်။ စာရေးသူ ခမ္မကထိကလုပ်စဉ်က ပင်ကိုယ်ရေး ရစနာဂါထာများနှင့် ဘုရားဟော၍ စာရေးသူက အနက်ရေးသားသည့် ဂါထာများ တော်တော်များများ ရှိသည်။ ၎င်းတို့မှာ စာရေးသူက ဂရုတစိုက် မသိမ်းဆည်းသဖြင့် ပြန့်ကျဲနေသည်။ ၎င်းကို တပည့်များက စုစည်းချင်ကြသည်။ ဆရာ့လက်ရာအဖြစ် တင်ပြချင်ကြသည်။ ဒီတော့ စုကြပေါ့ဟု ဆိုလိုက်သည်။ ထိုအခါ စုကြသည်။ ရသမျှမှာ သုံးရာကျော်, လေးရာနီးပါး ဖြစ်သည်။ ၎င်းကို တင်ပြလာပြီးနောက် နိဒါန်းရေးပေးပါဟူ၏။။

ဤတွင် ခမ္မကထိကလောင်းအရှင်မြတ်များသို့ အတွေ့အကြုံကို အကြံပေး မှာထားလိုသည်ကား ကျော်ကြားသော ခမ္မကထိက ဖြစ်လိုလျှင် (၁) စာကျက်မပျင်းနှင့် စာရများပါစေ။ (၂) ပြီးစလွယ်မဟောနှင့်။ (၃) မဟောမီအပြင်၌ အကျက်ချ လေ့ကျင့်မှုများပါစေ။ (၄) အမြဲတမ်းတီထွင်ကြံဆနေပါ။ ဤသို့ဆိုလျှင် အသံမကောင်းချင် နေပါစေ ကျော်ကြားသော ခမ္မကထိက ဖြစ်လာပါလိမ့်မည် အသံကောင်းလျှင်ကား ဆိုဖွယ်မရှိပြီဟူလို။

အရှင်နာယက
၁၅-၃-၇၅

ဂါထာတဇေဆောင်

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

ကျမ်းဖွင့် ရစနာဂါထာ

ဥဒေန္တီ ရဝိန္ဒ။ လောကေ၊ တမံ ဟန္ဒါဒါန ဂံသိယာ။
ဥဒေတိ (သဟဿံ ဂါထာ)၊ သုခတ္ထာနံ သုခီကရံ။

လောကေ၊ သတ္တဝါဗိုလ်လူအဂပါင်းကို၏ ခိုအောင်းတည်ရာ ကျွဲလူ့ရွာ ဥ်။ ရဝိန္ဒ။၊ ဒေါင်းယာဉ်စကြာ နေရောင်ဝါနှင့် သီတာဇေမျှမ်း ဂွေလောန်း ကိုသည်။ တမံ၊ ဆီးနှင်းမြူတိမ် သူရိန်မီးခိုး ညစ်မျိုးငါးမည် ရန်စစ်သည်ကို။ ဂံသိယာ၊ အမျောင်ပယ်ခွင်း အလင်းကိုဆောင် တထောင်သော ရောင်ခြည်ဖြင့်။ ဟန္ဒါဒါန၊ ဝေးရာလွှင့်ပျောက် အလင်းရောက်အောင် ထွန်းဖောက်စံပယ် တင့်ကယ်တော်မူလျက်။ ဥဒေန္တီ၊ ဥဒည်တောင်စွန်း ပေါ်လာထွန်းရှိ ခေချမ်းကြည်သာ ဝေးကွာ အန္ဓကာယ် အသွယ်သွယ် ပျောက်ကင်း ထွန်းလင်းတောက်ပလေသကဲ့သို့။ ဝေံတတာ၊ ပမာန်ိုင်းပူ ထို့အတူသာလျှင်။ လောကေ၊ အေးရိပ်သာယာ သာသနာဟု ဘဂဝါဗုဒ္ဓ ဒုလ္လဘ၏ ကြုံရခဲမဂါ လူကိုရွာဒ်။ ဂါထာသဟဿံ၊ လိုရာလိုရာ ပိုမပါဘဲ၊ ဘျိုသာမြေ နားဒသောတဆင်ယင်း အဝိဇ္ဇာကင်းရှိ အလင်းကိုဆောင် ဂါထာတဇေဆောင်သည်။ သုခဟ္ထာနံ၊ ချမ်းသာသုခ ဗြဟ္မာကို မှန်စွာလိုလား အပျိုးသား, အမျိုးသမီးအပေါင်း သူတော်ကောင်းတို့အား။ သုခီကရံ၊ ကျန်းမာစေ, ချမ်းသာစေ, လန်းဖြာဖြာဝေ ဘယာတွေအကုန်ကင်းလျက် ချမ်းသာခြင်း

အထွေထွေကို ယခုပင်ဖြစ်စေ၍။ ဇယံ၊အောင်ပါစေဟု ဝေခရုနှင့် ဇေယျတုမင်္ဂလာ အဖြာဖြာကို လျှင်စွာမနှေး ယခုပင် ပေးတော်မူသည်ဖြစ်၍။ ဥဒေတိ၊ ပေါ်ထွန်းတော်မူပါပေ၏။ (ဝါ) သာသနာ့ ဥဒယ်တောင်မှာ နေအရောင် လအဝန်းမက ပရုန်းလှုအဖြာဖြာ ဘုန်းတေဇာသမ္ဘာပြောင်လို့မို့ မာယဲ့ဘတွေ အပို မနှောင်ကြနှင့်တော့ ဟေ့-လာပြီကဲ့ ဂါထာတထောင်။

၁။ ဗုဒ္ဓမြတ်စွာ ပဏာမ

မုနိန္ဒဂ္ဂော တမံ မောဟံ၊ ဟန္ဒွာ ဗောဓေသိ ပဂ်ဇံ။
ဇနံ သဒ္ဓမ္မရံသီဟိ၊ သော သမ္ပာလေတု မံ ဇိနော။

မုနိန္ဒဂ္ဂော၊ အဝိဇ္ဇာမိုင်းလုံး ပိတ်ကာဖုံးသဖြင့် သုံးလောကဗေဒအင်္ဂကယ်မည့်သူ ကင်းပလျက် အလင်း မရနိုင်ဘဲ ဖျင်းအ,အ, နုံနုံချာချာထုံပေကာ အမြင်ကင်းနေကြတဲ့ သတ္တဝါခပင်းတွေကို (တွင်းပဝေဖြာ လင်းကြစေဌာ ထွန်းပဝေရာ)အံသုမာလီ ရောင်ခြည်ပဝင်း ဘုရားရှင်ဆိုတဲ့ နေမင်းကြီးသည်။ သဒ္ဓမ္မရံသီဟိ၊ ဆုံးပြောမမှတ်နိုင်သည့် သုံးလောကဓာတ် တခွင်ကုန်စင်အောင် ပပဝင်းနိုင်သည့် ပရိယတ်, ပဋိပတ်, ပဋိဝေဓဆိုတဲ့ ရောင်အလင်းတို့ဖြင့်။ (ဝါ) သဒ္ဓမ္မရံသီဟိ၊(သောင်းခွင်ထက်အဇဋ္ဌာ မောင်းနှင်ထုတ်ဖြာ ဒေါင်းယာဉ်စကြာ)လက်ခါပဝင်း သူတော်ကောင်းတရား တည်းဟူသော ရောင်အလင်းတို့ဖြင့်။ တမံ-မောဟံ၊ သိစရာတွေကို ပိတ်ဖုံးလျက် အမိုက်ဆုံးအန္ဓ မောဟဆိုတဲ့ အမှောင်ကြီးကို။ ဟန္ဒွာ၊ ပယ်သတ်တော်မူပြီး၍ (ဝါ)(ထက်အဇဋ္ဌာဘောင်ချဉ်း ဘဝင်ပါမှောင်ခွင်း လက်ဖြာရောင်ဝင်း)သစ္စာဆိုတဲ့ ရောင်အလင်းတို့ဖြင့် ပယ်ခွင်း ဖြတ်တောက် အလင်းသို့ ရောက်စေတော်မူပြီး၍။ ပဂ်ံ ဇနံ၊ အဝိဇ္ဇာမိုက်တော အိပ်မောတွေ့ကျ ဘယ်တုန်းကမှ မပွင့်နိုင် ကြသည့် ဝေနေယျကြာ သတ္တဝါတွေကို။ ဗောဓေသိ၊ သစ္စာလေးဆင့် ငုံအာစင့်၍ (မြူးခွင့်ဖွဲရာ ထူးတင့်ထွလာဖူးပွင့်ဝေဆာ)ပဒေသာမြနန်း ဝေဝေဆာ အလှုပန်းတို့ဖြင့် ပွင့်လန်းစေတော်မူခဲ့ပေပြီ။ သောဇိနော၊ လေးလီသစ္စာ ရောင်ဇ္ဈဝါဖြင့် သတ္တဝါဝေနေ ပွင့်လင်းစေသည့် ပရမေရန်နှင် ဘုရားရှင်သည်။ မံ၊ ဘဝဘဝါမြောက်မြားစွာမှ ခန္ဓာနာမ်ရုပ် ဖြစ်ပျက်ချုပ်ကို သမုတ်မည်ခေါ် လူသော်, နတ်သော်, ဗြဟ္မာသော်ဟု ခေါ်ဝေါ်သမုတ် အကျွန်ုပ်ကို။ သမ္ပာလေတု၊

လောက္ခသံသရာ နှစ်ပြာဘေးဒဏ် ရန်အသွယ်သွယ် အန္တရာယ်အပေါင်း ကင်းဝေးရှောင်းအောင်ကောင်းကောင်းမသွေ စောင့်ရှောက်တော်မူလှည့် ပါ့ အာသရေန္ဒြန်းမော် ရွှေဘုန်းတော်သခင် အရှင်သူမြတ်ကြီးဘုရား။

၂။ အောင်မှူးပြတ်ထံ အောင်ဆုပန်

ယော မာရသေနမာသန္နေ၊ မာသန္နဝိဇယုဿဝေါ။
တိဏာယပိန မညိတ္ထ၊ သော မေ ဒေတု ဇယံ ဇိနော။

အာသန္နဝိဇယုဿဝေါ၊ ငါးပါး မာရ်ဟုန် ရန်သူပုန်ကို ဘုန်းကုဏ်ခြောက်ဆင့် အောင်လံဝင့်၍ အောင်သဘင့်ဋ္ဌ အောင်ပွဲယူတော့မည် ဖြစ်တော်မူထသော။ယောဇိနော၊ ဘဝါဘဝ ဖြည့်ခဲ့ရသည့် ဒါနပါရမီ စသည် မြားမြောင် အောင်တပ်ထောင်ဖြင့် ရန်မှောင်ပယ်လွှင့် အောင်ပွဲအဆင့်ဆင့်ကို အောင်သင့်အောင်ရန် အောင်ဇီနံသခင် ဘုရားရှင်သည်။ အာသန္နံ အာသန္နဂတံ၊ ယှဉ်ပြိုင်ကာ ပလွှင်လုမည်ဟု ဗိုလ်ထုကို သူဦးစီးလျက် အနိုး သိုချိတက်၍ လာပေထသော။ မာရသေနံ၊ လက်နက်စုံ ကိုင်စွဲလျက် အပြိုင်ကြဲမည် ချိတက်၍လာတဲ့ မာရ်နတ်၏ စစ်သည်တော်တွေကို။ တိဏာယပိ၊ ကြောက်စိတ်လန့်စိတ် တဆိတ်မဝင် ဆံခြည်တမြှင် မြက်တပင်မျှသော်လဲ။ နမညိတ္ထ၊ ကိုယ်တော် သန္တာန် ရွှေစိတ်ဟန်၌ တရံမငွေ့ ပကတ်ဖြင့် နဲနဲမျှ အရေးထားတော် မမူပေ။ (ဝါ) နမညိတ္ထ၊ မေတ္တာတော်အဟုန် ပါရမီဘုန်းကုဏ်တို့ဖြင့် လှမ်းခြုံကျော်ကြား ဒို့ဘုရားက လားလားတမူ အောက်မေ့တော်မမူပေ။

သောဇိနော၊ ငါးပါးရန်နှင် မာရဘင်ဝယ် အောင်ပလွှင်ပျံ့ အောင်ပွဲခံ၍ အောင်လံလွှင့်ထူ ဘုန်းဂုဏ်ရေးမြတ်စိန္တာသည်။ မေ၊ မအောင်သေးခင် အောင်ကြွေးတင်၍ အောင်ရန်ရည်မြော် ဘုရား တပည့်တော်အား။ (ဝါ)ဣမေသံ၊အောင်ရန်လိုလား၌ အမျိုးသားအမျိုးသမီးတို့အား။ဇယံ၊ တွင်းပဘေးဒဏ် ရန်မာရ်အသွယ်သွယ် အန္တရာယ်ဟူသမျှတို့ကို ယခုလဲ အောင်နောင်လဲအောင် နောင်သောအခါမှမပေးနိုင်သည့် အောင်ဩဘာ ဆိုတဲ့ ဘုဝဓအခိုင်တွေကို။ ဒေတု၊ သင်ပြအခု ပေးရဖြင့် ဇေယျာပုံ မရှုတုန်အောင် အဖုံဖုံအမှုအား ဘို့ ပြပေးတော်မူပါ့ ဘုရား အရှင်သူမြတ်ကြီးဘုရား။

၃။ ကိုယ်.ကိုအောင်မှ အောင်ခြင်းမည်သည်

ယော သဟဿံ သဟဿေန၊ သင်္ဂါမေ မာနုသေ ဇိနေ။
ကော္စ ဇေယျ်မတ္တာနံ၊ သော ဝေ သင်္ဂါမဇုတ္တမော။

(ဓမ္မပဒ သဟဿဝဂ်)

ယော၊ အာဏာသခင် သူဘုရင်ဟု လူခွင်ဗိုလ်လုပ် စစ်ဗိုလ်ချုပ်သည်။ သဟဿံ၊တရာတထောင် တပ်ကိုဆောင်လျက် ရန်စောင်ဘက်ကာ ချီတက်၍လာသော မာန်မူ တက်ကြွား တဖက်သား‌ကို။ သဟဿေန၊ ကိုယ်က ဘန်ပြန် တပ်ထောင်ခံလျက် မျက်မန်ကြွားဝင့် ထား‌သဖြင့်လျှင်။ သင်္ဂါမေ၊ သူနိုင်ငါနိုင် အပြိုင်စုရုံး အနိုင်ကြုံးဘို ရိုက်ခြုန်းဆူညံ နဘံမိုးသိမ့် ဂျိုးဂျိုး ဂျိမ့်ဖြင့် ဒိုးဒလိမ့်ဆူဝေ စစ်ဆင်မြဲ၌။ ဇိနေ၊ သတ္တိပြိုင်သုံး အမြောက်ပုံးဖြင့် သူအား‌ရှုံး‌စေ အမုန်းဝေလျက် နိုင်ခြကိုယ်က အောင်ပွဲရခဲ့ရာ၏။ တံဇိနံ၊ ရန်ကို ရန်ချင်း တုံ့ကာနှင်း၍ ထိုသို့ အောင်ခဲ့ရခြင်းသည်။ ဝေ ကေန္တေန၊ စင်စစ်ကေန် အမှန်အား‌ဖြင့်။ နဥတ္တမော၊ အချင်းခပ်သိမ်း ရန်မငြိမ်း၍ မလိမ်းကိလေ ငါးမာရ်ခွေလျှင် ကောင်းပေ၏ မြတ်ပေ၏ဟု မှန်စွာ မသွေ ဟောတော်မူပါခဲ့။ ကော္စ ကဲ့ဝေ၊ တယောက် တည်း‌သာ လျှင်ဖြစ်သော။ အတ္တာနံ၊ မိမိကိုယ်ကို။ ဇေယျ်ဝေ၊ အောင်ခြင်း‌သည်သာ လျှင် (ဝါ) ကိလေသာအလို မလိုက်ပိုဘဲ စိတ်ကိုတည်စေ တရား‌ကို ရှာဖွေလျက် အောင်စေတတ်လျှင်း ဤအောင်ခြင်း‌သည်သာလျှင်။ ဝေ၊ စင်စစ်ကေန် အမှန်အား‌ဖြင့်။ သင်္ဂါမဇုတ္တမော၊ သံသာ့ဗဟွဲ့ခင် စစ်မြေ ပြင်ဝယ် ရန်နှင်စောခီး အောင်ပွဲမူး‌ကြီး‌အမှန် ကေန်မသွေ ဖြစ်ပါလေ သတည်း။

(ရန်ဖက်ကုဋ္ဌေ သူ့စစ်ခြေကို ဖျက်ချေမြား‌မြောင် ပွဲတိုင်း အောင်လည်း နောက်နောင်ပင်လျှင် ရှုံး‌သူပင်တည့်၊ အောင်မြင်တတ်လျှင်း ဤအောင်ခြင်း‌ကို အချင်းခပ်သိမ်း ရန်မငြိမ်းနှင့် မလိမ်းကိလေ ငါးမာန်ခွေလျှင် ကောင်းတေ့ငြိမ့်လေး မိန့်မ ခြေး‌တည်း)။

၄။ အလှပန်းငုံ နှစ်လှာခြုံ

ကေသက္ခီနံဝ ကဏ္ဏတ္တံ၊ ဘမူနံယေဝ ဝက််တာ။
ပါဏိပါဒါ ဓရာနံဝ၊ မုနိန္ဒဿာဘိရတ္တတာ။

ယဿ ဘဂဝတော၊ စိတ်တော်လှကိုယ်တော်လှ အလုံးစုံလှသမို့ သုံးဘုံဘဝတို့၏ထွဋ်ထိပ်တင် ဘုရားရှင်ကိုယ်တော်မြတ်ကြီး၏။ သေကဋ္ဌိနံဝ၊ ဆံမုတ်ဆိတ်တော် မျက်နှာတော်တို့၏သာလျှင်။ကဏ္ဌတ္ထံ၊ ပဒုံးမှောင် ညိုရောင်ပန်းကဲ့သို့ တလျှမ်းလျှမ်းပြက်ဝဲလျက် နက်မဲတော်မူလှပါပေ၏။ စိတ္တေ၊ မန ကာယ နာမသန့်ရှင်း စိတ်တော်ဘုင်းဌ်။ ကဏ္ဌတ္ထံ၊ လောဘ ဒေါသ ဓမောဟ ထွေလာ နက်မဲစွာသည့် ကိလေသာစစ် မဲအညစ်သည်။ နတ္ထိ၊ ဆံခြည်တခြမ်း မြူတနှမ်းမျှ စမ်းမရရှာဖွေ မရှိပါချေ။ ဘမူနံယေဝ၊ မျက်ခုန်းတော်နှစ်ဖက်တို့၏သာလျှင်။ ဝက််တာ၊ သော်တာယုန်ရေး ပုံကလေးသို့ ကွေးညွတ်တော် မူလှပါပေ၏။ စိတ္တေ၊ မနကာယ နာမသန့်ရှင်း စိတ်တော်တုင်းဌ်။ ဝက််တာ၊ မာယာသာဌေ့ ကောက်ကွေ့ခြင်းသည်။ နတ္ထိ၊ ဆံခြည်တခြမ်း မြူတနှမ်းမျှ စမ်းမရရှာဖွေ တကယ့်ကိုမရှိပါချေ။ ပါဏိပါဒါဓရာနံဝ၊ လက်ဖဝါးတော် ခြေဖဝါးတော် နှုတ်ခမ်းတော်တို့၏ သာလျှင်။ ဒဘိရတ္တတာ၊ ခိုခြေမြူသွင် သစ်လွင်စွေးစွေး ချိတ်ဆစေးသို့ နီထွေးတော်မူလှပါပေ၏။ စိတ္တေ၊ မနကာယ နာမသန့်ရှင်း စိတ်တော်ကွင်းဌ်။ အဘိရတ္တတာ၊ ရာဂရောင်လျှမ်း နီမြန်းခြင်းသည်။ နတ္ထိ၊ ဆံခြည်တခြမ်း မြူတနှမ်းမျှ စမ်းမရရှာဖွေ တကယ့်ကိုမရှိပါချေ။

သောဘဂဝါ၊ ကိုယ်တော်စိတ်တော် နှစ်ဖော်အပြိုင် အလှဆိုင်၍ မနိုင်တုသာ အတုလာဟု သုဂတာပရမေ မြတ်စိန္တိသည်။ မေ၊ စိတ်ရောကိုယ်ပါ ညစ်နွမ်းဒါမို့ သံသာဖက်ဂမ်း တက်လှမ်းဖို့ရေး အနေဝေးကြောင်း တပည့်အပေါင်းအား။သိရိ၊ ရူပကြက်သရေ တက်သစ်ဝေလျက် စိတ်နေဖြူစင် သီဝင်အမတ ရောက်နိုင်ရစေ အလှကြက်သရေကို။ ဒေတု၊ ကရုဏာမိုး ရွာစွေဖြိုးလျက် မည်းစေအောင် ကြဲဆောင်ဖေးမ ပေးမစ၍ အေးမြစေတော်မူလှ့ပါ့ မဟာကရုဏာသခင် အရှင်သူမြတ်ကြီးဘုရား။

၅။ သာသနာကြီး ထိန်ညီးပါစေ မေတ္တာဝေ

အနန္တကုဏသမ္ပန္နံ၊ စိရကာလံ ပဇောတတံ။
အမတရသံ ပိဝိန္နန္တံ၊ ဧဝံ ပတ္တေ မယံ သဒါ။

အနန္တကုဏသမ္ပန္နံ၊ မိုးမြေလှည်းခြုံ မြတ်သောဂုဏ်ဖြင့် ကျော်ဟုန်တင့်ဆန်း ဂုဏ်ရေလျှမ်းပေထသော။ သဒ္ဓမ္မံ၊ ကမ္မဉ်ကမ္ဘာ ကြာမှကြာ၍ ဘဂဝါတခါပွင့်ထွန်းမှ တင့်ဆန်းပေါ်ထွက် သူတော်ကောင်းဟရား

တည်းဟူသော ဓမ္မစက်သည်။ စိရကာလံ၊သာသနာငါးထောင် မကအောင်လျှင် အခေါင်ရှည်မြင့် ကျင့်သူကြံသူ အားထုတ်သူတို့ ကြည်ဖြူရှင်ပျ ရှိကုန်ကြ၍ သာသနာ့အမွေ ဆက်ဖြန့်ဝေလျက် ကပွေမြားမြောင် အခေါင်မြင့်ကြာရှည်စွာသာလျှင်။ အမတရသ ပိဝိန္ဒန်တို့၊ မသေစေတတ် ဆေးရည်မြတ်ကို မပြတ်ရစေ ပေးဋ္ဌေဝလျက်။ ပဇောတန်တို့ ပဇောတေန္တို့၊ လူနတ်မှောင်သတ္တဝါကို ရောင်ဝါထွန်းပြောင် အလင်းဆောင်လျက် အမှောင်ပယ်ခွာ ဤကမ္ဘာကို ကြည်သာချမ်းမြ ဘေးမခအောင် လမ်းပြတော်မူပါစေသတည်း။ ဝေံ၊ ဤသို့။ မယံ၊ သာသနရိပ်မြုံ့ ခိုလုံအားပြု မျှားသမုဖြင့် လူထုဝေနေ တပည့်တော်တို့တတွေသည်။ ပတ္ထမ၊ သာသနာတန်ခိုး ရောင်မည်းအောင် ကောင်းကျိုးရည်ကာ အေးမေတ္တာကို မကွာနေ့ည ပို့သလိုက်ရပါတော့သည်ဘုရား။

၆။ သာသနာ့ ဂုဏ်ရည်

သာသနာဃ နတ္ထိကာလေ၊ လောလေ အန္ဓတမော ဘဝိ။
တဒါ သတ္တာ နိမုဇ္ဈန္တိ၊ မဂ္ဂံ အဒဿနာ ဟဇာ။

သာသနာဃ၊ နေအထောင်လအထောင် ဗြဟ္မာရောင်မကလျှမ်းပေသည့် သာသနာဆိုတဲ့ ရောင်ခြည်ပန်းကြီးသည်။ နတ္ထိကာလေ၊ အရောင်မတောက် ကွယ်ကာပျောက်ခဲ့သည်ရှိသော်။ လောကေ၊ လူကန်းနတ်ကန်း ဗြဟ္မာကန်းနှင့် အကန်းတတွေ့ အရမ်းပေ့သည့် ကလေကဝ ဤလောကဌ်။ အန္ဓတမော၊ ဤကားကုသိုလ် အကုသိုလ်တည်း ဤလိုမင်္ဂလာမ်း ကျင့်စဉ်ခန်းဟု ဖြောင့်တန်းမသိ ဆယ်ကိလေသာ မှောင်မဟာကြီးသည်။ အဘဝိ၊ ဒိဿာဆယ်ခန်း ရောင်မသန်းအောင် ပိန်းပိတ်မှောင်၍ အရောင်မတိုးအကုန်ညီးဘို့ လွှမ်းမိုး၍သာ လာပါပေ၏။ တဒါ၊ ထိုအခါဌ်။ သတ္တာ၊ မမြင်တန်းလန်း စုံလုံးကန်းသည့် မှားလမ်းမှာနေ သတ္တဝါတွေသည်။ မဂ္ဂံ အဒဿနာ၊ ရှေ့,နောက်,ဝဲ,ယာ လမ်းမသာဘဲ တွင်တွင်လဲမှား ရှာက်သွားကြကုန်သည်ဖြစ်၍။ နိမုဇ္ဈန္တိ၊ နစ်မြုပ်ကြလေကုန်၏။ (ဝါ) နိမုဇ္ဈန္တိ၊ နရက်မှအောက် အဝီစိရောက်လျက် ငြောက်ကျ၍သာ နေကြကုန်သတည်း (ဝါ) နေကြကုန်တော့မည်ပါတကား။

၃။ သာသနာ့ဂုဏ်ရည်

သာသနေ ဇောတကာလေ စ၊ လောကော ပဇ္ဇောတ ဘာသတိ။
တဒါ သတ္တာ သုသုခန္တီ၊ မဂ္ဂံ သုဒဿနာ ပဇာ။

သာသနေ၊ နည်းမှန်လမ်းမှန် စခန်းမှန်၍ ပြည့်နှန်တော်မူရာ မြတ်သာသနာကြီးသည်။ ဇောတကာလေ၊ အမျှောင်ပယ်ခွင်း အလင်းကိုဆောင်တပြောင်ပြောင်ဖြင့် လူ့ဘောင်နတ်ခြောက် ဗြဟ္မာပေါက်အောင် ထွန်းတောက်သည်ရှိသော်။ လောကော၊ လူ,နတ်,ဗြဟ္မာ သတ္တဝါတို့ နေရာဌာနဤလောကကြီးသည်။ (ဝါ) လောကော၊ လူကန်းနတ်ကန်း ဗြဟ္မာကန်းနှင့် အကမ်းတတွေ အရမ်းပွေကြသည့် ကလေကဝ ဤလောကကြီးသည်။ ပဇ္ဇောတတိ၊ အကန်းတွေပျောက် မှန်းခြေပေါက်၍ အလင်းရောက်ကာ ချမ်းသာလာခဲ့ပါပေ၏။ တဒါ၊ နေမင်းရောင်ဝါ သာသနာပန်း ပွင့်လန်းပေရာထိုအခါ၌။ သတ္တာ၊ မမြင်တန်းလန်း စုံလုံးကန်းသည် မှားလမ်းဖေရှာ သတ္တဝါတို့သည်။ မဂ္ဂံ သုဒဿနာ၊ ရှောင်သင့်သူ့းသင့် အခွင့်မှန်စွာ လမ်းသာယာကို လှယ်ကာခရာ မြင်ကုန်ရသောကြောင့်။ သု သုခန္တီ၊ အိပ်ပျော်စားဝင် တရားမင်၍ မျှားဖြင်ဝေနေ သံသာဗေဝယ် အပါယ်မသန်း အောင်စခန်းသို့ ရောရမ်းကြည်ရှင် ပျော်ပျော်ကြီးပင် နေနိုင်ကြလေကုန်သတည်း။

၄။ သံဃာတော်မျှား ချမ်းသာပွား ဘုရား သာသနာ ပြုနိုင်ပါစေ

သာသနဿ ဓရာ သံဃာ၊ သမ္မာ သုပ္ပဋိပတ္တိကာ။
သုသုခါ မုဒုကာ စိတ္တာ၊ သီတလာ ဟောန္တု သာသနေ။

သာသနဿဓရာ၊ သာသနာ့ဝန် လွန်လေးလံကို အားသွန်ထမ်းဆောင်ဂုဏ်ရည်ပြောင်ကြကုန်သော။ သံဃာ၊ အရိယာဒွယ်ဝင်ထေရ်ရှင်အပေါင်း အရှင်ကောင်းတို့သည်။ သုပ္ပဋိပတ္တိကာ၊ ပရိယတ်နှင့် ပဋိပတ်ဝန် အားနှစ်တန်ကို အမှန်ထမ်းဆောင် အစွမ်းပြောင်ကြကုန်လျက်။ သုသုခါ၊ ကိုယ်ရောစိတ်မှာ မသာမယာ မရှိပါဘဲ ချမ်းသာမြေ မြတ်သုခဖြင့် မုဒ္ဒမသေ ပြည့်စုံကြကုန်သည်ဖြစ်၍။ မုဒုကာ၊ တရားမှေ့ သိမ် ပိတိရှိန်ဖြင့် စိတ်ငြိမ်ကိုယ်ငြိမ် ဣန္ဒြေရရှ နူးညံ့ကြကုန်သည်ဖြန့်၍။ သာသနေ၊ အရွက်ပျိုပျို ရိပ်စိုစိုနှင့် ညောင်ညိုမြနန်း သာသနာဆိုတဲ့ ကွန်းထောက်စခန်း၌။ သီတလာ ဟောန္တု၊ ချမ်းမြသိမ်မှေ့ တရားတွေ့၍ နေ့ညမသွေ အေးချမ်းတော်မူကြပါစေကုန်သတည်း။

၉။ ဒို့မျှားဆရာ ထေရ်မဟာ ကြည်သာချမ်းမြေ့ကြပါစေ

သုဿုသာနံ သိက္ခာပေန္တော၊ မေတ္တာ ပုဗ္ဗင်္ဂံ စေတသာ။
အာစေရော သုသုခါ ဟောန္တု၊ မုဒုကာ ဟောန္တု သာသနေ။

မေတ္တာပုဗ္ဗင်္ဂံ စေတသာ၊ စိမ့်စမ်းပမာ အေးကြည်စွာသား မေတ္တာတရားဖြင့်။ သုဿုသာနံ၊ ပညာရည်နို့ သောက်စို့ခိုမှီ ရော်ရည်ခိုအောင်း တပည့်အပေါင်းတို့အား၊ သိက္ခာပေန္တော၊ မကောင်းမြစ်တာ ကောင်းစွာ သွန်သင် ပြုပြင်ဖေးမ လူရေးလှအောင် ရွှေဆောင်ညွှန်ကြားတော်မူကြကုန်သော။ အာစေရော၊ တလုံးတပါဒ က-ခ-ဂ မှ စ၍ပဲ့ပြင် သွန်သင်ပြဖြား ဆရာသမားတို့သည်။ သာသနေ၊ ဗုဒ္ဓပွါဒ နဝမဟူ ကြုံရခဲစွာ သာသနာ၌။ သုသုခါ၊ ကိုယ်စိတ်နှစ်ဖြာ ဘယာမတွေ့ အလွန်ချမ်းမြေ့ကြကုန်လျက်။ မုဒုကာ၊ ဇမ္မူရောင်ရွှေ ပျော့အိလေသို့ စိတ်နေပျို့ပြုံး ညံ့သက်နူးကြကုန်သည်။ဟောန္တု၊ တပည့်အမျှား မေတ္တာပွားလိုက်ပါရဲ့ ထင်ရှားမသွေ ဖြစ်တော်မူကြပါစေကုန်သတည်း။

၁၀။ မိဘနှစ်ဖြာ ကျန်းမာချမ်းသာပါစေ

သိနေရုသန္ဒီဘာ သန္တာ၊ မာတာပိတာ ဟိတာဝဟာ။
သုခိတာ ပုညဝဏ္ဏာ၊ မုဒုန္တု၊ ဒုက္ခသမ္ဘဝါ။

(မုဒ္ဒင်ဆရာ ဦးထွန်းစိန်၏ မိဘကျေးဇူးမှ)

သိနေရုသန္ဒီကာ။ ရွှေငွေမြဖလ် ထိန်လျှံအရောင် ပြောင်တဝင်းဝင်း တောင်မင်းမြင့်မိုရ် ပမာဆို၍ ဂုဏ်ကိုန့်ဂင်းဆ တူလဲတူကြပေကုန်သော။ သန္တာ၊ သားသမီးတွေအံ့ပေါမှာ သင့်လျော်စွာစိတ်ထား၍ မေတ္တာဓာတ်ပွားများကာ နေကြပေကုန်သော။ဟိတာဝဟာ၊ သားနှင့်သမီး ချစ်မည်းတို့၏ ပစ္စည်းအထွေထွေ ရွှေငွေစပါး ဒီရေလိုတိုးပွား အကျိုးများအောင် ကြိုးစားရှာကျွေးတော်မူကြပေကုန်သော။မာတာပိတာ၊ငယ်စဉ်တောင်ကျေး ကလေးဘဝကစ၍ နို့ချိုတိုက်ကျေး မွေးဘူး ကျေးဘူး ကျေးဇူးကြီးမား မိဘနှစ်ပါးတို့သည်။ သုခိတာ၊ သော်တာစန်းယုန် ပန်းပဒုံသို့ ဆွမ်းဟုန်မဝင့် အတန်းကုန်မြင့်ပြီးလျှင် ကိုယ်နှင့် မနသီ ရှင်ကြည်လန်းစွာ ကျန်းမာချမ်းသာတော်မူကြကုန်သည်ဖြစ်၍။ ပုညဝဏ္ဏာ၊ ဒါနသီလ ညီမျှ

တူစွာ ဘာဝနာတရား နေ့စဉ်နေ့စဉ် မေ့.ရှင်ကာ ပွားများကြကုန်လျက်။ ဒုက္ခ သမ္ဘဝါ၊ ဒုက္ခဖြစ်ကြောင်း မကောင်းသော ရန်သွယ် အန္တရာယ်ဟူ သမျှတို့မှ။ မုဉ္စန္တု၊ ပိန်းကြာဘွေပြင် ရေမတင်သို့ လျင်မြန်ဆောစွာ ကင်းလွတ်တော်မူကြပါစေကုန်သတည်း။

၁၁။ အာနန္ဒ မေတ္တာပို့

အာနန္ဒကုဏာသမုန်၊ ဗုဒ္ဓါဒိရတနတ္တယံ။
မာတာပိတာ အာစေရာ စ၊ သုခီ ဘဝန္တု သီတလာ။

အာနန္ဒကုဏာသမုန်၊ ဆုံးစမထင် မျှားဖြင်လှစွာ ကုဏ်ရှိန်ဝါနှင့် ပုဏ္ဏားနှာပုံ ပြည့်စုံကြွယ်ဝတော် မူပေထသော။ဗုဒ္ဓါဒိရတနတ္တယံ၊ ဘုရားတရား သံဃာ အားဖြင့် သုံးပါးထွင်ချာ အမြတ်ရတနာတို့သည်ဌင်း။ မာတာပိတာစ၊ မြင့်မိုရ်တောင်ဦး မကကျူးသည့် ကျေးဇူးကြီးမား မိဘ ၂-ပါးတို့သည်ဌင်း။ အာစေရာစ၊ တလုံးတဂါထာ တပါဒမှ စ၍သွန်သင် ပဲ့ပြင်ဆုံးမ နည်းလမ်း ကျအောင် ညွှန်ဆောင်ပေငြား ဆရာသမားများသည်ဌင်း။ သီတလာ၊ကိုယ်ရောစိတ်မှာ ဘယာမသန်း အလွန်အေးချမ်းကြကုန်သည် ဖြစ်၍။ သုခီဘဝန္တု၊ မေတ္တာဝေဖြာ ရေဇလာကြောင့် ခေမာပြည့်လျှမ်း သုခပန်းတို့သည် ရှင်လန်းကြည်သာ ပွင့်ထွန်းတော် မူနိုင်ကြပါစေကုန် သတည်း။

၁၂။ ကြောက်ဖွယ်ရာဘုံ မေတ္တာပို့

အဟော ဘယာနကော လောကော၊ သဟာဝုမေဟိ မာနိကော။
တံ ခဏံ သာမံ ဥတ္တာန၊ ပိယာယန္တု သုခီစိတ္တာ။

ဘောန္တော၊ လောဘ, ဒေါသ, မောဟ လွှမ်းခြုံ လောကဘုံ၌ ဆုံလည် သည့်နှား ရဟတ်ချားသို့ လွှတ်သွားဘို့ရန် ကြောင်းမဖန်ဘဲ ပြောင်းပြန် ဦးစောက် မှောက်လျက်တတွေ့ လည်၍နေငြား အိုလူများတို့။ လော ကော၊ သင်တို့နေကြ ဤလောကကြီးသည်ကား။ သဟာဝုမေဟိ၊တွင်းမီး ပြင်မီး နှစ်ဖက်မီးကြောင့် ဖျက်ဆီးဘို့ရန် ကံကဖန်၍ နည်းဟန်ထွေထွေ ပြွမ်းလှပေသည့် ထူးထွေဆန်းပြား လက်နက်များဖြင့်။ အဟော ဘယာ

နကော၊ သတ္တဝါစိတ်စက် ဦးနှောက် ပျက်အောင် ကြောက်မက်ဖွယ် ကောင်းလှ ပါပေသည်တကား။ တံခဏ၊ မတွေးလျှင်တော့ မကြောက် တွေးလျှင် တကယ်ကြောက်စရာ ကောင်းလှတဲ့ ကမောက်ကမဖြစ်တဲ့ ဤ လောကကြီးကို။ သာမံဥတ္တရာန၊ ကိုယ်ပိုင်ဥာဏ်ဖြင့် ဓဝဖန်စဉ်စား ကိုယ် ကိုယ်တိုင် သတိထားကြကုန်ပြီး၍။ သုခီစ္ဆိတာ သုခဉ္စစ္ဆိတာ၊ ချမ်းသာမျိုး မှန် အဘိုးတန်ကို ကေန်လိုလား အမျိုးသားအမျိုးသမီး အပေါင်းတို့သည်။ ပိယာယန္တု၊ ချစ်ခင်နှိုင်ကြပါစေကုန်သတည်း။ (ဝါ)ပိယာယန္တု၊ အခက် အဖြာဖြာ အကုန်မခြစေဘို့ အထက်ပြဟ္မာဘုံ အကုန်ကြွရအောင် သြော်....မေတ္တာခြုံမှ လုံကြလေကုန်ရာသတည်း။

၁၃။ လစန်းအာရုံ ပန်းပဒုံ

ကုမုဒါ ဘန္တိ ပုပ္ပန္တာ၊ စန္ဒရံသိသမာဂမာ။
ဓဝံ နော မေတ္တာယ ဖုဋ္ဌာ၊ သဗ္ဗေ ဘန္တု သုသီတလာ။

ကုမုဒါ၊ စန်းရောင်ငွေလ ဖြူဆွဆွတည့် မြေကြည်ရုံ ကြာပဒုံတို့ သည်။ စန္ဒရံသိသမာဂမာ၊ ဘော်သာငွေလျှမ်း လရောင်စန်းနှင့် မခန်းတူစုံ ပေါင်းကာဆုံမိကြကုန်သည် ရှိသော်။ပုပ္ဖန္တာ၊ ကားကားစင့်စင့် လန်းလန်း ပွင့်ကြကုန်သည်ဖြစ်၍။ ဘန္တိယထာ၊ လောကအလယ် ရှုစဖွယ်လျှင် လွန်စွာ တင့်တယ်ကြလေကုန်သကဲ့သို့။ ဓဝံတထာ၊ ပမာန္ဒိုင်းယူ ထို့အတူသာလျှင်။ နော၊ မေတ္တာစိတ်သက် ဆောင်ရွက်ပြုလုပ် အကျန့်ပ်တို့၏။ မေတ္တာယ၊ ဘော်ငွေသာခွာ လွန်စွာဖြူစင် မေတ္တာရောင်ရှင်နှင့်။ဖုဋ္ဌာ၊ ရွှေးကံပို့ဆောင် ဤလူ့ဘောင်ဝယ် ခုနှယ်ဒို့မှာ တွေ့ကြုံလာကြ ကုန်သည်ရှိသော်၊ သဗ္ဗေ၊ ရှိသမျှမျှားစွာ သတ္တဝါတို့သည်။ သုသီတလာ၊ ဘေးဘယာမသန်း အလွန်အေးချမ်းကြကုန်လျက်။ ဘန္တု၊ ကိုယ်ရောစိတ်မှာ နှစ်ဖြာရှင်ပြုံး ပီတိဖုံး၍ ကိုယ်လုံး ကြက်သရေဖြိုးတင့်ဝနိုင်ကြပါစေကုန်သတည်း။

၁၄။ မေတ္တာသုတ်လာ ပို့မေတ္တာ

အဒ်ဋ္ဌာယေဝ ဒ်ဋ္ဌာ စ၊ ဒ္ဒုရေဝါပိ စသန္တိကာ။
တသာ-တသာ သမ္ဘဝေသိ စ၊ ဘူတာ ဟောန္တု သုသီတလာ။

အဒ်ဋ္ဌာစ၊ ရံတခါပင် မမြင်ဘူးငြား သတ္တဝါအများသည်ဌင်း။ ဒ်ဋ္ဌာစ၊ နေ့နေ့ညည ဇွတ်မြင်နေကြရသည့် များလှထွေထွေ သတ္တဝါတွေသည်ဌင်း။

ဒုရေစ၊ အဝေးတည်ငြား သတ္တဝါ အမျှားသည်ငင်း၊ သန္ဓိကေစ၊ အနီး အပါးနေကုန်ငြားသည့် မျှားလှ သောင်းသောင်း သတ္တဝါ အပေါင်းတို့ သည်ငင်။တသာစ၊ကိလေသာဘေး မကုန်သေး၍ ကြောက်သွေးပျံ့နှံ့ ထိတ် လန့်ကုန်သော သတ္တဝါ တို့သည်ငင်း။ ထာဝရာစ၊ ကြောက်သွေးမရှိ ပကတိတည်ကြည် ရဟန္တာ အာဇာနည်တို့သည်ငင်း။ သမ္ဘဝေသီစ၊ ဘဝ မျှားစွာ သံသရာဝယ် ဆုံလည်သည့်နှား ရဟတ်ခြားသို့ လှည့်သွားနေငြား သတ္တဝါမျှားသည်ငင်း။ ဘူတာစ၊ ဘဝကုန်ခန်း နိဗ္ဗာန်နှန်းသို့ တက်လှမ်း ဘို့ရာ ရဟန္တာ အရှင်မြတ်ကြီးတို့သည်ငင်း။ ဇေတေ၊ ဒိဋ္ဌ အဒိဋ္ဌ တသ ထာဝရ ဒုရ အဝိဒူရ ဘူတ သမ္ဘဝေသီ လေးလီဒုကာ သတ္တဝါတို့သည်။ သုသီတလာ၊အေးမြချမ်းသာ ပီတိပန်းဖြာကြကုန်သည်။ဟောန္တု၊ မေတ္တာ တန်ခိုး ဆက်ကာန်းသဖြင့် ကောင်းကျိုးမသွေ ဖြစ်မြောက်တော် မူနိုင်ကြ ပါစေကုန်သတည်း။

၁၅။ တရားတောင်း

ပုညဝါ ပုညဝန္တာနံ၊ သီလဝန္တာန သီလဝါ။
ဓိတိမာ ဧတိမန္တာနံ၊ ပညဝန္တာန ပညဝါ။
ဘဝံ ဓမ္မံ သုဒေသေတု၊ သိတကာမာ မယံ သဒါ။

ဘန္တေ၊ သာကီန္ဒယ်ဘုန်း နေတန္ဒုန်းသို့ ရှေဘုန်းတော်ရောင် ထုံးလင်း ပြောင်၍ မိုက်မှောင်ပယ်ခဲ့ပါ မြတ်မေမာကို ကရုဏာမိုး ရွာစေ့ဖို့ လျက် ဆယ်မျိုးကိလေ အပူတွေကို ဝေးစေရအောင် ဟောဆောင်လှည့်ကြား ဓမ္မကထိကဆရာတော် အရှင်သူမြတ်ဘုရား။

• ဘဝံ၊ သာကီန္ဒယ်စစ် ရှင်ချစ်ထွဋ်ထား အရှင်မြတ်ဘုရားသည်။ ပုည ဝန္တာနံ၊ဘုန်းရှိသသူ မျှားဗိုလ်လူထက် ဆယ်ဆတက်၍။ပုညဝါ၊မပျက်ပုံသေ ဘုန်းရှိတော်မူပါပေ၏။ ဓီလဝန္တာနံ၊ သီလရှိသူ မျှားရှင်လူတို့ထက်။ သီလ ဝါ၊ ဆယ်ဆတက်၍ မပျက်ပုံသေ သီလရှိတော်မူပါပေ၏။ ပညဝန္တာနံ၊ ပညာရှိသူ မျှားဗိုလ်လူတို့ထက်။ ပညဝါ၊ ဆယ်ဆတက်၍ မပျက်ပုံသေ ပညာရှိတော်မူပါပေ၏။ မယံ၊ သံသရာလမ်း ခရီးကြမ်းဝယ် မှောမှန်းမသိ ရှောက်သွားမိ၍ ဇိစိးဒုက္ခ ဒေါမနဿင့် သောကဗျာဓိ ဆယ်ကိလေပိုး ထိန်ထိန်ညီးတို့ အပြိုးလောင်ကျမ်း ဗရမ်းဗတာ နေရရှာငြား တပည့်မျှား

သည်။ သီတကာမာ၊ ဖေးဖေးမမ ဘေးမခဘဲ အေးမြခြင်းကို အလိုရှိကြပါပေကုန်ပြီဘုရား။ ဘဝံ၊ သီလသမာ ပညာဂုဏ်ရည် စုံညီတောက်ပုံးအရှင်မြတ်ဘုရားသည်။ ဓမ္မံ၊ ဒိဋ္ဌဓမ္မ စိတ်ချရ၍ ခုဘဝနောင်ခါ အေးမြရာကို မကွာရစေ ပေးတတ်ပေသား မြတ်တရားကို။ ဒေသေတု၊ တပည့်အများ အေးစေသားဟု ပုံးကရုဏာ ရှေမတွာဖြင့် မကွာလွယ်ကူ ဟောကြားတော်မူပါ့ သီတဂူစန်း ငွေလဝန်း ပုံအသွင် ထေရ်အရှင် သူမြတ်ဘုရား။

၁၆။ တနည်း တရားတောင်း

ဂန္ဓဝါယိ သန္တိမာနိ၊ စန္ဒရုံသိဝ သီတလိ။
ဒုက္ခိကာနံ သုခကာရိ၊ ဒေသေတု ဓမ္မဘဉ္ဇကရိ။

ဘန္တေ၊ လေးခိုင်သစ္စာ မြတ်ရှေကြာကို ကိုယ်မှာဆင်မြန်း ရဟန်းသမဏမြတ်ဘဝဖြင့် အမတမှန် မြတ်နိဗ္ဗာန်သို့ ကေန်ထုတ်ချောက် ရောက်မည့်အရေး မြော်တွေးဓိဋ္ဌာန် စိတ်အကြံဖြင့် နိဗ္ဗာန်ရည်မှတ် အရှင်မြတ်ဘုရား။

တံ့၊ နိဗ္ဗာန်ဆုပန် ဂုဏ်ရည်ချွန်ငြား အရှင်မြတ်ဘုရားသည်။ ဂန္ဓဝါယိ၊ ဂန္ဓမာဒန တောင်တော်လှမ့ ပန်းသကမဉ္ဇူ။ မကြူသည့် လေးဆူသီလထုံကြိုင်စွတည့် ဂန္ဓမွှေးထုံ ရန့်ဂုဏ်တို့ဖြင့် ဗြဟ္မာ့ဘုံတိုင် ပျံလှိုင် မွှေးကြူ။ တလူလူ အေးမြတော်မူပါပေသည်ဘုရား။ သန္တိမာနိ၊လောဘဒေါသ မောဟကင်းကွာ ကိလေသာတို့ ကိုယ်မှာမကပ် စင်ကြယ်လတ်၍ စိတ်ခတ်မှုံ့သိမ် တည်ငြိမ်အေးမြ ဖြူဖွေးလှပသော စိတ်တော်လည်း ရှိပါပေသည်ဘုရား။ စန္ဒရုံသီဝ သီတလိ၊ သော်တာယုန်စန်း ငွေလဝန်းကဲ့သို့ ရှုန်းပကြည်လင် အလှန်ပင်အေးမြတော်မူလှပါပေ၏။ ဒုက္ခိကာနံ၊ သံသရာဝင် ဒုက္ခညှတ်၌ တဇွတ်ပေပေ မလွတ်လေဘဲ လျှောက်နေကြငြား သတ္တဝါများသည် မီးပုံးဒုက္ခ ဟူသမျှတို့ နေ့ညမဟူ တပူပူဖြင့် ကြိုက်ဆူလောင်မိုက် အပြောင်တိုက်၍ မောဟိုက်ပင်ပမ်း နွမ်းနယ်ကြငြား တပည့်များအား။ သုခကာရိ၊ကိလေသာဟူ ဘေးအပူတို့ မြူမှုန်မလှုံး ကင်းဝေးချမ်းသာ အေးရာအေးကြောင်း လမ်းကောင်းလမ်းမြတ် အအေးဓာတ်ကို မပြတ်မသွေ ပြပေးတော်မူတတ်ထသော။ဓမ္မဘာကရိ၊ ပညာဆီမီး ထိန်ညီးပြောင်ပြောင် အလင်းရောင်ကိုထွန်းဆောင်ပေတတ် တရားတော်မြတ်ကို။ဒေသေတု၊ဟော ပြတော်မူပါ့ဘုရား(ဝါ)ဒေသေတု၊ အပူတွေကင်းဝေးလျက် အအေးဓာတ်

နိဗ္ဗာန်ကို စိတ်အကြံအမှန်ပေါက်တဲ့အောင် အဓိဋ္ဌာန်သန်သန်ဆောက်၍ နိဗ္ဗာန်ရောက် ဟောကြားတော်မူပါ့ ကရဏာသခင် ကျေးဇူးရှင် ဆရာမြတ်ဘုရား။

၁၇။ လျှပ်စစ်သွင် ဖြစ်ပျက်စဉ်

အာဒဿနတော အာယန္တိ၊ ဘင္ဂါ ဂစ္ဆန္တ္ယ ဒဿနံ။
ဝိဇ္ဇုပ္ပါဒေါ အာကာသေ၊ ဥပ္ပဇ္ဇန္တိ ဝယန္တိ စ။

အာကာသေ၊ ဟင်းလင်းအပြင် ထက်ကောင်းကင်၌။ ဝိဇ္ဇုလတာ၊ ပြိုးပြိုးပြက်ပြက် တလက်လက်သန်း လျှပ်စစ်ပန်းတိုသည်။ ဝိဇ္ဇုပ္ပါဒေါ၀၊ ရှေကပင်လျှင် ကြိုတင်တစိ ဖြစ်နေသည့်အရာ မဟုတ်ပါဘဲ ဓမ္မတာဖိုမ ဓာတ်ခိုက်ကြ၍ ခဏမစဲ ဖြတ်ကနဲဖြစ် လျှပ်စစ်ပမာ ချုပ်ပျောက်ရှာကြကုန်သကဲ့သို့။ နာမရူပဓမ္မာ၊ နာမ်ရုပ်နှစ်ပါး ဤတရားတို့သည်။ အဒဿနတော၊ နဂိုရှိ အရင် ကြိုတင်တစိ မရှိဖြင်ဖြင် မမြင်ရာမှာသာလျှင်။ အာယန္တိ၊ တိုက်ခတ်ခံခတ် ထိုနှစ်ရပ်တို့ ပေါင်းကပ်စုဆုံ အသစ်အသစ် ဖြစ်ပေါ်ကုန်၏။ ဘင္ဂါ၊ ဖြစ်ရာမှဆက် ပျက်ပြိုးကုန်ငြား နာမ်ရုပ်တရားတို့သည်။ အဒဿနံ၊ ဘယ်မှာတစိ မရှိပြင်ပြင် မမြင်ရာသို့။ ဂစ္ဆန္တိ၊ ဓမ္မာသဘော ဆောင်စေသောဟု ရှေ့လျှောမနေ ရောက်ကြလေကုန်၏။ ဧဝံ၊ ဤသို့လျှင်။နာမရူပဓမ္မာ၊ နာမ်ရုပ် ၂ပါး ပရမတ်တရားတို့သည်။ ဥပ္ပဇ္ဇန္တိစ၊ အကြောင်းဆုံသင့် အခါပင့်၍ မလင့်ပုံသေ ဖြစ်ကြလေကုန်၏။ ဝယန္တိစ၊ အဖြစ်သဘော ရှေ့ကာလျှော၍ လောလောလတ်လတ် တလစပ်လျှင် မလပ်ပုံသေ ဖြစ်ပြီးလျှင် ပျက်ကြရလေကုန်သတည်း။

၁၈။ မစ္ဆေ ဣဿာ ကြောက်စရာ

သုခကာမာပိ မေ သတ္တာ၊ ဣဿုကီ မစ္ဆရီ ပဇာ။
သန္တီဂဂုစ္ဆိတာ အန္တာ၊ ဇဂေယျာထ သုခစ္ဆိတာ။

လက်ာ (သမ္မေသတ္တာ သတ္တ၀ါတို့ ချမ်းသာအေးမြ နေလိုကြလည်း သုံးမကျပေ အိုမစ္ဆေန့် ဗျာပဇ္ဇဣဿာ ပြေဖောက်တာကြောင့် ချမ်းသာပျက်စီး ရတက်မီးဖြင့် ညီးညီးပူလောင် အပူကောင်ဟု ဝ့ဘောင်လောက နတ်လောကနှင့် ဗြဟ္မာ့မကျန် တိရစ္ဆာန်က စ၍ဥဿုံ ဆင်းရဲကုန်

၏၊ သုံးဘုံဒုက္ခ သူကစဟု သက္ကဿဉာ သုတ်မြတ်စွာ၌ ဘဂဝါထုတ်ပြ နှုတ်တော်ဟာသည် စွန့်ကြ ဣဿာ, မစ္ဆေ နှစ်ထွေဆိုးယုတ် တရားသော်)

ဘောန္တော၊ လူ့ဘုံဒေသ လူ့လောက၌ နေညပ္ပေလီ ဖြေမဆည်ဘဲ ထွေလည်ခက်ခဲ နရက်စဲ၌ ထွက်ဘဲမနိုင် ဆင်းရဲပြိုင်လျက် ငြီးမှိုင်နေငြား အိုလူမျိုးတို့။ဣမေသတ္တာ၊သူရောင်ပါ မျိုးစုသောင်းသောင်း သတ္တဝါ အပေါင်းတို့သည်။သုခကာမာပိ၊ ချမ်းသာလိုလား ဤစိတ်ထားဖြင့် နေ့မအား ညမအား တဖားဖားသာ ကြိုးစားနေကြပါသော်လဲ။ ဒုက္ခာ ၊စိတ်နွမ်းကိုယ်ကြေ အနေမအေး တဆေးဆေးဖြင့် ကင်းဝေးသုခ မအေးမြဘဲ ဘေးဘယရန်အစုံ အဖုံဖုံခြုံသိုင်း အုံဝိုင်း၍ နေကြပါပေကုန်၏။ ဟိ၊ ချမ်းသာလိုငြား ဒုံကြိုးစားလဲ ဘေးမျိုးဝိုင်းအုံ မအေးပုံကို ကြောင်းစုံလှစ်ကာ ရှာကြည့်လိုက်ကြစမ်းပါလော့။

စကားညှပ် (လောကမှာ အကျိုးတရားရှိရင် အကြောင်းတရားရှိရမယ်၊ ဒါကခမ္မတာ သဘာဝနော်၊ ဒီတော့ဒုံ့တတွေ ချမ်းသာကို လိုချင်လို့ ချမ်းသာကို ဖွေရှာနေကြပါလျက် ဘာကြောင့် ဆင်းရဲ တွေ့နေကြရတယ်ဆိုတဲ့ အကြောင်းကို လိုက်ရှာကြစို့.ရဲ.)

ဣဿုကီ၊ ကိုယ့်ထက်သာက မနာလိုချင် ငြူစူဝင်လျက် စိတ်တွင်ဖြစ်လာ ဣဿာဆိုတဲ့တရား။ မစ္ဆရီ၊ ကိုယ်နှင့်တူစွာ မဖြစ်ပါစေသား စိတ်ထားပုပ်အို မစ္ဆေရဆိုတဲ့ဝန်တို တတ်သောတရား ဤနှစ်ပါးသောတရားတို့ကြောင့်။ ပဇာ၊ ချမ်းသာလိုငြား လှုံကြိုးစားသည့် မျိုးပြားထွေထွေသတ္တဝါတွေသည်။ဒုက္ခာ၊စိတ်နွမ်းကိုယ်ကြေအနေမအေး တဆေးဆေးဖြင့် ကင်ဝေးသုခ မအေးမြဘဲ ဘေးဘယရန်အစုံ အဖုံဖုံခြုံသိုင်း၍ အုံဝိုင်းကာ နေကြရပါကုန်၏။

စကားညှပ် (ကဲ အဲဒါက သက္ကပဉ္ဉသုတ် ပါဠိတော်ထဲမှာ ပါဒါ၊ ပါဠိတော်ဆိုဒါက ဘုရားဟော၊ ဘုရားဟောဆိုဒါ မြေကြီးလက်ခတ်မလွဲမှန်ဒါ၊ ဒီတော့ဆင်းရဲခြင်းအကြောင်းတရားဟာ ဣဿာမစ္ဆရိယတဲ့၊ ဒီတရားဆိုး ၂ ပါးဟာ ဘာမျိုးအကျိုးမရ အလိုလိုနေရင်း အမှုပေါ်ဆိုဒါလို သက်သက်

စိတ်ပုပ်တာနဲ့ ခုဘဝဆင်းရဲရ နောင်ဘဝမှာလဲ ဒုပါယ်ကျရ အနေမလှတဲ့ တရားတွေဘဲ၊ ဒါကြောင့် ဒို့ဒကာဒကာမများ ကြပ်ကြပ် သတိထားရှောင်ကြနော်)

သန္တဇိဂုဏ္ဍိတာ၊ သူတော်ကောင်းမှန်လျှင် အလွန်ပင် စက်ဆုပ်အပ်ထသော(ဝါ)ပုထုဇဉ်ဓလေ့ အယုတ်မျိုးစေ့မို့ တကယ့်ကိုပုပ်သိုး ညစ်ကျုလှသော အယုတ်တရားနှစ်ပါးတို့ကို။ သုခီစ္ဆိကာ၊ချမ်းသာအေးမြဘေးမခရေး မျှော်တွေးလိုလား အမျိုးသား အမျိုးသမီးအပေါင်းသူတော်ကောင်းတို့သည်။ ပဇာဟေယျာထ၊ မြေပြေး မြေဟောက် သေမှာ ကြောက်သကဲ့သို့ ထိတ်ကြောက်လန့်ကာ ရှောင်ရှားကြကုန်ရာသတည်း။

၁၉။ ဇနကမင်းကြီး တမ်းတသော ၃ ဂါထာ

သုခကာမာ ရဟောသီလာ၊ ဝဓဗန္ဓဥပါရုတာ။
ကဿ နု အဇ္ဇ အာရာမေ၊ ဒဟရာ ဝုဒ္ဓါ စ အစ္ဆရေ။

သုခကာမာ၊ ကိုယ်စိတ်နှစ်ဖြာ အေးချမ်းရာကို လွန်စွာ လိုလားတော်မူကြကုန်သော။ ရဟောသီလာ၊ မဆူမညံ လူသံတိတ်ဆိတ် တောရိပ်ခိုကာ ဆိတ်ငြိမ်ရာ၌ ဒါရိယာဓလေ့ ပျော်မွေ့တတ်ကုန်သော။ ဝဓဗန္ဓဥပါရုတာ၊ သတ်ဖြတ်နှိပ်စက်စိတ်လက်ညှဉ်းဆဲ လွန်ကဲချုပ်ချယ် စိတ်ဝယ်ပြစ်မှားအယုတ်တရားမှ ရှောင်ရှားကြကုန်ပြီးသော။ ဒဟရာ၊ အသက်အရွယ် နုနယ်ကုန်ငြား ပစ္စေကာ အရှင်မြတ်ဘုရားတို့သည်ငင်း။ ဝုဒ္ဓါစ၊ အသက်အရွယ်ကြီးကျယ်ကုန်ငြား ပစ္စေကာ အရှင်ဘုရားတို့သည်ငင်း။ ကဿ၊ဘယ်သူ၏။ အာရာမေ၊ နှလုံးမွေ့လျော် ပျော်ဘွယ်ကောင်းမှန် ဥယျာဉ်အရပ်၌။ အစ္ဆရေ၊ တရားနှလုံး စွဲသုံးမှိကာချမ်းသာအေးမြ သီတင်းသုံးတော်မူကြပါလေကုန်သနည်း။

၂၀။ အတ်ကန္တဓနသာ ဓီရာ၊ နမေ ဇေသံ မဟေသိနံ။
ယေ ဥဿုက်ကမိံ လောကမ်ဳိ၊ ဝိဟရန္တိ အနုဿုကာ။

ဓီရာ၊ ရွှေနောက်မြော်မြင် ဆင်ခြင်နိုင်ဘိ ပညာရှိကုန်သော ပစ္စေကာအရှင်ဘုရားတို့သည်။ အတိကန္တဓနထာ၊ ကိုလေသာမှုး ညစ်အကြေးကို

ပစ်ထွေးလွန်မြောက်ပြီး ဖြစ်တော်မူကုန်၏။ ဥဿုက္ကမှီ၊ တကြောင့်ကြကြ တရွရွဖြင့် ရင်မချိသာ နေရပါသော လောကဌ်။ အနုဿုက္ကာ၊ မကြောင့်မကြ မတောင့်တဘဲ စိတ်ချလက်ချ အေးမြဿာလျှင်။ ဝိဟာရန္တိ၊ တည်ကြည်ငြိမ်သက် တရားဖက်လျက် စိတ်စက်သေခွေ့ သီတင်းသုံးတော်မူနိုင်ပါပေကုန်၏။ တေသံ မဟောသိနံ၊ ထိုပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့အား။ အဟံ၊ ကာမဝင်္ဆနောင် ကရွတ်ဘောင်မှ လွတ်အောင်ပယ်ခွာ တောရိပ်မှာလျှင် ချမ်းသာလွယ်ကူ နေတော်မူလိုသော တပည့်တော် ဇနကမင်းသည်။ နမော၊ စိတ်ရောကိုယ်ပါ ညွတ်ကိုင်းစွာဖြင့် မှန်းကာမသွေ ရှိခိုးကန်တော့လိုက်ပါပေ၏ အရှင်မြတ်ကြီးဘုရား။

၂၁။ တေ ဆေတ္တာ မစ္ဆုနော ဇာလံ၊ တံ တံ မာယာဝိနော ဒဠ္ဆံ။
သန္တာလယန္တာ ဂစ္ဆန္တိ၊ ကော နေသံ ဂတိပါပယေ။

တော၊ ထိုပစ္စေကဗုဒ္ဓါ အရှင်မြတ်ဘုရားတို့သည်။ မာယာဝိနော၊ အကောက်တထောင် ဝက်ပါတောင်ထက် ဟန်ဆောင်ကွေ့ပတ် လှည့်စားတတ်သော။မစ္ဆုနော၊အင်အားကြီးလျှင်း ရှင်သေမင်း၏။ဒဠ္ဆံ၊ တအားကုန်း၍ ရုန်းထွက်ခြင်းငှာ ခဲယဉ်းစွာထသော။ တံတံဇာလံ၊ အမြွေးအယှက် အကွက်အဆန်း တကယ်တမ်းရှုပ်ထွေး တဏှာတည်းဟူသော ခြည်ခင်ထွေးကို ဆေတ္တာ၊ အရဟတ္တမဂ် ဓားလက်နက်ဖြင့် ထက်မြက်မသွေ ဖြတ်တောက်တော်မူပြီး၍။ သန္တာ၊ စိတ်လက်တည်ငြိမ် ဣန္ဒြေရရ သိမ်မွေ့ကြကုန်လျက်။ အလယန္တာ၊ တဏှာကင်းလတ် အာသာပြတ်ကြကုန်၍။ ဂစ္ဆန္တိ၊ စျာန်ယာဉ်ပျော်မြူး စိတ်ကြည်နူးလျက် တောဦးမြို့ဝင်သာ ဂန္ဓမာဝယ်မှန်စွာမသွေ ပျော်မွေ့တော် မူကြပေကုန်၏။ နေသံ၊ ထိုပစ္စေကာသခင်အရှင်မြတ်တို့၏။ ဂတိ၊ ပျော်ရွှင်မွေ့ရာ ဂန္ဓမာဟု သိလာမှေးကြ။ မြတ်လိုက်ဂူသို့။ ကော၊ မျိုးနွယ်ယုတ်မြတ် ဇာတ်ကိုမဆို အဘယ်မည်သော ပုဂ္ဂိုလ်သည်။ ပါပယေ၊ ငါ့ကိုရောက်အောင် ပို့ဆောင်ပေးနိုင်ပါလိမ့်မည်နည်း။

၂၂။ "ဝတိ်သာမှ ဘုရားကြွ"

(အာဘိဓမ္မာအခါတော်နေ့အတွက်)

နမေ ဒိဋ္ဌော လူတော ပုဗ္ဗေ၊ နု သုတော ဥဒ ကဿစိ။
ဧဝံ ဝဂ္ဂုဂတော သတ္ထာ၊ တုသိတာ ဂဏိမာ ဂတော။။

မေ၊သာရိပုတြာ မည်သည်ဟုမြင်၊ လက်ျာတော်ရံ ဌာနန္တရ ဘွဲ့ပုံသသည့် ဘုရားတပည့်တော်သည်။ လူတော၊ တာဝတိ်သာ နတ်တို့ရွာမှ ဘဂဝါပရမေ သက်ဿသို့ ခုနေချိန်ခါ ကြွမြန်းလာသည့် မဟာသမယ ဤကာလမှ။ ပုဗ္ဗေ၊ ရှေးရှေးကာလ ဘဝဘဝါ အခါခါ၌။ ဧဝံဝဂ္ဂုဂတော၊ တလောကလုံး မဆုံးကြက်သရေ တက်သစ်နေရောင် ရာထောင်မက ကြက်သရေရှိလှပေထသော။ တုသိတာ၊ လူနတ်ဗြဟ္မာ သတ္တဝါအပေါင်း နှစ်ထောင်းအားရ ရှင်ပျခြင်းကိုဖြစ်စေထသော။ ဂဏိမာ၊ သောင်းလောကဓာတ် လူနတ် ဗြဟ္မာ သတ္တဝါအပေါင်း နှစ်ထောင်းကြည်ညို ဗဟိုဥက္ကဋ္ဌ အထွဋ်အထိပ် ကြီးဖြစ်ပေထသော။ သတ္ထာ၊ နတ်လူဗြဟ္မာ သတ္တဝါအပေါင်း လမ်းကြောင်း ညွှန်ရာ ဒိုင်မြတ်စွာသည်။ အာဂတော၊ ရွှေစောင်းတန်းအသွယ်သွယ် ငွေစောင်းတန်းအသွယ်သွယ် ပတ္တမြားစောင်းတန်းကအလယ် နတ်ဗြဟ္မာ တင့်တယ်စွာခြံရံလျက် ဝတိ်သာကသစ်နန်းမှ သက်ဿံ လူ့ကြွန်းသို့ မြန်းကြွတော်မူခဲ့ပါပေသည်တကား။

၂၃။ "မလွဲသာ ခဲ့ခွင့်ရပေမဲ့"

ဝန္ဒာမဟံ မဟာဝီရ၊ ဤဒံ ပစ္ဆိမဒဿနံ။
သစေ ဒေဝါသံ ခမာပေဟိ၊ ဂစ္ဆာမိ ကရုဏာဂရ။

မဟာဝီရ၊ မြတ်သောလူလွှ ဝီရိယနှင့် မုချကုံလုံ ပြည့်စုံပေငြား အရှင်မြတ်ကြီးဘုရား။ မေ၊ အရှင့်ထံပါး ခွဲခွာသွားရန် အကြောင်းကံဟုန် ကြုံလာခဲ့ရ တပည့်တော်မ၏။ ဤဒံဒဿနံ၊ ဤယခုတွင် အဦးတင်၍ ဖူးမြင်လိုက်ရခြင်းဘည်။ ပစ္ဆိမဒဿနံ၊ နောင်သောအခါ ဘယ်မှာတဖုံ ပြန်ဆုံတွေ့ရန် ကြောင်းကံတစိ မရှိလုံးလုံး နောက်ဆုံးအနေ ဖူးလိုက်ရခြင်းပါပေတည်း။ အဟံ၊ သိန်းစက္ကဝါ ကမ္ဘာဘာက ဆယ်ဖြာပါရမီ တူညီဖြည့်ဖက် မပျက်စိတ်စဉ် အရှင်နှင့်သာ မကွာအဖော် ဘုရားတပည့်တော်မသည် ။ဝန္ဒာမိ၊ ကြည်ညိုလွမ်းပတ် သဒ္ဓါခတ်ဖြင့် ရှက်ချပ်အစုံ ကြာပဒုံသို့ ဆပ်စုံလက်

ချောင်းရိုညွတ်ပျောင်းလျက် ဦးခေါင်းညွတ်ကာ ရှိခိုးကန်တော့လိုက်ပါ၏ ဘုရား။မေ၊ ဘုရားတပည့်တော်၏အပေါ်၌။ ဒေါသ၊ ကာယဝစီ မနောချို လျက်သုံးလီမှန်စွာ ပြစ်ဒေါသသည်။သစေအတ္ထိ၊တစိုးတစိ အာကယ်၍များရှိ ခဲ့အုံ။ကရုဏာဂကရ၊သတ္တဝါများ ရင်ဝယ်သားသို့မခြားမှန်စွာကရုဏာများ လတ် အရှင်မြတ်သည်။ ခမာပေဟိ၊ အပြစ်မဲ့ရေး ထောက်မြှောတွေးလျက် မနှေးလျင်စွာ သည်းခံတော်မူပါဘုရား။ အဟံ၊ တပည့်တော်မသည်။ ဂစ္ဆာမိ၊ ဝဋ်ကင်းရာမှန် မြတ်နိဗ္ဗာန်သို့ အမှန်မသွေ သွားရောက်ပါတော့ မည်ဘုရား။

၂၄။ သင်တို့တွက်တာ ကောင်းဘို့ရာ

တာရကာ ဝိယ စက္ခူန်၊ မံသာနိ စ မဟာပထဝီ။
လောဟိတံ် သမုဒ္ဒေါဒကံ့၊ အဋ္ဌိ သိနေရုသဒိသံ်။
တောဒိသံ် ဇဟိတွာန၊ ပူရေသိ ဒသပါရမီ။

ကာရုဏိကော၊သတ္တဝါဝေနေ များဗိုလ်ခြေတို့ ကယ်မည့်သူဝေး ဘေး တွေ့က ဝိုင်းအုံ ရန်ဆူးတွေအစုံစုံမို့ ကြင်နာပုံအရေး ရှေးဉာဏ်တော်မြှော် တွေးလျက် ကိုယ့်အရေးကိုယ့်အရာလို မဟာကရုဏာတွေ့ လွန်စွာပိုလှစွာ သော မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးသည်။သတ္တာနံတာရဏတ္ထာယ၊ သံသရာကြော တမျော်မျော်နှင့် အတောမသတ် ဒုက္ခထပ်လျက် ဖိကြပ်ပေ ရေ သတ္တဝါတွေ့ကို ခမာသောင်ကမ်း နိဗ္ဗာန်နန်းသို့ ဖြောင့်တန်းလှယ်ကူ ပို့ဆောင်တော်မူခြင်းငှာ။ တာရကာဝိယစက္ခူန်၊ ဟိုထက်ကောင်းကင် ဘော်ကြယ်စင်သို့ တွက်လျှင်မရ မြောက်မြားလှသည့် မျက်လုံးတော် အစုံတို့ကိုဂုဏ်။ မဟာပထဝီမံသာနိစ၊ နှစ်သိန်းလေးသောင်းထုပေါင်းများ တည် မဟာပထဝီသို့ တွက်ညီမျှားပြား ကိုယ့်အသားတော်တို့ကိုဂုဏ်။ လောဟိတံသမုဒ္ဒေါဒကံ၊ သမုဒ္ဒရာရေ မကလေသည့် နီနီတွေးတွေး ကိုယ့် အသွေးတော်တို့ကိုဂုဏ်။ အဋ္ဌိ သိနေရုသဒိသံ၊ မြင့်မိုရ်တောင်မင်း ကမ လျှင်းသည့် အတွင်းတည်မျိုး ကိုယ့်အရိုးတော်တို့ကိုဂုဏ်။ ဇဟိတွာန၊ နှမြောမတွန့် ရက်ရက်စက်စက်ကြီး စွန့်လျက်သာလျှင်။ ပါရမီ၊ ဘုရားဖြစ်ရန် အကြောင်းခံဟု ဆယ်တန်စုံညီ ပါရမီတော်တို့ကို။ ပူရေသိ၊ မဆုတ်မနစ် အားသစ်လုလ်လ ဝါယာမဖြင့် နေ့ည်မသွေ ပြုစုဆည်းပူးတော်မူ ခဲ့ပါပေသည်တကား။

၂၅။ "ဗုံဒ္ဓဂုဏ်ရည်"

သဠောဒိတော ကာရုညေန၊ နာထော ပရတ္ထ မာဝဟော။
ကရောပယာတ နိဗ္ဗာနံ၊ ဩသဇ္ဇ ဒုက္ကရံ ကရုံ။

(အင်္ဂုတ္တရနိကာယ်အဋ္ဌကထာတော်၏ 'ဘာသာသွေး'မှ)

နာထော၊ ငါ၏ကိုးကွယ် ငါ့ကိုကယ်၍ ငါ့နှယ်မခြား နတ်လူအများတို့၏ ကိုးစားရာသခင် ဘုရားရှင် ကိုယ်တော်မြတ်ကြီးသည်။ ကာရုညေန၊ သတ္တဝါခပင်း ဆင်းရဲခြင်းကြောင့် ပြင်းပြလှစွာ မဟာကရုဏာတော်သည်။ သဠောဒိတော၊ မခံသာအောင် ဖန်ခါထပ်ထပ် တိုက်တွန်းနှိုးဆော်အပ်သည်ဖြစ်၍။ ကရောပယာတနိဗ္ဗာနံ၊ လက်လှမ်းမှီလောက် ခရီးပေါက်လျက် မျက်မှောက်ပြုရန် မြတ်နိဗ္ဗာန်ကို။ ဩသဇ္ဇ၊ အလွယ်တကူ လှမ်းမယူဘဲ ဗိုလ်လူတွက်တာ စွန့်လွှတ်ခဲ့ပြီး၍။ ဒုက္ကရံ၊ သာမန်လူများ ပြုရန် ထား၍ စဉ်းစားရန်ပင် အလွန်ခဲယဉ်းလှစွာသော ပါရမီဖြည့်မှု အစုစုတွေကို။ ကရုံ-ကရောန္တော၊ လေးသခင်္ကိန်း ကပ်တသိန်းမျှ ထိန်းသိမ်းဆင့်ဆင့် ပြုကျင့်တော်မူလျက်။ ပရတ္ထံ၊ သတ္တဝါအများ ချမ်းသာပွားဘို့ တရားဖြင့်အေး ကြီးပွားရေးကို။ အာဝဟော၊ ကိုယ်ဆင်းရဲမှု လစ်လျှ။ ပြုလျက် အမှုပါအောင် ဆောင်ရွက်တော် မူခဲ့ပါပေသည်တကား။

၂၆။ မိန်းမသဘော

နတာ ဧကဿ နုဒ္ဓိန္နံ၊ အာပဏောဝ ပဿာရိတော။
ယော တာ မယ္ဟတ္တိ မညျေယျ၊ ဝါတံ ဇာလေန ဗန္ဓယေ။

တာကွတ်ထိုယော၊ မာယာတသိန်း အပလိန်းအနှစ် ပလီလှသည့် ထုံစရာသတ္တဝါ ထီ-ဆိုတဲ့ မ-မာယာတို့သည်။ နာ-ဧကဿ၊ ဦးဦးမြတ်မြတ် တဦးတည်းသတ်မှတ်၍ အတတ်နိုင်နိုင် တဦးတည်းပိုင် မဟုတ်ပါပေ။ ပဿာရိတော၊ လမ်းလေးခွဝယ် ဖြန့်ချထားရာ စျေးဝယ်လာသမျှ ဝယ်ပါဗျ ဝယ်ပါဗျရုယ်လို့ မယ်အဝှာ အမတို့က ဝယ်သူသာလျှင် ဆွဲယူ၍ပြရအောင် တသသ ပြကာ တမူလင်းလို့မို့ အကျအနခြကာ ခင်းထားအပ်သော။ အာပဏောဝ၊ အကုန်ပေးတဲ့ ဘုံစျေးကဲ့သို့။ ဟောတိ၊ တွေးတောကာ

သံသယမဝင်လေနှင့်တော့ ငေးမောစရာ ဟန်ပြတဲ့ သခင်မတွေမို့ ကေန္တာ ဖြစ်ပါပေသတည်း။

ယော-ပုရိသော၊ မိုက်မိုက်မှားမှား မစဉ်းစားဘဲ ယဲ့ကျွးဆိုတဲ့ သတ္တဝါသည်။ တာဂ္ဂတ္ထိယော၊ မာယာတသိန်း အပလိန်း အနန္တ ပလီလှသည့် ထီစရာ့ သတ္တဝါ မဆိုတဲ့ မ-မာယာတို့ကို။ မယူန္တိမညေယျ၊ ဂါသာဆိုင်သည့် တဉီးတည်းပိုင်သက်ထား ချစ်မယားဟူ၍ မှား၍ စိတ်တွင် စွဲမှတ်ထင်ငြားအံ့။ သော၊ မိုက်တိ မိုက်မှား ထိုယောကျွးသည်။ ဝါတံ၊ လေကို။ ဇာလေန၊ ပိုက်ကွန်ဖြင့်။ ဗန္ဓယေယထာ၊ လေဖမ်းကာ ဝါးတန့ဲအချည်ထူး ဒါကြောင့် ပဋိခန်း မဟာအဆန်း အပလီတွေ မူးပြီးလျှင် သြော် အရူးကြီးတွေ ဖြစ်ကြလေကုန်သတည်း။

၂၇။ "စိတ်၏စေရာ"

ဒူရင်္ဂမံ ဧကစာရံ၊ အသရီရံ ဂုဟာသယံ။
ယေ စိတ္တံ သံယမေဿန္တိ၊ မောက္ခန္တိ မာရဗန္ဓနာ။

ဒူရင်္ဂမံ၊ ဝေးနီးစကြဝဠာ ကမ္ဘာမိုးမြေ ခြားကွာပေလည်း သွားစေလိုရာဌာနသို့ ခဏချက်ချင်း လက်ငင်းမကွာ ယခုပင်သွားလာနိုင်ထသော။ ဧကစာရံ၊ အဖော်မပါ တကိုယ်တည်းသာ သွားလာနိုင်ပေထသော။ အသရီရံ၊ လုံးရပ်ပုံဟန် သဏ္ဌာန်နမူနာဟူ၍လည်း မရှိထသော၊ ဂုဟာသယံ၊ ဟဒယဝတ္ထုဆိုတဲ့ လိုဏ်ဂူဝယ် စံပယ်ခိုအောင်း၍ နေတတ်သော။ စိတ်တံ၊ ရူပါရုံနှင့်တွေ့တော့ ရူပတဏှာ ရူပကိလေသာ၊ သဒ္ဒါရုံနှင့်တွေ့တော့ သဒ္ဒတဏှာ သဒ္ဒကိလေသာ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗရုံ၊ ဓမ္မာရုံ၊ အာရုံတွေနှင့် တွေ့တိုင်း ထွေ့တိုင်း မဆိုင်းမတွ ကိလေသာဓမ္မတွေ ယိုဖိတ်တတ်တဲ့ ထိုသည့် စိတ်ကလေးကို။ ယေ၊ အကြင် သမထဝိပဿနာ တောမို့ ယောဂီပုဂ္ဂိုလ်တို့သည်။ သံယမေဿန္တိ၊ သမထဝိပဿနာ ပညာထိန်းခြုံ စောင့်ရှောက်နိုင်ကုန်၏။ တေ၊ ထိုယောဂီတို့သည်။ မာရဗန္ဓနာ၊ တထောင့်ငါးရာ ကိလေသာမာရ်မင်း နှောင်ဖွဲခြင်းမှ။ မောက္ခန္တိ၊ သောတာပန် သကဒါဂါမ် အနာဂါမ် ရဟန္တာတွေဖြစ်လို့မို့ စင်စစ်မကွာ လွတ်မြောက်တော် မူကြလေကုန်သတည်း။

ဆောင်ပုဒ်။ အဝေးသို့သွား၊ တပါးတည်းလည်၊ ကိုယ်ထည်မရှိ၊
ဂူအောင်းဘ်ိ စိတ်၏ခြင်းအရာ။

၂၀။ "သစ္စာဝဂါစံ-မြတ်မန္တာန်ဆုပေး"

ဗုဒ္ဓေါ လောကေ သမုပ္ပန္နော၊ ဟိတာယ သဗ္ဗပါဏိနံ။
ဓမ္မော လောကေ သမုပ္ပန္နော၊ သုခါယ သဗ္ဗပါဏိနံ။

သံဃော လောကေ သမုပ္ပန္နော၊ ပုညခေတ္တံ အနုတ္တရံ။
တေန သစ္စဝဇ္ဇေန၊ သောတ္ထိ တေ ဟောန္တု သဗ္ဗဒါ။

လောကေ၊ လောကသုံးခွင် ဘုံအပြင်၌။ ဗုဒ္ဓေါ၊ သစ္စာလေးတန် တရားမှန်ကို ကေန်သိမြင် ဘုရားရှင်သည်။ သဗ္ဗပါဏိနံ၊ ယုတ်ယုတ်မြတ်မြတ် မလတ်ပိုင်းခြား ခပ်သိမ်းသော သတ္တဝါများ၏။ ဟိတာယ၊ လောကုတ် လောကီ နှစ်လိတိုးပွား အကျိုးများစိမ့်သောငှါ။ သမုပ္ပန္နော၊ ဥဒည် တောင်စွန်း နေစက်ဝန်းသို့ လန်းလန်းစွင့်ကာ ပွင့်လန်းပေါ်ပေါက်တော် မူပါပေသည်တကား။

(သာဓု သာဓု သာဓု)

လောကေ၊ ပ-၌။ ဓမ္မော၊ မဂ်ဖိုလ်နိဗ္ဗာန် ဓမ္မကွန်ပရိယတ် ဆယ်ပါး သော တရားတော်မြတ်သည်။ သဗ္ဗပါဏိနံ၊ ပ-တို့၏။ သုခါယ၊ လောကုတ် လောကီ နှစ်လိချမ်းသာ ပွားစေခြင်းအကျိုးငှာ။ သမုပ္ပန္နော၊ ပ-တကား။

(သာဓု သာဓု သာဓု)

လောကေ၊ ပ-၌။ သံဃော၊ သုပ္ပဋိပန္နတာ အစလောသာည့် ကိုးဖြာသော ဂုဏ်တော်အပေါင်းတို့နှင့် ပြည့်စုံတော်မူသော သံဃာတော် အရှင်မြတ် သည်။ အနုတ္တရံ၊ နှိုင်းတုစရာ ဘယ်ကမ္ဘာမှ ရှာမရအောင်။ ပုညခေတ္တံ၊ တကြိမ်စိုက်ပျိုးက ကောင်းကျိုးအနန္တ အမှုန်ပမာဏ ဖြစ်စေနိုင်သော လယ်ယာမြေကောင်းသဖွယ်ဖြစ်အောင်။ သမုပ္ပန္နော၊ ပ-ကကား။

(သာဓု သာဓု သာဓု)

တေ့နေ သစ္စဝဇ္ဇေန၊ ဤသို့မှန်စွာ မြတ်သစ္စာကို သံသာန္နုတ်ချို့ မိန့်ဆိုရသောကြောင့်။ တေတုမှာကံ၊ တရားနာ ပရိသတ်အပေါင်း သင်သူတော်ကောင်းတို့အား။ သဗ္ဗဒါ၊ နေ့ရောညပါ ဘယ်ခါမလတ် အထပ်ထပ် သာလျှင်။ သောတ္ထိ၊ ကိုယ်စိတ်နှစ်ဖြာ ဘယာမတွေး ချမ်းမြေ့ကြည်သာသည်။ ဟောန္တု၊ ရတနာသုံးစုံ တေဇာဂုဏ်ကြောင့် လုံးစုံမသွေ ဖြစ်ကြပါစေကုန်သတည်း။

[စကားမှာ။ ။ဤသို့ သစ္စာဆို၊ မေတ္တာပို့ပြီးနောက် ဆက်၍]

ဘုရားရတနာ တရားရတနာ သံဃာရတနာဟုဆိုအပ်သော ရတနာအထွတ်အမြတ် သုံးပါးတို့သည် လောကသားတို့၏အကျိုးစီးပွား ချမ်းသာများစေရန် အလို့ငှာ ဖြစ်ထွန်း ပေါ်ပေါက်တော် မူကြကုန်၏။ လောကသားတို့၏ အကျိုးစီးပွား အလို့ငှာ ဖြစ်ထွန်းပေါ်ပေါက်တော်မူကြကုန်သော ဘုရားရတနာ တရားရတနာ သံဃာရတနာဟုဆိုအပ်သော ရတနာသုံးပါးတို့အား ရိုသေမြတ်နိုး လက်အုပ်မိုး၍ ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့အတန်တန် ကန်တော့ကြရသော ရတနတ္တယပဏာမ ဂါရဝကုသိုလ်ကံစေတနာတို့ကြောင့် ခပ်သိမ်းဘေးဒဏ် ရန်မာန်အသွယ်သွယ် အန္တရာယ်ဟူသမျှတို့သည် ပိန်းကြာပွေတွင် ရေမတင် လျှောကျသကဲ့သို့ ကင်းစင်ပပျောက်ကြကုန်လျက် မရဏေးသော စည်းစိမ်ဥစ္စာ ရတနာ ရာထူးဂုဏ်သိရ်တို့ကို ရရှိခြင်း, ရပြီးသော စည်းစိမ်ဥစ္စာရတနာတို့သည် တနေ့တခြား တက်နေလေးသို့ တိုးပွားရင့်သန်ကြကုန်သည်ဖြစ်၍ မင်္ဂလာ ဖိုလ်တရား နိဗ္ဗာန်တရားတော်မြတ်ကို ဝင့်ဘဝတိုတို့နှင့် ရလွယ်ရောက်လွယ်နိုင်ကြသည် ဖြစ်စေကုန်။

"ဗုဒ္ဓပိတိ နှင်းသိမြင်"

၂၈။ ဗုဒ္ဓါတိ ကိတ္တယန္တိဿ၊ ကာယေ ဘဝတိ ယာ ပီတိ။
ဝရမေဝ ဟိ သာ ပီတိ၊ ကသိဏေနာပိ ဇမ္ဗုဒီပဿ။

၂၉။ ဓမ္မောတိ ကိတ္တယန္တိဿ၊ ကာယေ ဘဝတိ ယာ ပီတိ။
ဝရမေဝ ဟိ သာ ပီတိ၊ ကသိဏေနာပိ ဇမ္ဗုဒီပဿ။

၃၀။ သံဃောတိ ကိတ္တယန္တိဿ၊ ကာယေ ဘဝတိ ယာ ပီတိ။
ဝရမေဝ ဟိ သာ ပီတိ၊ ကသိဏေနာပိ ဇမ္ဗုဒီပဿ။

ဗုဒ္ဓေါတိ၊ ဘုရား-ဘုရားဟူ၍။ ကိတ္တယန္တိသဿ၊ နှုတ်မှဖွင့်ကာ စိတ်ပါ လက်ပါ ရွတ်ဆိုလိုက်ရသောသူ၏။ ကာယေ၊ ကိုယ်၌။ ယာပိတိ၊ အကြင် နှစ်သက် ဝမ်းသာ ပီတိဖြာခြင်းသည်။ ဘဝတိ၊ ဘုရားအာရုံ ကိုယ်လုံးခြုံသဖြင့် အဟုန်လျင်စွာ ဖြစ်ပေါ်လာပေ၏။ သာပိတိ၊ ထိုပီတိသည်။ ကသိဏေနာပိ ဇမ္မုဒီပဿ၊ ဇမ္မူဒိပ်မြေပြင် ကျွန်းအပြင်၌ ဘုရင်လုပ်မိုး အုပ်ကာစိုးသော မင်း၏စည်းစိမ်ချမ်းသာ အကုန်လုံးထက်။ ဝရမေဝ ဟိ၊ ဘုရားမြတ်ဂုဏ် လွှမ်းပတ်ခြုံသဖြင့် လောကီဂုဏ်နှုတ် အောက်တွင်မြုပ်၍ လောကုတ္တရာ ဂုဏ်ကသာလျှင် မှန်စွာမသွေ မြင့်မြတ်တော် မူလှပါသတည်း။

ဓမ္မောတိ၊ တရား-တရားဟူ၍ ၊ပ။

သံဃောတိ၊ သံဃာ-သံဃာဟူ၍ ၊ပ၊ (ဆက်ဆိုတတ်ပါစေ။)

၃၁။ "ကိုယ့်ကို စစ်တမ်းထုတ်"

ပုဗ္ဗေဟံ ဒါသကမ္မာနိ၊ ပမောဒိတ္ဝာန စေတသာ။
ဣဒါနိ သကကိစ္စာနိ၊ ကတ္ဝာ မောဒါမိ သာသနေ။

အဟံ၊ သံသာဝဋ်နှောင်၊ ကရွတ်ဘောင်မှ၊ လွတ်အောင်ရုန်းရန်၊ စိတ်မသန်ဘဲ၊ ခြေရုံသင်းပင်း၊ ဇာတ်စုံခင်းချ၊ ပျော်ပါးရင်းသာ၊ အချိန်ကြာလျက်၊ သံသာဝဋ်ထဲ၊ တစဲလည်လည်၊ ကြာရှည်နေငြား၊ ငမိုက်သား ဇာသည်။ ပူရေ၊ ဘယ်ကဘယ်ခါ၊ စခဲ့ပါဟု၊ မြတ်စွာဗုဒ္ဓ၊ ကိုယ်တိုင်မှလျှင်၊ မြွက်ဟဘို့ရန်၊ အခက်ဖန်သည့်၊ သံသရာစက်၊ အနမတဂ်၌။ ဒါသကမ္မာနိ၊ တဏှာသခင် ဒာရှင်ထင်လင်း ကျွန်ရာသွင်းသည့် စေခြင်းတမန် အဖန်ဖန် ထွေပြား မယားကိစ္စ သားကိစ္စနှင့် မျိုးလှုထွေထွေ အမှုတွေကို။ ပမောဒိတ္ဝာန စေတသာ၊ တပြုံးဖြီးဖြီး တဟီးဟီးနှင့် မငြီးမငြူ။ ပျော်တော်မူသောစိတ်ဖြင့်။ အကရိ၊ မောမှန်းပမ်းမှန်း မသိကန်းဖြင့် အစွမ်းရှိသမျှ နှေးညှီမအား တဖားဖားဖြင့် ကြိုးစားအားထုတ် လာခဲ့လေပြီ။ ဣဒါနိ၊ ဉာဏ်ရောင်တခွက် လက်ကနဲရသည့် သာသနာ့ချိန်ခါ ကြုံလာခဲ့ရ ဒုလ္လဘ မဟာ ယဇ္ဉအခါ၌။ သကကိစ္စနိ၊ ကိုယ်ရေးကွက်တာ ကိုယ့်ကိစ္စဟု အမတာ မှန်း နိဗ္ဗာန်နန်းသို့ ဖြောင့်တန်းသွားရန် အကြောင်းကံဟု သံဝေဂရကာ သာသနာမှ ကိုယ့်ကိစ္စ အစုစုတွေကို။ ကတ္ဝာ၊ အဲ့ဒီရင်က် လုံလစိုက်၍

နှစ်ခြိုက်ကြည်သာ ပြုလုပ်၍သာလျှင်။ သာသနေ၊ ဗုဒ္ဓပြဒါဒ နဝမဟု ကြုံရခဲစွာ သာသနာခေတ်အခါကြီး၌။ ဝါ၊ သံသာစခန်း ခရီးကြမ်း၌ ဟိုက်နှမ်းနေငြား လူအမျှားကို တန်နားတည်းခို အေးရိပ်ပိုသည့် ညောင်ညိုစခန်း သာသနာဆိုတဲ့ ရိပ်သာကွန်း၌။ မောဒါမိ၊ တရားပျော်မွေ့သူတော်လေ့ဖြင့် ချမ်းမြေ့ကြည်သာ ရိပ်ကွန်းခိုရပါတော့မည်တကား။

၃၂။ သေမင်းနှင့် နွားကျောင်းသား

ယထာ ဒဏ္ဍေန ဂေါပါလော၊ ဂါဝေါ ပါဇေတိ ဂေါစရံ။
ဧဝံ ဇရာ စ မစ္စု စ၊ အာယုံ ပါဇေတိ ပါဏိနံ။

ဂေါပါလော၊ သနားမဖက် တရားဖျက်၍ ရိုက်နှက်ပုတ်မောင်း နွားကျောင်းသားသည်။ ဒဏ္ဍေန၊ သစ်သားကြိမ်နွယ် သွယ်သွယ်မျှားဖြင့် ဒုတ်နှင်တန်ဖြင့်။ ဝါ၊ နွားကိုရိုက်ရန် တမင်ဖန်သည့် နကန်ခေါ်သည့် ကြိမ်ဒုတ်ဖြင့်။ ဂါဝေါ၊ သူပြုသမျှ နုကြရသည့် သနားစရာ နွားဆိုတဲ့ သတ္တဝါတွေကို။ ဂေါစရံ၊ နွားစားကျက်သို့။ ပါဇေတိ၊ ရိုက်ကာပုတ်ကာ ညှဉ်းပန်းကာဖြင့် မှန်စွာမသွေ ပို့ဆောင်လေသကဲ့သို့။ ဧဝံကထာ၊ ပမာန္နိုင်းယူ ထို့အတူသာလျှင်။ ဇရာစ၊ ဆံဖြူသွားကြေ သားရေယိုယွင်း အိုခြင်းဆိုတဲ့ ဇရာတရားသည်ငင်း။ မစ္စုစ၊ ခန္ဓာပျက်ကြေ သေခြင်းဆိုတဲ့ မရဏ တရားသည်ငင်း။ ပါဏိနံ၊ ကြီးကြီးငယ်ငယ် ရွယ်ရွယ်လတ်လတ် ခပ်သိမ်းဥဿုံ လုံးစုံမျှားစွာ၊ သတ္တဝါတို့၏။ အာယုံ၊ ရွပ်နာမ် ၂ ထွေ အသက်ဆိုတဲ့ ဇီဝိတိန္ဒြေကို။ ပါဇေန္တိ၊ သုသာန်တစ သင်းချိုင်းဝသို့ မကျကျအောင် ပို့ဆောင်၍ နေလေသည်တကား။

၃၃။ သေမင်းနှင့်ပြိုင် သူ့နိုင်သူမရှိ

မစ္စုနာ သက်ရော နတ္ထိ၊ လဉ္ဇကဟော နု ဝိဇ္ဇတိ။
ယုဒ္ဓါ နတ္ထိ ဇယော နတ္ထိ၊ သဓမ္မ မစ္စုပရာယနာ။

မစ္စုနာ၊ အင်အားကြီးခြင်း ရှင်သေမင်းနှင့်။ သက်ရော၊ ဤနေ့ ဤရက် ဤမနက်မှ သေပျက်ပရစေဟုံ ချိန်းချက်၍ထားရခြင်းသည်။ နတ္ထိ၊ မည်သည့် ကမ္မာမှာ မည်သည့် သတ္တဝါမျှ မရှိရှိးဓမ္မတာ အမှန်ပါပေတည်း။

လဥ္စဂ္ဂါဟော၊ လွတ်တဲ့လေအောင် အကျိုးဆောင်၍ တံစိုးလက်ဆောင်ပေး၍ ရ ခြင်းသည်လည်း။ နဝိဇ္ဇတိ၊ မရှိကေန် လူတိုင်းမှန်လှပါပေ၏။ ဇယော၊ ရှင်သေမင်းကို ရန်တင်းဘယ်မူ အောင်နိုင်သော သူသည်လည်း။ နတ္ထိ၊ အမျှားမဟာ ဘုရားဘဂဝါသော်မှ မလွတ်ကင်းသာ ဇွတ်အတင်း ပါသွားရရှာသေးသမို့ ဘယ်သူမှ လွတ်ကင်းရိုးမရှိပါပေ။ သဗ္ဗေ၊ ရှိရှိသမျှ ပုပ္ပဋ္ဌရှ ငယ်ငယ်ရွယ်ရွယ် လတ်လတ် မျိုးဇာတ်သိမ်းခြုံ အလုံးစုံသော သတ္တဝါတို့သည်။ မစ္စုပရာယနာ၊ သေမင်းထံရင်း ဝပ်ကာစင်း၍ သေမင်းနှိုင်ငံ၌သာ လဲလျောင်း ခိုအောင်းကြရလေကုန်သည်တကား။

၃၄။ စေ့စေ့တွေး ရေးရေးပေါ်

အာကိဏ္ဏ မစ္စုသေနာနံ၊ အဇ္ဇ သ္ဝေ ဝိနာသိနံ။
အဒ္ဓါ ပဟာယ ဂါမိနံ၊ ကိံ ပမာဒ ဝိဟာရိနာ။

ဘောန္တော၊ နေ့တိုင်း နေ့တိုင်း အမွေလှိုင်းကြောင့် မေ့မိုင်းဝင်ကာ မေ့ဆေးရှာ၍မေ့စရာမျော် မေ့ဆေးဖော်စား အိုလူများတို့။ တုမ္ဘေ၊ အမေ့ထိပ်သီး မေ့ဆေးကြီးကို အပြီးဖော်ကာ စာသုံးကာနှင့် သံသာနောင်ရေး မတွေးမမြင် မေ့ဆေးဝင်၍ တွင်တွင်မေ့မူး မေ့ဆေးရူးနေကြကုန်သော သင်တို့သည်။ ဒါနိုဏ္ဍဒါနိုံ၊ တရားဓမ္မ ဒုလ္လဘကို ကြားရချိန်ဒါယခုလိုသမယာ၌။ပဿထ၊ကိုယ်၏ဖြစ်အင်အကြောင်းစဉ်ကိုဆင်ခြင်စဉ်းစားသတိထား၍ ကြည့်မျှားကြည့်လိုက်ကြစမ်းပါဦးလော့။ အာကိဏ္ဏ မစ္စုသေနာနံ၊ အင်အားကြီးလျှင်း ရှင်သေမင်းက ချက်ချင်းသတ်မည် တပ်ဝိုင်းလည်၍ မာန်ဗိသုန်သုန် အဝိုင်းခံရပုံကိုဌင်း။ အဇ္ဇ သ္ဝေ ဝိနာသိနံ၊ ယနေ့လေလား နက်ဖြန်လားဟု ထင်ရှားပိုင်ပိုင်မသိနိုင်ဘဲစိုးပိုင်မရ ရင်ကိုမ၍သေရမည့်ဒုက္ခတတွေးတောနှင့် မအေးလေရ စိတ်မချသည့် ကိုယ့်ဘဝကိုဌင်း။ အဒ္ဓါ ပဟာယဂါမိနံ၊ ဘယ်လိုပြု၍ ကောင်းမှုစီရင် ကောင်းအောင်ပြင်လည်း ကောင်းချင်သည့်တာ မဖြစ်ပါဘဲ မှုန်စုပျက်ကြေ သေပွဲဝင်ရမည်ဖြစ်ပေထသော။ မေ-မမ၊ ငါ့အား။ ပမာဒဝိဟာရိနာ၊ မေ့မေ့ လျော့လျော့ပေါ့ပေါ့တန်တန် နေသည့်ဟန်ဖြင့်။ ကိံ၊ အကျိုးမပြီးအချည်းနှီးသာပါတကား။ ဝါ၊ သံသရာတခွင်မှာ အဖန်ဖန်အခါခါ အဟံငါ မေ့ကြောဆွဲခဲ့မိသမို့ အမတံဓမ္မာ ဓလေ့သဘောတွေနှင့် ဝေးခဲ့ပေပေါ့ သြော် စေ့စေ့တွေးမှ ရေးရေးပေါ်၍ လာပေတော့သည်တကား။

၃၅။ အချိန်ရှိခိုက် လုံ့လစိုက်

အပ္ပမတ္တာ သဒါ ဟောထ၊ ဥတ္ဒာ သခ်ါရမမ္မတံ။
သကိစ္စ မနုယုဥ္ဇဝ့ေါ၊ နတ္ထိ နော မစ္စုသက်ံရံ။

ဘောဇ္ဈော၊ နှလုံးပျော့ပျောင်း အိုသူတော်ကောင်းတို့။ သခ်ါရ ဓမ္မတံ၊ ကိုယ်ကျင့်ပုံ ဖြစ်လိုတုံလဲ တဖုံဆင်ကဲ့ ဆင်တနဲဖြင့် ဖြစ်မြဲတံထွာ ရုပ်နာမ်ဓမ္မတို့၏ ဓမ္မတာကို။ ဥတ္ဒာ ဇာနာထ၊ ကိုယ်စီကိုယ်ဌ အဇ္ဈတ္တဝယ် ဉာဏစက္ခု မြော်ထောက်ရှုလျက် ယခုပင်လျင် သိထင်မြင်အောင် တဲ့တဲ့ကြိုးကုတ် အားထုတ်လိုက်ကြပါကုန်လော့။ ဥတ္ဒာ၊ ကိုယ်စီကိုယ်ဌ အဇ္ဈတ္တဝယ် ဉာဏစက္ခု မြော်ထောက်ရှု၍ ယခုပင်လျင် သိထင်မြင်အောင် တဲ့တဲ့ကြိုးကုတ် အားထုတ်တော်မူကြကုန်ပြီး၍။ အပ္ပမတ္တာ၊ အပ္ပမာဒတရား လက်ကိုင်ထားကြကုန်သည်။ ဝါ၊ အပ္ပမတ္တာ ကုသိုလ်ဆယ်ခု မြတ်ကောင်း မှုဒ္ဓ ဂရုကတ ကြိုးလုံ့လသည့် အပ္ပမာဒတရား လက်ကိုင်ထားကြကုန်သည်။ ဝါ၊ "မမြော်လင့်ဘဲ ပြုံးကနဲ နာလဲနာတတ်၏ မမြော်လင့်ဘဲ ပြုံးကနဲ သေလဲသေတတ်၏။ မမြော်လင့်ဘဲ ပြုံးကနဲ ငိုလဲငိုရ၏။ မမြော်လင့်ဘဲ ပြုံးကနဲ ပူလဲပူတတ်၏။ မမြော်လင့်ဘဲ ပြုံးကနဲ ကဲ့လဲကဲ့တတ်၏" ဟု သိတ လှိုက်လဲ့ စိတ်ဝယ်စဲ့ကြကုန်သည်။ ဟောထ၊ ဖြစ်ကြပါကုန်လော့။နော၊တဏှာမာရ်ညွတ် ခန္ဓာဝင်္ဆမှ လွတ်ရန်ရည်ခွဲတို့တတွေအား၊ ဝါ၊ တဏှာတည်းဟူသော မာရ်မင်း သံသရာဝင်္ဆအတွင်းမှ လွတ်ကင်းရန် ရည်ခွဲဒိုတတွေအား။ မစ္စုသက်ံရံ၊ မစ္စုမည်လျင်း ရှင်သေမင်းနှင့် အတွင်း ကြိတ်ပူး မိတ်ရည်နူးလျက် နှစ်ဦးနှစ်ဖက် ချိန်းကာချက်၍ဤရက်ကာမှ သေအံ့ဟူ၍ ဤနေ့ကာမှ သေအံ့ဟူ၍ ဤလခါမှ သေအံ့ဟူ၍ သဘောတူ ချိန်းချက်ထားရခြင်းသည်။ နတ္ထိ၊ မရှိဧကန် လူတိုင်းမှန်လှပါပေကုန်၏။ တသ္မာ၊ ထို့ကြောင့်။ သကိစ္စံ၊ ခုဝတ္တမာန် ပစ္စုပ္ပန်နှင့် တမလွန် နောက်နှောင်းတောက်ရောက်ကောင်းအောင် ရှယ်ကြောင်း ဆုပန် စိတ်ရည်သန်သည့် နှစ်တန်သောကာလ ဓမ္မစီးပွား ကိုယ့်ကိစ္စများကို။ အနုယုဥ္ဇဝ့ေါ၊ ယခုပင်လျင် မအိုခင်က ယခုပင်လျင် မနာခင်က ယခုပင်လျင် မသေခင်က ကြိုတင်၍သာ ပွားများအားထုတ်တော်မူကြကုန်ရာသတည်း။

ခုနှ။ "ငါဘုရားက လမ်းပြသူသာ"

အက္ခာတော ဝေါ မဟာမဂ္ဂေါ၊ အညာယ သလ္လကန္တံနံ။
တုမှေဟိ ကိစ္စံ အာတပ္ပံ၊ အက္ခာတာရော တထာဂတာ။
ပဋိပန္နာ ပမောက္ခန္တိ၊ စျာယိနော မာရဗန္ဓနာ။

ဘိက္ခဝေ၊ ဒုက္ခခပ်သိမ်း ချုပ်ပြတ်ငြိမ်းရ၍ အေးကိန်းမှန်ရာ နိဗ္ဗာန်တာသို့ မှန်စွာရောက်လို အေးရိပ်ခိုမည် မဂ်ဖိုလ်လိုလား အိုချစ်သား၊ချစ်သမီးတို့။ သလ္လကန္တံနံ၊ လောဘ ဒေါသ မောဟကိလေ မျိုးထွေသင်းပင်း ငြောင့်တသင်းကို ပယ်ရှင်းသတ်ဖြတ် အရဟတ်ဟု ခေါ်မှတ်အမှန် မဂ္ဂင်ဉာဏ်ကို။ အညာယ၊ သဗ္ဗညုတ ဗောဓိဉာဏ်ဖြင့် ဝေဖန်ပြိုင်းခြား ပရိဏ်းသားသို့ ဉာဏ်အားထင်ထင် သိမြင်တော်မူပြီး၍။ မယာ၊ လေးလီသစ္စာ ခိုင်ရှေကြောကို မကြောခုပင် ပန်ဆင်လာငြား ငါဘုရားသည်။ ဝေါ၊ ဒုက္ခဝပ်သိမ်း၊ပ၊မဂ်ဖိုလ်လိုလား သင်ချစ်သား ချစ်သမီးတို့အား။ မဂ္ဂေါ၊နိဗ္ဗာန်သွားရန် အကျင့်မှန်သည့် လွန်စွာဖြောင့်တန်း မဇ္ဈိမပဋိပဒါလမ်းကို။ အက္ခာတော၊ ဤမှာစခန်း ဤမှာလမ်းနှင့် ကွန်းထောက်စရာ ဤနေရာဟု သိသာလွယ်ကူလမ်းညွှန်ပြတော်မူခဲ့လေပြီ။ တုမှေဟိ၊ နိဗ္ဗာန်ချမ်းသာ အေးငြိမ်းရာ၌ အသာခိုဝင် နားနေချင်ငြား သင်ချစ်သား ချစ်သမီးတို့သည်။ ကိစ္စံ၊ ကျင့်သင့်ကျင့်ရန် အမှန်လိုအပ် တရားမြတ်ကို။အာတပ္ပံ၊ အသားကြေကြေ အရေစုတ်စုတ် မဆုတ်စတမ်း အမြင့်မှန်း၍ ကြိုးပမ်းအားထုတ်ရမည်။ တထာဂတာ၊ သင်တို့ဆရာ ဘုရားငါသည်။ အက္ခာတာရော၊ ဤမှာစခန်း၊ပ၊ ညွှန်ပြရုံသာ ညွှန်ပြနိုင်ကုန်၏။ပဋိပန္နာ၊ ကိုယ်နည်းကိုယ်ဟန် အကျင့်မှန်ကို ကျင့်ကြံကြိုးကုတ် အားထုတ်ကြကုန်သော။ စျာယိနော၊ ကိလေသာအပိုက် ပိုးဖြင့်တိုက်၍ လောင်မြိုက်စေလေ့ရှိသော သူတို့သည်။မာရဗန္ဓနာ၊ ဒေဝပုတ္တာ ကိလေသနှင့်ခန္ဓာဖွဲ့နှောင် မာန်မင်း၏အချုပ်ဇထွင်မှ။ပ၊ပေါက္ခရဏီ၊ တိမ်စင်လနယ် တင့်တယ်ရှုန်းပ လှုတ်မြောက်ရစေကုန်သတည်း။

၃၇။ ကိုယ်ကိစ္စ သူ့ကိစ္စ

ဥဒယ ဗ္ဗယ သခ်ၤဓရ၊ နိဗ္ဗိန္ဒိတ္ဝာန ပဏ္ဍိတော။
သကိစ္စ မနုယုဉ္ဇေယ္ယ၊ မောဃကာလံ နဒီပယေ။

ဘောန္တော၊ ဝိမုတ္တိ ခေတ် အခါစစ်၌ လူဖြစ်လာငြား သိဉာဏ်ပွားသည့် တရားနာ ပရိသတ်အပေါင်း သူတော်ကောင်းတို့။ ပဏ္ဍိတော၊ ရုပ်နာမ်ခမ္မ သခ်ၤရ၌ အနိစ္စ ဒုက္ခာ အနတ္တာဟု လက္ခဏာသုံးရပ် ဉာဏ်ဖြင့်စပ်၍ ဝိပဿနာ ဝင်နိုင်ပါမှ မှန်စွာအဟုတ် ပညာရှိဟု သမုတ်အပ်သော သူတော်ကောင်းသည်။ ဥဒယဗ္ဗယသခ်ၤဓရ၊ဖြစ်ပျက်မစဲ တသဲသဲနှင့် အမြဲနေ့ည ပြောင်းလဲနေရသည့် ဥဒယဗ္ဗယဆိုတဲ့။ သခ်ၤရဓမ္မတွေကို။ နိဗ္ဗိန္ဒာဘဲ၊ သံသရာပေ့ါ ကရွတ်ခွေ၌ စေ့ရေနေ့နေ့ အခါနိုင်တိုင်းတွေ့ရသဖြင့် ငြီးငွေ့ဘို့ ကောင်းကြလှလေပြီ။ နိဗ္ဗိန္ဒိတ္ဝာန၊ ငြီးငွေ့ကြကုန်ပြီး၍။ သကိစ္စ၊ သားရေး သမီးရေး စီးပွားရေးနှင့် ရွှပ်ထွေးပေ့လှ သူ့ကိစ္စကို ခဏဖယ်ကာ ကိုယ်တွက်တာဟု ဘာဝနာသိလ မြတ်ဒါနနှင့် သုံးဝပွားစီး ကိုယ်ကိစ္စကြီးကို။ အနုယုဉ္ဇေယ္ယ၊ဃရာဝါသ သမ္မာဓနှင့် ကိစ္စမြားမြောင် လူတို့ဘောင်ဟု သွေ့ရှောင်ပယ်လှန် ဆင်ခြေကန်၍ အမှန်မသွေ့ မနေလိုက်ကြပါဘဲ သွားလျှင်လဲဆင်ခြင် စားလျှင်လဲဆင်ခြင် နေလျှင်လဲဆင်ခြင် ထိုင်လျှင်လဲဆင်ခြင် တွင်တွင်ကြီး များများအားထုတ် လိုက်ကြကုန်ရာ၏။ မောဃကာလံ၊ စားကာအိပ်ကာ ပျော်ရွှင်ကာနှင့် လိုရာမပြီး အချည်းနှီးကာလတွေ့ကို။ နဒီပယေ၊ မကုန်လွန်ပါစေနှင့်။ ဝါ၊ နဒီပယေ၊ ဟိုနီဗ္ဗာန်ရွေ့ပြည် နန်းအမဆီသို့ အဓိဋ္ဌာန်ရွယ်ရည် မှန်းဆပြီးလျှင် စိတ်ကြံမကျလှမ်းကြနိုင်ကြပါစေကုန်သတည်း။

၃၈။ "ဘုရားမှာတမ်းတော်ကြီး"

မာ ပမာဒတ္ထ ဘိက္ခဝေ၊ ပစ္ဆာ ဝိပ္ပဋိသာရိနော။
မာ အဟုဝတ္ထ အယံ ဝေါ၊ အမှာကံ အနုသာသနီ။.

ဘိက္ခဝေ၊ သံသရာဝင်္ဂစခန်းမှ ကျွတ်တမ်းကိုရည်မြော် ပြည်တော်ကို ရောရမ်းလျက် မဂ်လမ်းကို တွင်တွင်ဖွင့်လိုကြကုန်သော အိုလူအပေါင်းတို့။ တုမှေ၊ နိဗ္ဗာ်ကိုရည်ရော် ပြည်တော်ကို ရော်ရမ်းလျက်

မင်္ဂလမ်းကို တွင်တွင်ဖွင့်လိုကြကုန်သော သင်သူတော်စင်အပေါင်းတို့သည်။ မာပမာဒတ္ထာ၊ မေ့မေ့လျော့လျော့ ပေါ့တော့တော့နှင့် သော့သော့သွင်ပြင် မနေချင်လိုက်ကြပါကုန်လင့်။ ဝါ-ရူပ, သဒ္ဒ, ဂန္ဓ, ရသ, ဖောဋ္ဌဗ္ဗဟု ငါးဝအာရုံ ပေါင်းဆုံခဲ့လေ့ ကြုံကာတွေ့သော် မေ့ကာမျောကာ မနေချင်လိုက်ကြပါကုန်လင့်။ ဧဝံ၊ ဤသို့မေ့ကာ မောကာ မျောကာနေကြကုန်သည်ရှိသော်။ ပစ္ဆာ၊ ဘေးရန်ကြုံ၍ ဆုံတွေ့ကြရာ နောင်သောအခါ၌။ ဝါ- ဘုရားမေ့ တရားမေ့နှင့် အလကားဟေ့လို့နေပြီးမှ ဘေးရန်ကြုံ၍ ဆုံတွေ့ကြရာ နောင်သောအခါ၌။ ဝိပ္ပင်္သာရီနော၊ ဖြာဖြာပြီးငြူ။ သည်းအူလိုက်မျှ နွမ်းဟိုက်ပင်ပမ်းကြကုန်သည်။ မာအဟုဝတ္ထာ၊ မဖြစ်ကြပါစေကုန်လင့်။ အယံခေါ အယံဧဝ၊ ယခုလို စေတနာတရားတွေ့နှင့် ဆုဆိုကာ ဝေနေယျာအမျှားတို့ကိုလ ဒေသနာတရားမြို့က်ရေစင်ဖြင့် တိုက်ဗေတခွင်မှာ ကြည့်ရှင်ကြောင်းရယ်နဲ့ မေတ္တာရေ စေ့ကာလောင်းလိုက်ရခြင်းသည်။ အမှာက်၊ သင်တို့တွက်တာ ကောင်းဘိုရာဟု သခ်ျာသခ်ျ လွန်လေတွက်ကိန်း ကပ်တသိန်းတိုင် ဆယ်ခိုင်ပါရမီ ငါးလီစာဂစရိယ ၃-တန်ကို သူမတူတန်အောင် ဖြည့်ဆည်း လာခဲ့ရသော ငါဘုရားရှင် ကိုယ်တော်မြတ်ကြီးတို့၏။ ဒုနုသာသနီ၊ သင်တို့နောင်ရေး ကောင်းစွာအေးဘို့ မြော်တွေးထောက်ဆ ကရုဏာဖြင့် မိန့်မှာတော်မူအပ်သည့် အသုံးကျစရာ အဆုံးအမ ဩဝါဒတော်ပါပေတည်း။

၃၉။ လသာတုန်း ပိုင်းငင်

မာ ဧဝါ ဒဏ်ံ ဝိရာဓေထ၊ ခဏာတီတာ ဟိ သောစရေ။
သဒတ္ထေ ဝါယမေထျာဘ၊ ခဏော ဧဝါ ပဋိပါဒိတော။

ဘိက္ခဝေ၊ ဗုဒ္ဓုပ္ပါဒ ဒုလ္လဘကို ကြုံရလာညောင်းကံဘေကောင်းသည့် အိုလူအပေါင်းတို့။ ဧဝါ၊ ကံကောင်းထောက်မ လူ့ဘဝ၌ ဒုလ္လဘ သာသနာ အချိန်ကို ကြုံပြန်လာငြား သင်ချစ်သား ချစ်သို့မီးတို့သည်။ ဒဏ်၊ ကြုံခဲဘိတောင်း ယခုလို သာသနာ အခါကောင်းကြီးကို။ မာဝိရာဓေထ၊ ချတ်လွဲဖယ်ခွာ မသွားစေလိုက်ကြပါကုန်လင့်။ ခဏာတီတာ၊ စားကာအိပ်ကာ ပျော်ရွှင်ကာနှင့် လိုရာမပြီး အချည်းနှီးကာလကို ကုန်လွန်ကြကုန်သော သူတို့သည်။ သောစရေ-သောစန္တိ၊ လူမိုက်နောက်မှ အကြံရ

ဟု နောင်တ့တဖန် ပူပန်တတ်ကြလေကုန်၏။ တသမှာ၊ ထိုကြောင့်။ သ
ဒတ္ထော၊ ကိုယ်ကျိုးစီးပွား ကိုယ့်အလုပ်များကို။ ဝါယမေယျာထ၊ မရ
လျှင် ငါမနေ သေပစေ စိတ်ဇဲ့ဖြင့် ကြိတ်ခဲ အားထုတ် လိုက်ကြပါကုန်
လော့။ ဝေါ၊ သင်တို့အား။ ခဏောဘ၊ မြတ်နိဗ္ဗာန်သို့ ကေန်ရောက်ကြောင်း
အခွင့်ကောင်းကြီးသည်။ ပဋိပါဒိတော၊ သင်တို့ မျက်မှောက် ကံကောင်း
ထောက်၍ ဆိုက်ရောက်နေပေပြီတကား။ ဝါ၊ ပဋိပါဒိတော၊ လသာတုန်း
တုင် ဗိုင်းကိုင်ဘို့ ဒို့ရှင် ပရမေ တိုက်တွန်းတော် မူလိုက်ပါပေသည်တ
ကား။

၄၀။ မကြောက်တရား

အနာထာနဉ္ဆ သော နာထော၊ ဘိတာနံ အဘယံ ကရော။
ကခ်ဉ္ဆ ဗဟူနံ ဆေဒေါ၊ သုခေတာ စက္ကဝတ္တကော။

စက္ကဝတ္တကော၊ ဘယ်လူဘယ်နတ် ဘယ်ဗြဟ္မာ ဘယ်သတ္တဝါ တစုံ
တယောက်မျ ထွန်းထွန်းပေါက်ပေါက် မှန်မှန်ကန်ကန် ဟန်ဟန်ပန်ပန်
တိတိကျကျ ပိုင်ပိုင်နိုင်နိုင် ဟောဖော်ပြသ ဆိုဆုံးမခြင်းငှာ မတတ်နိုင်
သည့် ဓမ္မစကြာ အမြတ်ဆုံး ဒေသနာတော်ကြီးကို ကိုယ်ကိုယ်တိုင် လမ်း
ညွှန်ပြသ ဆိုဆုံးမတော်မူထသော။ သောနာထော၊ ကမ်းကုန်လမ်းကုန်
စခန်းကုန်သိလို့မို့ လှမ်းခြုံအုပ်မိ အဟုတ်သိတော်မူသော ထိုဘုရားရှင်
ကိုယ်တော်မြတ်ကြီးသည်။ အနာထာနံ၊ ညှိုးငယ်စွာနှင့် ကိုးကွယ်ဆုံမဲ့ကြ
ကုန်သော တကယ့်သနားစရာ သတ္တဝါမှန်သမျှတို့၏။ နာထောစ၊ မညှိုး
ငယ်ကြပါနှင့် ကိုးကွယ်ရာ ဒီမှာရှိသဟဲ့လို့ တကယ့်ကို အာမခံပေးတော်
မူတဲ့ မြတ်စွာဘုရား။ ဘိတာနံ၊ မြေလျှိုးမိုးပျံ တန်ခိုးစွမ်းဖြင့် ကိုးကွယ်
ရာ ဘယ်မှာရှာလဲ ရှာလေလေ မရ ကြာလေလေ ဘေးတွေ ခ,နေ
ကြတဲ့ သတ္တဝါမှန်သမျှတို့၏။ အာဘယံကရော၊ ထိုထိုအရေး ထိုထိုဘေးတွေ
သင်တို့ရဲ့သန္တာန်မှာ မဝင်လာရအောင်လို့ တော်ရာချောင်ကြား ဝေးရာ
သို့ သွားစေရမဟဲ့လို့ တကယ့်ကို အာမခံပေးတော်မူတဲ့ မြတ်စွာဘုရား။
ဗဟူနံ၊ များစွာသောင်းသောင်း လူနတ်ဗြဟ္မာ သတ္တဝါ အပေါင်းတို့၏။
ကခ်ဉ္ဆ၊ ရှေ့ရေးနောက်ရေး ခုအရေးနှင့် အရေးသုံးတန် တွေးလေပြန်က
မှန်မှ မှန်ပါ့မလား ဟုတ်မှ ဟုတ်ပါ့မလားရယ်လို့ တွေးတောယုံမှား
သံသယပွားနေခြင်းတွေကို။ ဆေဒေါ၊ ဒီလိုလုပ်လျှင်တော့ဟုတ်တယ်၊ ဒီလို

ကြံလျှင်တော့ မှန်တယ်လို့ တကယ်တမ်း နှုန်းသတ်ပြီး အဆုံးအဖြတ်ပေး တော်မူတဲ့ မြတ်စွာဘုရား။

သုခေတာ၊ ကိုယ်တိုင်မြေ သုခအမှုန် မြတ်နိဗ္ဗာန်ကို ဧကန်မသွေ ရောက်ရှိတော်မူလေသည်ဖြစ်၍ ဝေနေယျကြော သတ္တဝါတွေကို ဟယ်ငါ သိသလို သိကြစမ်းပါ့, ငါမြင်သလို မြင်ကြစမ်းပါ့, ငါချမ်းသာသလို ချမ်းသာကြစမ်းပါလို့ အမတ ခေါ်တဲ့ ချမ်းသာကို လှမ်းကာရှယ်ချ။ ပေးသနားတော်မူခဲ့လေသတည်း။

၄၁။ နိဗ္ဗုရိပ်ခွင် အတူဝင်

ကေတော ကမ္မံ ကတ္ဝာန၊ ပုညခေတ္တေ အနုတ္တရေ။
ကေတော သံသရိတ္ဝာန၊ ကေတော ဝိနိဝတ္တယုံ။

အနုတ္တရေ၊ ယှဉ်ပြိုင်လာလျှင် မနိုင်ရှုံးပေလိမ့် အထွဋ်ဆုံး အမြတ်ဆုံးဖြစ်ပေထသော။ ပုညခေတ္တေ၊ တကြွမ်သာစိုက်ပျိုးက ကောင်းကျိုး အနန္တ အမှန်ပမသွေ ရနိုင်ပေသည့် လယ်ကောင်းမြေကောင်း ချောင်း ဝင်မြောင်းဝယ် စည်ပင်ခိုင်ဖြိုး ရိုးလယ်ကြိုးနှင့် တူပေထသော။ သာသနေ၊ ဗုဒ္ဓမြတ်စွာ ရောင်ဝါထိန်ညီး ဘ ဘုရား၏ သာသနာတော်ကြီး၌။ ကေတော၊ သဘောတူ မနောတူ စိတ်တူ ကိုယ်တူ ကြည်ဖြူနှစ်သက် ပေါင်းဖက်ကြကုန်လျက်။ ကမ္မံ၊ သာသနာပြု မဟာကုသိုလ်က စေတနာတော်ကြီးကို (ပြုဆဲကုသိုလ်ကို ထည့်ထိုနိုင်သည်)။ ကတ္ဝာန၊ အနာဂတ်ရေးမြော်တွေးထောက်ဆ အားထုတ်ရကုန်သောကြောင့်။ ကေတောဝ၊ လူဖြစ်ရင်လဲ အတူတူ နတ်ဖြစ်ရင်လဲ အစဉ်မကွာ ငြဟ္မာဖြစ်ရင်လဲ မခွဲဘဲသာလျှင်။ သံသရိတ္ဝာန၊ လူ့ရပ်နတ်ဌာန် ငြဟ္မာ့ဘုံပါ မကျန်ရအောင် တလှန်လှောလှော သံသရာရေယာဉ်ကြောခွင် အထက်တန်းကျကျ ကျင်လည်ကြရကုန်ပြီး၍။ အန္တိမေဒေဟော၊ အဆုံးစွန်သောဘဝ နောက်ကာလ၌။ ကေတောဝ၊ အတူတကသာလျှင်။ ဝိနိဝတ္တယုံ၊ ပဂ္ဂင်ဖောင် ယာဉ်ပျံစီးလို့မို့ နိဗ္ဗာန်ဝရီး ဖွင့်တော်မူကြကုန်ရာသတည်း။

၄၂။ ငြဟ္မာ့ပြည်မှာ တဝင်းဝင်း

ဥက္ခိတ္တော ပုညဇေန၊ ကာမ ရူပ ဂတိ ဂတော။
ဘဝဂ္ဂန္ဓမိ သမ္ပတ္တော၊ ပုန အာယန္တိ ဒုဂ္ဂတံ။

ပုညတေဇေန၊ ကောင်းမှုတေဇော် အာနုဘော်သည်။ ဒုက္ခိတ္တာ၊ အထက်ရောက်အောင် ပင့်မြှောက် ထားအပ်သည်ဖြစ်၍။ ကာမ ရူပ ဂတိ၊ လူ့ရပ်နတ်ဌာန် မကပြန်ဘဲ စျာန်သမာပန် ဗြဟ္မာ့ထံသို့ တိုင်အောင်။ ဂတာ၊ အခွင့်အခါ သာခဲ့ပါ၍ မှန်စွာမသွေ ရောက်တတ်ပါပေ၏။ ဘဝဂွန်တံ၊ ဘုံတကာအထက် ဘဝင်တိုင်အောင်။ သမ္ပတ္တာပို၊ အခါအခွင့် ကြုံကာသင့်၍ မပျက်မသွေ ရောက်၍နေပါသော်လည်း။ တေသတ္တာ၊ လောကီယန္ဒယ် မပစ်ပယ်ဘဲ နှယ်လာအမြတ် အရိယာဇာတ်သို့ မကပ်မသီ လောကီန္ဒယ်ဖွား သတ္တဝါမျှားသည်။ ဒုဂ္ဂတိ၊ ချမ်းသာကင်းဘိ ဆင်းရဲအတိသာဖြစ်၍ ဒုဂ္ဂတိခေါ်မှန်း အပါယ်စခန်းသို့။ ပုနအာယန္တိ၊ သံသရာဝဋ်လှည့်ကာပတ်သဖြင့် ထက်အရပ် ဗြဟ္မာ့ရွာမှာ ရောင်အဝါတဝင်းဝင်းနှင့် ကြွားခဲ့သော်လဲ ဝက်စားကျင်းမှာ တရွပ်ရွပ်နှင့် စုတ်စုတ်ကြီးမြုပ်၍ နေကြရလေတော့သတည်း။

၄၃။ တိမ်တိုက်ဇာသွင် လူ့ရပ်ခွင်

ယထာ နဘော ဝလာဟကာ၊ ဝါတေနေဝ သမဂ္ဂတာ။
ဝါတေနေဝ ဝိဂစ္ဆန္တိ၊ တထာပိ ဘဝ-ခေ-တလေ။

နဘော၊ နေ့လမောင်းနှင် တသောင်းခွင်ဝယ် ကောင်းကင်လယ်၌။ ဝလာဟကာ၊ တိမ်ညိုမိုလွှာ တိမ်စုကာနှင့် တိမ်လှာထူးဆန်း တိမ်မကာရိုး ကောင်လှမ်းရောင်ယှက်သွယ် တိမ်ပန်းနွယ်တို့သည်။ ဝါတေနေဝ၊ အခွင့်သင့် သလိုပင့်ရွှေတိုက်ခတ် လေအဟုန်ဟပ်သဖြင့်သာလျှင်။ သမဂ္ဂတာ၊ အညီအညွတ်ပေါင်းစပ်စုဆုံ ဂဠုန်နဂါး အရုပ်မျှားပုံဟန် သဏ္ဌာန်လိုလို သွင်မူရာပို ကြကုန်လျက်။ ဝိရောစေန္တိ၊ ကြည့်သူရှုသူ မြင်သူနှလုံး ရွှင်ပြုံးနှစ်သက် တပ်မက်ချင်စဖွယ် လွန်စွာ တင့်တယ်ကြပါကုန်သော်လဲ။ ဝါတေနေဝ၊ ဖြစ်စေပျက်စေ စုပေါင်းပေသည့်ထိုသည့်လေကြောင့်ပင်လျှင်။ ဝိဂစ္ဆန္တိယထာ၊ ဖရိုဖရဲ ပြိုကွဲပျက်ကျ ပျောက်လွင့်ရကုန် သကဲ့သို့။ ဧဝံတထာ၊ ပမာန္နိုင်းယူ ထုံအတူသာလျှင်။ ဘဝခေတလေ၊ ကောင်းကင်ပမာ တူလှစ္စာသော သံသာလောက ဘုံဘဝ၌။ ဝလာဟကာ၊ တိမ်ညိုမိုလွှာ တိမ်စုကာနှင့် တိမ်ပြာရောယှက် မကာရိုးကွက်ရောင် တိမ်တောင်ပမာ တူလှစ္စာသည့် မျိုးလာနွယ်ပွား အစားစား အဖုံဖုံ ရုပ်ဇာတ်မျိုးစုံသော သတ္တဝါတို့သည်။ ဝါတေနေဝ၊ လေနှင့်တမူ အလားတူဟန် စိမ်ဖန်ဆင်း ကံဟူသော အာရုံ

မင်းကြောင့်သာလျှင်။ သမဂ္ဂတာ၊ လူဟန်နတ်ဟန် ဗြဟ္မာပဟန်နှင့် တိရစ္ဆာန်မကျန် ဟန်ပန်မျိုးစုံ ရုပ်ဖုံဖုံဖြင့် ပေါင်းဆုံမိကြပါသော်လဲ။ ဝါ၊ လင်ရယ် သားရယ် မယားရယ်နှင့် ဆွေဟယ်မျိုးပွား အစားစားအဖုံဖုံ စုရုံးမိကုန်သော်လဲ။ ဝါတေနေဝ၊ လေနှင့်ပမာ တူလှုစွာသည့် မဟာလေမင်း ကံကြောင်းရင်းကြောင့်သာလျှင်။ ဝိဂစ္ဆရေ၊ ကဲ့ကွာကြရကုန်၏။ ဝါ၊ ဝိဂစ္ဆရေ၊ တွေးလေတွေးလေ ဆွေးမပြေဘဲ ဖရိုဖရဲ ပြိုကဲ့တတ်ကြလေကုန်သည်တကား။

၄၄။ ချစ်နိုင်ကြပါစေ

မေတ္တောဒကာ သီတလန္ဒီ၊ တပန္တီ ဒေါသပဋိဃာ။
ဒွိဝါဒံ ဉာဏံ စရိတ္တာ၊ ပိယာယန္တု သုခိစ္ဆိတာ။

ဘောန္တော၊ လူ့ဘုံဒေသ လူ့လောကဥစ္စာပယ်ခွါသုခရှာလျက် ချမ်းသာလိုလား အိုအမျိုးသား အမျိုးသမီးအပေါင်း သူတော်ကောင်းတို့။ လောကေ၊ ဝါဒတွေ အဖုံဖုံ ပကာသနတွေက အစုံစုံ မာန်ဟုန်ကွေ့ လှုပ်ပါးလျက် ရန်မီးတွေ မျှားနေကြသည့် ဤကမ္ဘာလောက တလှားဌ်။ မေတ္တောဒကာ၊ အေးမြသန့်စင် ကြည်သင် ရှင်ပြခြင်းဆိုတဲ့ မေတ္တာရေစင်သည်။ သီတလန္ဒီ၊ ပို့သူရသူနှစ်ဆူနှစ်ရပ် တပ်အပ်ထင်ရှား သတ္တဝါမျှားကို အအေးတရောကိုသာ ပေးစွမ်းနိုင်ကြပါပေကုန်၏။ ဒေါသပဋိဃာ၊ သူရောင်ပါ နှစ်ဖြာဖျက်ဆီး အမျက်ကြီးခြင်းဆိုတဲ့ ဒေါသ, ပူပန်စေတတ် ထိပါးတတ်ခြင်းဆိုတဲ့ပဋိဃ ဤနှစ်ဝသော တရားတို့သည်။ တပန္တီ၊ သူ့မှာလဲ မရှင် ကိုယ့်မှာလဲပူပင် နှစ်ဦးသားတွင် အကျိုးမပွားဘဲ အပူမီးကိုသာ ပွားစီးစေတတ်ပါပေကုန်၏။ ဤတိ၊ ဤသို့။ ဒွိဝါဒံ၊ မြေသန့်စင် ကြည်လင် ရှင်ပြခြင်းဆိုတဲ့ မေတ္တာဝါဒ, ပူပန်စေတတ် ထိပါးတတ်တဲ့ ပဋိဃဝါဒ ဤနှစ်ပါးသော ဝါဒတွေကို။ ဉာဏံစရိတ္တာ၊ ဘယ်သင်းဘယ်ဟာ ဘယ်အရာဘယ်ဝါဒက ဧမြေစေနိုင်ပါသနည်းဟု ကိုယ်ပိုင်ဉာဏ်ဖြင့် ဝေဖန်စဉ်းစားကိုယ်ကိုယ်တိုင် သတိထားကြကုန်ကြုံး၍။ သုခိစ္ဆိတာ=သုခကွစ္ဆိတာ၊ ချမ်းသာမျိုးမှန် အဘိုးတန်ကို ကေန်ရိုလား အမျိုးသား အမျိုးသမီးအပေါင်း သူတော်ကောင်းတို့သည်။ပိယာယန္တု၊ အပြစ်မမြင် မေတ္တာဝင်၍ ချစ်ခင်ပေါင်းသင်း အချင်းချင်းလျှင် ယိုင်းပင်း ကူညီနိုင်ကြပါစေ ကုန်သတည်း။

၀၂၊ ပိယာယန္တု၊ အခက်အဖြာဖြာ အကုန်မကြွကြစေနှင့်တော့ အထက်ဖြဟ္မာဘုံ အကုန်ကြွကြရအောင် သြဝ်-မေတ္တာခွုံမှ လုံကြကုန်ရာသတည်း။

၄၅။ မြင်မေ့ကြားမေ့ များစလေ့

ရူပံ ဒိသ္ဝာ သတိမုဋ္ဌာ၊ ပိယံ နိမိတ္တံ မနသိကရောတော။
သာရတ္တစိတ္တော ဝေဒေသိ၊ တဉ္စ အဇ္ဈောသ တိဋ္ဌတိ။
အာသဝါ တဿ ဝဍ္ဎန္တိ၊ ဘဝမူလောပဂါမိနော။

ရူပံ၊ ပရမတ်အစစ် ကောန်ဖြစ်သည့် အနှစ်မှန်တုံ ရူပါရုံကို။ ဒိသ္ဝာ၊ စက္ခုဝိညာဉ် စိတ်အစဉ်ဖြင့် ထင်မြင်မိသည်ရှိသော်။ သတိမုဋ္ဌာ၊ အမှတ်သတိ လွတ်ကင်းလေသည့်အတွက်ကြောင့်။ ပိယံ နိမိတ္တံ၊ ချစ်ခင်ဖွယ်ရာ ဒီရူပါကလေးပါတာကား ဟူ၍။ မနသိကရောတော၊မသင့်မတင့်ပညတ်ဆင့်ကာ နှလုံးသွင်းမိ လေသောကြောင့်။ သာရတ္တစိတ္တော၊ နှစ်သက်ခင်မင်လိုချင်တပ်မော လောဘဇောစိတ် ယိုဖိတ်လာသည်ဖြစ်၍။ ဝေဒေသိ၊ ကောင်းပေ့ ကောင်းပေ့ ချမ်းသာပေ့ဟု သောက်၍ မပြေ ဆာငံရေအလား ခံစားမိလေ၏။ တဉ္စ၊ ထိုသုခဝေဒနာကိုလည်း။ အဇ္ဈောသ၊ အစဲ့ပြင်းထန် ဥပါဒါန်ဖြင့် လွန်စွာစဲ့မိသည်ဖြစ်၍။တိဋ္ဌတိ၊ ဖားကိုမြွေငန်းမြိုစွာဖမ်းသို့ ငမ်းငမ်းတက်ကာ စဲ့တည်ရှာလေ၏။ တဿ၊ ထိုသူအား။ ဘဝမူလောပဂါမိနော၊ ဝဋ်ဘဝ၌ ထပ်တရာပြန် လှည့်ပတ်ရန် အကြောင်းတရားအပေါင်း ဖြစ်ကုန်သော။ အာသဝါ၊ ကာမာသဝ,ဘဝါသဝ, ဒိဋ္ဌာသဝ, အဝိဇ္ဇာသဝတည်းဟူသော မေ့မေ့မှုးမှုး တရားရွှးတို့သည်။ ဝဍ္ဎန္တိ၊ တနေ့တခြား ဒီရေအလားသို့ တိုးပွားလာလေကုန်သတည်း။

၄၆။ မြင်သင့်တာ မြင်ပါ

ယံ ပဿတိ နတံ ဒိဋ္ဌံ၊ ယံ ဒိဋ္ဌံ တံ နပဿတိ။
အပဿံ ဗဇ္ဈတေ မူဠ္ဎော၊ ဗဇ္ဈမာနော နမုစ္စတိ။

လောကေ၊ ပုထုဇဉ်ဟု များဖြင့်ထွေလာ ကိုလေသာတို့ ပိန်းပိတ်ကာမှောင် အလင်းရောင်မသန်း အကန်းဘဝ ပုထုဇဉ်လောကဌ်။ ယံ၊ လူဟန်နတ်ဟန် ဗြဟ္မာ့ဟန်နှင့် သန္တာန်ပညတ် အရုပ်ရုပ်အဖုံဖုံ အကြင်ရုပ်

မျိုးစုံကို။ ပဿတိ၊ ပုထုဇဉ်တုံး ကိုလေဖုံးသဖြင့် မှားလုံးကြီးကာ မြင်မိရာ၏။ တံ၊ ထိုပုထုဇဉ် အမှားမြင်သည့် ပုံသွင်သဏ္ဌာန် ဟန်ပန်ဖုံဖုံ ရုပ်မျိုးစုံသည်။ နဒိဋ္ဌံ၊ တကယ်တိတိ မြင်လိုက်သည့်အာရုံ အစစ်မဟုတ်ပေ။ ဝါ၊ မျက်လှည့်သမား ဝိညာဉ်အားဖြင့် လှည့်စားသဖြင့် အမှားမြင်အပ်သော အာရုံသာ ဖြစ်ပါပေ၏။ ယံ၊ ပရမတ်အစစ် စိတ်အနှစ်ဟု ရှင်ချစ်ဟောကြား အကြင်ပရမတ္ထ တရားကို။ ဒိဋ္ဌံ၊ စင်စစ်မသွေ မြင်အပ်မြင်ရပါပေ၏။ တံ၊ ထိုတကယ်စင်စစ် အမှန်ဖြစ်တဲ့ ရူပါရုံ ပရမတ်အစစ်ကို။ နပဿတိ၊ သတိသမ္ပဇဉ် ဉာဏ်မယှဉ်၍ အမှန်ပင် မမြင်ပေ။ အပဿံ၊ မြင်အပ်သည်ကို မမြင်, မမြင်အပ်သည်ကို မြင်သည်ဖြစ်၍။ မူဇ္ဇော၊ တွေဝေမိုက်မူး ပုထုဇဉ် အရှူးသည်။ ဗဇ္ဈတေ၊ ကာမရာဂ စသည်ဖွဲ့နှောင် အချုပ်ထောင်၌ မြဲအောင်မသွေ နှောင်ဖွဲ့မိလေ၏။ ဗဇ္ဈမာနော၊ နှောင်ဖွဲ့မိသော ပုထုဇဉ်အမူး ထိုအရှူးသည်။ နမုစ္စတိ၊ သံသရာဝဋ်ဘောင် ကရွတ်ထောင်မှ လွတ်အောင်ဘယ်ခါ မရုန်းနိုင်အားတော့သည်သာတည်း။

၄၇။ စိတ်သာရှင်စော

ရူပေန သံကိလိဋ္ဌေန၊ သံကိလိဿန္တိ မာဏဝါ။
ရူပေ သုဒ္ဓေ ပိသုဇ္ဈန္တိ၊ အနက္ခာတံ မဟေသိနာ။

ဘောန္တော၊သံသရာညစ် ဘုံစနစ်မှ အသစ်ကိုရှာ စင်ကြယ်ရာကို မြန်စွာလိုငြောင်း အို-သူတော်ကောင်းတို့။ သံကိလိဋ္ဌေန၊ အရုပ်အဆိုး ပုပ်သိုးပြင်ပြင် မစင်မကြယ် စက်ဆုပ် ရွံရှာဖွယ်ကောင်းသော။ ရူပေန၊ ရုပ်တရားကြောင့်။ မာဏဝါ။ လူနတ်ဗြဟ္မာ သတ္တဝါမှန်သမျှတို့သည်။ သံကိလိဿန္တိ၊ အနစ်အယုတ် အောက်သို့မြုပ်ကွယ် စက်ဆုပ်ဖွယ်ဖြစ်ကုန်လတ္တံ့။ ဣတိ၊ ဤသို့။ မဟေသိနာ၊ မဟာဣသိ မုနိထွဋ်တင် ဘုရားရှင်သည်။ အနက္ခာတံ၊ ဂြိုဟ်ကောင်းမှ လွတ်ဖြောင့်လစ်ဟာ ဟောပြတော်မူပေ။ ရူပေ၊ ရုပ်သည်။ သုဒ္ဓေ၊ နံသာရေမိုး ချိုးဖျစီရင် လိမ်းသာပြင်၍ စင်ကြယ်သည်ရှိသော်။ မာဏဝါ၊ လူနတ်ဗြဟ္မာ သတ္တဝါမှန်သမျှ အနန္တတို့သည်။ ပိသုဇ္ဈန္တိ၊ တင့်တင့်တယ်တယ် စင်ကြယ်သန့်ရှင်းကြကုန်၏။ ဣတိ၊ ဤသို့။ မဟေသိနာ၊ မဟာဣသိ မုနိထွဋ်တင် ဘုရားရှင်သည်။ အနက္ခာတံ၊ ဂြိုဟ်ကောင်းမှ လွတ်မြောက်လစ်ဟာ ဟောပြတော်မူခဲ့သည်သာလျှင်တည်း။

၄၈။ စိတ္တေန သံကိုလိဋ္ဌေန၊ သံကိလိဿန္တိ မာဏဝါ။
စိတ္တေ သုဒ္ဓေ ဝိသုဇ္ဈန္တိ၊ ဣတက္ခာတံ မဟေသိနာ။

သံကိလိဋ္ဌေန၊ လောဘ ဒေါသ မောဟမျှားထွေ ညစ်ပေလှစ္စာသော။ စိတ္တေန၊ စိတ်ကြောင့်။ မာဏဝါ၊ လူနတ်ဗြဟ္မာ သတ္တဝါမှန်သမျှတို့သည်။ သံကိလိဿန္တိ၊ စုတ်ပြတ်ညစ်တေ ပေရေကြကုန်၏။ ဣတိ၊ ဤသို့။ မဟေသိနာ၊ မဟာဣသိ မုနိထွဋ်တင် ဘုရားရှင်သည်။ အက္ခာတံ၊ ဟောကြားတော်မူအပ်၏။ စိတ္တေ၊ စိတ်သည်။ ဝိသုဒ္ဓေ၊ ကိလေသာကင်းလွှန်သန့်ရှင်းသည် ရှိသော်။ မာဏဝါ၊ လူနတ်ဗြဟ္မာ သတ္တဝါမှန်သမျှ အနန္တတို့သည်။ ဝိသုဇ္ဈန္တိ၊ တင့်တင့်တယ်တယ် စင်ကြယ် သန့်ရှင်းကြကုန်၏။ ဣတိ၊ ဤသို့။ မဟေသိနာ၊ မဟာဣသိ မုနိထွဋ်တင် ဘုရားရှင်သည်။ အက္ခာတံ၊ ရှေးနှုတ်တော်မှ ထုတ်ဖော်မြွက်ဟ ဟောပြတော် မူခဲ့ပါပေသတည်း။

၄၉။ စိတ်တခုသာ အဓိက

စိတ္တေန နီယတေ လောကော၊ စိတ္တေန ပရိကဿတိ။
စိတ္တဿ ကေဓမ္မဿ၊ သဗ္ဗေ ဝသမန္ဝဂူ။

ဘောန္တော၊ စိတ်ဓာတ်ရုပ်ဓာတ် ဤနှစ်ရပ်တွင် ပြဋ္ဌာန်းဘယ်ဟာမသိတာကြောင့် ဝိဝါကဲ့ပြား အို-လူမျှားတို့။ စိတ္တေန၊ စိတ်ဆိုတဲ့ တရားသည်။ လောကော၊ သတ္တဝါသင်္ခါရ ဩကာသဟု သုံးဝထွေပြား လောကဆိုတဲ့ တရားကို။ နီယတေ၊ ဖြစ်စေ ပျက်စေ ယုတ်မြတ်စေဟု အာဓိန်ပြုကာ သူလိုရာသို့ မပါပါအောင် ဆောင်ထားတတ်ပါပေ၏။ စိတ္တေန၊ စိတ်သည်။ လောကော(ပ)ကို။ ပရိကဿတိ၊ သူ့အလိုလိုက် သူ့အကြိုက်ကျအောင် ဆွဲဆောင်၍ ထားတတ်ပါပေ၏။ စိတ္တဿ၊ စိတ်ဟုဆိုအပ်သော။ ကေဓမ္မဿ၊ အမျှားမပြု တရားတခု၏။ ဝသံ၊ မြတ်ချင် ယုတ်ချင်လိုအင်ဆန္ဒ သူ့အလိုကျသာလျှင်။ သဗ္ဗေ၊ ရှိသမျှဥဿုံ ဖုံဖုံမျှားစွာ နတ်လူဗြဟ္မာတို့သည်။ အန္ဝဂူ၊ အစဉ်တစိုက် လိုက်ကြရကုန်၏။ ဝါ၊ အန္ဝဂူ၊ အပ္ပေပိုကာ မလိုတမာ မမျှားကြစေနှင့်တော့ စေလိုရာစေ ဆိုတာ ဒို့ဘဂဝါဘုရားရယ်က မချို့သဒ္ဓါပွားစရာ အတိတ်နိမိတ်တွေ ထားခဲ့သမို့ ဩော်.... စိတ်, စိတ်, စိတ်ပါတကား ရယ်လို့ မှတ်သားလိုက်ကြကုန်ရာသတည်း။

၅၀။ အကုသိုလ်စိတ်ဟာ လှည်းဘီးပမာ

မနောပုဗ္ဗင်္ဂမာ ဓမ္မာ၊ မနောသေဋ္ဌာ မနောမယာ။
မနသာ စေ ပဒုဋ္ဌေန၊ ဘာသတိ ဝါ ကရောတိ ဝါ။
တတော နံ ဒုက္ခမန္ဝေတိ၊ စက္ကံဝ ဝဟတော ပဒံ။

ဘောန္တော၊ စိတ်ဓာတ် ရုပ်ဓာတ် ဤနှစ်ရပ်တွင် ပြဋ္ဌာန်းဘယ်ဟာ မသိတာကြောင့် ဝိဝါကဲ့ပြား အိုး-လူမျှားတို့။ဓမ္မာ၊ ဝေဒနာကွန်သညာကွန်နှင့် ခန္ဓာသခ်ါရ ဝိညာဏဟု လေးဝထွေပြား နာမ်တရားတို့သည်။ မနောပုဗ္ဗင်္ဂမာ၊ တဆိတ်အပို မကြွားကြနှင့်တော့ စိတ်ဆိုတဲ့ တရားသာလျှင် ပြဋ္ဌာန်းကုန်၏။ မနောသေဋ္ဌာ၊ စိတ်သည်သာလျှင် အထွဋ်တရားမို့ အာမြတ်စားဖြစ်ပါပေ၏။ မနောမယာ၊ ကာယဝစီ မနောချို၍ သုံးလီသုံးတန် ကံမှန်သမျှ စိတ်ကစ၍ စိတ်အကြောင်းမံ စိတ်ကဖန်တီး စိတ်ကြောင့်ပင် ပြီးစီးကြရပါပေကုန်၏။ ပဒုဋ္ဌေန၊ ပြစ်မှားလိုသော။ စိတ္တေန၊ စိတ်ဖြင့်။ ဘာသတိဝါ၊ နှုတ်မြွက်စကား ပြောကြားသည်မှုလည်းဖြစ်စေ။ ကရောတိဝါ၊ ကာယကံမှု တခုခုကို ပြုမိသည်လည်းဖြစ်စေ။ တတော၊ စိတ်ညစ်စိတ်ယုတ် ဆိုးပုပ်သော ထိုစိတ်ကြောင့်။ နံ၊ ထိုသူကို။ ဒုက္ခံ၊ ဆင်းရဲဒုက္ခ မှန်သမျှသည်။ ဝဟတောပဒံ၊ လှည်းကို ဆဲ့သွားသော နွားခြေရာကို။ စက္ကံ၊ လှည်းဘီးသည်။ အန္ဝေတိဉ္စဝ၊ မလွဲမသွေ နင်းချကာ လိုက်လေဘိသကဲ့သို့။ ဧဝံတထာ၊ ပမာန္ဒိုင်းယူ ထို့အတူသာလျှင်။ အန္ဝေတိ၊ တစိုက်မတ်မတ် ပြေးမလွတ်အောင် ထက်ကြပ်မသွေ လိုက်ပါ၍သာ နေလေတော့သတည်း။

၅၁။ ကုသိုလ်စိတ်ဟာ ထီးပမာ

မနောပုဗ္ဗင်္ဂမာ ဓမ္မာ၊ မနောသေဋ္ဌာ မနောမယာ။
မနသာ စေ ပသန္နေန၊ ဘာသတိ ဝါ ကရောတိ ဝါ။
တတော နံ သုခမန္ဝေတိ၊ ဆာယာဝ အနုပါယိနီ။

ဘောန္တော၊ (ပ) တို့။(ပ)ပသန္နေန၊ အပြစ်ကင်းစင် သန့်ရှင်းကြည်လင်လှစွာသော။ စိတ္တေန၊ စိတ်ဖြင့်။ ဘာသတိဝါ၊ နှုတ်မြွက်စကားပြောကြားအပ်သည်မှုလည်းဖြစ်စေ။ ကရောတိဝါ၊ ကာယကံမှု အစုစုကို ပြုမိသည်လည်းဖြစ်စေ။ တတော၊ ထိုသို့ကြည်လင်အေးမြသည့် စိတ်အစဉ်

ကြောင့်။ နံ၊ ထိုသူကို။ သုခံ၊ ချမ်းသာသုခ မှန်သမျှသည့်။ ဆာယာ၊ အရိပ်သည်။ အနုပါယိနီဗ္ဗဝ၊ လူ၏ နောက်သို့ ကောက်ကောက်မသွေ အေးမြစေရာ လိုက်၍ ပါသကဲ့သို့၊ ဧဝံ တထာ၊ ပမာန္နိုင်းယူ ထို့အတူသာလျှင်။ အန္ဒေတိ၊ အစဉ်တစိုက် အအေးပိုက်ကာ လိုက်လာလေတော့သတည်း။

၅၂။ ဘုရားသော်မှ အရှုံးပေးရ

မစ္စုနာ သက်ရော နတ္ထိ၊ လဉ္ဇဂါဟော နု ဝိဇ္ဇတိ။
ယုဒ္ဓါ နတ္ထိ ဇယော နတ္ထိ၊ သမ္ဗေ မစ္စုပရာယဏာ။

မစ္စုနာ၊ အင်အားကြီးခြင်း ရှင်သေမင်းနှင့်။ သက်ရော၊ ဤနေ့ဤရက် ဤနံနက်၌ သေပျက်ပရစေဟု ချိန်းချက်ထားရခြင်းသည်။ နတ္ထိ၊ မရှိကေန် လူတိုင်းမှန်ပါလှပေ၏။ လဉ္ဇဂါဟော၊ လွတ်ကင်းရအောင် လက်ဆောင်တစိုး ထိုးရခြင်းသည်လည်း။ နု ဝိဇ္ဇတိ၊ မရှိကေန် လူတိုင်းမှန်လှပါပေ၏။ ယုဒ္ဓါ၊ အင်အားကြီးခြင်း ရှင်သေမင်းနှင့် လူချင်းယှဉ်၍ စစ်ပွဲခင်းရခြင်းသည်။ နတ္ထိ၊ မရှိကေန် လူတိုင်း မှန်လှပါပေ၏။ ဇယော၊ သေမင်းကို အောင်နိုင်ရခြင်းသည်လည်း။ နတ္ထိ၊ မရှိကေန် လူတိုင်းမှန်လှပါပေ၏။ သမ္ဗေ၊ ဘုရားကစ မျှားလှဖုံဖုံ သတ္တဝါ အလုံးစုံတို့သည်။ မစ္စုပရာယဏာ၊ သေမင်းထံရင်း လည်ကိုစင်း၍ မယွင်းပုံသော ရောက်ကြရလေကုန်သတည်း။

၅၃။ နင်လားဟဲ့ ကာမ

အဒ္ဒသံ ကာမ တေ မူလံ၊ သက်ပွါ ကာမ ဇာယသိ။
န တံ သက်ပွယိဿာမိ၊ ဧဝံ ကာမ န ဟေဟိသိ။

ကာမ၊ အဂင်းမရ တသသနှင့် တွေ့သမျှအာရုံ ခုံမင်တတ်လှ ဟဲ့-ကာမ။ တေ၊ သင်၏။ မူလံ၊ ကြောင်းရင်း ဇစ်မြစ် အမှန်အစစ်ကို။ အဒ္ဒသံ၊ သဗ္ဗညုတံ ဗောဓိဉာဏ်ဖြင့် ကောန်မသွေ မြင်ရလေပြီ။ ကာမ၊ပါဟဲ့ကာမ။ တံ၊ သင်ကာမသည်။ သက်ပွါ၊ ဟိုဟိုဒီဒီ အလီလီကို ကြံစည်တွေးတောလေသောကြောင့်။ ဇာယသိ၊ မုချမသွေ ဖြစ်ပေါ်လာပါ

ပေ၏။ အဟံ၊ ငါသည်။ တံ၊ သင့်ကို။ နသက်ပွယိသာမိ၊ အပင်ပန်းခံ ညစ်နှမ်းခံ၍ ဘယ်သောခါမှ ကြံစည်တော့မည် မဟုတ်ပေ။ ဧဝံ၊ ဤသို့ မကြံစည်သော်။ ကာမေ၁ပ၊သင်ကာမသည်။ နဟေဟိသိ၊ဖြစ်ခွင့်ရှာလည်း ဘယ်ခါကာလ ဘယ်ဘဝမှ ဖြစ်ခွင့်ရတော့မည် မဟုတ်ပေ။

၅၄။ မြတ်ထက်မြတ်ရာ

အဂ္ဂသ္မိံ ဒါနံ ဒဒတံ၊ အဂ္ဂံ ပုညံ ပဝဍ္ဎတိ။
အဂ္ဂံ အာယုစ ဝဏ္ဏောစ၊ ယသော ကိတ္တိ သုခံ ဗလံ။
အဂ္ဂဿ ဒါတာ မေဓာဝီ၊ အဂ္ဂဓမ္မသမာဟိတော။
ဒေဝဘူတော မနုဿော ဝါ၊ အဂ္ဂပတ္တော ပမောဒတိ။
(ဣတိဝုတ်ပါဠိတော်)

အဂ္ဂဓမ္မံ၊ အထွဋ္ဌအဖျား အမြတ်စားဖြစ်သည့် လေးပါးသော သစ္စာတရားတော်ကို။ ဝိဇာနတံ၊ ပိုင်းပိုင်းခြားခြား ကသိုဏ်းလေးသို့ ဉာဏ်အားထင်ထင် အထူးသဖြင့် သိမြင်တော်မူကုန်သော။ အဂ္ဂတော၊ အထွဋ္ဌအဖျား အမြတ်စား သဒ္ဓါတရားဖြင့်။ပသန္နာနံ၊ စိတ်ဓာတ်မှိုခိုု ကြည်ညိုကုန်သော သူတို့အား၎င်း။

ဒါ၊ဘိုးတော်ယော်၊ မြတ်သော အလှူကို ဝံတော်မူထိုက်သော။ အနုတ္တရော၊ ယှဉ်ပြိုင်လောလျှင် မနိုင်ရှုံးရပေလိမ့် အထွဋ္ဌဆုံး အမြတ်ဆုံး ဖြစ်ပေထသော။ အဂ္ဂေ၊ တံခွန်အထွဋ်ပမာ အလွန်ပင် မြတ်လှစွာသော။ ပုဒ္ဓေ၊ ဗုဒ္ဓမြတ်စွာ ဘုရားဘဂဝါ၌။ ပသန္နာနံ၊ စိတ်စေတနာ ကြည်သိုလှစွာကုန်သော သူတို့အား၎င်း။

ဝိရောဂူပသမေ၊ ရာဂကင်းခြင်း အကြောင်းရင်းဖြစ်ကုန်သော။ သုခေ၊ သန္တိသုခ တုပကင်းကွာ ဒေးချမ်းစွာထသော။ အဂ္ဂေ။ တံခွန်အထွဋ် အလွန်ပင် မြဟ်လှစွာသော။ ဓမ္မေ၊ဘုရားရှင် မုက္ခပါဠ် တရားတော်မြတ်၌။ ပသန္နာနံ၊ စိတ်ဓာတ် မှိုခိုု ကြည်ညိုကြကုန်သော သူတို့အား၎င်း။

အာဟုတ္တရော၊ ယှဉ်ပြိုင်လောလျှင် မနိုင်ရှုံးရပေလိမ့် အလွန်ဆုံးအမြတ်ဆုံး ဖြစ်ပေထသော။ ပုညဝေတ္တေ၊ တကြိမ်စိုက်ပျိုးက ကောင်းကျိုး အနန္တအမှန်ပ မသေ ရနိုင်ပေသည့် လယ်ကောင်း မြေကောင်း ကျုံးဝင်မြောင်းဝင် စည်ပင်ခိုင်ဖြိုး မိုးလယ်ကြိုးနှင့် တူစွာ ကောင်းမှုမျိုးတို့ စိုက်ပျိုးရာ

ယေ စ ဘိက္ခဝေ။ သံသရာဘေး လာမည့်ရေးကို မြော်တွေးကြောက်ငြား အကြင်ဘုရားရှင်၏သားတော်တို့သည်။ သမ္မာသမ္ဗုဒ္ဓသာသနေ၊ဗုဒ္ဓမြတ်စွာဘဂဝါက နေရာတကျ ဟောညွှန်ပြသည့် ကျွန်းမျာ့ရိပ်ညို သာသနာဆိုတဲ့နန်းဗဟိုဌ်။ ရတ္တိဒိဝါယုတ္တာ၊ နေ့နေ့ညည ခဏမစဲ အမြဲပြုလုပ် စွမ်းအားထုတ်ကြကုန်သည်ဖြစ်၍နိစ္စံ၊အမြဲ။အသုဘသညိနော၊မတင့်မတယ်ရှုံစဘွယ်သာ အသုဘပါတကားဟူ၍။ ပဉ်းများစိတ်တင်း နှလုံးသွင်းလေ့ရှိကြကုန်၏။ တေ၊ မြတ်သည့်ယောဂီ မနသီနှလုံး ကျင့်သုံးပဉ်းများ ထိုဘုရားရှင်၏သားတော်တို့သည်။ရာဂဂ်ိ၊ကာမရိပ်မှောင် တောက်လောင်ထိန်ညီးတဏှာမီးကို။ နိဗ္ဗာပေန္တိ၊ ငြိမ်းသတ်နိုင်ကုန်၏။ဝါ-နိဗ္ဗာပေန္တိ၊ ရာဂလောင်မီး အပူကြီးကို သိမ်းဆည်းသတ်ဖြတ် အအေးဓာတ်ဖြင့် အေးရပ်ရိပ်မြုံ နိဗ္ဗာန်ဘုံသို့ ခိုလှုံ ဆိုက်ရောက်နိုင်ကြလေကုန်သတည်း။

၅၈။ မောဟငြိမ်းအေး ဘုရားဆေး

ဒေါသဂ်ိ၊ ပန မေတ္တာယ၊ နိဗ္ဗာပေန္တိ နရုတ္တမာ။
မောဟဂ်ိ၊ ပန ပညာယ၊ ယာယံ နိဗ္ဗေဂါမိနိ၊။
တေ နိဗ္ဗာပေတ္တာ နိပကာ၊ ရတ္တိန္ဒိဝမတန္ဒိတာ။
အဝဿံ ပရိနိဗ္ဗန္တိ၊ အသေသံ ဒုက္ခမစ္စဂုံ။

နရုတ္တမာ၊ လူသုံးပါးတို့ထက် ဆထက်လွန်ကျူးအထူးသဖြင့်မြင့်မြတ်ပေကုန်သော အာသဝေါကင်းကွာရဟန္တာအရှင်မြတ်တို့သည်။ဒေါသဂ်ိ၊ တဟူးဟူးနှင့်တရှူးရှူးလောင် ဒေါသမီးတောင်ကို။မေတ္တာယ၊စိမ့်စမ်းရေပမာ မေတ္တာနှင့်။ နိဗ္ဗာပေန္တိ၊ အပူတွေကင်း ရန်ဘေးရှင်းလျက် အေးခြင်းနိဗ္ဗာန် သိဝံ အမတ ကြွရောက်တော်မူကြလေကုန်၏။ မောဟဂ်ိ၊ မှန်ရာမှန်သမျှ မသိရအောင် ပိတ်လှောင်တားဆီး မောဟ-ဟူသောမီးကို။နိဗ္ဗေဓဂါမိနိယာ၊ အမှောင်ခွင်းဖောက် အလင်းရောက်အောင် ပို့ဆောင်တတ်သော။ပညာယ၊ဝရစိန်စက် ထက်မြက်ပြင်းထန် မဂ္ဂင်ဉာဏ်ဖြင့်။နိဗ္ဗာပေန္တိ၊ ကိလေသာငြိမ်းဝင်္ဂဇာတ်သိမ်းကာအေးကိန်းမသွေပို့ဆောင်တတ်ပေကုန်၏။ နိပကာ၊ တိဟိတ် ပဋိသန် ပင်ကိုယ်ဉာဏ်စက် အလွန်တရာထက်မြက်ကုန်သော။ တေ၊ မြတ်သည့်ယောဂီ မနသီနှလုံး ကျင့်သုံးပဉ်းတတ် အရှင်မြတ်တို့သည်။ရတ္တိန္ဒိဝမတန္ဒိတာ၊နေ့ညဉ့်မပြတ် ဆက်စပ်ကြိုးကုတ် စွမ်းအား

ထုတ်ကြကုန်သည်ဖြစ်၍။ နိဗ္ဗာနပေတ္တာ၊ ကိလေသာဟူ အပူခပ်သိမ်း အကုန်ငြိမ်းကြကုန်သည်ဖြစ်၍။ အသေသံ၊ ကိလေသာအကြွင်း အလျင်းတစိမရှိကုန်ဘဲ။ ဒုက္ခံ၊ ဇာတိဇရာ ဆဲ့တဖြာဖြင့် လွန်စွာပြင်းကဲ ဝဋ်ဆင်းရဲကို။ အစွဂုံ၊ လွန်မြောက်ကုန်သည်ဖြစ်၍။ အဝဿံ၊ မြေကြီးလက်ခတ် မခွတ်မလွဲ အမြဲမှန်စွာသာလျှင်။ ပရိနိဗ္ဗန္တိ၊ ပရိနိဗ္ဗာန် စံဝင်ကုန်မြောက် နိဗ္ဗာန်ဟောကြလေကုန်မည်တကား။

၅၉။ ဘဝကုန်ရာ သိသောခါ

အာဒိယဒဿာ ဝေဒဂူနော၊ သမ္မပညာယ ပက္ခိတော။
ဇာတိက္ခယ မဘိညာယ၊ နာဂစ္ဆန္တိ ပုနဗ္ဘဝံ။

ပက္ခိတော၊ ဝိပဿနာ ပညာမျက်စိ ကောင်းစွာရှိသဖြင့် ပက်ကိုတ ခေါ်သော ပညာရှိသည်။ အာဒိယဒဿာ၊ သစ္ခာလေးပါး မြတ်တရားဟူ ပိုင်းခြားသိရန် အဂါဟိယာကာရ်အမြင်ရှိသည်။ ဝေဒဂူနော၊ အသိညာဏ်ပေါက် တဖက်ကမ်းသို့ရောက်ပြီးသည်။ သမ္မပညာယ၊ အမှားအမှန် ဝေဖန်ခဲ့ခြင်း သိခြင်းပေတတ် မဂ္ဂင်ညာဏ် ပညာမြတ်နှင့်။ သမန္နာဂတော၊ လောက်ငကုံလုံပြည့်စုံပြီးသည်ဖြစ်၍။ ဇာတိက္ခယံ၊ ဇာတိပဋိသန္ဓေ တည်နေစရာ ဘယ်မှာမရှိ ပဂတိအေးချမ်း နိဗ္ဗာန်နန်းကို။ အဘိညာယ၊ မဂ်ဖိုလ်လေးတန် ယူးဂဿညာဏ်ဖြင့် ကောန်ပိုင်းပြတ် သိမြင်အပ်ပြီးသည်ဖြစ်၍။ ပုနဗ္ဘဝံ၊ ဘဝဒုသေသမ် တဆစ်တဖန် ဖြစ်ပို့ရန်ဟု တမလွန်လောက နောင်ဘဝသို့။ နာဂစ္ဆန္တိ၊ ပရောက်ကြကုန်။ ဝါ၊ နာဂစ္ဆန္တိ၊ ဝဋ်ဓါဠိဝေါင်း တောင်းလောင်းပယ်ရှင်တော် တခါတည်း ပယ်သတ်ပြီးသဖြင့် နောက်တပ် ဘယ်ခါဖြစ်ပေါ်ရှိ မလာတော့သည်သာဟည်း။ (သုတ္တနိပါတ်ဂါထာများ)

၆၀။ ပိဘနှစ်ပါးဆိုတာ ဗြဟ္မာ

ဗြဟ္မာတိ မာတာပိတရော၊ ပုဗ္ဗာစရိယာတိ ဝုစ္စရေ။
အာဟုနေယျာ စ ပုတ္တာနံ၊ ပဇာယ အနုကမ္မကာ။
တသ္မာ ဟိ နေ နမဿေယျ၊ သက္ကရေယျ စ ပဏ္ဍိတော။

(အင်္ဂုတ္တိရ်ပါဠိတော်)

မာတာပိတရော၊ မြင့်မိုရ်တောင်ဦး မကကျူးသည့် ကျေးဇူး ဂုဏ်ရှင် မိခင်ဖခင်နှစ်ပါးတို့ကို။ ပြဟ္မာတိ၊ ပြဟ္မာဟူ၍။ ဝါ၊ သမီးသားအပေါ်မှာ မေတ္တာ, ကရုဏာ, မုဒိတာနှင့်,ဥပေက္ခာအားဖြင့် လေးပါးသော ပြဟ္မစိုရ် တရားတို့ကို နေ့စဉ်နေ့စဉ်မွေ့ ရှင်ကာပွားများလေ့ရှိသဖြင့်ပြကတော့ ပြဟ္မာနှင့် အလားတူသဖြင့် ပြဟ္မာဟူ၍။ ဝုစ္စရော၊ သမုတ်ဝေါဟာ မည်သည်ဖြင့် တင်ကာမသေ့ ခေါ်ဝေါ်အပ်လေကုန်သတည်း။ ပဒ္မာစရိယာတိ၊ မွေးကတည်းက အစတင်ကာ သွန်သင်ပြသ အဦးစသဖြင့်လက်ဦးဆရာတို့ဟူ၍။ ဝုစ္စရော၊သမုတ်ဝေါဟာ မည်သည်ဖြင့် တင်ကာမသေ့ခေါ်ဝေါ်အပ်လေကုန်သတည်း။။ ပဇာယ၊ သားနှင့်သမီး ချစ်မငြီးအား။ အနုကမ္ပကာ၊အစဉ်မပြတ်လျောက်ပတ်အောင် ကြည့်ရှုစောင်မ စောင့်ရှောက်တတ်ကြ ကုန်သည်ဖြစ်၍။ ပုတ္တာနံ၊ သမီးနှင့်သား ဤနှစ်ပါးတို့၏။ အာဟုနေယျာစ၊ အဝေးရပ်မှ ခဲကပ်လှစ္ဓာ ဆောင်ယူလာသော ဟစ္စည်းတို့ကို အယူတော်မှန် အလှူခံခြင်းဌာလည်း ထိုက်ကုန်၏။

တသ္မာဟိ-တသ္မာဝေ၊ ထိုသို့မျှားလှ ဂုဏ်အဝဝတို့နှင့် မုချကုံလုံပြည့် စုံပေသောကြောင့်သာလျှင်။ ပဏ္ဍိတော၊ ရှေ့ရေးနောက်ရေး အရေးနှစ်တန် ဝေဘန်မြော်သိ ပညာရှိသည်။ နေ၊ ကျေးဇူးကြီးလှ မိဘနှစ်ဖြာ မြတ်ရတနာတို့ကို။ နမဿေယျ၊ ကိုယ်စိတ်နှစ်ပါး ဦးနှိမ်ထားလျက် ညွတ်တူးရိုကျိုး လက်အုပ်မိုးမြှ ရှိလည်းခိုးရာ၏။သက္ကရေယျစ၊ ပူဇော်သက္ကာရ လာဘ်လာဘဖြင့် နွေညမက္စာ ပူလည်း ပူဇော်ရာ၏။

၆၁။ စောင့်စည်းသမှု အစဉ်ပြု

ယတံ စရေ ယတံ တိဋ္ဌေ၊ ယတံ အစ္ဆေ ယတံ သယေ။
ယတံ သမိဉ္ဇယျ ဘိက္ခု၊ ယတမေနံ ပသာဒယေ။

ဘိက္ခု၊ ရည်မှတ် နီဗ္ဗာန် အဓိဋ္ဌာန်ဖြင့် ဖန်ဝါတင်လှမ်း မြတ်ရဟန်းသည်။ ယတံ၊ ကွန်ဒြေခြောက်ထွေ စောင့်စည်းစေလျက်သာလျှင်။ စရေ၊ သွားရာ၏။ ယတံ၊ကွန်ဒြေခြောက်ထွေစောင့်စည်းစေလျက်သာလျှင်၊ တိဋ္ဌေ၊ ရပ်ရာ၏။ ယတံ၊ ကွန်ဒြေခြောက်ထွေ စောင့်စည်းစေလျက်သာလျှင်၊ အစ္ဆေ၊ နေရာ၏။ ယတံ၊ ကွန်ဒြေ ခြောက်ထွေ စောင့်စည်းစေလျက် သာလျှင်။ သယေ၊ အိပ်ရာ၏။ ယတံ၊ ကွန်ဒြေခြောက်ထွေ စောင့်စည်းစေလျက်သာ

လျှင်။ သမိုင်းဟောင်းကြီးများ၌ အဖြာဖြာကို အသာအယာ ကွေးညွှတ်ရာ၏။ ယတံ၊ ဤနှုန်းခြောက်ထွေ စောင့်စည်းစေလျက်သာလျှင်။ ပသာဒရဲယ၊ ခြေလက်အင်္ဂါ အဖြာဖြာကို အသာအယာ ဆန့်တန်းရာ၏။ ဝါ၊ အမှတ်သတိ မပြတ်ရှိလျက် ပိုယိသေခွေ့ ဤနှုန်းရရ လှုပ်းကြွသွားလာ ရဟန်းဘိုတဲ့ အမူအရာနှင့်လိုက်အောင် ထိုက်ထိုက်တန်တန် ကျင့်သုံးရာသတည်း။

၆၂။ ဟောဒါမှု ရဟန်း

ဧဝံ ဝိဟာရီ အာတာပီ၊ သန္တဝုတ္တိ မနုဒ္ဓတံ။
စေတောသမထသာမီစိ၊ သိက္ခမာနံ သဒါ သတံ။
ပဟိတတ္တော သန္တစိတ္တော၊ သ ဝေ ဘိက္ခူတိ ဝုစ္စတိ။

ဧဝံဝိဟာရီ၊ ယခုဖော်ပြ စောင့်စည်းခြင်း ဂုဏ်အဝဝတို့နှင့် ပြည့်စုံစွာ နေလေ့ရှိသော။ အာတာပီ၊ ကိလေသာညစ်ကြေး ကင်းဝေးစေအောင် ပူလောင်စေတတ် အပြင်းအထန် အားထားအပ်သော။ သန္တဝုတ္တိ၊ ငြိမ်းချမ်းအေးဆေး ဘေးကင်းသောအသက်မွေးခြင်း ရှိသော။ အနုဒ္ဓတံ၊ လောကဓမ်းကြုံ တွေ့ကာဆုံလည်း မတုန်မလှုပ် ကျောက်ရုပ်ပမာ ခိုင်ကြည်ခြင်းရှိသော။ စေတောသမထ သာမီစိ၊ စိတ်၏ငြိမ်သက်အေးမြခြင်းဌာန ရှိသော သမျှ အလေးဂါရဝ ပြုတတ်သော။ သဒါ၊ နေ့ည၌မစဲ အမြဲမပြတ် အထပ်ဆင့်သာလျှင်။ သတံ၊ သူတော်ကောင်းတို့၏ ကျင့်ဝတ်ပဋိပတ် တရားမြတ်ဌာ။ သိက္ခမာနံ၊ ကျင့်ကြံကြိုးကုတ် လုံ့လထုတ်သော။ ပဟိတတ္တော၊ ရှုပ်ထွေးပွေလီ ဘုံလောကီသို့ ဆံခြည်တခြမ်း စိတ်မသန်းဘဲ အေးချမ်းရာမှန်မြဲတ်နိဗ္ဗာန်သို့ အားသွန်ပို့ အပ် စိတ်ရှိတတ်သော။ သန္တစိတ္တော၊ လေ့ငြိမ်သည်ခါ ပင်လယ်ပြာသို့ ကြည်သာချမ်းမြ ငြိမ်သက်သော စိတ်ရှိလှသော။ သတော၊ ဆိုအပ်ခဲ့ပြီး အသီးသီးသော ဂုဏ်အင် စုံလင်ပြည့်ဝသော ထိုသူကို။ ဘိက္ခူတိ၊ ရဟန်းဟူ၍။ ပဋိစ္စတိ၊ အပြောအလုပ် သဘောဟုတ်သဖြင့် ဖွင့်ထုတ်ရည်မြွေ် ခေါ်ဝေါ်အပ်လေသတည်း။

၆၃။ သားရှိသည့် သားကြောင့်ပူ

သောစတိ ပုတ္တေဟိ ပုတ္တိမာ၊ ဂေါပိယော ဂေါဟိ သောစတိ်။
ဥပဓီဟိ ဝိသောစတိ၊ န သောစတိ ဥပဓိနရာ။

ပုတ္တိမာ၊ သားရှိသောသူသည်။ ပုတ္တောဟိ၊ သားကြောင့်။ သောစတိ၊ တကြောင့်ကြကြ တ-တ လွမ်းလွမ်း မအေးချမ်းဘဲ အမြဲတမ်းမသေ စိုးရိမ် နေရလေ၏။ ဂေါပိယော၊ နွားရှိသော သူသည်လည်း။ ဂေါဟိ၊ နွားကြောင့်။ သောစတိ။ပ။၏။ ဥပဓိဟိ၊ တငြိကပ်ကပ် တတပ်စဲ့စဲ့ မဖြတ်ခဲ့နိုင် အစဲ့ခိုင်သော သူတို့သည်။ ဝိသောစတိ၊ စဲ့လေ မြဲလေ သောကပေ့ါ တည်နေမကျ အပူမီးခြိုသော နေရပေ၏။ ဥပဓိနရာ၊ ငါးပါးခန္ဓာ ငါငါ မစဲ့ အကဲမထန် ဉာဏ်မြင်သန်၍ ဆယ်တန်ကိလေ ဖြတ်ခွေကင်းကွာ ဖော် မရှာဘဲ သားလဲမရှိ နွားမရှိဘဲ ပကတိသန့်စင် အရိယာအရှင်တို့သည်။ နသောစတိ၊ တုယ်တာစရာ ဘယ်မှာမှ မရှိသဖြင့် တစိုးတစိမ့် မစိုးရိမ် မပူဆွေး အေးမြ ချမ်းသာလှပါပေသတည်း။

ဆောင်ပုဒ်။ ။သားရှိသောသူ၊ သားကြောင့်ပူ၊ လှိုက်ဆူမချမ်းသာ။
သမီးရှိသူ၊ သမီးကြောင့်ပူ၊ လှိုက်ဆူ မချမ်းသာ။
နွားရှိသောသူ၊ နွားကြောင့်ပူ၊ လှိုက်ဆူ မချမ်းသာ။
ရှိရှိသမျှ၊ အပူတွေခ၊ ဘဝမချမ်းသာ။
မရှိ မပူ၊ ရှိလျှင် ပူ၊ လူလူ နှတ်နှတ်ပါ။
အစဲ့ကင်းမှ၊ ပူသောက၊ လွတ်ကြရမည်သာ။

၆၄။ တကိုယ်တော်တည်း

စရံ စေ နာဓိဂစ္ဆေယျ၊ သေယျံ သဒိသဘတ္တနော၊
ကေဠေ စရိတံ သေယျော၊ နတ္ထိ ဗာလေ သဟာယတာ။

အတ္တနော၊ မိမိထက်။ သေယျံဝါ၊ သိလ သမာဓိ ပညာအားဖြင့် မြတ် သောမိတ်ဆွေကိုဂုဏ်း။ သဒိသံဝါ၊ သိလ သမာဓိ ပညာအားဖြင့် တူမျှ သော မိတ်ဆွေကိုဂုဏ်း။ စေ နာဓိဂစ္ဆေယျ၊ အကယ်၍ ဖေ့ရှာမရခဲ့သည်ရှိ သော်။ ကေဠေ-ကေံယော၀၊ အဖော်မမှီး တကိုယ်တည်းသာလျှင်။ စရိတံ၊ ကျင့်ကြံကြိုးကုတ် အားထုတ်ရခြင်းသည်။ သေယျော၊ အနှောင့်အယှက် ကန့်ကွက်ရန်ဘေး ကင်းစင်ဝေးသဖြင့် လေးလေး နက်နက် မှန်မြတ်လှပါ ပေ၏။။ ဗာလေ၊ ဘေးရန်မှန်သမျှ သူကစတတ်သည့် ဗာလစရိုက်လူမိုက်လူအ ၌။ သဟာယတာ၊ အဖော်သဟာ မရှိပါသဖြင့် ရမိရရာ မိတ်ဆွေသဟာ ဖွဲ့မှု သည်။ နတ္ထိ၊ ဘယ်သောအခါမှ မရှိပါလေနှင့်။

၆၅။ "လယ်ထွန်သော မြတ်စွာဘုရား"

သဒ္ဓါ ဗီဇံ တပေါ ဝုဋ္ဌိ၊ ပညာ မေ ယုဂနင်္ဂလံ။
ဟိရီ ဣသာ မနော ယောတ္တံ၊ သတိ မေ ဖာလ ပါစနံ။

(ဓမ္မပဒ-ကသိဏ ဘာဂဒ္ဒါ ပုဏ္ဏား)

ပေ၊ ငါဘုရား၏။ သဒ္ဓါ၊ မမှိတ်မသုန် ရတနာတို့၏ ဂုဏ်၌ ယုံကြည်တတ်သော သဒ္ဓါသည်။ ဗီဇံ၊ အပင်ပေါက်ရန် စွမ်းအားသန်သည့်မျိုးစေ့မည်၏။ တပေါ၊ အကျင့်သီလ အာစာရသည်။ ဝုဋ္ဌိ၊ မျိုးစေ့ပင်မှန် ဖွံ့ထွားရန်ဟု အားသွန်ဖြိုးဝေ မိုးရေမည်၏။ ပညာ၊ ပညာသည်။ ယုဂနင်္ဂလံ၊ ထမ်းပိုးနှင့် ထွန်တုံးမည်၏။ ဟိရီ၊ အကုသိုလ်စု မကောင်းမှုမှ ရှက်ခြင်းသည်။ ဣသာ၊ ထွန်တုံး ထွန်သွား ဖြောင့်ဖြောင့် သွားအောင် ပဲ့ကိုင်ပေးစရာ ထွန်ကိုင်းမည်၏။ မနော၊ စိတ်သည်။ ယောတ္တံ၊ ထိန်းယသည်ပိုး နွားချည်ကြိုး မည်၏။ သတိ၊ ဓမ္မအာရုံ အစုစု၌ မေ့လျော့မရှိ စောင့်သတိသည်။ ဖာလပါစနံ၊ မြေကိုခဲ့သွား ထယ်အသွားနှင့် နွားကိုနှင်ရန် နကန်ခေါ်သည့် နှင်တံတုတ်မည်၏။

၆၆။ မိဘ လုပ်ကျေး နတ်ချစ်ဆေး

ယော မာတရံ ဝါ ပိတရံ ဝါ၊ မစ္စော ဓမ္မေန ပေါသေဘိ။
ဒေဝါပိ နံ ပသံသန္တိ၊ မာတာ ပေတ္တိဘရံ နရံ။

(သုတ္တနိပါတ်)

ယောမစ္စော၊ အနန္တဂုဏ် ကိုယ်လုံးခြုံ၍ နိကုံရွှေစင် ကြည်လင်မြတ်နိုး မျိုးရိုးအစစ် ဖြစ်ပေဘိတောင်း အကြင် အမျိုးကောင်းသားသည်။ မာတရံ ဝါ၊ မြင့်မိုရိတောင်ဦး မကကျူးသည့် ကျေးဇူးဂုဏ်ရှင် မွန်မိခင်ကိုဂုဏ်း။ ပိတရံ ဝါ၊ မြင့်မိုရ်တောင်ဦး မကကျူးသည့် ကျေးဇူးဂုဏ်ရှင် ငပ္ပးဖခင်ကိုဂုဏ်း။ ဓမ္မေန၊ မိစ္ဆာမပါ သမ္မာအာဇီဝ ဖြူစင်လှစွာဖြင့်။ ပေါသေတိ၊ ကြည်ညို ဆပ္ပဲး သဒ္ဓါတရားဖြင့် ပြုစုလုပ်ကျွေးပေ၏။ မာတာပေတ္တိဘရံနရံ၊ မိဘကျေးဇူး မြင့်မိုရ်ဦးကို ကြည်နူးအောက်မေ့ မြတ်ဓလေ့ဖြင့် နေ့နေ့ညည ဂါရဝမှု ပြုစုလုပ်ကျွေးပေသော။ နံ၊ သူတော်ကောင်းမာတ် ကိန်းဝပ် ကြည်ညို ထိုသူကို။

ဒေဝါပိ၊ သမ္မာအယ္ယူဖြူစင်ဖြောင့်မတ် နတ်ကောင်း နတ်မြတ်တို့သည်လည်း။ ပသံသန္တိ၊ ဘဝဂ်လျှမ်းအောင် ချီးမွမ်းကြလေကုန်၏။ တိကိစ္ဆန္တိ၊ ဘေးရန်ရောဂါ သင့်ရောက်လာလည်း ကိုယ်မှာမခ ကင်းစင်ပအောင် စွမ်းဆောင်ကုသ ဖေးမကူညီ ကြလေကုန်သတည်း။

၆၂။ မိဘကျေးဇူး မသိသူ လူယုတ်

ယော မာတရံ ဝါ ပိတရံ ဝါ၊ ဇိဏ္ဏကံ ဂတယောဗ္ဗနံ။
ပဟူသန္တော နဘရတိ၊ တံ ဇညော ဝသလော ဣတိ။

(သုတ္တနိပါတ် ဝသလသုတ်)

ယော၊ သူတထူးက ပြုပေဘူးသည့် ကျေးဇူးတရား မသိတတ်သော အကြင်လူမိုက်သည်။ ပဟုသန္တော၊ မိမိကိုယ်တိုင်က ပြုစုလုပ်ကျွေးခြင်းငှာ စွမ်းနိုင်ပါလျက်။ ဇိဏ္ဏကံ၊ ဆံဖြူသွားကြွေ အိုမင်းလေပြီးသော။ ဂတယောဗ္ဗနံ၊ ငယ်မှတ္တပျောက် တတိယအရွယ်သို့ရောက်နေပြီးသော။ မာတရံ ဝါ၊ မြင့်မိုရ်မက ကြီးလှဂုဏ်အင် မွေးမိခင်ကိုဎင်း။ ပိတရံ ဝါ၊ မြင့်မိုရ်မက ကြီးလှဂုဏ်အင် မွေးသဘခင်ကိုဎင်း။ နဘရတိ၊ မွေးပေဘူးသည့် ကျေးဇူးမေတ္တာ သိတတ်ကာဖြင့် သဒ္ဓါဖွေးဖြူ။ မွေးမြူခြင်းမရှိပေ။ တံ ဇညော၊ မိဘကျေးဇူး ဂုဏ်အထူးကို ကြည်နူးမဆပ် မသိတတ်သောသူကို။ ဝသလောဣတိ၊ လူယုတ်ဟူ၍။ ဝုစ္စတိ၊ ကျိုးကြောင်းသင့်လျော် အခွင့်တော်သဖြင့် ခေါ်ဝေါ်အပ်လေသတည်း။

၆၃။ ပျက်စီးကြောင်းမာန

ဇာတိထဒ္ဓေါ ဂေါတ္တထဒ္ဓေါ၊ မာနထဒ္ဓေါ စ ယော နရော။
သ-ဉ္ဇာတိံ အတိမညတိ၊ တံ ပရာဘဝတော မုခံ။

(ပရာဘဝသုတ် သုတ္တနိပါတ်)

ယော့နရော၊ မာန်မူတက်ကြွ တရွရွနှင့် မာနတက်၍နေသောသူသည်။ ဇာတိထဒ္ဓေါ၊ မိမိမျိုးဇာတ် သာလျှင်မြတ်ဟု မှားမှတ်မြင့်ကြွ မာနတလွဲလူ တက်လို့နေ၏။ ဂေါတ္တထဒ္ဓေါ၊ ငါ၏အနွယ်သာ မြတ်လှပါဟု

တလှူလှူမာန တက်ကြွ၍နေ၏။ မာနထဒ္ဓါ၊ ဘဝင်လေခ မြေမကျ အောင် မာနတရားကလည်း ထောင်လွှန်းလှပေ၏။ သညာတိ၊ မိမိ၏ မျိုးရိုးနွယ်လာ ဇာတ်ကိုသာလျှင်။ အတိမညတိ၊ ငါငါသာလျှင် အစဉ် မပြတ် အမြဲမြတ်၏ သူတပါးကား ငါ့အပါးအောက် အမြဲရောက်ဟု မြင့်မောက်မာန တကြွကြွဖြင့် ဘဝင်မြင့်ကာ စွဲမှတ်မိရှာလေ၏။ တံ၊ ထိုသို့ ငါနှင့်ငါသာ နှိုင်းစရာဟု စိတ်မှာဝင်စား ထိုမာနသမားသည်။ ပရာဘဝတော၊ မကြာမတင် အလျင်ထန်သည်း ပျက်စီးခြင်း၏။ မုခံ၊ အကြောင်းရင်းမူလ အစမသွေ ဖြစ်ပါပေသတည်း။

၆၉။ "ဇာတ်ပဓာနမဟုတ်၊ အလုပ်သာ"

နဇစ္စာ ဝသလော ဟောတိ၊ နဇစ္စာ ဟောတိ ဗြာဟ္မဏော။
ကမ္မုနာ ဝသလော ဟောတိ၊ ကမ္မုနာ ဟောတိ ဗြာဟ္မဏော။
(ဓမ္မပဒ)

ဇစ္စာ၊ ဇာတ်အားဖြင့် ဝါ ဇာတ်အပေါ်မူတည်၍။ ဝသလော၊ လူတသောက်ကို အယုတ်ဟုဆိုးဖြတ်ခြင်းသည်။ နဟောတိ၊ မဖြစ်နိုင်။ ဇစ္စာ၊ ဇာတ်အားဖြင့်။ ဝါ၊ ဇာတ်ကိုမူတည်၍။ ဗြာဟ္မဏော၊ ဗြာဟ္မဏဟု လူတယောက်ကိုဆိုးဖြတ်ခြင်းသည်။ နဟောတိ၊ မဖြစ်နိုင်။ကမ္မုနာ၊ ထိုသူ လုပ်သော ကောင်းမကောင်းအလုပ်ဖြင့်။ ဝသလော၊ လူတယောက်ကို အယုတ်ဟုဆိုးဖြတ်နိုင်သည်။ ဟောတိ၊ ဖြစ်၏။ ကမ္မုနာ၊ ထိုသူလုပ်သော အလုပ်ဖြင့်။ဝါ၊ အဆိုးအကောင်း အလုပ်ဖြင့်။ ဗြာဟ္မဏော၊ ဗြာဟ္မဏဟု လူတယောက်ကို ဆိုးဖြတ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။

၇၀။ "တဦးတည်းသားအပေါ်၌မေတ္တာလို"

မာတာ ယထာ နိယံပုတ္တံ၊ မာယုသာ ဧကပုတ္တမနုရက္ခေ။
ဧဝမွိ သဗ္ဗဘူတေသု၊ မာနသံ ဘာဝယေ အပရိမာဏံ။

မာတာ၊ မြင့်မိုရ်တောင်ဦး မကကျူးသည့် ကျေးဇူးဂုဏ်ရှင် မွေးမိခင်သည်။ နိယံပုတ္တံ၊ မိမိရင်နှစ် သားရင်းဖြစ်သော။ ဧကပုတ္တံ၊ အရေထူ အ

ရေပါး အသားကိုဖောက် အရိုးရောက်အောင် များမြောက်ခင်တွယ် · တ
ဦးတည်းသော သားငယ်ကို၊ အာယုသာ၊ ဇီဝိန် အသက် ယင်း အတွက်
ကြောင့်။ အနုရက္ခေ ယထာ၊ နို့ချိုတိုက်ကျေး ပိုက်ထွေးယုယ ဘေးမခ
အောင် နေ့ညမထွေ စောင့်ရှောက် လေသကဲ့သို့။ ဧဝံတထာ၊ ပမာန္နိုင်းယူ
ထို့အတူသာလျှင်။ သဗ္ဗဘူတေသု၊ ရှိသမျှဉာဏ်သို့ အလုံးစုံသော သတ္တဝါ
တို့၌။ မာနသံ၊ ထွေထွေယိုဖိတ် မေတ္တာစိတ်ကို။ ဘာဝယေ၊ နေ့ညမကွာ
ပွားများရာ၏။

(မေတ္တာသုတ် ခုဒ္ဒကပါဋ္ဌပါဠိတော်)

၇၁။ မည်သူ ဩဃကို ကူးနိုင်ပါသနည်း

ကောသု ဓ တရတိ ဩဃံ၊ ကောဓ တရတိ အဏ္ဏဝံ။
အပတိဋ္ဌေ အနာလမ္ဗေ၊ ကော ဂမ္ဘီရေ န သီဒတိ။

(သုတ္တနိပါတ်)

မာရိသ၊ ဆင်းရဲ ကင်းကွာ ဘုန်းပညာနှင့် ပြည့်စုံပေါငြား မြတ်စွာ
ဘုရား။ ဤမှ၊ ဤ လောကဌ်။ ကော၊ ဘယ်လို ယောကျ်ား ဇာနည်ဖွား
သည်။ ဩဃံ၊ ဩဃ လေးဖြာ ကြမ်းတမ်းစွာသည့် သမုဒ္ဒရာ ခရီးကို။
တရတိ၊ တဘက်ရောက်အောင် ကူးမြောက် နိုင်ပါသနည်းဘုရား။ ကော၊
ဘယ်လိုယောကျ်ား ဇာနည်ဖွားသည်။ အဏ္ဏဝံ၊ ကူးနိုင်ခဲစွာ သံသရာခရီး
အဏ္ဏဝါကြီးကို။ တရတိ၊ မနစ်မမြုပ် အဟုတ်တကယ် ကူးမြောက်နိုင်ပါ
သနည်းဘုရား။ ကော၊ ဘယ်လို ယောကျ်ား ဇာနည်ဖွားသည်။ဂမ္ဘီရေ၊ အ
ထောက်မတန် အလွန်ပင်နက်နဲလှစွာသော။ အပတိဋ္ဌေ၊ ထောက်ရာတည်
ရာ ရပ်ရာမရ အဟုန်ပြင်းလှစွာသော။ အနာလမ္ဗေ၊ ဆွဲရာကိုင်ရာ မှီတွယ်
စရာ လှေနာဝါကလေးမျှပင် မရှိထသော။ ဩဃေ၊ ကာမဘဝေါ ဒိဋ္ဌော
ဝိဇ္ဇာ ဤလေးဖြာသော ဩဃဌ်။ နသီဒတိ၊ ယောကျ်ားဘသား စွမ်းပကား
ဖြင့် နစ်မြုပ်မသွားအောင် စွမ်းဆောင်နိုင်ပါလေသနည်း။

၇၂။ ဩဃကိုကူးနိုင်သူ

သဗ္ဗဒါ သီလသမ္ပန္နော၊ ပညဝါ သုသမာဟိတော။
အဇ္ဈတ္တသညီ သတိမာ၊ ဩဃံ တရတိ ဒုတ္တရံ။

(သုတ္တနိပါတ်)

သဗ္ဗဒါ၊ အခါခပ်သိမ်း။ သီလသမ္ပန္နော၊ သီလနှင့် ပြည့်စုံသည်ဖြစ်၍။ ပညဝါ၊ တိဟိတ် ပဋိသန္ဓိ ထက်သောဉာဏ်ရှိသည်ဖြစ်သော။ သုသမာဟိတော၊ ကမ္မဋ္ဌာန်းအာရုံ၌ ခုန်ကျော်မရှိ တည့်တည့်မတ်မတ် တည်နေတတ်သော၊ သမာဓိရှိသည်ဖြစ်သော။ အဇ္ဈတ္တသညီ၊ အပအာရုံ မခိုလှုံဘဲ ကိုယ့်ကိုယ်ယဲ့၌သာ တည်သော သညာရှိသည်ဖြစ်သော။ သတိမာ၊ အာရုံဒွါရဆုံသမျှခိုက် လိုက်၍ သိမှတ် သတိဓာတ်တလုံး အမြဲတမ်းစဲ့သုံးသည်ဖြစ်သော ယောကျွဲးဇာနည် သာကီနွယ်ဖွား ဘုရားသားတော်သည်။ ဒုတ္တရံ၊ ဘေးရန်ပေါကြွယ် အပြောကျယ်၍ အလွယ်ကလေးနှင့်ကူးမြောက်ရန် မဖြစ်နိုင်သော။ သြဃံ၊ သြဃလေးဖြာ အကွာဝါခရီး သံသရာကြီးကို။ တရတိ၊ လက်ပမ်းခတ်ပေါက် ဘက်ကမ်းရောက်ဟု ကူးမြောက်နိုင်လေသတည်း။

၇၃။ "မနစ်မြုပ်သူ"

ဝိရတော ကာမသညာယ၊ သဗ္ဗသံယောဇနာ တိဂေါ။
နန္ဒိဘဝ ပရက္ခယော၊ သော ဂမ္ဘီရေ နံ သဒိတာ။
(သုတ္တနိပါတ်)

ကာမသညာယ၊ အာရုံငါးဝ ငါးကာမဂုဏ် စွဲပိုက်မနေ တရားကိုသာ အစဉ်ရှာဖွေနေလေ့ရှိသော။ ဝါဝတ္ထုကိလေ နှစ်တွေ့ကာမ သဘာဝဂုဏ် စွဲပိုက်မနေ တရားကိုသာ အစဉ်ဖွေရှာနေလေ့ရှိသော။ သဗ္ဗသံယောဇနာတိဂေါ၊ သံယောဇဉ် မှန်သမျှ တစမကြွင်း ပယ်ရှင်း ဖြတ်တောက်ပြီးသော။ နန္ဒီဘဝ ပရိက္ခီဏော၊ နှစ်သက်စံလမ်း အာသာငမ်းသည့် ဖက်ရမ်းတွယ်တာ တဏှာသမုဒယ ကင်းစင်ပြီးသော။ သော၊ အသိအမှတ် သတိခာတ်ဖြင့် ငြိကပ်ပေကျံ ဝဲခဲမရှိ ကင်းစင်ဘိသောသူသည်။ ဂမ္ဘီရေ၊ ထောက်တည်မရ အလွန်ပင် နက်နဲလှစွာသော သြဃခက်ခဲ သံသရာထဲ၌။ နသီဒတိ၊ မနစ်မြုပ်ဘဲ ပေါမြဲပေါကာ သံသရာကို မှန်စွာ ကူးမြောက် ဘက်ကမ်းရောက်တော်မူနိုင်လေသတည်း။

၇၄။ "လှည်စား ဟန်ဆောင်"

အဋ္ဌိန္နာရှဟိ သမ္ဗဒ္ဓါ၊ တစဝံသာဝလေပနော။
ဆဝိ ကာယော ပဠုဇ္ဇန္နော၊ အန္ဓဉ္ဇဒရပုဏ္ဏကော။
ပူတိဟိ စ အသုစိဟိ၊ ဗာလော ဘူတံ နဒီသတိ။

အယံကာယော၊ လှသည်ပသည် တင့်တယ်သည်ဟု အလီလီအခါခါ ပြောနေကြသည့် ဤကိုယ်ကာယသည်။ အဋ္ဌိနာရုဟိသမ္မဒ္ဓေါ၊ အရိုးအကြောတို့ဖြင့် ဆက်စပ်တုတ်နှောင် ဟုတ်သယောင်ပြုလျက် ။တစမံသော လေပနော၊ အရေအသား အပေါ်ယံအားဖြင့် ဖုံးထားအပ်၏။ ဆဝိ၊ အပေါ်ယံအား အရေပါးကလေးသည်။ ပဋိစ္ဆန္နော၊ မြင်သူအမျှား အထင်မှားအောင် အတွင်းသားကို ဖုံးအုပ်ထားပေ၏။ ပူတိဟိ၊ ပုပ်ကုန်သော။ အသုစိဟိ၊ မစင်မကြယ် ကျင်ငယ် ကျင်ကြီး အသီးသီးသော အပုပ်အစပ်တို့ဖြင့်။ အန္ဓဉ္ဉဒရပူရိတော၊ အူသိမ်အူမ ဝမ်းခေါင်းဝဋ္ဌ ပုပ်ပုပြည့်လျှောင်း နံ့မကောင်းဘဲ ထောင်းထောင်းထကာ ပြည့်နေပါပေ၏။ ဗာလော၊ အပေါ်ယံတွင် အသိဝင်၍ ထဲတွင်နှိုက်ချက် မမြင်တတ်သည့် မိုက်ဇာတ်ကြီးစွဲ လူ့ဗာလသည်။ ဘူတံ၊ ဟုတ်ရာမှန်ရာ ဓမ္မတာသဘာဝ အစစ်အမှန်ကို။ နဒီဿတိ၊ ညာဏ်မြင် ထွင်းဖောက် အလင်းရောက်အောင် ထမြောက်ပိုင်ပိုင် မသိနိုင်လေသတည်း။

၃၅။ "ချစ်တယ်ဆိုဒါ ဘယ်မှာလဲ"

တဒါ စ သော မတော ဟောတိ၊ ဥဒ္ဓုမာတော ဝိနီလကော။
အပဝိဒ္ဓါ သုသာနသ္မိံ၊ အနပေက္ခာ ဟောန္တိ ဉာတယော။

သော၊ လှတယ်ချောတယ် ချစ်ခင်တယ်ဟု တာတွယ်ပွားစီး သားသမီးနှင့် ဇနီးတသွယ် လင်သယ်တမျိုး တနေ့ထက်တနေ့ အချစ်တွေ့တိုးနေတယ်ဆိုတဲ့သူသည်။ယဒါ၊အကြင်အခါ၌။မတော၊ ဇီဝိန်ပြတ်ကြွေသေပျက်လေတော့၏။တဒါ၊ ထိုအခါ၌။ဥဒ္ဓုမာတော၊လေအိတ်ပမာ ဖောင်းတက်ကာဖြင့် ရှုံ့စရာပုပ်ကောင် ဖူးဖူးရောင်လာခဲ့ပေ၏။ ဝိနီလကော၊ တကိုယ်လုံးသဲ့ ညိုမဲမဲနှင့် ပုပ်ပြပ့ရောင်လာပေ၏။ တဒါ၊ ထိုအခါ၌။ ဉာတယော၊ ဟိုယခင်က ချစ်လှပါသည် ချောလှပါသည် အလီလီ အဝဝ ပြောကုန်ကြသည့် သ-လောဟိတာ၊ ဆွေမျိုးဉာတကာတို့သည်။ သုသာနသ္မိံ၊ မည်သူ့ အိမ်ပေါ်မှ ကြာရှည် မထားချင် နီမိတ် အတိတ်တွေ့ မကောင်းဘူးထင်ကြကုန်၍ တစပြင်ပြင် သုသာန် သင်းချိုင်း၌သာလျှင်။ အပဝိဒ္ဓါ၊ အလျင်အမြန် စွန့်ပစ်ကြကုန်လျက်။ အနပေက္ခာ-အနပေက္ခိန်၊ ချစ်တယ်ဆိုကဲ့သူတွေ့ လှတယ်ဆိုဟဲ့သူတွေ့ ဘယ်သူတယောက်မျှ ထောက်ဆည်ဘာ အနားကမခဲ့ဘာ မနေလိုကြတော့ဘဲ တစ္ဆေကို ကြောက်သလို

လို ဘာလိုလိုညာလိုလိုနှင့် မူယာ မာယာတွေ ပိုကာ အိမ်သို့သာ ပြန်သွားကြလေကုန်တော့သတည်း။

(ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ)

၇၆။ "အဖေဘိမင်က ဘေးပြစ်ရ"

သန္ဓဝတော ဘယဲ့ ဇာတံ၊ နိကေတာ ဇာယတေ ရဇော။
အနိကေတ မသန္ဓဝံ၊ တေံ ဝေ မုနိဒဿနံ။

(မုနိသုတ် သုတ္တနိပါတ်)

ဘောန္တော၊ တကိုယ်တည်းပင် မနေချင်ဘဲ လှိုက်လှဲချစ်စရာ ဖေဘိဟာကို လိုက်ရှာနေပြီး အို....လူမျိုးတို့။ သန္ဓဝတော၊ တဦးနှင့်တဦး ကူးလူးယှက်သွယ် နှီးနှယ်ပေါင်းသင်း ဆက်ဆံခြင်းကြောင့်။ ဘယံ၊ ကိုယ်ရောစိတ်မှာ နှစ်ဖြာယှက်မြွေး၊ အပြစ်ဘေးသည်။ ဇာတံ၊ မလဲရှောင်သာ ဖြစ်ပေါ်၍ လာရပေ၏။ နိကေတာ၊ ခင်မင်တာတွယ် နှီးနှယ်ရောယှက် သံယောဇဉ်ကြောင့်။ ရဇော၊ ကိလေသာဟူ အညစ်ကြေးမွှေသည်။ ဇာယတေ၊ မလဲရှောင်သာဖြစ်ပေါ်လာရပေ၏။ အနိကေတံ၊ သံယောဇဉ်ဓာတ် မငြိကပ်ဘဲ လွတ်လွတ်ဖယ်ခွါ ကေစာထုံး ကျင့်သုံးခြင်းဌာနင်း။ အသန္ဓဝံ၊ တပူးတွဲတွဲ မခွာခွဲဘဲ ယှဉ်တွဲသမူ မပြုတော့ခြင်းသည်ရှင်း။ ဝေ၊ စင်စစ်ဇကန် သဘောအမှန်ဖြင့်။ ဇတံ၊ ဤသို့ အဖေဘိမပါ ကေစာထုံး ကျင့်သုံးခြင်းဌာသာလျှင်။ မုနိဒဿနံ၊ ဂုဟန်း၏ အာဘိဓမ္မာ အမှန်သာ ဖြစ်ရလေတော့သတည်း။

၇၇။ "ရာဂ ဒေါသ မောဟ ဖြစ်ကြောင်း"

ရာဂေါ စ ဒေါသော စ မောဟော စ ကုတော နိဒါနာ၊
အရတီ ရတိ လောမဟံသော ကုတောဇာ။
ကုတော သမုဋ္ဌာယ မနောဝိတက္ကာ၊
ကုမာရကာ ဓင်္ကပိဝေါသဇဉ္စိ။ (သုတ္တနိပါတ်-သုစိလောမသုတ်)

ရာဂေါစ၊ ရာဂသည်ရှင်း။ ဒေါသော၊ ဒေါသသည်ရှင်း။ မောဟော၊ မောဟသည်ရှင်း။ ကုတော နိဒါနာ၊ အဘယ် အကြောင်းမှ

စ၍ ဖြစ်ပါကုန်သနည်း။ အရတိ်စ၊ မပျော်မွေ့ခြင်းသည်၎င်း။ ရတိစ၊ ပျော်မွေ့ခြင်းသည်၎င်း။ လောမဟံသောစ၊ ကြက်သီးမွေးညှင်း တဖြန်းဖြန်းထ၍ ကြောက်လန့်ခြင်းသည်၎င်း။ ကုတောနိဒါနာ၊ အဘယ်တရားလျှင် အကြောင်းခံ၍ကုန်သနည်း။ ကုတောဇာ့၊ အဘယ်တရားကြောင့် ဖြစ်ကုန်သနည်း။ မနောဝိတက်ကာ၊ စိတ်၏ အကြံအစည် တို့သည်။ ကုတော သမုဋ္ဌာယ၊ အဘယ်ကို အကြောင်းခံ၍ ဖြစ်ကုန်သနည်း။ ကိမိဝ၊ ဥပမာပုံဆို ဘယ်လိုနည်းဟူမူကား။ ကုမာရကာ၊ လူငယ်တို့သည်။ဓက််၊ ကျီးကန်းကို။ ဩသဇန္တိကဝ၊ လှတ်ကုန်သကဲ့သို့တည်း။ ကတိ၊ ဤသို့။ သုစိလောမော-သုစိလောမ၊ ဘီလူးသည်။ ဘဂဝန္တံ၊ မြတ်စွာဘုရားကို။ အပုစ္ဆိ၊ မေးလျှောက်လေပြီ။

၂၀။ ဘုရားရှင် အဖြေ

ရာဂေါ စ ဒေါသော စ ကုတော နိဒါနာ၊
အရတိ ရတိ လောမဟံသော ကုတောဇာ။
ကုတော သမုဋ္ဌာယ မနောဝိတက္ကာ၊
ကုမာရကာ ဓက်မိဝေါသဇန္တိ။

ရာဂေါစ၊ ရာဂသည်၎င်း။ ဒေါသောစ၊ ဒေါသသည်၎င်း။ ကုတော နိဒါနာ၊ ဤခန္ဓာကိုယ်ကို အတ္တဟု စွဲလမ်းခြင်းကြောင့် ဖြစ်ကုန်၏။ အရတိစ၊မမွေ့လျော်ခြင်းသည်၎င်း။လောမဟံသောစ၊ကြက်သီးမွေးညှင်းထခြင်းသည်၎င်း။ ကုတောဇာ၊ ဤခန္ဓာကိုယ်ကို အတ္တဟု စွဲလမ်းခြင်းကြောင့်ဖြစ်၏။ မနောဝိတက်ကာ၊ ကာမဝိတက်စသည်ထွေပြား အကုသိုလ်ဝိတက် အစားစားတို့သည်။ ကုတောသမုဋ္ဌာယ၊ ဤခန္ဓာကိုယ်ကို အတ္တဟု စွဲထင်ခြင်းကြောင့် ဖြစ်ကုန်၏။ ကိမိဝ၊ ဥပမာပုံဆို ဘယ်လိုနည်းဟူမူကား။ ကုမာရကာ၊ သူငယ်တို့သည်။ ဓက််၊ ကျီးကန်းကို။ ဩသဇန္တိကဝ၊ လှတ်လိုက် ကုန်သကဲ့သို့တည်း။ ကတိ၊ ဤသို့။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ ဝိသဇ္ဇေတိ၊ ဖြေကြားတော်မူပြီ။

၂၆။ သုန္ဒရိကဘာရဒ္ဝါဇ သုတ္တနိပါတ်

သာရသမ္ဘာ ယဿ ဝိဂတာ၊ စိတ္တံ ယဿ အနာဝိလံ။
ဝိပ္ပမုတ္တော စ ကာမေဟိ၊ ထိနံ ယဿ ပနုဒိတံ။

၈၀။ သိမန္တာနံ ဝိနေတာရံ၊ ဇာတိမရဏကောဝိဒံ။
မုနိံ မောနေယျသမ္ပန္နံ၊ တာဒိသံ ယညမာဂတံ။
၈၁။ ဘကုဋိံ ဝိနယိတ္ဝာန၊ ပဉ္စလိကာ နမဿထ။
ပူဇေထ အနုပါနေန၊ ဧဝံ ဂဂ္ဂန္တိ ဒက္ခိဏာ။
၈၂။ ဥပဓိ တေ သမတိက္ကန္တာ၊ အာသဝါ တေ ပဒါလိတာ။
သီဟောသိ အနုပါဒါနော၊ ပဟီန ဘယဘေရဝေါ။
၈၃။ ပုဏ္ဏာရိကံ ယထာဝဂ္ဂုံ၊ တောယေန နံ ဥပလိမ္ဗတိ။
ဧဝံ ပုညေ စ ပါပေ စ၊ ဥဘယေ တံ့ နံ ဥပလိမ္ဗတိ။
ပါဒေ ဝီရ ပသာရေဟိ။ သဘိယော ဝန္ဒတိ သတ္ထုနော။

ယဿ၊ အကြင် မြတ်စွာဘုရား၏အား။ သာရမ္ဘာ၊ ချုပ်ချယ်ခြင်းတို့သည်။ ဝိဂတာ၊ ကင်းကုန်၏။ ယဿ၊ အကြင် မြတ်စွာဘုရား၏။ စိတ်တို့၊ စိတ်တော်သည်။ အနာဝိလံ၊ မနောက်ကျ။ ကာမေဟိ၊ ကာမဂုဏ်တို့မှ။ ဝိပ္ပမုတ္တော၀စ၊ လွတ်လည်း လွတ်မြောက်၏။ ယဿ၊ အကြင် မြတ်စွာဘုရား၏။ ထိန်၊ စိတ်ကို ယုတ်ညွှတ်အောင် ပြုတတ်သော ထိန စေတသိက်ကို။ ပနုဒိတံ၊ ပယ်ထား၏။ သိမန္တာနံ၊ ခဲ့ခြား ခဲ့ခြား ပြုတတ်သော စိတ်ကို။ ဝိနေတာရံ၊ ပယ်ဖျောက် ထား၏။ ဇာတိမရဏ-ကောဝိဒံ၊ ပဋိသန္ဓေနေခြင်း သေခြင်း။ ဝါ၊ အိုနာသေခြင်း၌ လိမ္မာပြီး နားလည်ပြီး ဖြစ်၏။ တာဒိသံ၊ ထိုသို့သဘောရှိသော။ မောနေယျသမ္ပန္နံ၊ ရဟန်းတို့၏ အကျင့်နှင့် ပြည့်စုံသော။ ယညမာဂတံ၊ ပူဇော်အထူးကို ခံတော်မူထိုက်သော။ မုနိံ၊ မြတ်စွာဘုရားကို။ ဘကုဋိံ၊ မျက်မှောင်တကြုတ်ကြုတ် ကုတ်ခြင်းကို။ ဝိနယိတ္ဝာန၊ ပယ်ဖျောက်၍။ ပဉ္စလိကာ၊ လက်အုပ်မိုးကြကုန်လျက်။ နမဿထ၊ ရှိခိုးကြပါကုန်လော့။ အနုပါနေန၊ ထမင်းအဖျော်နှင့်။ ပူဇေထ၊ ပူဇော်ကြပါကုန်လော့။ ဧဝံ၊ ဤသို့ ပြုသည် ရှိသော်။ ဒက္ခိဏာ၊ အလှူသည်။ ဂဂ္ဂန္တိ၊ ပြီးပြည့်စုံကုန်၏။

ကေ၊ရှင်တော်မြတ်ဘုရားအား။ဥပဓိ၊ကိလေသာတို့သည်။သမတိက္ကန္တာ၊ လွန်မြောက်တော်မူပြီး ဖြစ်ကုန်ပြီ။ တေ၊ ရှင်တော်မြတ်ဘုရားအား။ အာသဝါ၊ အာသဝေါ တရားတို့သည်။ ပဒါလိတာ၊ ပယ်အပ်ကုန်ပြီးပြီ။ အနုပါဒါနော၊ အစဲအလန်းကင်းသည်ဖြစ်၍။ ပဟီနဘယဘေရဝေါ၊ကြောက်ခြင်း လန့်ခြင်း ကင်းပြီးသည်ဖြစ်၍။ သီဟောသိ၊ ခြင်္သေ့မင်းကြီးဖြစ်တော်မူပါပေ၏။

ဝဂ္ဂု၊ ကြည်လင်သန့်ရှင်းသော။ ပုဏ္ဏရိကံ၊ ကြာပုဏ္ဏရိက်သည်။ တော
ယေန၊ ရေဖြင့်။ နဉ္ဇပလိမွတိယထာ၊ မငြိကပ်သကဲ့သို့။ ဧဝံ၊ ဤအတူ။
တုံ၊ သင်သည်။ ပုညေဟိစ၊ ကုသိုလ်တို့နှင့်ဂုဏ်း။ ပါပေဟိစ၊ အကုသိုလ်
တို့နှင့်ဂုဏ်း၊ နလိမွသိ၊ မလိမ်းမကပ်ပေ။

ဝီရ၊ မြတ်စွာဘုရား။ ပါဒေ၊ ခြေတော်တို့ကို။ ပဿာရေဟိ၊ ဆန့်တန်း
တော်မူပါဘုရား။ သဘိယော၊သဘိယ- မည်သော တပည့်တော် ပုဏ္ဏား
သည်။သတ္ထုနော၊မြတ်စွာဘုရား၏။ပါဒေ၊ ခြေတော်တို့ကို။ ဝန္ဒတိ၊ ရှိသေ
မြတ်နိုး သဒ္ဓါကြိုးလျက် ရှိခိုးလိုက်ပါ၏ ဘုရား။

၈၄။ ဒုက္ခဖြစ်ရသူကစ

ယံ ကိဉ္စိ ဒုက္ခံ သမ္ဘောတိ၊ သဗ္ဗံ သင်္ခါရပစ္စယာ။
သင်္ခါရာနံ နိရောဓေန၊ နတ္ထိ ဒုက္ခဿ သမ္ဘဝေါ။

ယံ ကိဉ္စိ ဒုက္ခံ၊ ဒုက္ခမ္ပန်သမ္ပကိုး။ သမ္ဘောတိ၊ ခံစားရ၏။ တုံသဗ္ဗံ
ထိုဒုက္ခ ခံစားရခြင်း အလုံးစုံသည်။ သင်္ခါရပစ္စယာ၊ ပြုပြင်သမျှသင်္ခါရ
ကြောင့်သာ ဖြစ်ရ၏။ သင်္ခါရာနံ၊ ပြုပြင်သမျှ သင်္ခါရမှု အစုစုတို့၏။
နိရောဓေန၊ ချုပ်ငြိမ်းခြင်းကြောင့်၊ ဒုက္ခဿ၊ ဒုက္ခမ္ပန်သမျှ၏။ သမ္ဘဝေါ၊
ဖြစ်ရခြင်းသည်။ နတ္ထိ၊ ဘယ်သောအခါမှ မရှိတော့ပေ။

"ပုထုဇဉ်နှင့် အရိယာဆန်ကျင်ပါ"

၈၅။ ရူပါ သဒ္ဒါ ဂန္ဓာ ရသာ၊ ဖဿာ ဓမ္မာ စ ကေဝလာ။
ဣဋ္ဌာ ကန္တာ မနာပါ စ၊ ယာဝ တတ္ထိတိ ဝုစ္စတိ။
(သုတ္တနိပါတ်ပါဠိတော်)

ဣဋ္ဌာ၊ အလိုရှိအပ်သည်ဟု ဆိုအပ်ကုန်သော။ ကန္တာ၊ နှစ်သက်အပ်
ကုန်သော။ မနာပါ၊ နှလုံးကိုပွားစေကုန်တတ်ကုန်သော။ ရူပါစ၊ အဆင်း
မျိုးစုံရူပါရုံတို့သည်၎င်း။ သဒ္ဒါစ၊ အသံမျိုးစုံသဒ္ဒါရုံတို့သည်၎င်း။ ဂန္ဓာစ၊
အနံ့မျိုးစုံဂန္ဓာရုံတို့သည်၎င်း။ရသာစ၊စားစရာမျိုးစုံ ရသာရုံတို့သည်၎င်း။
ဖဿာစ၊ ထိစရာမျိုးစုံ အတွေ့အာရုံတို့သည်၎င်း။ ကေဝလာ၊ သက်သက်။
ဓမ္မာစ၊ သိစရာအဖုံဖုံ ဓမ္မာရုံတို့သည်၎င်း။ လောကေ၊ သတ္တဝါတို့နေ

ကြ ဘုံလောကဌ်။ အတ္ထိတိ၊ ရှိ၏ဟူ၍။ ဝုစ္စတိ၊ ပြောဂို့းပြောစဉ် အစဉ်အလာ ရှိကြပေကုန်၏။

၈၆။ သဒေဝကဿ လောကဿ၊ ဧတေ ခေါ သုခသမ္မတာ။
ယတ္ထ စေတေ နိရုဇ္ဈန္တိ၊ တံ နေသံ ဒုက္ခသမ္မတံ။

သဒေဝကဿ လောကဿ၊ နတ်နှင့်တကွ လူ့လောက၏။ ဧတေ၊ ထို အာရုံတို့ကို။ သုခသမ္မတာ၊ ကောင်း၏ဟု သမုတ်အပ်ကုန်၏။ ယဿ၊ အကြင်နိဗ္ဗာန်၌။ ဧတေ၊ ထိုအာရုံတို့သည်။ နိရုဇ္ဈန္တိ၊ အကြွင်းမဲ့ချုပ်ကုန်၏။ တံ၊ထိုအာရုံတို့အကြွင်းမဲ့ချုပ်ရာ နိဗ္ဗာန်သည်။ နေသံ၊ အနွဗာလ ပုထုဇဉ် အမိုက်တို့အတွက်။ ဒုက္ခသမ္မတံ၊ ဒုက္ခဟု သမုတ်၏။

၈၇။ သုခဿ ဒိဋ္ဌမရိယေဟိ၊ သက္ကာယဿုပရောဓံ။
ပစ္စနီကမိဒံ ဟောတိ၊ သဗ္ဗလောကေန ပဿတံ။

အရိယေဟိ၊ အရိယာတို့က။ သက္ကာယဿဥပရောဓံ၊ ခန္ဓာ ချုပ်ငြိမ်းရာကို။ သုခဿ၊ သုခ ဟူ၍။ ဒိဋ္ဌံ၊ မြင်၏။ သဗ္ဗလောကေန၊ ပုထုဇဉ်တလောကလုံးက။ ဒုက္ခဿ၊ ဒုက္ခဟူ၍။ ဒိဋ္ဌံ၊ မြင်၏။ သဗ္ဗလောကေန၊ ပုထုဇဉ်တလောက လုံးနှင့်။ ပဿတံ ပဿန္တောနံ၊ သစ္စာအမြင်ရှိကုန်သော အရိယာတို့၏။ ဣဒံပစ္စနီကံ၊ ဤသို့ ဖြောင့်ဖြောင့် ဆန့်ကျင်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။

ဝေဒနာချုပ်-နိဗ္ဗာန်

၈၈။ သုဝံ ဝါယဒိ ဝါ ဒုက္ခံ၊ အဒုက္ခမသုခံ သဟ။
အဗ္ဘတ္တဉ္စ ဗဟိဒ္ဓါ စ၊ ယံ ကိဉ္စိ အတ္ထိ ဝေဒိတံ။

၈၉။ ဧတံ ဒုက္ခန္တိ ဉတ္ဝာန၊ မောသဓမ္မံ ပလောကိနံ။
ဖုဿ ဖုဿ ဝယံ ပဿ၊ ဧဝံ တတ္ထ ဝိဇာနာတိ။
ဝေဒနာနံ ဘယာ ဘိက္ခု၊ နိစ္ဆာတော ပရိနိဗ္ဗုတော။

အဗ္ဘန္တရဉ္စ၊ အဂ္ဂါတ္တလည်းဖြစ်သော။ ဗဟိဒ္ဓါစ၊ ဗဟိဒ္ဓလည်းဖြစ်သော။ ယံကိဉ္စိ၊ အမှတ်မထား တပါးပါးသော။ သုခံဝါ၊ သုခဝေဒနာကိုဂျင်း။ ဒုက္ခံဝါ၊ ဒုက္ခဝေဒနာကိုဂျင်း။ အဒုက္ခမသုခံဝါ၊ ဥပေက္ခာဝေဒနာကိုဂျင်း။ ဝေဒိတံ၊ ခံစားအပ်၏။

တေံ၊ ထိုဝေဒနာဟူသမျှကို။ ဒုက္ခန္တိ၊ ဒုက္ခဟူ၍။ ဥတ္တာန၊ သိ၍။ မောသမမ္မံ၊ ချွတ်လွဲသောသဘောရှိသော။ ပလောကိနံ၊ ပျက်စီးခြင်းသဘောရှိသော တရားဟူ၍။ဖုဿ ဖုဿ၊ ဉာဏ်ဖြင့်တွေ့၍။ ဝယံ၊ ဝေဒနာ၏အပျက်ကို။ ပဿ၊ ရှုပါလော့။ တတ္တာ၊ ထိုဝေဒနာမှန်သမျှ၌။ ဇေံ၊ ဤသို့အပျက်သဘောကို။ဝိဇာနာတိ၊ သိ၏။ ဝေဒနာနံ၊ ဝေဒနာတို့၏။ခယာ၊ ကုန်ခြင်းကြောင့်။ ဘိက္ခု၊ ရဟန်းသည်။ နိစ္ဆာတော၊ ပူလောင်ခြင်းကင်းသည်ဖြစ်၍။ ပရိနိဗ္ဗုတော၊ ခန္ဓာဇာတ်သိမ်း ဝင်္ကုန်ငြိမ်း၍ အေးကိန်းမသွေ ရောက်ရလေတော့သတည်း။

စံမိသည့်ဝန်

၉၀။ ဥပါဒါနပစ္စယာ ဘဝေါ၊ ဘူတော ဒုက္ခံ နိဂစ္ဆတိ။
ဇာတဿ မရဏံ ဟောတိ၊ ဧသော ဒုက္ခဿ သမ္ဘဝေါ။

ဥပါဒါနပစ္စယာ၊ စံလမ်းမှဥပါဒါန်ကြောင့်။ ဘဝေါ၊ ကမ္မဘဝသည်။ ဟောတိ၊ ဖြစ်၏။ ဘူတော၊ ကမ္မဘဝကြောင့်ဖြစ်လာရသော သတ္တဝါသည်။ဒုက္ခံ၊ဆင်းရဲသို့။နိဂစ္ဆတိ၊ ရောက်ရတော့၏။ ဇာတဿ၊ ဖြစ်သော သတ္တဝါ၏။ မရဏံ၊ သေခြင်းမည်သည်။ ဟောတိ၊ မုချမသွေ ဖြစ်ရပေ၏။ ဧသော၊ ဤသည်လျှင်။ ဒုက္ခဿသမ္ဘဝေါ။ ဒုက္ခဖြစ်ခြင်းပင်တည်း။

၉၁။ တဿာ ဥပါဒါနခယာ၊ သမ္မဒညာယ ပဿိတော။
ဇာတိက္ခယံ အာဘိညာယ၊ နဂစ္ဆန္တိ ပုနဗ္ဘဝံ။

တဿာ၊ ထိုသို့အစဉ်ပြင်းထန် ဥပါဒါန်ကြောင့် ကမ္မဘဝ ဇာတိရလျက် မရဏဆက်ကာ ဒုက္ခတွေ့ ဖြာဝေလာရခြင်းကို။ ပဿိတော၊ ကျိုးကြောင်းမြင်သိ ပညာရှိသည်။ သမ္မဒညာယ၊ ဝိပဿနာ ဉာဏ်ပညာဖြင့် ကောင်းစွာပိုင်ပိုင် သိစွမ်းနိုင်၍။ ဥပါဒါနခယာ၊ စံလန်းရာမှန် ဥပါဒါန် ကုန်ခြင်းကြောင့်။ ဇာတိက္ခယံ၊ ဆက်ကာသေတတ် ဇာတိတည်းဟူသော ဘဝဇာတ်၏ ကင်းပြတ်ရာမှန် မြတ်နိဗ္ဗာန်ကို။ အာဘိညာယ၊ မဂ္ဂင်ဉာဏ်အားစွမ်းပကားဖြင့် ပိုင်းခြားထင်ထင် သိမြင်ပြီး၍။ ပုနဗ္ဘဝံ၊တဖန်ဘဝ ဖြစ်ပြန်ရခြင်းသို့။ နဂစ္ဆန္တိ၊ ဥပါဒါန်ခာတ် ကင်းစင်ပြတ်သဖြင့် နောက်ထပ်ပိုင်ပိုင် မရောက်နိုင်တော့သည်သာတည်း။

၆၉။ ဒုက္ခမူလ သုကစ ၊

ယံကိဉ္စိ ဒုက္ခံ သမ္ဘောတိ၊ သဗ္ဗံ သမုဒယပစ္စယာ။
တဏှာ ဒုတိယော ပုရိသော၊ ဒီဃမဒ္ဓါနသံသရံ။

(၂-ဂါထာမှ စပ်ထားသည်)

ဘောန္တော၊ ဒုက္ခဒုက္ခ ညည်းတွားကြလည်း ဒုက္ခဖြစ်ရာ ကြောင်းခြင်းရာကို မှန်စွာစိုးစိ မသိတတ်ငြား အိုလူများတို့။ တုမှော၊ ဒုက္ခဒဏ်ချက် တခဲနက်ကို ကြိတ်လျက်သာခံ ပြင်းထန်လွန်ငြား သင်တပည့် အများတို့သည်။ သုဏာထ၊ အာရုံတပါး စိတ်မသွားဘဲ နားစေ့စေ့ ထောင်ကြကုန်လော့။ ယံကိဉ္စိဒုက္ခံ၊ ဇာတိ ဇရာ ဗျာဓိ မရဏ အစ စသား လောကတလွှားတွင် များပြားတွင်ကျယ် သားဟယ် သမီးဟယ် စီးပွားဟယ်နှင့် ဘယ်ဝယ်ခြင်းရာ များလှစွာသား အစားစားသော ဒုက္ခကို။ သဗ္ဗောတိ၊ မလိုချင်လှမတောင့်တသော်လဲ အကြောင်းကလျော်စွာ ရရှိခံစားလာရပေ၏။ သဗ္ဗံ၊ မလိုချင်ဘဲ သဲသဲမဲမဲကြီး ခံစားနေရသော ထိုဒုက္ခ အလုံးစုံသည်။ သမုဒယပစ္စယာ၊ လက်သယ်မူလ ဘူတကို ရှာလိုက်သော် တဏှာ သမုဒယ လောဘကြောင်းခံ အမှန်ပင်ဖြစ်ပါပေသတည်း။

တဏှာဒုတိယော၊ တပ်မက်ဇာသာ တဏှာပေမ နွားရေချသို့ သောက်ရမပြေ ဆားငန်ရေစောတ် တဏှာငတ်ကို အဟုတ်အဟပ်ထင်ကာ ဖေါ်သဟာဘဲ အမြဲပြုလုပ်၍ နေသော။ ပုရိသော၊ အမှန်မမြင် မှားလမ်းတွင်လျက် တွင်တွင်လျှောက်သွား ထိုယောကျ်ားသည်။ ဒီဃမဒ္ဓါနသံသရံ၊ ဘုရားရှင်ပင် မထင်အစ သံသရာဆိုတဲ့ ကာလကြီးကို။ သံသရတိ၊ မြုပ်တုံပေါ်ဘုံ ကူးခတ်တုံဖြင့် အဖုံဖုံထန်ပြင်း ဂရက်တွင်းဝယ် လွတ်ဖွယ်မတွေ့ကွေ့ကာ ပတ်ကာ တလည်တည်း လည်နေရာလေတော့သတည်း။

၇၀။ အိပ်မက် မက်သလို

သုပိနေန ယထာ ပိသံ ဂတံ၊ ပဋိဗုဒ္ဓေါ ပုရိသော နပဿတိ။
ဧဝမ္မိ ပိယာယိတံ ဇနံ ပေတံ၊ ကာလင်္ကတံ နပဿတိ။

(သုတ္တနိပါတ်)

သုပိနေန၊ အိပ်မက်၌။ ပီသံ၊ သမင်ပြောက် လှလှကလေးကို။ ဂတံ၊ မြင်၍။ ပုရိသော၊ ယောကျ်ားသည်။ ပဋိဗုဒ္ဓေါ၊ နိုးလာသည်ရှိသော်။ နပဿတိ၊ မမြင်ရတော့ပေ။ ဧဝမ်ပိ၊ ဤအတူသာလျှင်။ ပိယာယိတံ၊ ချစ်အပ်သော။ ဇနံ၊ သတ္တဝါကို။ ပေတံ ကာလင်္ကတံ၊ စုတိပြတ်ကြွေသေလေပြီးသည် ရှိသော်။ နပဿတိ၊ မမြင်ရတော့ပေ။

၇၁။ တေမာဒိနဝံ ဥတ္တဲ့ဝ၊ မုနိ ပုဗ္ဗာပရေ ဣဓ။
ကေံ စရိယံ ဒဠ္ဠံ ကယိရာ၊ နု နိသေဝေထ မေထုနံ။

(သုတ္တနိပါတ်)

ဧတံ အာဒီနဝံ၊ ဤသို့ ဖော်ပြခဲ့ပြီးသော အိပ်မက်ပမာ အပြစ်အနာအဆာကို။ ဥ တ္ဝာ၊ ဉာဏ်ဖြင့်ထင်ထင် သိမြင်ပြီး၍။ မုနိ၊ အေးချမ်းရာကို မြော်ကာ မှန်းဆ ရဟန်းသမဏသည်။ ပုဗ္ဗာပရေဣဓ၊ အတိတ် အနာဂတ် ပစ္စုပ္ပန်ဟု ခေါ်ရသော ကာလသုံးပါး၌။ ကေံစရိယံ၊ တယောက်တည်းသာ ကေစာ ကျင့်သုံးခြင်းကို။ ဒဠ္ဠံကယိရာ၊ မြဲမြံစွာသာ ကျင့်သုံးရာ၏။ မေထုနံ၊ အဖော်ခင်မင် နှစ်ကိုယ်ကြင်ရှိတယှဉ်တွဲတွဲ တူနွဲစုံစုံ မေထုန်ဆိုတဲ့အကျင့်ကို။ နနိသေဝေထ၊ မမှီဝဲရာ။ ဝါ၊ နနိသေဝေထ၊ ချမ်းမြသာယာ ဘဝတာကို မှန်စွာလိုလား ရဟန်းတော် အရှင်များသည် မီးပုံးဒုက္ခ အညမညံ ဒုယံ ဒုယ သဘာဝကို ခဏတာမျှဖြစ်စေ မမှီဝဲအပ်ကုန်သည်သာတည်း။

၇၂။ ဝိဝေကညေဝ သိက္ခေထ၊ ဇေဒရိယာနမုတ္တမံ။
နု တေန သေဋ္ဌော မညေထ၊ သ ဝေ နိဗ္ဗာနသန္တိကေ။

ဝိဝေကညေဝ၊ တကိုယ်ထီးထီး ဖော်မမှီးဘဲ တောကြီး သေလာအရညာစခန်း အေးဆေးရာလမ်း၌သာလျှင်။ သိက္ခေထ၊ နိဗ္ဗာန်အောင်မြို့ဆောင်ပို့စေတတ် မဂ္ဂင်ဆိုတဲ့ အကျင့်မြတ်ကို မချုတ်မသွေ ကျင့်ကြံအားထုတ်နေရာ၏။ ဇေဒ်၊ ဤသို့ကေစာ ထွေရာမပြား တဦးသားတည်း ကျင့်ခြင်းသည်။ အရိယာနံ၊ အဖော်မမင် စိတ်ပျော်ရွှင်လှက် ဖြူစင်လှစွာ အရိယာအပေါင်း သူတော်ကောင်းတို့၏။ ဥတ္တမံ၊ ဆထက်ကဲချွန် တံခွန်အထွဋ် အလွန်မြတ်သော အကျင့်ပေတည်း။ တေန၊ ထိုသို့အဖော်မမှီး တကိုယ်တည်းအနေ ဖြူစင်ပေသောအကျင့်ထက်။အညော၊တပါးသောအကျင့်ကို။ ဝါ၊ ဒုယံဒုယံ တူစုံစုံလျက် မောင်နှံယှက်သွယ် နှီးနှယ်ရောင်းရင်း ပေါင်းသင်းဆက်ဆံသောအကျင့်ကို။ သေဋ္ဌော၊ မြတ်၏ဟု။ နမညေထ၊ တဒင်္ဂကို

တဘဝတာ ထင်မှတ်ကာဖြင့် စိတ်မှာမသေ အထင်မမှားပါလေကုန်လင့်။ သ-သော၊ ဒုယံပယ်ကာ ကေစာဖြင့် ဖော်သဟာမမှီး အထီးထီးသာကျင့် သောသူသည်။ နိဗ္ဗာနသန္တိကော။ ဒုက္ခခပ်သိမ်း ချုပ်ငြိမ်းမြေ ဘေးမခရာ နိဗ္ဗုတာ၏ မကွာအပြီး အနီးကလေးဌဿာလျှင်။ ဝေ၊ စင်စစ်ကေန် အမှန် မသေ ဖြစ်ပါလေတော့သတည်း။

၇၃။ ရေစက်သွန်းချ-ထိုဓဏ္ဍ

သမနန္တရာ ဥဒ္ဒိဋ္ဌေ၊ ဘောဇနံ ဥပပဇ္ဇထ။
သုစိ ပဏီတံ သမ္မန္နံ၊ အနေကရသဗျဉ္ဇနံ။
(ပေတပါဠိတော်)

ဥဒ္ဒိဋ္ဌေ၊ ဤသည့်ဘဝ တည်နေကြငြား ကျန်ရစ်သူ ဆွေမျိုးများက သေသူအားရည်မှန်း လှူဒါန်းမျှတ ရေစက်ချလိုက်သည်ရှိသော်။ သမနန္တရာ၊ ကာလတပါး ခြားဤမသွေ တည်မနေဘဲ။ ဝါ၊ ချက်ချင်း။ တဿ၊ ထိုဘဝ၊ တပါးပြောင်းသွားမနေ သေလွန်လေပြီးသူအား။ အနေကရသဗျဉ္ဇနံ၊ တပါးမက များပြားလှသော အရသာနှင့်ပြည့်စုံသော။ သုစိ၊ ညစ်ကြေးမရှိ ပက တိအသွင် စင်ကြယ်လှသော။ ပဏီတံ၊ နတ်သြဇာတမျှ မွှန်မြှင်လှသော။ သမ္မန္နံ၊ လိုအပ်သည် မရှိ ပြည့်စုံဘိသော။ ဘောဇနံ၊ သုံးဆောင်ဖွယ်ရာ ဘောဇဉ်အစားအစာသည်။ ဥပပဇ္ဇထ၊ ကုသိုလ်ကံဟုန် တန်ခိုးဂုဏ်ကြောင့် ကုံလုံပြည့်ဝ ထွန်းပဖြစ်ပေါ်၍ လာလေကုန်သတည်း။

၇၄။ မိုးကိုစိန်ဝေါခြင်း

ဆန္နာ မေ ကုဋိကာ သုခါနိဝါတာ၊ ဝဿ ဒေဝ ယထာသုခံ။
စိတ္တံ မေ သုသမာဟိတံ ဝိမုတ္တံ၊ အာတာပီ ဝိဟာရာမိ ဝဿဒေဝ။
(သုဘူတိထေရပါဠိတော်)

ဒေဝ၊ ငြိုးဟုန်မာန်ပြင်း အိုမိုးမင်း။ ယထာသုခံ၊ အလိုရှိတိုင်း။ ဝဿ၊ တအားကြဲကာ သဲသဲမဲမဲကြီး ရွာချလိုက်ပါလော့။ မေ၊ ငါ၏။ ကုဋိကာ၊ ကမ္မဋ္ဌာန်းအလုပ် စွမ်းအားထုတ်စရာ တဲကုတ်ကလေးသည်။ ဆန္နာ၊ကောင်း စွာမိုးကာ၍ ထားအပ်ပေပြီ။ နိဝါတာ၊ လေပြင်းမတိုက်သည်ဖြစ်၍။ သုခါ အေးဆေးသာယာပါ၏။ မေ၊ ငါ၏။ စိတ္တံ၊ စိတ်သည်။ သုသမာဟိတံ၊ သမထ ဝိပဿနာ နှစ်ဖြာနှစ်ထပ် ကောင်းစွာ ဆောက်တည်၍ ထားအပ်ပေပြီ။ ဝိမုတ္တံ၊ ဒေါရဟတ္တာမဂ် ဓားထက်ထက်ဖြင့် လွှားတက်ကျော်ဖြတ်

ကိုလေဓာတ်မှ လွတ်မြောက်ခဲ့လေပြီ။ အာတာပီ၊ ကိလေသာအစေး အပ္ပ ဘေးမှ ဝေးကွာလွတ်မြောက် နိဗ္ဗာန်သို့ဆောက်ခဲ့လေသည်ဖြစ်၍။ ဝိဟာညတိ၊ ကြောင့်ကြတစိ ဘာမျှမရှိဘဲ ပကတိ အေးဆေးစွာ နေရပါလေပြီ။ ဒေဝ၊ ငြိုးဟုန်ထန်ပြင်း အိုမိုးမင်း။ ယထာသုခံ၊ အလိုရှိတိုင်း။ ဝဿ၊ တအား ကြီးကာ စိတ်ရှိတိုင်းသာ ရွာလိုက်စမ်းပါလော့။

အမြတ်ဆုံးတရား

ယာဝတာ ဘိက္ခဝေ သဉ်္ဇာတာ ဓမ္မာ၊ အရိယော
အဋ္ဌင်္ဂိကော မဂ္ဂေါ တေသံ အဂ္ဂမက္ခာယတိ။

ဘိက္ခဝေ၊ အယုတ်အမြတ် ဤနှစ်ရပ်ကို ပိုင်းဖြတ်ခြင်းငှာ မသီဒါ ကြောင့် ထွေရာ လေးပါး တွေးစိုးဝါးလျက် ယုံမှားစိတ်မှာ ကန်ဝိစိ နှောင့်ယှက်ဘိငြား အိုရဟန်းများတို့။ ယာဝတာ၊ အကြင်မျှလောက် မြားမြောင်လှကုန်သော။ သဉ်္ဇာတာ၊ လောကီနယ်မှာ သေချာတွက်ဆ သဉ်္ဇာတ တရားတို့သည်။ သန္တိ၊ ရှိကုန်၏။ တာဝတာ၊ သခ်ျာတွက်ထောက် ထိုမျှလောက်သော တရားတို့တွင်။ အဋ္ဌင်္ဂိကော၊ အင်္ဂါအားဖြင့် ပိုင်းခြား ဝေဘန် ရှစ်တန်သောအပြားရှိသော။ အရိယော၊ ကိလေသာမှေး ညစ် ကြေးမတင် အလွန် ဖြူစင်သော။ မဂ္ဂေါ၊ ကိုလေသာမျိုး တဏှာဆိုးကို ပယ်ချိုးသတ်ဖြတ် မဂ်တရားတော်မြတ်ကို။ အဂ္ဂံ၊ အထွဋ်ဆုံး အမြတ်ဆုံး အသာဆုံး တရားဖြစ်၏ဟူ၍။ အဟံ၊ သိသင့်ရာမှန် ဥယျမဓ်ကို ဝေဘန် ပိုင်းဖြတ် သိမြင်တော် မူတတ်သော ငါဘုရားသည်။ အက္ခာယတိ၊ အဂ်ါ ရှစ်ဖော် အသံတော်ဖြင့် ထုတ်ဖော်ဟောကြားတော်မူလေသတည်း။

၃၅။ အာဠဝက မျက်မာန်ကျ

သော အဟံ ဝိစရိဿာမိ၊ ဂါမာ ဂါမံ ပုရာ ပုရံ။
နမဿမာနော သမ္ဗုဒ္ဓံ၊ ဓမ္မဿ စ သုဓမ္မတာ။
(အာဠဝကသံယုတ်)

အဟံ၊ မျက်မာန်ပြင်းပြ ခက်ထန်လှသည့် အာဠဝက မည်သော အကျန်ုပ်ဘီလူးသည်။ ဂါမာဂါမံ၊ တရွာမှတရွာ လှည့်လည်သွားလာလျက်။ ပုရာပုရံ၊ တမြို့မှ တမြို့သို့ သွားလာ လှည့်လည်လျက်။ သမ္ဗုဒ္ဓံစ၊ ငါကဲ့သို့ လျင် တွင်တွင်မိုက်မှား ငမိုက်သားကို တရားရအောင် အမြိုက်ဆေးဖြင့် တိုက် ကျွေးဖေးမ အောင်မြင်ပြုံး စိတ်နှစ်လုံးကို သိမ်းကြုံးမြူးပျံ နူးညံ့သိမ်မွေ့စေ

တော်မူသော ဘုရားရှင်ကိုဂုဏ်း။ ဓမ္မဿာ၊ ဘုရားရှင်ရှေးနှုတ် ကြာကုမုဒ်မှ ဖွင့်ထုတ်လှစ်ဖော် ဟောကြားတော်မူအပ်သော တရားတော်၏။ သုဓမ္မတံ စ၊ စ-လယ်-အဆုံး သုံးပါးလုံးလျှင် ကောင်းခြင်းအင်္ဂါ မင်္ဂလာ အဝဝ ပြည့်စုံတော်မူလှသည့် အဖြစ်ကိုဂုဏ်း။ နမဿာမာနော၊ စိတ်ရောကိုယ်ပါ နှစ်ဖြာနှိမ့်ချ ရိုသေညွတ်ခလျက်။ ဝိစရိဿာမိ၊ တနေ့တရက် တနံနက်မျှ မေ့မရဘဲ စေ့ငြည့်သာ လှည့်ပတ် သွားလာ တော့မည်သာတည်း။ ဝါ။ သွားတိုင်း စားတိုင်း နေထိုင်တိုင်းပင် အစဉ်မမေ့ တစေ့ရေရေ အောက်မေ့ နေတော့မည်သာတည်း။

၃၆။ အရေးကြီးသောသဒ္ဒါ

သဒ္ဒါ ဗန္ဓတိ ပါထေယျံ၊
သဒ္ဒါ ဒုတိယာ ပုရိသဿ ဟောတိ။ (သံယုတ်)
သဒ္ဒိမံ ဝိတ္တံ ပုရိသံ သေဋ္ဌံ။ (သံယုတ်)
သဒ္ဒါဟတ္ထော မဟာနာဂေါ။ (အင်္ဂုတ္တိုရ်)
သဒ္ဒါဗီဇံ တပေါဝုဋ္ဌိ။ (သံယုတ်)
သဒ္ဒါယ တရတိ ဩဃံ။ (သံယုတ် နှင့် သုတ္တနိပါတ်)

* သဒ္ဒါ၊ ရတနာသုံးတန်, ကံ,ကံ၏ အကျိုးကို ယုံကြည်သော သဒ္ဒါသည်။ ပါထေယျံ၊ သံသရာခရီး ရိက္ခာကြီးကို။ ဗန္ဓတိ၊ အဟုတ်မညှိုး မပုပ်မသိုးရအောင် ထုပ်ပိုးသည် မည်၏။

* သဒ္ဒါ၊ ပ၊ သည်။ ပုရိသဿ၊ ယောကျ်ား၏။ ဒုတိယာ၊ သံသရာခရီး၌ အထီးကျန် မဖြစ်ရအောင် ကြံဆောင်ဖေးမ ကူညီသော အရေးလှတတ်သည့် အဖော်ကောင်း မည်ပါပေ၏။

* သဒ္ဒါ ဟတ္ထော၊ ရတနာ အမြတ်တရားတို့ကို လှမ်းယူနိုင်သော သဒ္ဒါ တည်းဟူသော လက်ရှိသော။ မဟာနာဂေါ၊ မြတ်သော ရဟန္တာ။

* သဒ္ဒါဗီဇံ၊ သဒ္ဒါတရားတည်းဟူသော မျိုးစေ့။ တပေါဝုဋ္ဌိ၊ အကျင့်တရား တည်းဟူသော မိုးရေ။

* သဒ္ဓါယ၊ သဒ္ဓါတရားဖြင့်။ ဘြဃံ၊ ဘြဃ်လေးဖြာ သံသရာကို။ တရတီ၊ ကူးမြောက်နိုင်၏။

၃၃။ အောင်-အောင်-အောင်

သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ၊ သဗ္ဗရသံ ဓမ္မရသော ဇိနာတိ။
သဗ္ဗရတိ* ဓမ္မရတီ ဇိနာတိ၊ တဏှက္ခယော သဗ္ဗဒုက္ခံ ဇိနာတိ။

သဗ္ဗဒါနံ၊ သက်ရှိရတနာ သက်မဲ့ရတနာ မျှားစ့ဉ်သောင်းသောင်း အလှူအပေါင်းတို့ကို။ ဓမ္မဒါနံ၊ သစ္စာနက်လေး အေးမြဖွေးဖြူ တရားအလှူက။ ဇိနာတိ၊ အောင်နိုင်တော်မူပါပေ၏။ ဝါ၊ ဇိနာတိ၊ ကိလေသာမာန်လွှား ညစ်အကြေးတို့ ကင်းဝေးစင်ဖြူ။ ရှယ်ချ။နိဗ္ဗာန် ရောက်ရေးမှန်သဖြင့် ကေန်မသွေ အောင်ခြင်းကြီး အောင်ပါပေသတည်း။

သဗ္ဗရသံ၊ရသအာရုံ ဖုံဖုံမျှားစ့ဉ အရသာတကာကို။ဓမ္မရသော၊တကြိမ်တခဏ ခံစားမိက ဘဝသံသရာ ကမ္ဘာအဆက်ဆက် ကောင်းကျိုးဖက်၍ မပျက်မသွေ အေးမြပေသည့် ပရမေတ္ထဋ္ဌဖျား ရှင်တော်ဘုရား၏ တရားလေးနက် ဓမ္မစက်အရသာသည်။ ဇိနာတိ၊ အောင်နိုင်တော်မူပါ၏။ ဝါ၊ ဇိနာတိ၊ကိလေသာမာန်လွှား ညစ်အကြေးတို့၊ပ၊အောင်ခြင်းကြီး အောင်ပါပေသတည်း။

သဗ္ဗရတိ*၊ ကာမရတိ စရှိမျှားစ့ဉ မွေ့လျော်ခြင်း တကာတို့ကို။ ဓမ္မရတိ၊ တရားနှင့်ပျော် မွေ့လျော်ရခြင်းသည်။ ဇိနာတိ၊ အောင်နိုင်တော်မူပါပေ၏။ ဝါ၊ ဇိနာတိ၊ ပ၊ သတည်း။

တဏှက္ခယော၊ ဘဝဘဝါ ရှည်မြင့်ကြာအောင် ဆဲ့ဆောင်ယှက်မြှေးလှုတ်ရေးဘယ်တွင် မမြင်စေရ တဏှာသမုဒယ၏ ကုန်ခြင်းသည်။ သဗ္ဗဒုက္ခံ၊ သံသရာ အစစ ကမ္ဘာအစစ မျှားလှဘိုတောင်း ဒုက္ခအပေါင်းကို။ ဇိနာတိ၊ အောင်နိုင်တော်မူပါပေ၏။ ဝါ၊ ဇိနာတိ၊ပ၊ ပေသတည်း။

၃၈။ နည်းသည်ဟု မရှိ

နတ္ထိ စိတ္တေ ပဒသာမို့၊ အပ္ပကာ နာမ ဒက္ခိဏာ။
တထာဂတေ ဝါ သမ္ဗုဒ္ဓေ၊ အထ ဝါ တဿ သာဝကေ။

တထာဂတေ ဝါ သမ္ဗုဒ္ဓေ၊ လောကထွဋ်ထား အမြတ်စား ဖြစ်သည့် မြတ်စွာဘုရားဋ္ဌင်း။ အထ၊ ထို့အတူ။ တဿ သာဝကေ ဝါ၊ မြတ်ဘုရား၏ သားတော်ရင်နှစ် ဓမ္မဇစ်ဖြစ်သည့် ရှစ်ရပ်အရိယာ မြတ်သံဃာနှင့် ထေရာနွယ်ကောင်း တပည့်သား အပေါင်းဋ္ဌင်း။ စိတ္တေ၊ စိတ်သည်။ ပဒသာ ဒမို့၊ လေးမြတ်မို့ခို ကြည်ညိုသည်ရှိသော်။ ဒက္ခိဏာ၊ ပေးလှူစွန့်ချ လှူဒါနသည်။ အပ္ပကာနာမ၊ သေးသေးမွှားမွှား မလေးမစား စရာအနည်းအပါးကလေးပါဟူ၍။ နတ္ထိ၊ မရှိပါပေ။ ဝါ၊ မြေကောင်းရေကောင်း လယ်ယာကောင်းရိုး စိုက်ပျိုးကြချ မျိုးဗီဇသို့ တက်ဟိုးဝေဆာ မကောင်းကျိုးအဖြာဖြာတို့သည် အလွန်တရား များပြား လှပါပေကုန်သတည်း။

၃၉။ မေတ္တာ တူမျှ

ဝဓကော ဒေဝဒတ္တော စ၊ စောရေ အင်္ဂုလိမာလကေ။
ဓနပါလေ ရာဟုလေ စ၊ သမစိတ္တာ မဟာမုနီ။

မဟာမုနီ၊ မုနိထွဋ်တင် မဟာကရုဏာသခင် ဖြစ်တော်မူသော ဘုရားရှင် ကိုယ်တော်မြတ်ကြီးသည်။ ဒေဝဒတ္တော စ၊ မိမိကိုပင် အမျက်ဝင်လျက် သွေးရှင်လတ်လတ် သတ်ရန်အမျိုးမျိုး အကျိုးမဲ့ကြံစည် မာန်ဖိတင်းကြပ် ရှင်ဒေဝဒတ်ဋ္ဌင်း။ စောရေ၊ ဇာလိယတော်တန်း လူကိုဖမ်းသျှက် လက်ညှိုးပန်းတထောင်ကို ရအောင်ကြိုးစား လူသတ်သမားကြီးဖြစ်သော။ အင်္ဂုလိမာလကေစ၊ အင်္ဂုလိမာလ နာမမည်တွင် သူခိုးဘုရင်ကြီးဋ္ဌင်း၊ ဓနပါလေစ၊ တင်းမာခက်ထန် အမျက်မာန်ဖြင့် တိုက်သတ်ရန်လာသော ဓနပါလ အမည်ရသည့် နာမမည်တွင် မင်းစီးဆင်ကြီးဋ္ဌင်း။ ရာဟုလေစ၊ မိမိသွေးသား မွေးကာဖွားသည့် သားချစ်မည်သာ ရာဟုလာ သားတော်ကလေးဋ္ဌင်း။ သမစိတ္တော၊ ဘယ်လူ့အပေါမှ မေတ္တာမပိုမကဲဘဲ ချိန်ခွင်လျှာ ပမာနဲကဲ့သို့ အမြဲပင် မျှတသော မေတ္တာစိတ်ရှိပါပေသတည်း။

"ဒု, သ, နု, သေ"

[ဒု-ဟူသော အသံ၏အကျယ်]

၈၀။ ဒုဇ္ဇီဝိတ မဇီဝိမ္ပာ၊ ယေသံ နော နု ဒဒါမ့သေ။
ဝိဇ္ဇမာနေသု ဘောဂေသု၊ ဒီပံ နကမ္မ အတ္တနော။

(ဇာတ်အဋ္ဌကထာ)

ယေသံနော၊ ပြည်ဗာရာဏသီတလွှား သူဋ္ဌေးသားဟု မောက်ကြွားမော်ကာ မတော်ရာလျှင် ဖော်သဟာမျှား ပျော်ပါးကာသာ သူ့အိမ်ရာကို ရှာကြံဖျက်ဆီး အမိုက်ကြီးသည့် အချည်းနှီးရွှပ်ပွေ ဒုစရိုက်ကံတို့သည်။ ဘောဂေသု၊ စီးပွားဥစ္စာ ရတနာအထွေထွေ စိန်ရွှေငွေတို့သည်။ ဝိဇ္ဇမာနေသု၊ သုံးစားမကုန် တောင်လိုပုံ၍ ဖုံဖုံမျှားစု ရှိခဲ့ပါသော်လည်း။ နု ဒဒါမ့သေ၊ မလှူမဒါန်း မပေးကမ်းဘဲ အရမ်းဖြုံးတီး မိုက်လုံးကြီးခဲ့ကြလေပြီ။ အတ္တနော၊ မိမိ၏။ ဒီပံ၊ ပင်လယ်မှာထွန်း ရေလယ်ကျွန်းသို့ ကွန်းတောက်မှီရာ လှုဒါသီလ စာဂဘာဝနာ အဖြာဖြာကို။ နကမ္မ၊ တဏှာနောက်သို့ကောက်ကောက်လိုက်ပါ မေ့လျော့စွာဖြင့် ဘယ်ခါမှမပြုမိကြပေ။ မယံ၊ ပါတို့သည်။ ဒုဇ္ဇီဝိတံ၊ သူ့သားမယား လှည့်ဖြားဖျက်ဆီးမိုက်လုံးကြီးစွာဖြင့်။ အဇီဝိမ္ပ၊ မှောက်မှောက်မှားမှား ဖောက်ပြားယုတ်မာ အသက်ရှင်၍လာခဲ့ကြပေပြီတကား။

[သ-ဟူသောအသံ၏အကျယ်]

၈၁။ သဒ္ဓိဝဿ သဟာဿာနိ၊ ပရိပုဏ္ဏာနိ သမ္ဗဿော။
နိရယေ ပစ္စမာနာနံ၊ ကဒါ အန္တော ဘဝိဿတိ။

ဘော၊ မိုက်ဖော်မိုက်ဘက် အောက်နရက်၌ မြုပ်လျက်ခုခါ ဆင်းရဲပါပြား အိုသူငယ်ချင်းမျှားတို့။ နိရယေ၊ လောဟကုမ္ဘီ ကြေးအိုးနိဟုသံရည်ရွဲရွဲ ပါယ်ဝရဲ၌။ ပစ္စမာနာနံ၊ မြုပ်တုံပေါ်တုံ အစုန်အဆန် ဒုက္ခဒဏ်ကို ဖန်တလဲလဲ ခံရဆဲဖြစ်ကုန်သော ငါတို့အား။ သဒ္ဓိဝဿ သဟာဿာနိ၊ သခ်ျာတွက်စစ် အနှစ်စုပေါင်း ခြောက်သောင်းတို့သည်။ သမ္ဗဿော ပရိပုဏ္ဏာနိ၊ လုံးဝဉဿုံ ပြီးပြည့်စုံပေပြီ။ နော၊ မိုက်ဖော် မိုက်ဖက် ဤဒဏ်ချက်ကို မသက်မသာ ခံရရှာပြား ငါတို့တတွေအား။ ကဒါ၊ ဘယ်အခါ၌။

အန္တော၊ လောဟကုမ္ဘီ ကြေးအိုးနီရဲ့ သံပုဋဉရဲမှ လွတ်မြောက်ရမည့်ရက်သည်။ ဘဝိဿတိ၊ ကံကောင်းထောက်ကာ ဖြစ်ရပါလေမည်နည်း။

[နှ-ဟူသော အသံ၏အကျယ်]

၈၂။ နတ္ထိ အန္တော ကုတော အန္တော၊ န အန္တော ပဋိဒိဿတိ။
တဒါ ဟိ ပကတံ ပါပံ၊ မမံ တုယ္ဟဉ္စ မာရိသာ။

မာရိသာ၊ ဆိုးဖော်ဆိုးဖက် မိုက်တွင်းနက်၍ နရက်အတွင်း သက်ဆင်းနေငြား မိုက်ဖော်များတို့။ တဒါ၊ ဓနသေဋ္ဌး အမည်ပေး၍ မိုက်ဆေးဖော်ကာ ပျော်ကျူးကာနှင့် ယုတ်မာညစ်ကျူ ကာမေသုဒ္ဓ ပျော်ပိုက်နေကြ ဟိုလူ့ဘဝတုန်းက။ မမံ မယ္ဟံစ၊ငါ၏ရင်း။ တုယ္ဟဉ္စ၊သင်၏ရင်း။ဝါ၊ ဆိုးဝါးတပေ ဒို့များတတွေသည်။ ပါပံ၊ ယုတ်မာညစ်ကျူ ကာမေသုနှင့် သူ၏မယား ပြစ်မှားကျူးလွန် ပရဒါရကံကို။ ကတံ၊ ဓနအား၊ကိုးနှင့် ယုတ်မျိုးတရာ ပြုမှားမိခဲ့ပါလေပြီ။ တဿ ပါပဿ၊ ယုတ်မာညစ်ကျူ ထိုမကောင်းမှု၏။ အန္တော၊ အကျိုးဝိပါက် ဒုက္ခအဆက်၏ လွတ်မည့်ရက်သည်။ နတ္ထိ၊ ရည်ရော်ရမ်းတ မှန်းဆမြင် ဘယ်တွင်တစိ မရှိနိုင်ခဲ့ပါပြီ။ အန္တော၊ ဒုက္ခနရက် လွတ်မြောက်မည့်ရက်သည်။ ကုတော၊ ဘယ်သောချိန်ခါ ဖြစ်လာပါလိမ့်မည်နည်း။ အန္တော ၊ပ၊ ရက်သည်။ နပဋိဒိဿတိ၊ ရှေ့နောက်ရည်မှန်း ရော်ကာယမ်းလည်း လွတ်လမ်းဘယ်တွင် မထင်မြင်နိုင်ခဲ့ပါပြီတကား။

[သော-ဟူသော အသံ၏အကျယ်]

၈၃။ သောဟံ နူန ကုတော ဂန္တွာ၊ ယောနိံ လဒ္ဓါန မာနုသံ။
ဝဒညူ သီလသမ္ပန္နော၊ ကာဟာမိ ကုသလံ ဗဟုံ။

သောဟံ၊ နောင်သောအခါမှ နောင်တရသည့် မိုက်မဲလှသော၊ ငါသည်။ ကုတော၊ လောဟကုမ္ဘီ သံရည်စိုရွှဲ ဝဋ်ငရဲမှ။ ဂန္တွာ၊ ကံကောင်းထောက်မ လွတ်မြောက်ရ၍။ မာနုသံယောနိံ၊ ဒုလ္လဘဟု ကြုံရခဲလစ်လှူ့အဖြစ်ကို။ လဒ္ဓါန၊ ကုသိုလ်ကံက ထောက်ပံ့မ၍ ရရှိခဲ့သည်ရှိသော်။ ဝဒညူ၊ သူတထူးက ပြုပေးဘူးသည့် ကျေးဇူးအထူး ဂုဏ်ရည်ဉီးကို ကြည်နူးသိတတ် ပဂ္ဂိုလ်မြတ်သည်။ ဟုတ္တာ၊ ကိုယ်တိုင်ဒိဋ္ဌ ဝဋ်ဒုက္ခကို လှလှမသွေ ခံရပေပြီဖြစ်၍ မလစ်သောသတိ ရမိသောသံဝေဂ ရှိလှသည်ဖြစ်၍။ သီလသမ္ပန္နော၊ ငါးပါးရှစ်ပါး ဆယ်ပါးအညီ မြတ်သောသီလကို

ဆောက်တည်လျက်။ ကုသလံ၊ ဆင်းရဲလွတ်ကြောင်း လမ်းကောင်း လမ်းမှန် မြတ်ကုသလံကို။ ဗဟုံ၊ များစ္စာ။ ကာဟာမိ၊ ဝမ်းသာအားရ အဲဒီလူ့ဘဝရတော့မှ လှလှပပ ကျက်သရေကြီး ပြုလိုက်ရပေတော့မည် တကား။

ဂ၄။ လျှပ်ပန်းပမာ သင်္ခါရာ

အနုပ္ပန္နာ ဥပ္ပဇ္ဇန္တိ၊ ဥပ္ပန္နာစ နိရုဇ္ဈရေ။
နိစ္စံ နဝါဝ သင်္ခါရာ၊ ဒီပဇာလ သမူပမာ။
(ဝိသုဒ္ဓိမဂ္ဂ)

သင်္ခါရာ၊ အရှိတရား ထင်မှတ်ထားသည့် သင်္ခါရတရားတို့သည်။ အနုပ္ပန္နာဇဝ၊ ရှေးကကြုံကာ ဖြစ်ဘို့ရာဟု ဘယ်မှာတစိ မရှိကုန်ဘဲသာ လျှင်။ ဥပ္ပဇ္ဇန္တိ၊ အကြောင်းဆုံလစ် ခုအသစ်သာ ဖြစ်ပေါ်လာကြကုန်၏။ ဥပ္ပန္နာစ၊ ဖြစ်ပေါ်လာပြီး အသီးသီးဖဲသော တရားတို့သည်လည်း။ နိရုဇ္ဈရေ၊ တဖြုတ်ဖြုတ်နှင့် သုတ်သုတ်မသွေ ချုပ်ပျောက်ကြလေကုန်၏။ သင်္ခါရာ၊ ကံစိတ်ဥဟာ ကြောင်းလေးဖြာတို့ ညီညာပေါင်းစု ပြုပြုပြင်ပြင် မြင်မြင်သမျှ သင်္ခါရဟူသောတရားတို့သည်။ ဒီပဇာလ သမူပမာ၊ လောင် စာရှိသမျှ ခဏချင်းဆက်စပ် သန္တတိ အစဉ်မပြတ်ဘဲ တလျှပ်လျှပ်ထိန်ဖြိုး မီးလှုံကြီးနှင့်တူစွာ။ နိစ္စံနဝါဝ၊ အမြဲတမ်းအသစ်သစ်တို့သည်သာလျှင်။ ဟောန္တိ၊ ကမလာသနင်း ဗြဟ္မာမင်းကလဲ ဖန်ဆင်းဒါ တကယ်မဟုတ်ပါဘဲ သံသရာကမ္ဘာ အစကထဲက ဓမ္မတာသဘာဝ အစစ်အမှန်ဖြစ်ပါပေကုန် သတည်း။

ဂ၅။ ပွတ်ဆောက်ဖျားတွင် မုံညှင်းစေ့တင်

အနိစ္စာနုဂတာ ဘဂ္ဂါ၊ ပုဇ္ဇော နတ္ထိ အနာဂတေ။
နိဗ္ဗတ္တာ ယေပိ တိဋ္ဌန္တိ၊ အာရဂ္ဂေ သာသပူပမာ။
(ဝိသုဒ္ဓိမဂ္ဂ)

ဘဂ္ဂါ၊ ချုပ်ပျောက်ပြီးသမျှ ရုပ်နာမ်ဓမ္မတို့သည်။ အနိစ္စာနုဂတာ၊ တနေရာ၌ စုပုံသိမ်းဆည်း သိုမှီထားခြင်း အလျင်းမရှိပါခြေ။ အနာဂတေ၊ နောင်သောအခါကာလ သမယ၌။ ပုဇ္ဇော၊ ဖြစ်လာဘို့ရန် စိမ်ဖန်တီး ကြို

တင်ပြီး စုဆောင်းထားအပ်သော အပုံကြီးသည်။နတ္ထိ၊ အကယ်တိတိ မရှိပါ
ချေ။ ယေပိနိဗ္ဗတ္တာ၊ ယခုအသစ် ဖြစ်ပေါ်လာငြား ရုပ်နာမ်တရားတို့သည်
လည်း။ အာရုဏ္ဂေါ၊ သေးသေးချွန်ချွန် အလွန်ငယ်ငြား ပုတ်ဆောက်ဖျား
ကလေးခွံ။ သာသပေါဂ္ဂဝ၊မုံညင်းစေ့ကဲ့သို့။တိဋ္ဌန္တိ၊ တည်-ဆိုတာနှင့် ခဏ
ချင်း ပျက်ယွင်းသွားလေကုန်သတည်း။

ဂ၆။ ဩဝါဒ–ချမ်းသာလှုပေစွ

သုခေါ ဗုဒ္ဓါနမုပ္ပါဒေါ၊ သုခါ သဒ္ဓမ္မဒေသနာ။
သုခါ သံဃသာ သာမဂ္ဂီ၊ သမဂ္ဂါနံ တပေါ သုခေါ။

ဗုဒ္ဓါနံ၊ အမှောင်ဝိဇ္ဇာ ဖျောက်လွှင့်ကာဖြင့် လေးဖြာနေမင်း လေး
စင်းသစ္စာ ရောင်အဝါကို ဆောင်ကာပေးတတ် ဘုရားရှင်ကိုယ်တော်မြတ်
ကြီးတို့၏။ဥပ္ပါဒေါ၊ပွင့်ထွန်း ပေါ်ပေါက်၍ လာရခြင်းသည်။ သုခေါ၊ခန္ဓာ
အပူ အပါယ်ပူနှင့် အပူခပ်သိမ်း အကုန်ငြိမ်းကြောင်း နည်းလမ်းကောင်းမို့
ကောင်းမြတ်ချမ်းသာ မဂ်လာအစစ် သြော်- ဖြစ်ကြီး ဖြစ်လှုပါပေသည်
တကား။ သဒ္ဓမ္မဒေသနာ၊ သူတော်ကောင်းတို့၏ ကောင်းမြတ် မဂ်လာ
ဒေသနာတရား ဟောဖော်မြွက်ကြားခြင်းသည်။ သုခါ၊ ကိုယ်စိတ်နှစ်ဖြာ
ဘယာမထိ ချမ်းသာဘိတောင်း သြော်-ကောင်းမြတ်ခြင်း မဂ်လာဖြစ်ပါ
ပေသည်တကား။ သံဃသာသာမဂ္ဂီ၊ သာသနာ၌ သူသာလျှင်မူလ ပဓာနဟု
သံဃသာမဂ္ဂီ ညီညီညွတ်ညွတ် စိတ်ဓာတ်ကိုပါ နှစ်ဖြာလုံးမျှတခြင်းသည်။
သုခါ၊ ဖူးမြင်ရုံပင် စိတ်ကြည်လင်၍ နောင်အစဉ်မကွာ သာသနာရှည်
ကြောင်း အလှန်ကောင်းသော ချမ်းသာအစစ်ကြီး ဖြစ်ပါပေသည်တကား။
သမဂ္ဂါနံ၊ စိတ်ရောကိုယ်ပါ ထိုနှစ်ဖြာတို့ ညီညွတ်မျှတ သမဂ္ဂဖြစ်ကုန်သော
သူတို့၏။ တပေါ၊ ခြိုးခြိုးခြံခြံ အမှန်ကျင့်လတ် တရားမြတ်သည်။ သုခေါ၊
နိဗ္ဗာန်သွားလမ်း ကျင့်စဉ်နည်းမို့ သြော်-အလွန်ပင် ချမ်းမြေ့လှုပါပေသည်
တကား။

ဂ၇။ ဘေးရန်ကင်းကွာ လွန်ချမ်းသာ

သုသုခံ ဝတ ဇီဝါမ၊ ဝေရိနေသု အဝေရိနော။
ဝေရိနေသု မနုဿေသု၊ ဝိဟာရာမ အဝေရိနော။

မယံ၊ တောရပ်ရိပ်မြို့ တရားခြုံလျက် ဘုံနေန်း စေခန်းသို့ ကြွလှမ်းခို ကာ အမတာတုံ့ စံဝင်လိုညောင်း ဒို့ သူတော်ကောင်းတတ္တသည်။ ဝေရိ နေသူ၊ ရန်သူငါးတန် ဝိုင်းပတ်ရံလျက် တရံမလပ် ဒုက္ခထပ်၍ ဖိကြပ်ခါခါ နေရရှာသော လူနတ်ဗြဟ္မာ သတ္တဝါတို့၏ အလယ်၌။ အဝေရိနော၊ ဘေး ရန်ကင်းကွာ ရန်ဘယာဟူ မြူကလေးမျှ မတွေ့ရဘဲ။ သုသုခံ၊ ကိုယ်ရော စိတ်ပါ လွန်စွာချမ်းမြေ့ ရေတွေ့သောကြာ ပဒုမ္မာကဲ့သို့။ အဟော ဇီဝါမ၊ သြော်-သာသနာနှင့် တွေ့ရကျိုးနပ် အမြတ်ထုတ်ကာ အသက်ရှင် ရပါ့ပေသည်တကား။ ဝေရိနေသူ မနုဿေသူ ၊ပ၊ တို့တွင်။ အဝေရိနော၊ ပ။ဘဲ။ ဝိဟရာမ၊ မြေချမ်းသာ ငြိမ်သက်စွာဖြင့် ဒို့မှာမသွေ သြော်နေခဲ့ရ ပါပေပြီတကား။

၈၈။ သံသရာဆိုဒါ ဒီလိုပါ

ခန္ဓဘေဒေါ မရဏံ၊ ဇာတိ တပ္ပါတုဘာဝတော။
ခန္ဓာနဉ္ဆ ပဋိပါဋိ၊ ဓာတုအာယတနာနဉ္ဆ။
အဇ္ဈာစ္ဆိန္နံ ဝတ္တမာနာ၊ သံသာရောတိ ပဝုစ္စတိ။

ဘောန္တော၊ မွေးသေနှစ်ဖြာ သံသရာ၏ မှန်ရာဓိပ္ပါယ် ဖုံးဝှက်ကွယ်၍ ဓိပ္ပါယ်မရှင်း ဉာဏ်မလင်းငြား အိုလူမျိုးတို့။ မရဏံ၊ လောကပညတ် သမုတ်အပ်သည့် သတ်မှတ်ခေါ်ဝိုး သေခြင်းဆိုတဲ့ တရားမျိုးသည်။ ခန္ဓ ဘေဒေါ၊ အမှန်ကို ပြရမှာဖြင့်ခန္ဓာတို့၏ ပျက်စီးခြင်းပါပေတည်း။ဇာတိ၊ ဇာတိသန္ဓေ တည်နေခြင်း ဟူသည်ကား။ တပ္ပါတုဘာဝတော၊ ခန္ဓာပရမတ်တို့၏ အဟောင်းချုပ်ပြတ် အသစ်ထပ်ကာ ပေါ်လာခြင်းပင်တည်း။ သံသာရောတိ၊ သူသူငါငါ လူတကာက သံသရာဟု ပြောနေသော တရား သည်ကား။ ခန္ဓာနဉ္ဆ၊ ခန္ဓာငါးပါးတို့၏ဂုဏ်း။ အာယနာနဉ္ဆ၊ အာယတန တရားတို့၏ဂုဏ်း။ ဓာတူနဉ္ဆ၊ ဓာတ်တရားတို့၏ဂုဏ်း။ အဇ္ဈာစ္ဆိန္နံ၊ မပြတ် မစဲ ထပ်တလဲလဲ။ဝတ္တမာနာ၊ ဖြစ်နေခြင်းကို ပင်လျှင်။ပဝုစ္စတိ၊ နာမပညတ် တင်ကာစပ်လျက် ခေါ်အပ်လေသတည်း။ (အဋ္ဌသာလိနီအဋ္ဌကထာ)

၈၉။ တဏှာ၏ကြုံးဝါးခြင်း

အန္တလိက္ခစရာ ပေါသော၊ ယဲ့ဝယံ စရတိ မာနသော။
တေန တံ ဗာဓယိဿာမိ၊ နတော သမဏာ မောက္ခသိ။

(လ္ဟတိဝုတ်အဋ္ဌကထာ)

သမဏာ၊ ဖန်ဝါဆင်မြန်း ရှင်ရဟန်းဟု သွင်ဆန်းတင့်တယ် ကောင်းကင်လယ်က စျာန်ယာဉ်ကြွနေတဲ့ အိုရဟန်း။ မာနသော၊ လူသား ဖြစ်သော။ အန္တလိက္ခစရော၊ တန်ခိုးပြင်းထန် အာဘိညာဏ်ဖြင့် စျာန်ယာဉ်ပျော်ဆန်း ကောင်းကင်လမ်းက ကြွမြန်းလေ့ရှိသော။ ယွာယံ ယောအယံ ပေါသော၊ ဇာနည်ယောကျ်ား ငါတကားဟု ကြုံးဝါးနေသော အကြင်ရဟန်းသည်။ အတ္တိ၊ ဝင့်ဝင့်ကြွားကြွား ကားရယားနှင့် နင်လားဟဲ့ အမှန် ရဟန်းမာန်ဖြင့် ကောင်းကင်အလယ် တင့်တယ်စွာ ရှိုပါ၄ပေ၏။ သမဏာ၊ ဟယ်ရဟန်း။ တေန၊ ငါးပါးအာရုံ ကာမဂုဏ်ဟု အဟုန်ပြင်းချက် ငါ့လက်နက်ဖြင့်။ တံ၊ ရဟန်းတို့မာန် ကြွားဝင့်သန့်လျက် ထက်အဇ္ဈာ စျာန်ယာဉ်သာဖြင့် ဝင့်ကာကြွမြန်း သင်ရဟန်းကို။ ဗာဓယိဿာမိ၊ အမိအရ သိမပဟု ခဏချက်ချင်း လက်ငင်းမသွေ ဖမ်းလိုက်ပေအံ့။ တုံ၊ အာကာဝေဟင် စျာန်အယာဉ်ဖြင့် တွင်တွင်ပျော်ဆန်း သင်ရဟန်းသည်။ မေ၊ တဏှာလက်နက် ငါ့ကွန်ရက်မှ။ နမောက္ခသိ၊ ယောကျ်ားဘသား သင်ဘယ်လိုလူစားမို့ လွတ်သွားနိုင်မည်နည်း။ ဝါ၊ နမောက္ခသိ၊ လွတ်သွားရန် သင် မမြော်မှန်းလေနှင့် ယခုပင် အမိဖမ်းလိုက်တော့မည်သာတည်း။

ဆောင်ပုဒ်။ ။အိုဘယ်ရဟန်း ပြောစမ်းခုခါ၊
ကောင်းကင်ပျံသွား စျာန်အားယူကာ။
တဏှာယုက်သန်း ဖမ်းလိုက်တော့မှာ၊
ငါ့လက်တွင်း သက်ဆင်းယခုသာ။

၉၀။ အထင်မှား အမြင်မှား

အက္ခေယျသညိနော သတ္တာ၊ အက္ခေယျသို့ ပတိဋ္ဌိတာ။
အက္ခေယျံ အပရိညာယ၊ ယောဂမာယန္တိ မစ္စုနော။
(ဣတိဝုတ်အဋ္ဌကထာ)

သတ္တာ၊ အန္ဓဗာလ မိုက်ဆုံးကျသည့် များလှဖြင်ဖြင် ပုထုဇဉ်တို့သည်။ အက္ခေယျသညိနော၊ ငါးဝခန္ဓာ ဓမ္မသာဋ္ဌ ငါသူတပါး အထင်မှားကြကုန်သည်ဖြစ်၍။ အက္ခေယျသို့၊ ငါငါငါဟု အစဲပြုကာ ဝိပလ္လာသ ပွားသုံးဝဋ်။ ပတိဋ္ဌိတာ၊ အယူကဲပြား အစဲမှားကာ တည်နားရှာကြကုန်၏။ အက္ခေယျံ၊ ခန္ဓာငါးတန် တရားအမှန်ကို။ အပရိညာယ၊ ဉာတတ်ရက ပဟာနဟု သုံးဝအမှန် ပရိညာဏ်ဖြင့် ဓဝဖန်ပိုင်းခြား မသိအားကြကုန်သည်ဖြစ်၍။ မစ္စု

နော၊ သေမင်း၏။ ယောဂံ၊ နှောင်ဖွဲ့ရစ်ပတ် ထပ်ထပ်တည်ဟန် သန္ဓေစုံတိ လှည့်ကာလှည့်ကာ သေမင်းရှာသို့။ အာယန္တိ၊ အဖန်ဖန် ရောက်ကြကုန်၏။ ဝါ၊ အာယန္တိ၊ ဆုံလည်သည့်နှဲးပမာလို အမျှးသတ္တဝါ အမြင်ဝေးသော်ကြောင့် တရားဓမ္မာဖြင့် မထင်သေးနိုင်ဘူး ဩဇ- သေဘေးဖန်ဖန် ဆိုက်၍နေကြလေကုန်သတည်း။

၉၁။ ခြေတလှမ်း တသန်းတန်

သတံ ဟတ္ထိ သတံ အဿာ၊ သတံ အဿတရီ ရထာ။
သတံ ကညာ သဟဿာနိ၊ အာမုက္ကမဏိကုဏ္ဍလာ။
ကေဿ ပဒဝိတိဟာရဿ၊ ကလံ နဂ္ဃသိ သောဠသိံ။

သတံဟတ္ထီ၊ ကကြိုးတန်ဆာ ပြင်ဆင်လာသည့် ရတနာမည်တွင် ဆင် မယဉ်သာ-တရာဌင်း။ သတံ အဿာ၊ ကကြိုတန်ဆာ ပြင်ဆင်လာသည့် ရတနာမည် မြင်းဇာနည် တရာဌင်း။ သတံ အဿတရီရထာ၊ ကကြိုးတန်ဆာ ရတနာသွယ်သွယ် ခြယ်လှယ်ဖန်ဆင်းအဿတိုရိမြင်းကသော ရထားတရာဌင်း။ အာမုက္ကမဏိ ကုဏ္ဍလာ၊ လည်ရွဲတန်ဆာ ရတနာပုလဲဆင်နွဲအပ်ကုန်သော။ သတံကညာသဟဿာနိ၊ အပျိုစင်စစ် သမီးကညာအနှစ်ဖြစ်ကုန်သော လောကီမင်္ဂလာ အပျိုကညာ တသိန်းတို့သည်ဌင်း။ ဧတေ၊ ယခုဖော်ပြ ရတနာအဝဝတို့သည်။ ဧကဿ ပဒဝိတိ ဟာရဿ၊ ရတနာ ၃-တန် သဒ္ဓါမူနှင့် ရည်သန်မြော်မှန်း ခြေတလှမ်း၏။ သောဠသိံ ကလံ၊ ၁၆-စိပ်၏ တစိပ်မျှကို။ နဂ္ဃတိ၊ မမှီနိုင်။ ဝါ၊ နဂ္ဃတိ၊ ရတနာ ၃-တန် ဂုဏ်ပေါင်းလဲ့ဖြင့် အမှန်ပင်လိုက်မမှီနိုင်တော့သည်သာတည်း။

၉၂။ အဝေးကြီး

နဘဥ္စ ဒူရေ ပထဝီ စ ဒူရေ၊
ပါရံ သမုဒ္ဒဿ တဒါဟု ဒူရေ။
တတော ဟဝေ ဒူရတရံ ဝဒန္တိ၊
သတဥ္စ မမွော အသတဥ္စ ရာဇ။
(ဣတိဝုတ်အဋ္ဌကထာ)

နဘဥ္စ ဒူရေ၊ မြေမှထောက်ကာ ကြည့်လိုက်ပါသော် အဇဋာဝေဟင် ထက်ကောင်းကင်သည် အလွန်ပင်ဝေးလွန်းလှပါပေ၏။ ပထဝီ စ ဒူရေ၊

မိုးမှထောက်ကာ ကြည့်လိုက်ပါသော် မဟာပထဝီ မေဒနီသည် ပိပိသသ အာလွန်ပင် ဝေးလွန်းလှပါပေသည်တကား။ သမုဒ္ဒါဆ၊ အပြောကျယ်စွာ မဟာသမုဒ္ဒရာ၏။ ပါရုံ၊ ကမ်းတဘက်သည်။ တထာ၊ ထို့အတူပင် အလွန်လျှင် ဝေးလွန်းလှ၏ဟု။ အာဟု၊ လောကီလူသား လူအများတို့ ဆိုရိုးစကား ထင်ရှားမသွေ ရှိကြပါပေကုန်၏။

ရာဇ၊ လူတို့သေနင်း ပြည့်ရှင်မင်း။ သတဉ္ဇမှော၊ သူတော်ကောင်းတို့၏ တရားသည်ဂုဏ်း။ အသတဉ္ဇမှော၊ သူယုတ်မာတို့၏ တရားသည်ဂုဏ်း။ တတော၊ ထို့ထို သမုဒ္ဒရာ အာကာမိုးမြေ အထွေထွေတို့ထက်။ ဒုရတရုံ၊ ဝေးသထက်ဝေး ကွာသထက်ကွာ လွန်စွာပင် မမြော်မှန်းနိုင်ဘု ကွာဝေးလွန်းလှ၏ ဟူ၍။ ဝဒန္တိ၊ သူတော်ကောင်းဇာတ် အရိယာအာရှင်မြတ်တို့သည် အတပ်မသွေ ဟောမိန့်တော်မူကြလေကုန်၏။

ဆောင်ပုဒ်။ ။ကောင်းကင်နှင့်သာ၊ မြေကြီးမှာ၊ ဝေးကွာလွန်းလှပေသည်။

သမုဒ္ဒရာကမ်း၊ ဟိမာလှမ်း၊ ကွာလွန်းလှလေသည်။

သူတော်သူမြတ်၊ လူမိုက်ဇာတ်၊ အပြတ်ကွာလွန်းသည်။

၉၆။ လူမဝင် ရှင်မဟုတ်

ဂိဟိဘောဂါ ပရိဟီနော၊ သာမညတ္တဉ္စ ဒုဂ္ဂတော။
ပရိဓံသမာနော ပကိရေတိ၊ ဆဝါလဏ်ဝ နသာတိ။

(ဣတိဝုတ် ပါဠိတော်)

ဘိက္ခဝေ၊ ကေသိကိုဖယ် ဖန်ဝါထယ်နှင့် အဝယ်ရပ်ကာ ဆုမ်းခံရှာ၍ အမတာဇာတ် နိဗ္ဗာန်မြတ်ကို အတပ်ရှာမည့် ကြံစည်စိတ်သန်အဓိဋ္ဌာန်မှန်း အိုရဟန်းတို့။မာပမာဒတ္ထ၊ရဟန်းဘဝ ဤဌာနတွင်မေ့လျော့ပေါ့ဆ မနေလိုက်ကြစမ်းပါနှင့်။ဘိက္ခုဘာဝေါ၊နိက္ခမံဟု ဧဋ္ဌာန် ရည်မှန်းရဟန်းဘဝဟူသည်။ဂိဟိဘောဂါ၊လောကီလူ့ဘုံ အာရုံခံစား ကာမဂုဏ်တရားမှ။ ပရိဟီနော၊ ဆုတ်ယုတ်ခဲ့လေပြီ။ သာမညတ္တဉ္စ၊ လောကုတ္တရာ

ချမ်းသာအစစ် အမှန်ဖြစ်သည့် သန္တိသုခ မြေသောဘဝမှလည်း။ဒုဂ္ဂတော၊ စိတ်ဓာတ်သိမ်ဖျင်း အကြောင်းရင်းကြောင့် လွတ်ကင်း ရှောင်ဖယ်ခဲ့ပါ မူကား။ ပရိဓံသမာနော၊ နှစ်ဖက်အကျိုး မပွားတိုးဘဲ အကျိုးနဲကာ ပျက်စီးရှာလျက်သာလျှင်။ ပကိရေတိ၊ ဖရိဖရဲ ပြိုကွဲပျက်စီးခြင်းဖြင့်သာ အဖတ်တင်လေ၏။ ကိမိဝ၊ ဥပမာပုံဆို ဘယ်လိုနည်းဟူမူကား။ ဆလာဝါတံ၊ သူသေကောင်ယုတ် အကောင်ဖုတ်သည့် လုပ်တိုင်းမှာသုံး အဆုံးတဝ ကြောင်းကျန်ခဲ့ရသည့် ထင်းမီးငုတ်တိုသည်။ ဥဘယတ္ထ၊ ရှာမှာလဲမဝင် တောတွင်လဲ အသုံးမကျ လုံးလုံးကြီး ဆုံးရှုံးရသကဲ့သို့။ သောဘိက္ခု၊ စိတ် မာတ်သိမ်ဖျင်း တရားကင်း၍ လူမင်းမြတ်စွာ သာသနာဝယ် ဘာမျှအသုံး လုံးလုံးမဝင် ရှင်မည်ကာဆန်း ထိုရဟန်းသည်။ ပကိရေတိ၊ လူလဲမဝင် ရှင်လဲမဟုတ် နှစ်မျိုးစုံယုတ်သဖြင့် မီးစငုတ်တိုပမာ သနားစရာသာ ဖြစ်ရှာလေသတည်း။

၉၄။ ငါဘုရားနှင့် အနီးအဝေး

သံဃာဋိ ကဏ္ဏောပိ ဘိက္ခု၊ ဂဟေတွာ ပိဋ္ဌိတော ဂစ္ဆေ။
ဓမ္မေ အဋ္ဌိတစိတ္တော သော၊ အာရကာ မမ သန္တိကာ။
(ကုတိဝုတ် ပါဠိကော်)

ဘောန္တော၊အနီးအဝေး သိလိုရေးကြောင့် တွေးဆဖွဲ့ရှာဒေသနာကို နာယူလိုညောင်း အိုပရိသတ်အပေါင်းတို့။ ဘိက္ခု၊ ရဟန်းသည်။ သံယာဋိ ကဏ္ဏော၊ ငါဘုရား၏ နှစ်ထပ် သင်္ကန်းအစွန်းကို။ ဂဟေတွာ၊မပြုတ်မလတ် ဒလစပ်စဲ့ကိုင်လျက်။ ပိဋ္ဌိတော၊ နောက်မှ။ ဂစ္ဆေပိ၊ တကောက်ကောက် ပါ မခဲ့ခွါဘဲ အမြဲတစေ လိုက်ပါနေသော်လည်း။ ဓမ္မေ၊ ငါဘုရား၏ ဟောကြားပြသမြတ်ဓမ္မ၌။ အဋ္ဌိတစိတ္တော၊ စိတ်ကမတည် သေဖီရှောင်လွဲ တရားမမြဲသည်ရှိသော်။သောဘိက္ခု၊တရားမဖက်လူကိုဖက်လျက်သက်သက် ဖြစ်ဆန်း ထိုရဟန်းသည်။ မမသန္တိကာ၊ ငါဘုရား၏ အနီးအပါးမှ။ အာရကာ၊ တရားမသီး အချည်းနှီးကြောင့် အဝေးကြီးမှ ဝေးလှပါပေသတည်း။

ဆောင်ပုဒ်။ ။ငါ့သင်္ကန်းစ မ၍တစေ၊
နောက်ကစိုက်စိုက် လိုက်၍သာနေ။
တရားမသီး မနီးနိုင်ပေ၊
တရားသီး ဝေးလည်းအနီးပေ။

၉၅။ မပြတ်နိုင်တဲ့ ဝဋ်ဖွဲ့ဆိုင်

ကာမယောဂေန သညုတ္တာ၊ ဘဝယောဂေန စုဘယံ။
သတ္တာ ဂစ္ဆန္တိ သံသာရေ၊ ဇာတိမရဏ ဂါမိနော။

(ဣတိပုတ်ပါဠိတော်)

ကာမယောဂေန၊ ကာမဂုဏ်၌ ခုံမင်တပ်မက် လောဘထုက်သည့် ယောဂအချက်ဖြင့်ဂုင်း။ ဘဝယောဂေန၊ ဘဝဘဝါ အဖြာဖြာ၌ လွန်စွာ တပ်မက် လောဘထုက်သည့် ယောဂအချက်ဖြင့်ဂုင်း။ ဥဘယံ=ဥဘယေဟိ၊ ယောဂနှစ်ဖုံ အလုံးစုံဖြင့် ဖုံဖုံသိုင်းဖက် နှောင်ဖွဲ့ချက်ကြောင့်။ သတ္တာ၊ ရုပ်နာမ်နှစ်ဖြာ မမြင်ပါဘဲ ငါစွဲသူစွဲ အယူလွဲ၍ ပူကန့်နေရှာ သတ္တဝါတို့သည်။ သံသာရေ၊ အစမထင် ဆုံးမမြင်အောင် သံခေါင်ဝေးလှ သံသာ၌၌။ ဇာတိမရဏာဂါမိနော၊ မွေးသေမွေးသေ ဆွေးမပြေဘဲ လေးတွေ့အဏ္ဏဝါ သံသရာ၌သာလျှင်။ ဂစ္ဆန္တိ၊ ကာမဂုဏ်အမျှင်မပြတ်သဖြင့် ဓမ္မာရုံမဝင်လာတ်ထာမို့ မပြတ်မွေးမပြတ်သေ တွေးလေတွေးလေ ဆွေးမပြတဲ့ ဘဝဟာမို့ သြော် ဘေးတွေ့၍ နေကြလေကုန်သတည်း။

ဆောင်ပုဒ်။ ။ကာမယောဂ နှောင်ကြလေသည်၊
ဘဝအစဲ့ ခိုင်မြဲဖွဲ့ချည်။
အိုကြနာကြ သေကြလေသည်၊
မလွတ်ဘဲ ဝဋ်ထဲတလည်လည်။

၉၆။ မဟဋ္ဌရတနာ

ဒန္တော ဒမယတံ သေဋ္ဌော၊ သန္တော သမယတံ ဣသိ။
မုတ္တော မောစယတံ အဂ္ဂေါ၊ တိဏ္ဏော တိဏ္ဏယတံ ဝရော။

(ဣတိဝုတ်ပါဠိတော်)

ဒမယတံ၊ ကိုယ်နှုတ်စိတ်အား ယဉ်ကျေးသောသူ နတ်လူအပေါင်းတို့တွင်။ ဘဂဝါ၊ ငါတို့ဦးတင် ကြည်လင်မြတ်နိုး ကိုးစားမှီရာ ဒို့ဆရာသခင် ဘုရားရှင်သည်။ သေဋ္ဌော၊ ဘယ်သူယှဉ်ပြိုင် အနိုင်ယူလတ် အလွန်မြတ်သော။ ဒန္တော၊ ယဉ်ယဉ်ကျေးကျေး ပေ့ါပေ့ါဖြူဖြူ အေးအေးလူလူ တဆူအထွဋ် ပုဂ္ဂိုလ်မြတ်မည်လှပါပေ၏။ သမယတံ၊ ကိုလသာဟူ

အပူခပ်သိမ်း အကယ်လိမ်းရ၍ အေးငြိမ်းသောသူ နတ်လူအပေါင်းတို့တွင်၊
ဤသို၊ ငါတို့ဦးတင် ကြည်လင်မြတ်နိုး ကိုးစားမှီရာ ဒို့ဆရာသည်၊
သေဋ္ဌော၊ ဘယ်သူယှဉ်ပြိုင် အနိုင်ယူလတ် အလှန်မြတ်သော။ သန္တော
ငြိမ်သက်ဖွေးဖြူ အေးအေးလူသည့် တဆူအထွဋ်ဌ ပုဂ္ဂိုလ်မြတ်မည်ပါ၏
၏။ မောစယတံ၊ ကိလေသာနှောင်ဝင့် ညှတ်မှလွတ်သူ နတ်လူအပေါင်
တို့တွင်။ဘဂဝါ၊ငါတို့ဦးတင် ကြည်လင်မြတ်နိုး ကိုးစားမှီရာ ဒို့ဆရာသည်၊
အင်္ဂါ၊ တဆူအတွဋ်ဌ သူသာလျှင်အမြတ်ဆုံးဟု ဆိုအပ်သော။ မုတ္တော
လွတ်မြောက်ပြီးသူ နတ်လူပရမေ မြတ်စိန္တေမည်ပါပေ၏။ တိဏ္ဏယတံ
သံသာဝင့်နှောင် ကိလေသာဘောင်မှ လွတ်အောင်ကူးမြောက် ဘက်ကမ်
ရောက်ပြီးသူ နတ်လူအပေါင်းတို့တွင်။ ဝရော၊ အထွဋ်ဆုံးအမြတ်ဆုံးဖြစ်
သော။ တိဏ္ဏော၊ ကူးမြောက်ပြီးသူ တဆူထွဋ်ဌထား မြတ်ဘုရားမည်ပ
ပေ၏။ အဂ္ဂ၊ အထွဋ်အထွဋ် မြတ်ထက်မြတ်သည် တမှတ်ခေါင်ဖျာ
ရှင်တော်မြတ်ဘုရား။ တေ၊ ရှင်တော်မြတ်ဘုရားအား။ မေ၊ မြတ်ထက်
မြတ်ရာ လိုလားပါသဖြင့် အမတာနိဗ္ဗာန် ရောက်ရန်ကောင်းမှု အစုစုကို
ယခုပြုလုပ် အကျွန်ုပ်၏။ နမော၊ဦးနှိမ်မာန်လျှော့ ယခုလိုကန်တော့လိုက်
ရခြင်းသည်။ အတ္ထု၊ ရှင်တော်.ဘုန်းဂုဏ် ကိုယ်လုံးခြုံ၍ မာန်ဟုန်ကင်း
ဝေး ရန်မျိုးစုံ အဖုံဖုံအေးဆေးလိုမို့ မနှေးလျင်စွာ ဖြစ်တော်မူပါ၏
သတည်းဘုရား။

၉၇။ အာရုံထဲ တစ်စုံ

ဆသု လောကေ သမုပ္ပန္နော၊ ဆသု ကုဗ္ဗတိ သန္ထဝံ။
ဆန္နမေဝ ဥပ'ဒါဒါယ၊ ဆသု လောကော ဝိဟညတိ။
(ခုဒ္ဒကပါဌ၊ပါဠိတော် ဟေမဝတသုတ်)

လောကော၊ အန္ဓဗာလ ဘာမျှမသိ မိုက်တိမိုက်မှား ပုထုဇဉ်လောက
သားသည်။ ဆသု၊ ရူပ, သဒ္ဒ, ဂန္ဓ, ရသ, ဖောဋ္ဌဗ္ဗနှင့် ဓမ္မပေါင်းဆုံ
၆-အာရုံ၌။ သမုပ္ပန္နော၊ တဖြစ်တည်းဖြစ် တနစ်တည်းနစ် တရစ်တည်းရစ်
တဝဲတည်းဝဲ တလည်တည်းလည် အတည်တည် အထပ်ထပ် ရစ်ပတ်ဖြစ်
ပွားရ၍ နေလေ၏။ ဆသု၊ ပ၊ ၆-အာရုံတို့၌။ သန္ထဝံ၊ ပေါင်းဖော်ယှဉ်တွဲ
မှီဝဲခြင်းကို။ ဝါ၊ ဘယ်ကိုသွားသွား ၆-ပါးအာရုံ ကာမဂုဏ်မှ ဖဲခွာ

မသွား ဤ ၆-ပါးဌ် ဆပ္ပားဖုံဖုံ တလုံလဲလဲ မှိုဝဲဆက်ဆံ၍ နေလေ၏။ ဆန္နမေဝ၊ ပ၊ ၆-ပါးအာရုံ ကာမဂုဏ်ကိုသာလျှင်။ ဥပါဒါယ၊ ဖားကို မြွေငန်း မြစ်စာဖမ်းသို့ အရမ်းအကဲ အလွန်ခဲ၍သာလျှင်။ လောကော၊ ပ၊ သည်။ ဆသု၊ အာရုံ ၆-ပါး ကာမဂုဏ်တရားဌ်။ ဝိဟညတိ၊ တပင်ပမ်းပမ်း တန္ခမ်းဟိုက်ဟိုက် တရှိုက်ငင်ငင် အလွန်လျှင်နမ်းမဲ့လျက် ဆင်းရဲကာသာ နေရရှာလေသတည်း။

၉၈။ တဉီးတည်းသား ပမာ

ယထာပိ ကေပုတ္တာသ္မိံ၊ ပိယသ္မိံ ကုသလီ သိယာ။
ဧဝံ သဗ္ဗေသု ပါဏေသု၊ သဗ္ဗတ္ထ ကုသလော သိယာ။

(သေပါကထေရ်)

ပိယသ္မိံ၊ အသားကိုဖောက် အရိုးထောက်အောင် မြားမြောက်ခင်မင် ချစ်ကြိုးငင်အပ်သော။ ကေပုတ္တာသ္မိံ၊ကြင်နာဆပ္ပား တယောက်တည်းသော သားငယ်ဌ်။ ကုသလီ၊ ပြုစုဘိုအရေး မြွေဘွဲးဆကာ လိမ္မာရာသကဲ့သို့။ ဧဝံတထာ၊ ပမာန္ဒိုင်းယူထို့အတူသာလျှင်။ သဗ္ဗေသု၊ ရှိသမျှဉဿုံ အလုံးစုံသော။ ပါဏေသု၊ သတ္တဝါတို့ဌ်။ ကုသလော၊ မေတ္တာတရား ပွားများခြင်းရာ တတ်လိမ္မာသည်။ သိယာ၊ ကောင်းစွာမသွေ ဖြစ်ရာလေ၏။

၉၉။ အကုသလဝိတက် ပရှိ

ယတော အဟံ ပဗ္ဗဇိတော၊ အဂါရသ္မာ အနဂါရိယံ။
နာဘိဇာနာမိ သက်ပ္ပံ၊ အနရိယံ ဒေါသ သံဟိတံ။

(သဉ္စယမထေရ်)

အဟံ၊ သဉ္စယ-ဟု နာမ မှည့်ခေါ် တပည့်တော်သည်။ ယတော၊ ရဟန်းပြုရာကာလ အကြင်သမယမှစ၍။ အဂါရသ္မာ၊ အိမ်ရာတည်ထောင် လူတို့ဘောင်မှ။ အနဂါရိယံ၊ အိမ်ရာမထောင် ရဟန်းဘောင်ဌ်။ ပဗ္ဗဇိတော၊ ဖန်ဝါတင်လှမ်း အကျင့်ခန်းဝယ် ရဟန်းပြုခဲ့လေ၏။ တတော၊ ထိုအခါမှ။ ပဋ္ဌာယ၊ စ၍။ အနရိယံ၊ အကုသိုလ် အညစ်အကြေး ကင်းဝေးဖြူစင်ချေးမတင်သော။ ဒေါသ-သံဟိတံ၊ တစုံတရာ ပြစ်ဒေါသနှင့် ယှဉ်သော။

သက်ပ်ံ၊ ကာမဗျာပါဝိဟိ သာဟု ၃-ဖြာထွေလျက် အကုသိုလ်ဝိတက်ကို။ နာဘိဇာနာမိ၊ ကြံစည်မိ၏ဟု တစိုးတစိမျှ မသိရှိ မအောက်မေ့ မိတော့ပေ။။

၁၀၀။ သီလပညာ အရင်းသာ

သီလမေဝ ဣဓ မဂ်ံ၊ ပညဝါ ပန ဥတ္တမော။
မနုဿေသု စ ဒေဝေသု၊ သီလပညာနဇော တယံ။

(ပုဏ္ဏာထေရ်)

ဣဓ၊ ဗုဒ္ဓမြတ်စွာ သာသနာကြီး တန်ဆောင်မိုးသို့ ထိန်ညိုးထွန်းပ ဤလောက၌။ သီလမေဝ၊ သီလသည်သာလျှင်။ မဂ်ံ၊ နိဗ္ဗာန်တံခါး သွားရာ အစ ပထမ-လမ်းမည်ပါပေ၏။ ပညဝါပန၊ ပညာဟူသည်ကား။ ဥတ္တမော၊ တဆင့်တက်၍ မြင့်မြတ်သည့်တာ ဥစ္စာရတနာမည်၏။ မနုဿေသုစ၊ လူ့ပြည်ရှာန လူ့လောကတို့၌ဌင်း။ ဒေဝေသုစ၊ နတ်ပြည်ရှာန နတ်လောကတို့၌ဌင်း။ သီလပညာနံ၊ သီလ-ပညာ ဤနှစ်ပါးသောရတနာတို့၏သာလျှင်။ ဇောတယံ ဇောတယန္တိ၊ အမှောင်ပယ်ခွင်း အလင်းကိုဆောင် တပြောင်ပြောင်နှင့် တောက်လောင်ခမန်း ထွန်းလင်းတောက်ပ လေကုန်သတည်း။

၁၀၁။ သူမျှားမာန ရှိပေကလည်း ကိုယ်ကမရှိရာ

ဥပ္ပတန္တေသု နိပတေ၊ နိပတန္တေသု ဥပ္ပတေ။
ဝသေ အဝသမာနေသု၊ ရမမာနေသု နော ရမေ။

(ပိုယံဇာထေရ်)

ဥပ္ပတန္တေသု၊ မာနတက်ချန် တိမ်တံခွန်သို့ တပုံပုံလွှင့် အဆင့်ဆင့်တက်ကြွ လူ့အန္ဓ လူ့ဗာလတို့အလယ်၌။ ပတ်ကိုတော၊ ဝိပဿနာ ပညာမျက်စိနှံ့သိကျော်ထင် သူတော်စင်သည်။ နိပတေ၊ ဂါရဝေါစ နိဝါတဖြင့် မာနချကာ နေထိုင်ကျင့်ကြံရာ၏။ နိပတန္တေသု၊ စိတ်ဓာတ်ကျဆင်း တပျင်းရိရိတုံးတိတိနေကုန်သော သူတို့အလယ်၌။ ဥပ္ပတေ၊ စိတ်ဓာတ်တက်ကြွ ဝီရိယဖြင့် နေ့ညမကွေ နေထိုင်ကျင့်သုံးရာ၏။ အဝသမာနေသု၊ တရားအာကျင့်

အသင့်နှလုံး မကျင့်သုံးသော သူတို့အလယ်၌။ ဝသေ၊ တရားအကျင့် အသင့်နှလုံး ကျင့်သုံးကာသာ နေထိုင်ရာ၏။ ရမ-မာနေသု၊ ကာမဂုဏ်ဟူ အာရုံဓလေ့ အစုံမှေ့ကာ ပျော်မွေ့နေရှာကြကုန်သော သူတို့အလယ်၌။ နောရှမေ၊ ကာမဂုဏ်ဓလေ့ ပျော်မမွေ့ဘဲ ဓလေ့ဘာသာ တရားရှာ လျက် နေ့ညမကွာ ပျော်မွေ့လျက်သာ နေရာသတည်း။

၁၀၂။ အိပ်နေလျှင် ဘယ်တော့ဒုက္ခ လွတ်မှာလဲ
သဗ္ဗရတ္တိ သုပိတွာန၊ ဒိဝါသင်္ကိကာရတော။
ကုဒါဿု နာမ ဒုမ္မေဓော၊ ဒုက္ခာဿန္တံ ကရိဿတိ။
(နိဒ်ထေရ်)

သဗ္ဗရတ္တိ၊ တည်ဥပတ်လုံး။ သုပိတွာန၊ တခေါခေါနှင့် အိပ်မောတွေ တွေ့ ကျကာနေပြီးနောက်။ ဒိဝါ၊ နေ့လယ်နေ့ခင်း အလင်းကာလ သမယ ကျပြန်တော့။ သင်္ကိကာရတော၊ အပေါင်းအသင်း စကားတင်းပြော ရောနှော ပျော်မွေ့လေ့ရှိပြန်၏။သောဒုမ္မေဓော၊ ထိုသို့သာလျှင် ပညာမဲ့ ကင်း ရဟန်းဖျင်းသည်။ ကုဒါဿုနာမ၊ ဘယ်ခါကာလ ဘယ်သမယကျမှ။ ဒုက္ခဿန္တံ၊ ဒုက္ခကင်းငြိမ်း ဝင်္ဂီသာတ်သိမ်းကို။ ကရိဿတိ၊ ပြုနိုင်မည်နည်း၊ ဝါ၊ ကရိဿတိ၊ အဖျင်းကလဲထူ အအိပ်ကလဲကြီး စကားပြောကလဲသန် လေကန်ကာ အပေါင်းအဖော်နှင့် မွေ့သူမို့ ဓဝဖန်စရာအကြောင်း ချော်လို့လဲ မတွေ့ပြီဘူး ဓလေ့ဘာသာ ဇကစာကို မေ့သော်ကြောင့် သြော် ဘယ်တက္ကဲ့မှာမှ တရားနှင့် မတွေ့နိုင်လေတော့သတည်း။

၁၀၃။ ခြရာပျောက်ဂါထာ
ယဿာ' သဂါ ပရိက္ခီဏာ၊ အာဟာရေ စ အနိဿိတော။
သုညတော အနိမိတ္တော စ၊ ဝိမောက္ခော ယဿ ဂေါစရော။
အာကာသေဝ သကုန္တာနံ၊ ပဒံ တဿ ဒုရန္နယံ။
(ဝိဇယထေရ်)

ယဿ၊ အကြင်ရဟန္တာပုဂ္ဂိုလ်အား။ အာသဝါ၊ လေးပါးသော အာသဝ တရားတို့သည်။ ပရိက္ခီဏာ၊ မဂ်ဖြင့်ပယ်သတ် ဇာတ်မျှမတင် ဖြို့စင်

သန့်ရှင်း လုံးလုံးကင်းပြီးလေပြီ။ အာဟာရေစ၊ အာဟာရကို အမှူးပြု၍ လေးဦးသောအကြောင်းတရားတို့၌။ အနိဿိတာ၊ တဏှာဒိဋ္ဌိ ကပ်ငြိမသွေ့ မတည်နေတော့ပြီ၊ ဝါ၊ အာဟာရေစ၊ ဘဝဖြစ်ရန် အကြောင်းခံဟု ကမ်းအမှု၌။ အနိဿိတော၊ မစွဲမတည် မကပ်မိုတော့ပေ။ ယဿ၊ အကြင် ရဟန္တာပုဂ္ဂိုလ်၏။ ဧဂါစရော၊ ကျက်စားဘွယ်ရာ အာရုံသည်ကား။ သုညတော၀စ၊ ရာဂစသား ကိလေသာတရားတို့၏ မရှိကင်းပြတ်ခြင်းကြောင့် သုညတမည်သော နိဗ္ဗာန်သည်ဌင်း။ အနိမိတ္တောစ၊ ရာဂစသား နိမိတ်အစားစားတို့ ထင်ရှားတစိ ပြဘွယ်မရှိသော နိဗ္ဗာန်သည်ဌင်း။ ဝိမောက္ခောစ၊ ရာဂစသား ကိလေသာများမှ လွတ်မြောက်သောကြောင့် ဝိမောက္ခမည်သော နိဗ္ဗာန်သည်ဌင်း။ ဧဂါစရော၊ ကျက်စားဖွယ်ရာ အာရုံသည်။ ဟောတိ၊ ဖြစ်၏။ တဿ၊ ပြဆိုခဲ့ပြီး အသီးသီးပေါင်းဆုံ ဂုဏ်နှင့် ပြည့်စုံသော။ တဿ၊ ထိုရဟန္တာအရှင်မြတ်၏။ ပဒံ၊ ခြေရာသည်။ အာကာသေ၊ ဟင်းလင်းအပြင် အဇ္ဈာခွင်ထက်ကောင်းကင်၌။ သကုန္တာနံ၊ မြူးပျော်ပျံသွားကျေးငှက်များ၏။ ပဒံ၀၊ ခြေရာကဲ့သို့၊ ဝါ၊ ကောင်းကင်ပျံသွား ငှက်များခြေရာ ဤသည်မှာဟု သေချာတစိ ပြဘွယ်မရှိသကဲ့သို့။ ဒုရန္နယံ၊ ပရိနိဗ္ဗာန် စင်စံပြီးနောက် ခြေရာပျောက်ကာ ဘယ်နေရာမှ ရှာမရဘဲ ဖြစ်လေတော့သတည်း။

၁၀၄။ သတ္တဝါတွေက ဒုက္ခကိုမှ လိုချင်သည်

ဒုက္ခကာမာ ဧရက၊ နာ သုခကာမာ ဧရက၊
ယော ကာမေ ကာမယတိ၊
ဒုက္ခံ သော ကာမယတိ ဧရက၊
ယော ကာမေ နာ ကာမယတိ၊
ဒုက္ခံ သော နာ ကာမယတိ ဧရက။

(ဧရကမထေရ်)

ကေရ၊ ချစ်သား ဧရက။ သတ္တာ၊ သတ္တဝါတို့သည်။ ဒုက္ခကာမာ၊ ချမ်းသာကိုပင် လိုအင်ဆန္ဒ ရှိနေကြသည် ဆိုသော်လည်း စင်စစ်ကောန် အမှန်ကမူ အပူဒုက္ခကိုပင် လိုအင်ဆန္ဒ ပြင်းပြလှကုန်၏။ ဧရက၊ ချစ်သား ဧရက။ သတ္တာ၊ သတ္တဝါတို့သည်။ နာသုခကာမာ၊ သုခချမ်းသာ အေးဆေးရာကို မှန်စွာမသွေ့ မလိုလားကြလေကုန်။

ယော၊ လူနတ်ဗြဟ္မာ ဘယ်သတ္တဝါမဟူ အကြင်သူသည်။ ကာမေ၊ ဝတ္ထု၂ကိုလ နှစ်ထွေနှစ်ဝ ငါးကာမတို့ကို။ ကာမယတိ၊ တတောင့်တတ လိုချင်လှပေ၏။ သော၊ ထိုသူသည်။ ဒုက္ခံ၊ လွန်စွာပြင်းကဲ ပူပန်ဆင်းရဲကို။ ကာမယတိ၊ လိုချင်ဆန္ဒ ပြင်းပြသည်မည်၏။ ယော၊ ပ၊ အကြင်သူသည်။ ကာမေ၊ ဝတ္ထု၂ကိုလေ နှစ်ထွေနှစ်ဝ ငါးကာမတို့ကို။ န ကာမယတိ၊ ပညာသဘော နစ်နာတွေးဆ ငါးကာမ၌ တောင့်တ အာသာတဏှာဆန္ဒ ကင်းစင်ပ၍ အနည်းငယ်မျှ အလိုမရှိပေ။ ရေက၊ ချစ်သား ရေက။ သော၊ ထိုသူသည်။ ဒုက္ခံ၊ လွန်စွာပြင်းကဲ ပူပန်ဆင်းရဲကို။ နကာမယတိ၊ အလိုရှိသည် မမည်ပေ။ ဝါ၊ ကာမတဏှာ ကင်းလွတ်ကွာသဖြင့် နောက်မှာထက်ချပ် ဆက်စပ်ပါလာ ဝဋ်ဒုက္ခာလည်း မှန်စွာမသွေ ကြုံမ်းအေးလေတော့သတည်း။

၁၀၅။ လူယုတ်နှင့် ဘယ်လိုမှ မပေါင်းနိုင်

အန္ဓောဟံ ဟတနေတ္တောသ္မိ၊ ကန္တာရဒ္ဓါန ပက္ခန္ဒော။
သယမာနောပိ ဂစ္ဆိဿံ၊ န သဟာယေန ပါပေန။

(စက္ခုပါလမထေရ်)

အဟံ၊ စက္ခုပါလ နာမတ္တင်မည် ငါမထေရ်သည်။ အန္ဓော၊ မျက်စိနှစ်ဖက် ပျက်လျက်မှောင်သန်း စုံလုံးကန်းသည်။ ဟတနေတ္တော၊ ပျက်စီးပြီးသော မျက်စိရှိသည်။ အသ္မိ၊ အကြောင်းရင်းခံ ရှေးရှေးကံကြောင့် ဝဋ်ပြန်လည်ခါ ဖြစ်ရရှာပါ၏။ ကန္တာရဒ္ဓါနပက္ခန္ဒော၊ မျက်စိနှစ်ခန်း စုံလုံးကန် လျက် ကြမ်းဘမ်လှစွာ မြို့ငှက်ကို ခုခါမနား ခရီးသွား လျက် နေရပါ၏။ တထာပိ၊ ထိုသို့လျှင် မျက်စိကကန်း ခရီးကြမ်းဝယ် မဘန်မစွမ်း ခရီးလှမ်းနေရပါသော်လည်း။ ပါပေန၊ ယုတ်မာလှသော သဟာယေန၊ အဖော်နှင့်ကား။ နဂစ္ဆိဿံ၊ ဘယ်လိုနည်းနှင့်မျှ ခရီးယှဉ်ကာ သွားလာလိုမည် မဟုတ်ပေ။ သယမာနောပိ၊ လမ်းခုလတ်တွင် ပဿဂ်လျှင် မတ်တပ်ရပ်ကာ လဲအိပ်ကာဖြင့် နေလျှင်သာနေရမည်၊ သားမိယ်ရတွာန် အစားဝံ၌ သေလျှင်သာ သေရမည်၊ လူယုတ်မာကို တော့ ဘယ်သောအခါမျှ ခရီးသွားဖော် ကအားနော်ဟု ပေါင်းဖက်ပြုလိမ့်မည် မဟုတ်တော့သည်သာလျှင်တည်း။

၁၀၆။ ရွှေခွက်စွန့်၍ မြေခွက်နှင့် အဘိသိက် သွန်းသူ

ဟိတ္ထာ သတပလံ ကံသံ၊ သောဝဏ္ဏံ သတရာဇိကံ။
အဂ္ဂဟီ မတ္တိကာပတ္တံ၊ ဣဒံ ဒုတိယာ ဘိသေစနံ။
(တိဿထေရာပဒါန်)

အဟံ၊ ရှင်ဘုရင်ဘဝကိုစွန့်၍ လာခဲ့သော တိဿမည်တွင် ဂါထေရ် အရှင်သည်။ သတပလံ၊ ပိုလ်ချိန်တရာ လေးလံစွာထသော။ သောဝဏ္ဏံ၊ ဇမ္မူရောင်ရွှေစင် ရောင်ရှင်အိအိ ရှေအတိုပြီးသော။ သတရာဇိကံ၊ အရေး အသား ပန်းနွယ်များဖြင့် ဆန်းပြားထွေလာ အရေးအကြောင်းတရာရှိ သော။ ကံသံ၊ မင်းတို့သုံးရိုး အဘိုးမပြတ် လွန်မြင့်မြတ်သည့် ရွှေခွက်ကို။ ဟိတ္ထာ၊ နဲနဲမျှမနှမြောဘဲ ပြတ်ပြတ်စဲစဲကြီးစွန့်လွှတ်လျက်သာလျှင်။ မတ္တိကာပတ္တံ၊ လူများတကာ ယူစရာမမက် မြေအိုးခွက်ကို။ အဂ္ဂဟီ၊ မြတ်မြတ် နိုးနိုးယုံကြည်ကိုးလျက် နှစ်နှစ်သက်သက်ကြီး ကိုင်စွဲလေပြီ။ ဣဒံ၊ ရွှေခွက် ကိုစွန့်လျက် မြေခွက်ကိုကိုင်စွဲလိုက်ခြင်းသည်။ ဒုတိယာဘိ သေစနံ၊ မင်း ဘိသိက်မြောက် ဆကာထောက်သော် ၂-ကြိမ်မြောက် အဘိသိက်သွန်း လိုက်ခြင်းဖြစ်ပါပေသတည်း။

၁၀၇။ ဝိမုတ္တိပန်း ဆင်မြန်းသူ

သမ္မပ္ပဓာန သမ္ပန္နော၊ သတိပဋ္ဌာနဂေါစရော။
ဝိမုတ္တိ ကုသုမ သဉ္ဆန္နော၊ ပရိနိဗ္ဗာယိဿတျနာသဝေါ။
(ဒေဝသကထေရာပဒါန်)

သမ္မပ္ပဓာန သမ္ပန္နော၊ လုံ့လပြင်းထန် သမ္မပ္ပဓာန်နှင့် ပြည့်စုံသည်ဖြစ်၍။ သတိပဋ္ဌာနဂေါစရော၊ သတိပဋ္ဌာန်လေးပါး အာရုံအားလျှင် ကျက်စားစရာရှိသည်ဖြစ်၍။ ဝိမုတ္တိကုသုမသဉ္ဆန္နော၊ ဝိမုတ္တိသုခ တုမရသည် ပန်းသကမည်။ ပန်ဆင်တော်မူလျက်။ အနာသဝေါ၊ အာသဝေါကင်းကွာ ရဟန္တာအဖြစ်ဖြင့်။ ပရိနိဗ္ဗာယိဿတိ၊ ကိလေသာဝန် ခန္ဓာဝန်ကို ပစ်သွန်ပယ်ချ မြတ်သုခဖြင့် မုချမသေ ငြိမ်းအေးရလေတော့သတည်း။

၁၀၈။ တောတောင်တဝှမ်း အလွှမ်းပြေ

အစ္ဆောဒိကာ ပုထုသိလာ၊ ဂေါနင်္ဂုလမိဂါယုတာ။
အမ္ဘုသေဝါလသဉ္ဆန္နာ၊ တေ သေလာ ရမယန္တိ မံ။
(ဝနဝစ္ဆထေရာပဒါန်)

အဇ္ဈောဒိကာ၊ သျှိုမြောင်ချိုင့်ဝှမ်း စိမ့်စမ်းသွယ်ကာ စီးကျလာသား ဓမ္မတာသဘာဝ မြေကြည်လင် စင်ကြယ်သော ရေပြင်လည်းရှိထသော။ ပုထုသိလာ၊ မြင့်မြင့်ချွန်ချွန် တောင်ကြီးဟန်ဒယ် အသွယ်သွယ် အမြောင်မြောင် ကျောက်ဆောင်ကြီးများလည်းရှိထသော။ ဂေါနင်္ဂုလမိဂါယုတာ၊ ဘပင်မှတပင် မြူးရှင်ခုန်ကူး အထူးအဆန်းဝမ်းပမ်းရှိုက်ဖို့ တောမျောက်ညိုတို့နှင့်လည်း ရောပြွမ်းထသော။ အမျှသေဝါလသဉ္ဇန္နာ၊ စိမ်းညို့ဝေကာ မြကမွလာအလား ရေမှော် များဖြင့်လည်း ဖုံးအုပ်ထားအပ်သော။ တသေလာ၊ အနိမ့်အမြင့် ဆင့်ကာဆင့်ကာ လှိုင်းအိပမာသို့ လူးလာယှက်သန်း တောင်စဉ်တောင်ဝှမ်းတို့သည်။ မံ၊ ကာမဂုဏ်ဓလေ့ မပျော်မွေ့ဘဲ ဝေါလေ့ဘာသာ အရညာစခန်း သစ်ခက်နန်းဌာ စိတ်ပမ်းဖြေရှင် ဂါထေရ်ရှင်ကို၊ ရမယန္တီ၊ ပျင်းရိမပေါ် စိတ်လက်ပျော်အောင် ဖြေဖျော်ကြလေကုန်သတည်း။

၁၀၉။ တောရိပ်ပိုကာ ပျော်စမ်းပါ

ပဝိဝိတ္တော အသံသဒ္ဒေါ၊ ပန္တ သေနာသနေ ရတော။
အာရာဓယန္တော နာထဿ၊ ဝနဝါသေန မာနသံ။
ဧကော အရညေ နိဝသံ၊ ယံ သုခံ လဘတေ ယတိ။
ရသံ တဿ နဝိန္ဒန္တိ၊ အပိဒေဝါ သက္ကဒ္ဓကာ။
ပံသုကူလဉ္စ ဧသော၀၊ ကဝစံ ဝိယ ဓာရယံ။
အရညသင်္ကါမဂတော၊ အဝဿသ စုတာယုတော။
သမတ္တော နစိရဿေဝ၊ ဧတံ မာရံ သဝါဟနိံ။
တသ္မာ အရညဝါသမှိ၊ ရတိံ ကယိရာထ ပဏ္ဍိတော။

(ဝိသုဒ္ဓိမဂ္ဂဋ္ဌကထာ)

ပဝိဝိတ္တော၊ လူသံသူသံ ဆူညံမရှိ ပကာ်ကြိမ်းအေးသည်။ အသံသဒ္ဒေါ၊ လူသူရောဘက် မထွေးယှက်သည်။ပန္တသေနာသနေရတော၊ အစွန်အဖျား အနားကျသော ကျောင်းဌာမွေ့လျော်သည်။ ဟုတ္တာ၊ ဖြစ်၍။ နာထဿ၊ လူသုံးပါးတို့၏ အထွဋ်အထား မြတ်စွာဘုရား၏။ မာနသံ၊ စိတ်တော်ကို။ ဝနဝါသေန၊ တောအုပ်မှိတင်းနေထိုင်ခြင်းဖြင့်။ အာရာဓယန္တော၊ တရားသဘော လိုက်လျောပျော်ပိုက် နှစ်ခြိုက်စေလျက်။ဧကော၊ အဖော်မမှီး တကိုယ်တည်းသာလျှင်။အရညေ၊ တော၌။ နိဝသံ နိဝသန္တော၊

ကမ္မဋ္ဌာန်းနှလုံး စွဲသုံးကြိမ်ခိုင် နေထိုင်သည်ဖြစ်၍။ ယုံသုခံ၊ အကြင်ဓမ္မရသ ချမ်းသာသုခကို။ ယတိ၊ ဣန္ဒြေခြောက်ပါး ခြောက်တံခါးကို ပိတ်ထား စေ့စပ် ရဟန်းမြတ်သည်။ လဘတေ၊ ကောင်းစွာပိုင်ပိုင် ရရှိနိုင်၏။ တံရသံ၊ ဓမ္မပီတိ ဆီထိသည့်ဂမ်း အေးချမ်းပေစ့ ထိုသုခကို။ သဣန္ဒကာ၊ နတ်ပြည်ခြောက်ထပ် လွှမ်းပတ်စိုးအုပ် အကြီးအချုပ်ပြုလုပ်ရသော။ ဒေဝါအပို၊ သိကြားဒေဝါ နတ်ပြဟ္မာတို့သော်မှလည်း။ နဝိန္ဒန္တိ၊ ရနိုင်ရန် ကား အသာထား၍ အနားသို့ပင် မသီမကပ်နိုင်ကြလေကုန်။

သောဘိက္ခု၊ တောရိပ်မိုခို ကြည်ညိုဆည်းကပ် ထိုရဟန်းမြတ်သည်။ ပံသုကူလဋ္ဌ၊ မြေမှုန်ထပ်ထပ် လိမ်းကပ်သည့် သင်္ကန်းကို။ ကဝစံဝိယ၊ ချပ်ဝတ်တန်ဆာ ဒဋ္ဌါဒရာကဲ့သို့၊ ခေရယံ-ခေရယန္တော၊ နှစ်နှစ်ခြိုက်ခြိုက် သိမ်းပိုက်ကြင်ကာ ဝတ်ဆင်လာ၍။ အရညသင်္ကါမဂတော၊ ကိလေသာရန် တွန်းလှန်ဖြိုခွင်း စစ်အင်ကျင်းရာ စစ်မြေတာဌ်။ အဝသေသမုတယုတော၊ ကြင်းကျန်သေးသော ခုတင်တို့ကိုလည်းဆောင်လျက်။ နစိရသော၊ မကြာမြင့်မီ သာလျှင်။ သဝါဟနိ၊ တထောင့်ငါးရာ ခြံရုံပါသော ကိလေသာဟူ ရန်သူစစ်သည် ဝန်းပတ်လည်သော။ မာရံ၊ အဟုန်ထန်ပြင်း မာရ်နတ်မင်းကို။ ဇေတုံ၊ အောင်တပ်ခင်း၍ ချက်ချင်းမသွေ အောင်နိုင် စေခြင်းငှာ။ သမတ္ထော၊ ကောင်းစွာပိုင်ပိုင် ဆောင်စွမ်းနိုင်ပေသတည်း။

၁၁၀။ ဆဲရာဂုဏ်အင်္ဂါ

ပိယော ဂရု ဘာဝနိယော၊ ဝတ္တာ စ ဝစနက္ခမော။
ဂမ္ဘီရဉ္စ ကထံ ကတ္တာ၊ နော စ ဋ္ဌာနေ နိယောဇကော။
(ဝိသုဒ္ဓိမဂ္ဂဋ္ဌကထာ)

အာစရိယဿ၊ ကမ္မဋ္ဌာန်းဆရာ၏။ ဣစ္ဆိတဗ္ဗာနိ၊ အလိုရှိအပ် ကောင်းမြတ်ခြင်းရာ လက္ခဏာတို့သည်ကား-

၁။ ပိယောစ၊ တပည့်အမျှားက ချစ်အပ်သော ဂုဏ်နှင့် ပြည့်စုံရခြင်းကလည်း တပါး။

၂။ ဂရုဘာဝနီယောစ၊ လေးစားအပ်သော ဂုဏ်နှင့်ပြည့်စုံရခြင်းကလည်း တပါး။

၃။ ဝတ္တာစ၊ ဆိုသင့်ဆိုရန် စကားမှန်ကလည်း တပည့်အမျှား လက်ခံအောင် လိုက်နာအောင် ပြောဆိုတတ်သော ဂုဏ်နှင့် ပြည့်စုံရခြင်းကလည်း တပါး။

၄။ ဝစနက္ကမော၊ ပြောဆိုဆုံးမခြင်းငှာ ခံ့ခြင်း၊ ဝါ၊ ပြောဆိုဆုံးမရန်ရှိက အသင့်ဖြစ်ရခြင်းကလည်း တပါး။

၅။ ဂမ္ဘီရံ၊လေးနက်သော၊ ဝါ၊ အနှစ်သာရနှင့် ပြည့်စုံသော။ ကထံစ၊ စကားကိုလည်း။ ကတ္တာ၊ ပြောဆိုတတ်ရခြင်းကလည်းတပါး။

၆။ အဋ္ဌာနေ၊ မသင့်မတော်သော အရာ၌ဝနဒ္ဓ။ နောစ နိယောဇကော၊ မတိုက်တွန်းတတ်ခြင်းကလည်း အင်္ဂါတပါး။ ဣမာနိ ဆ၊ ဤ ၆-ပါးတို့တည်း။

၁၁၁။ ခြဖဝါးလက္ခဏာ

ရတ္တာသ ဟိ ဥက္ကုဋိကံ် ပဒံ ဘဂဝ၊
ဒုဋ္ဌာသ ဟောတိ အနုကမ္ပိတံ် ပဒံ။
မူဠှာသ ဟောတိ သဟသာနုပိဋိတံ်၊
ဝိဝဋ္ဋစ္ဆဒသ ဣဒံ် မိဒိသံ် ပဒံ။

(ဓမ္မပဒ)

ရဏ္ဍာသ၊ ကာမဂုဏ်၌ တပ်မက်သောသူ၏။ ပဒံ၊ ခြေရာသည်။ ဥက္ကုဋိကံ်၊ ခြေဖျားထောက်၍နင်းသည်၊ ဝါ၊ ဖနောင့်ကို တအားဆောင့်၍ နင်းသည်။ ဟောတိ၊ ဖြစ်၏။ ဒုဋ္ဌာသ၊ ဒေါသစရိုက်ကြီးသောသူ၏။ ပဒံ၊ ခြေရာသည်။ အနုကမ္ပိတံ်၊ တန်းလန်းဆဲ့နေသည်။ ဟောတိ၊ ဖြစ်၏။ မူဠှာသ၊ မောဟကြီးသောသူ၏။ ပဒံ၊ ခြေရာသည်။ သဟသာနုပီဋိတံ်၊ မြေကြီး၌ တအား ဖိ၍ ချိုင့်ကြီးဖြစ်အောင် နက်ရှိုင်းနေသည်။ ဟောတိ၊ ဖြစ်၏။ ဝိဝဋ္ဋစ္ဆဒသ၊ ဝဋ်ဖြတ်သောသူ၏။ ပဒံ၊ ခြေရာသည်။ ဣဒံ်၊ ယခုမြင်ရသော ခြေရာနှင့် အလားနမူ မခြားတူသည်။ ဟောဘိ၊ ဖြစ်၏။

၁၁၂။ တောခွေးနှင့် ပေါက်ပင့်လို

ယထာပိ ပုပ္ပိတံ ဒိသွာ၊ သိင်္ဂါလော ကိံသုကံ ဝနေ။
မံသရုက္ခော မယာ လဒ္ဓေါ၊ ဣတိ ဂန္ဓာန ဝေဂသာ။
ပတိတံ ပတိတံ ပုပ္ဖံ၊ ဥသိဘ္ဘာ အတိလောလုပေါ။
နယိဒံ မံသံ အဒုံ မံသံ၊ ယံ ရုက္ခသ္မိံ တိဂဏှာဘိ။
ကောဋ္ဌာသံ ပတိတံ ဃောဝ၊ အသုဘန္တိ တထာ ဗုဓေါ။
အဂ္ဂဟေတွာန ဂဏှာယ္ယ၊ သရိဂဒ္ဓဠ်ဟံ် နံ တထာ။

(ဝိသုဒ္ဓိမဂ္ဂ)

သိဂ်ါလော၊ တောဝယ် ပျော်ပါး မပါးမနပ် ကျိုးကြောင်း စပ်လျက် သိတတ်ပညာ ပလာမဲ့ဝေး တောဋ္ဌမွေးသည့် တောမြေခွေးသည်။ ဝနေ၊ တောဋ္ဌ။ ပုပ္ပိတံ၊ ပွင့်၍နေသော။ ကိ သုကံ၊ နီနီရဲရဲ အသွေးတမူ အမဲသား တုံးနှင့်တူသော ပေါက်ပန်းကို။ ဒိသ္ဝာ၊ အဝေးကပင် ထင်ထင်ရှားရှား မြင်လေငြားသော်။ မယာ၊ ငါသည်။ မံသရုက္ခော၊ အမဲသားများ ဆဲလဲ့ ထားသည့် အသားပင်ကို။လဒ္ဓေါ၊ဖိုးကံကောင်းမို့ မတောင့်မတ မကြောင့် ကြအောင် ကံဆောင်ထောက်မ အရကြိုးရ အပူကြိုး ပွလေပြီ။ ဣတိ၊ ဤသို့။ ဝဝဂေန၊ အဟုန်ပြင်းစွာလျင်မြန်ကာဖြင့်။ ဂန္ဓွာ၊ တအားစိုက်ကာ သွားလိုက်ပါ၍။ ပတိတံ ပတိတံ၊ အညှာမခိုင် လေဆိုင်ဝှေ့ကာ ကြွေကျလာသော။ ပုပ္ပံ၊အရောင်နီမြန်း ပေါက်ပွင့်ပန်းကို။ အတိလောလုပ္ပေါ၊တပ်မက်တဏှာ ပြင်းကဲစွာဖြင့်။ ခုံသိတ္ဝာ၊ အပြေးကပ်သွား ပါးစပ်အားဖြင့် ဟပ်စားပြီးနောက်။ ဣဒံ၊ မြေသို့သက်ခ ကြွေကျလာသော ဤအရာသည်။ နမံသံ၊ တအားသဲ၍ ခဲစားစရာ အမဲသား မဟုတ်ပါသေးပေ။ ရုက္ခသို့၊ သစ်ပင်တခို ဟိုအထက်၌။ ယံ၊ မကြွေကျသေးဘဲ တွဲလဲ့ဆဲ့နေသော အရာသည်။ အတ္ထိ၊ ကြွေကျခါနီး အပြီးမသေ တည်နေပေ၏။အဒုံ၊ သစ်ပင်ပေါ်မှာ ဆဲ့တည်ပါသည့် နီတျောတျောရဲ ထိုအခဲသည်သာလျှင်။ မံသံ၊ အမဲသား စစ် သာတစ်ကောန် မှန်လှပါပေ၏။ ဣတိ၊ ဤသို့၊ ဂဏှတိ၊ အလဲ့အမှား အစဲ့များဖြင့် မှတ်သားမိရှာပေ၏။ ဧဝံတထာ၊ ဥပမာပုံအား တောခွေး အလားကဲ့သို့ မခြားနမူ အလားတူသာလျှင်။ ပုထုဇ္ဇနောပိ၊ ကိလေများဖြင့် ပုထုဇဉ်သည်လည်း။ ပတိတံယေဝ၊ ခန္ဓာကိုယ်မှ ပြုတ်ကြွေကျလာသည့် မစင်ကျင်ကြီး နှပ်အစီးစသည်တို့ကသာလျှင်။ အသုဘန္တိ၊ မတင့်မတယ် ရှုံစဘွယ်ဖြစ်၏။ သရီရဋ္ဌံ၊ ခန္ဓာကိုယ်နှင့် ဆက်စပ်မှီနေ ကောင်္ဘာသ အစု တွေကိုကား။ သုဘန္တိ၊ တင့်တယ်ဖွယ်ရာ ချစ်စရာဟု။ဂဏှတိ၊ အမြင်မှောက်မှား ဖောက်ပြားကာသာ ယူမိရှာ၏။ တထာ၊ ပုထုဇဉ်သား လူမိုက်သား အလို မခြားတမူ အလားတူစွာသာလျှင်။ ဇံခေါ၊ တွေးခေါ်မြော်မြင် ပညာရှင်သည်။ အဂ္ဂဟေတွာန၊ ကိုယ်ခန္ဓာမှ ပြုတ်ကွာကျလာ.ဆံကေသာ အစ နှပ်တံထွေးအဆုံး အကုန်လုံးသော ကောင်္ဘာသာကား-အသုဘ၊ ခန္ဓာကိုယ်တွင် မှိယှဉ်ဆက်စပ် ကပ်၍တည်နေ ကောင်္ဘာသတွေကား သုဘ-ဟူ၍ မမှန်မကန် အပြန်ပြန်လဲ့မှား မယူထားဘဲ။ သရီရဋ္ဌမို့၊ ခန္ဓာကိုယ်တွင် မှိယှဉ် ဆက်စပ် ကပ်၍တည်နေ ကောင်္ဘာသတွေလည်း ထိုနည်းဂုဏ်း အကြောင်း

ခထူး ရွေးဦးမဆွ အသုဘတွေပါတကား ဟူ၍။ ဂကျော်ယျ၊ ဉာဏ်မျက်စိဖြင့် ခစ့်စေ့ကြည့်ကာ ယူဆလေရာသတည်း။

ကျမံ ဟိ သုဘတော ကာယံ၊ ဂဟေတ္ဝာ တတ္ထ မုစ္ဆိတာ။
ဗာလာ ကရောန္တာ ပါပါနိ၊ ဒုက္ခာ နု ပရိမုစ္စရေ။
တသ္မာ ပဿေယျ မေဓာဝီ၊ ဇီဝဿ ဝါ မတဿ ဝါ။
သဘာဝံ ပုဋိကာယဿ၊ သုဘဘာဝေန ဝဇ္ဇိတံ။

(ဝိသုဒ္ဓိမဂ္ဂဋ္ဌကထာ)

ကျမံကာယံ၊ သုံးဆဲ့နှစ်ဝ ကောဋ္ဌာသတို့ ပုပ်ပုသိုလှောင် ဤကိုယ်ကောင်ကြီးကို။ သုဘတော၊ မပုပ်မပွ တင့်တယ်လှပါပေ၏ ဟူ၍။ ဂဟေတ္ဝာ၊ အကဲပြင်းထန် အလွန်အမင်း အစဲတင်းကြကုန်လျက်။ ဗာလာ၊ ရာဂစရိုက် နှစ်ခြိုက်ပျော်ပါး ငမိုက်သားတို့သည်။ တတ္ထ၊ သုံးဆဲ့နှစ်ဝ ကောဋ္ဌာသတို့ ပုပ်ပုသိုလှောင် ထိုအပုပ်ကောင်၌။ မုစ္ဆိတော၊ တွေဝေမေ့မှုးဓလေ့ရှုးကြကုန်သည်ဖြစ်၍။ ပါပါနိ၊ ယုတ်မာညစ်ကျူ ကာမေသု စသည် ပေါင်းစု မကောင်းမှုတို့ကို။ ကရောန္တာ၊ မစင်အိုင်ထဲ ဝက်၏နဲသို့ မြုပ်လဲပေါ်တုံ မရှဲ့ကုန်ဘဲ ပြုဟုန်ကဲကြလျက်။ ဒုက္ခာ၊ အပါယ်လေးဖြာ သံသရာပြင်းကဲ ဒုက္ခစံမှ။ နုပရိမုစ္စရေ၊ ကရွတ်ကင်းလျှောက် ဇွတ်တင်းရောက်လျက် မလွတ်မြောက်နိုင်ကြလေကုန်။

တသ္မာ၊ ထို့ကြောင့်။ မေဓာဝီ၊ ကျိုးကြောင်းမြော်မြင် ပညာရှင်သည်။ ဇီဝဿဝါ၊ အသက်ရှင်ဆဲမူလည်း ဖြစ်သော။ မတဿဝါ၊ သေပြီးသည်မူလည်းဖြစ်သော။ ပုဋိကာယဿ၊ သုံးဆဲ့နှစ်ဝ ကောဋ္ဌာသတို့ ပုပ်ပုသိုလှောင် ဤကိုယ်ကောင်ကြီး၏။ သုဘဘာဝေန၊ တင့်တင့်တယ်တယ် ချစ်ဖွယ်ရာသဘောအားဖြင့်။ ဝဇ္ဇိတံ၊ အကယ်တစိ ဉာဏ်ဖြင့်ကြည့်က မရှိကင်းပသော၊ သဘာဝ၊ ပင်ကိုယ်မူလ သဘာဝပါလာ သူ့ဓမ္မတာကို။ ပဿေယျ၊ အဝိဇ္ဇာပယ်ရှင်း ဉာဏ်ရောင်သွင်းလျက် ထင်လင်းမြင်အောင် ဆောင်၍ကြည့်ရှုသတည်း။

၁၁၃။ ဒုတ်နှင့် စောင့်နေရလိမ့်မယ်

ဒုဂ္ဂန္ဓော အသုစိကာယော၊ ကုဏပေါ ဥက္ကရူပမော။
နိန္ဒိတော စက္ခုဘူတေဟိ၊ ကာယော ဗာလော အနိဒ္ဒုတော။
အလ္လဓမ္မ ပဋိစ္ဆန္နော၊ နဝဒ္ဒါရော မဟာဝဏော။

သမန္တတော ပဋ္ဌရတိ၊ အသုစိ ပူတိဂန္ဓိယော၊
သစေ ဣမဿ ကာယဿ၊ အန္တောဗဟိဂတော သိယာ။
ဒဏ္ဍံ နုန ဂဟေတ္ဝာန၊ ကာကေ သောဏေ နိဝါရယေ။

အယံကာယော၊ သုံးဆဲ့နှစ်ဝ ကောဋ္ဌာသတ့် ပုပ်ပ့သိုလှောင် ဤကိုယ် ကောင်သည်။ အသုစိ၊ မစင်မကြယ် ရှဲဘ့ယ်အတိ ပြီး၏။ ကုဏပေါ၊ ပိုးလောက်ပြည်ညို တစိုစိုယုတ် အကောင်ပုပ်လည်းဖြစ်၏။ ဒုဂ္ဂန္ဓော၊ သေးညှီပြည်ညှီချေးသေးညှီနှင့် အညှီအခေါ် အငေါပုပ်လှောင်း တထောင်းထောင်းထ မကောင်းလှသော အနံ့လည်းရှိပေ၏။ ဥက္ကရူပမော၊ ယင်မမဲယောင်း တလှောင်းလှောင်းဖြင့် တသောင်းသောင်း စဲပျံလျှံ ရှံစဖ့ယ်လည်းရှိပေ၏။ စက္ခုဘူတေဟိ၊ ပညာမျက်စိအမြင်ရှိသောလူတို့သည်။ နန္ဒိတော၊ ရှဲဘ့ယ်ပေါလှ အသုဘဟု ရှုတ်ချက့ရဲအပ်ပေ၏။ ဗာလောပန၊ ရာဂစရိုက်အငတ်ကြိုက်သည့် လူမိုက်ဗာလ လူ့အနွှသည်ကား။အနိန္ဒိတော၊ မကဲ့မရဲ့ တကဲ့အသဲ စဲ့ကြီးစဲ့လျက် သဲသဲမဲမဲကြီး ချစ်ကြိုက်၍ နေတတ်ပါပေ၏။

အယံကာယော၊ အလျားတလံ အနံ့တထော ဤကိုယ်ကာယ ရူပကာသည်။ အလွဓမ္မပဋိစ္ဆန္နော၊ အရေပြားဖြင့် ပါးပါးလှပ်လှပ် ဖုံးအုပ်၍ ထားအပ်၏။ နဝဒ္ဒါရော၊ ၉-ဖြာသော ဒ့ါရသည်။ မဟာဝဏော၊ ပြည့်တစိုစို ပေါက်ကဲ့ယိုနေသည့် အနာဝကြီးလည်း မည်ပါပေ၏။ သမန္တတော အသုစိ ပူတိဂန္ဓိယော၊ မစင်မကြယ် ရှဲဘ့ယ်ပုပ်လှောင်း အနံ့အဲပေါင်းသည်။ ပဋ္ဌရတိ၊ စမ်းရေစီးသို့ တစီးစီးတသွင်သွင် အစဉ်ယိုစီး၍နေပေ၏။ ဣမဿကာယဿ၊ သုံးဆဲ့နှစ်ဝ ကောဋ္ဌာသတို့ ရှံစရာ့ ပုပ်လှောင် ဤကိုယ်ကောင်၏။ အန္တော၊ အတွင်းပိုင်းသည်။ ဗဟိဂတော၊ အဖုံးအကာဖယ်ထုတ်ခါဖြင့် ဗလာပြင်ပ လှန်၍ပြထားသည်။ သစေဟောတိ၊ အကယ်၍မျှားရှိနေငြားအံ့။ဒဏ္ဍံ၊ဒုတ်ကို။ ဂဟေတ္ဝာန၊ ကိုင်စဲ့လျက်။ကာကေသောဏေ၊ ခွေးငှက်ဒကျိုးအသီးသီးတို့ကို။ နိဝါရယေ၊ တားမြစ်ဟိန်းဟောက်ခြောက်လှန့်၍သာ နေရပါတော့မည်သာ တကား။

၁၁၄။ ဗုဒ္ဓဆိုတာ သိလို့ပါ

အဘိညေယျံ အဘိညာတိ၊ ဘာဝေတဗ္ဗဉ္စ ဘာဝိတံ။
ပဟာတဗ္ဗံ ပဟီနံ မေ၊ တသ္မာ ဗုဒ္ဓေါသ္မိ ဗြာဟ္မဏ။
(ဝိသုဒ္ဓိမဂ္ဂဋ္ဌကထာ)

ဗြာဟ္မဏ၊ အိုပုဏ္ဏား။ မေ၊ ငါဘုရားသည်။ အဘိညေယျံ၊ သိဘွယ်မှန်သမျှ တရားဓမ္မတို့ကို။ အဘိညာတံ၊ တစိုးတစိ အကြွင်းအကျန်မရှိဘဲ ထိထိမိမိ သိပြီးလေပြီ။ ဘာဝေတဗ္ဗဉ္စ၊ ပွားများအပ်ရာ တရားမှန်သမျှကို လည်း။ ဘာဝိတံ၊ တစိုးတစိ အကြွင်းအကျန်မရှိဘဲထိထိမိမိကြီးပွားအပ်ပြီးလေပြီ။ ပဟာတဗ္ဗံ၊ ပယ်သင့်ပယ်ရန် တရားမှန်သမျှကို။ ပဟီနံ၊ တစိုးတစိ ကြွင်းမရှိဘဲ ထိထိမိမိကြီးပယ်အပ်ပြီးလေပြီ။တသ္မာ၊ ထို့သို့သိစရာရှိသမျှသိ ပွားစရာရှိသမျှပွား ပယ်စရာရှိသမျှ ပယ်အပ်ပြီး ဖြစ်သောကြောင့်။ အတံ၊ သင်တို့ဆရာ ငါဘုရားသည်။ ဗုဒ္ဓေါ၊ ဗုဒ္ဓ ဗုဒ္ဓ နှုတ်ဖွင့်ဟလျက် ထုတ်ပြရည်မြောက် ခေါ်ဝေါ်အပ်သည်။ အသ္မိ၊ မုချစင်စစ် အမှန်ပင်ဖြစ်ပါပေသတည်း။

၁၁၅။ သွားလို့လဲ မရောက်နိုင်၊ မရောက်လဲ မဖြစ်နိုင်

ဂမနေန နာ ပတ္တဗ္ဗော၊ လောကဿန္တော ကုဒါစနံ။
နာ စ အပတ္တော လောကန္တံ၊ ဒုက္ခာ နတ္ထိ ပမောစနံ။
(အင်္ဂုတ္တိုရ်၊ ရောဟိတသုတ်)

လောကဿန္တော၊ လောက၏အဆုံးကို။ ဂမနေန၊ သွား၍။ ကုဒါစနံ၊ ဘယ်အခါမျှ။နပတ္တဗ္ဗော၊မရောက်နိုင်။ လောကဿန္တံ၊ လောကအဆုံးသို့။ အပတ္တော၀၊ မရောက်ဘဲလည်း။ ဒုက္ခာ၊ ဆင်းရဲမှု။ ပမောစနံ၊ လွတ်ခြင်းသည်။နတ္ထိ၊ မရှိနိုင်။

၁၁၆။ ဘဂဝါပုဒ် အဖွင့်

ဘာဂျဝါ ဘဂ္ဂဝါ ယုတ္တော၊ ဘဂေဟိ စ ဝိဘတ္တဝါ။
ဘတ္တာဝါ ဝန္တဂမနော၊ ဘဂေသု ဘဂဝါ တတော။
(ဝိသုဒ္ဓိမဂ္ဂဋ္ဌကထာ)

ယောတထာဂတော၊ ရှေးရှေးဘုရား အရှင်များသို့ ဆယ်ပါးသုံးလီပါရမီဟုန် စာဂံစုံကို အကုန်ဖြည့်ကာ ကြွလာတော်မူခဲ့ပေထသော သုံးလောကထွဋ်တင် အကြင်ဘုရားရှင် ကိုယ်တော်မြတ်ကြီးသည်။ ဘဂျဝါ၊ ဣဿရိယ စသည်ခြောက်စုံ ရွှေဘုန်းဟုန်နှင့် ကုံလုံပြည့်ဝ တိတိပသည့်

ငွေလပြည့်သွင် ဘုန်းတော်အရှင် ဖြစ်တော်မူသည်၏ အဖြစ်ကြောင့်ထင်း။ ဘဂဝါ၊ တွင်းပဘေးဒဏ် ရန်မာရ်အသွယ်သွယ် အန္တရာယ်အမျိုးမျိုးတို့ကို ပယ်ချိုးသတ်ဖြတ် ဖျက်ဆီးတော်မူတတ်သည်၏ အဖြစ်ကြောင့်ထင်း။ ဘဂေ ဟိစ၊ တလောကလုံး ညှတ်ရုံးဦးချ ပဏာသရသည့် အနန္တစုပုံ ဘုန်းတော် အဟုန်တို့နှင့်လည်း။ ယုတ္တော၊ အကြောင်းပါရမီ ပြည့်စုံညီသဖြင့် အကျိုး ဖလ ပြည့်စုံတော်မူရသည်၏ အဖြစ်ကြောင့်ထင်း။ ဘတ္တဝါ၊ နိဗ္ဗာန်ဓာတ် မြတ် အမြိုက်ရပ်သို့ လျှောက်ပတ်မသွေ ဆိုက်ကပ်တော် မူတတ်ပေသော ကြောင့်ထင်း။ဘဝေသု၊ သုံးဘုံဘဝ သုံးလောကအလုံးတို့၌။ ဝန္တဂမနော၊ မကပ်မငြိထွေးအန့်ပြီးသောသွားခြင်းရှိတော်မူသည်၏ အဖြစ်ကြောင့်ထင်း။ တတော၊ ထိုသို့ပြအပ် အကြောင်းဂုဏ်အရှပ်ရပ်တို့ကြောင့်။ သောတထာဂတော၊ရှေးရှေးဘုရားအရှင်များသို့ဆယ်ပါးသုံးလီ ပါရမီဟုန်စာဂီစုံကို အကုန်ဖြည့်ကာ ကြွလာတော်မူခဲ့သောထိုဘုရားရှင်ကိုယ်တော်မြတ်ကြီးသည်။ ဘဂဝါ၊ ဘဂဝါ ဟူသော ဂုဏ်တော်ပုဒ်ကို အဟုတ်ကြည်ဖြူ။ ထိုက်တန်စွာ ရရှိတော်မူခဲ့လေသတည်း။

နေရှိသရွေ့ ကြေမြေ့ဇီဝေ

၁၁၇။ အစ်စယန္တိ အဟောရတ္တာ၊ ဇီဝိတမုပရုဇ္ဈတိ။
အာယု ခီယတိ မစ္စာနံ၊ကုန္နဒီနံဝ ဥဒကံ။
၁၁၈။ ဖလာနမိဝ ပက္ကာနံ၊ပါတောဝ ပတတော ဘယံ။
ဧဝံ ဇာတာန မစ္စာနံ၊ နိစ္စံ မရဏတော ဘယံ။
(ဝိသုဒ္ဓိမဂ္ဂဋ္ဌကထာ)

အဟောရတ္တာ၊ နေ့နေ့ ညည ချိန်ကာလတို့သည်။ အစ္စယန္တိ၊ ဆိုင်းငံ့မနေ တွက်ရေမရ ကာလချိန်တွင်း ခဏချင်းလျှင် တချက်ချင်း ချုပ်ပျောက်၍ နေကြလေကုန်၏။ ဇီဝိတံ၊အသက်ခေါ်နေ ဇီဝိန္ဒြေသည်လည်း။ ဥပရုဇ္ဈတိ၊ အချိန်ကာလ ခဏကလေးနှင့်အတူ ခဏချင်းလျှင် တချက်ချင်း ချုပ်ပျောက်နေပေ၏။ ကုန္နဒီနံ၊ မြစ်ငယ် ချောင်းငယ်တို့၌။ ဥဒကံ၊ ရေသည်။ ခီယတိုလ္လဝ၊ နေ့ရက်ကာလ ရောက်လာသည်နှင့်အမျှ တဖြေးဖြေးချင်း ခန်းခြောက်လာသကဲ့သို့။ မစ္စာနံ၊ သက်ရှိထင်ရှား သတ္တဝါများ၏။ ဇီဝိတံပိ၊ အသက်ခေါ်နေ ဇီဝိတိန္ဒြေသည်လည်း။ ခီယတိ၊တဖြေးဖြေးချင်း ခဏကလေးတွေ အချိန်ကလေးတွေ ကုန်ဆုံးသွားသည်နှင့်အတူ ကုန်ဆုံး၍သာလျှင် သွားရပေ၏။

ပက္ကာနံ၊ ရော်ရည်ရင့်ရဲ့ ဝင်းမှည့်ကုန်သော။ ဖလာနံ၊ သစ်သီးတို့၏။ ပါတောဝပတတော၊ မည်သူကပင် အလျင်ကြွကျ မြေခရမည်ဟု အချိန်ကိုသာ စောင့်လင့်နေရသကဲ့သို့။ ဇာတာနံ၊ သန္ဓေဇာတိ တည်ရှိလာကုန်သော။ မစ္စာနံ၊ သံသရာထဲ တဝဲလည်လည် ကျင်လည်နေကြား သတ္တဝါတို့အား။ နိစ္စံ၊ အမြဲ။ မရဏတော၊ ဘယ်နေ့ချိန်ခါ ဘယ်နေရာ၌ ရောဂါဘယ်လို ကပ်ရောက်ခိုလျက် သေပျက်ရလေမည်နည်း ဟူ၍။ ဘယံ၊ သေပျက်မည့်အရေး ကြောက်ဖွယ်ဘေးသည် အရေးဖောက်ကာ တွေးကြောက်ဖွယ်ရာ ခြိမ်းခြောက် နေတော့သည်သာတည်း။

၁၁၉။ သုဘူတိထေရ်

ဆန္နော မေ ကုဋိကာ သုခါ နိဝါတာ၊
ဝဿ ဒေဝ ယထာသုခံ။
စိတ္တံ မေ သုသမာဟိတံ ဝိမုတ္တံ၊
အာတာပဝဟရာမ ဝဿ ဒေဝ။

မေ၊ သုဘူတိမည် ငါမထေရ်၏။ ကုဋိကာ၊ အတ္တဘော မည်သော ခန္ဓာအိမ်သည်။ ဆန္နာ၊ အဓိသီလာ မိုးအကာဖြင့် ကောင်းစွာမသွေ လုံခြုံစေအပ်လေပြီ။ နိဝါတာ၊ ရှေ့နောက်ဝဲယာ တိုက်ခတ်လာသည့် ရှစ်ဖြာသောတွေ့လောကဓာတ်လေ ဝင်မရသည်ဖြစ်၍။ သုခါ၊ ဥတုဘေးဘျမ်း မသန်းကင်းပ ချမ်းသာလှပေ၏။ ဒေဝ၊ ချိန်ခါကာလ သင်ရွာမှသာ ရေစာစပါး ပေါများကြွယ်တိုး အိုပင်္ဂုန်မိုး။ ယထာသုခံ၊ သင်အလိုရှိတိုင်း၊ ဝါ၊ သင်ရွာချင်သမျှရွာပါ ငါ့မှာတမူ ဘေးရန်ဟူက ဒားတွင်းရောအပပါကင်းပြတ်ကွာသဖြင့် သင့်စိတ်ရှိတိုင်းသာလျှင်။ ဝဿ၊ မနားမနေ တအားစွေကာ ဖြိုးဝအောင် ရွာလိုက်စမ်းပါလော့။

မေ၊ သုဘူတိမည် ငါမထေရ်၏။ စိတ္တံ၊ ညစ်နောက်ပူကင်း သန့်ရှင်းကြည် စိတ်နှလုံးတော်သည်။ သုသမာဟိတံ၊ အရဟတ္တဖိုလ်မဂ် လွန်ထက်မြက်ဘိ သမာဓိဖြင့် တည့်တည့်မတ်မတ် ချိန်စင်းလွတ်သကဲ့သို့ တည်ရှိအပ်ပြီးလေပြီ။ မေ၊ သုဘူတိမည် ငါမထေရ်၏။ စိတ္တံ၊ ညစ်နောက်ပူကင်း သန့်ရှင်းအေးကြည် ရွှေစိတ်တော်သည်။ ဝိမုတ္တံ၊ အရဟတ္တဖိုလ်မဂ် ထက်မြက်တေဇာ ဉာဏ်ပညာဖြင့် ကောင်းစွာမသွေ ကိလေသာမှ လွတ်မြောက်ပြီးလေပြီ။

အာတာပီ၊ ဒိဋ္ဌမင်္ဂ ခုဘဝဋ္ဌ အရဟာတ္တဖိုလ်ချမ်းသာကိုလျှင် ဝင်စံခြင်းငှာ သမ္မာပဓာန ကြိုးလုံ့လနှင့် ပြည့်စုံသည်ဖြစ်၍။ ဝီဟာရာမိ၊ အမြဲတစေ မလွဲနေပါပေ၏။ ဒေဝါချိန်ခါကာလ သင်ရွာမှသာ ရေစာစပါး ပေါများကြွယ်တိုး အိုပင်္ဂုန်မိုး။ ယထာသုခံ၊ သင် အလိုရှိတိုင်း။ ဝါ၊ သင်ရွာချင်သမျှ ရွာစမ်းပါ ငါ့မှာတမူ ဘေးရန်ဟူက အတွင်းရော အပါကင်းပြတ်ကွာသဖြင့် သင်စိတ်ရှိတိုင်းသာလျှင်။ ဝဿ၊ မနှားမနေ တအားစွေကာ ဖြိုးဝေအောင် ရွာလိုက်စမ်းပါလော့။

၁၂၀။ မြေအိုးပမာ တူလှစွာ

ယထာပိ ကုမ္ဘကာရဿ၊ ကတံ မတ္တိကဘာဇနံ။
ခုဒ္ဒကဉ္စ မဟန္တဉ္စ၊ ယံ ပက္ကံ ယဉ္စ အာမကံ။
(ဝိသုဒ္ဓိမဂ္ဂဋ္ဌကထာ)

ကုမ္ဘကာရဿ၊ အိုးထိန်းသည်သည်။ ကတံ၊ ပြုအပ်သော။ ခုဒ္ဒကဉ္စ၊ ငယ်သည်မူလည်းဖြစ်သော။ မဟန္တဉ္စ၊ ကြီးသည်မူလည်းဖြစ်သော။ ယဉ္စ ပက္ကံ၊ အကြင်ကျက်ပြီးသား မူလည်းဖြစ်သော။ ယဉ္စ အာမကံ၊ အကြင်အစိမ်းသက်သက်လည်းဖြစ်သော။ဘာဇနံ၊အိုးခွက်မှန်သမျှသည်။ဘေဒနပရိယန္တံ၊ တနေ့ကျလျှင် ကွဲရမြဲဓမ္မတာသာဖြစ်သကဲ့သို့။ ဇီဝိတံပိ၊ ဇီဝိန်ထင်လင်းသက်ရှည်ခြင်းသည်လည်း။ ဘေဒနပရိယန္တံ၊ ပြိုကွဲပျက်စီးရခြင်းသာလျှင် ဓမ္မတာသဘာဝ ရှိရာတော့သည်သာ တကား။

၁၂၁။ နေရှိန်ထိကျောက် နှင်းရည်ပေါက်ပမာ

ဥဿာဝေါဝ တိဏဂ္ဂိမှိ၊ သူရိယုဂ္ဂမနံ ပတိ။
ဧဝမာယု မနုဿာနံ၊ မာမံ အမု နိဝါရယ။
(ဝိသုဒ္ဓိမဂ္ဂဋ္ဌကထာ)

အမှ၊ မွေးသမိခင် အိုဘဲ့ကျေးဇူးရှင်။ မနုဿာနံ၊ လူတို့၏။ အာယု၊ အထင်ကြီးမား အားကိုးထားသည့် အသက်ဇီဝိတိန္ဒြေ ဟူသည်ကား။ တိဏဂ္ဂိမှိ၊ အပ်ဖျားပမာ သေးငယ်စွာသား မြက်ပင်ဖျား၌။ ဥဿာဝေါ၊ တည်နေဖြစ်မြောက် ဆီးနှင်းပေါက်သည်။ သူရိယုဂ္ဂမနံပတိ၊ နေရောင်ခြည်ပေါက် ကျကာရောက်သော် ပျောက်ပျက်မနေ သွားရလေသကဲ့သို့

တည်း။ တသ္မာ၊ ထိုသို့ နေရောင်ခြည်တောက် ဆီးနှင်းပေါက်သို့ ပျောက်ပျက်မနေ သက်ဇီဝေလည်း တည်နေမကျ နေ့နေ့ညည အားမကိုးရလေသောကြောင့်။ မံ၊ တရားရှာမည် စိတ်စောရည်လျက် တောသို့ထွက်မည့် အကျွန်ုပ်ကို။ မာနိဝါရယ၊ အချိန်ဖင့်အောင် ဆွဲဆောင်ရပ်နား မတားပါနှင့်တော့။

၁၂၂။ တောင်ကြီးတွေ ကြိတ်ချေသလို

ယထာပိ သေလာ ပုထုလာ၊ နဘံ အာဟစ္စ ပဗ္ဗတာ။
သမန္တာ အနုပရိယေယံ့၊ နိပ္ပေသေန္တာ စတုဒ္ဒိသာ။
ဧဝံ ဇရာ စ မစ္စု စ၊ အဓိဝတ္တန္တိ ပါဏိနေ။
ခတ္တိယေ ဗြာဟ္မဏေ ဝသေ၊ သုဒ္ဒေ စဏ္ဍာလ ပုက္ကုသေ။
နာ ကိဉ္စိ ပရိဝဇ္ဇေတိ၊ သဗ္ဗမေဝါ ဘိမဒ္ဒတိ။

(ဝိသုဒ္ဓိမဂ္ဂဋ္ဌကထာ)

ယထာပိ၊ ဥပမာအားဖြင့်သော်ကား။ ဝိပုလာ၊ ထုထယ်ကြီးမားလှကုန်သော။ နဘံအာဟစ္စပဗ္ဗတာ၊ မိုးပါးထိန်း တောင်ကြီးတို့သည်။ သမန္တာ စတုဒ္ဒိသာ၊ ရှေ့နောက်ဝဲယာ အရပ်လေးမျက်နှာမှ။ နိပ္ပေသေန္တာ၊ ထုထောင်းကြိတ်ချေကုန်၍။ အနုပရိယေယံ့၊ အကြားအလပ် အဇဉ်စပ်ကာ လိုက်နင်းနေကုန်ရာ၏။

ဧဝံဟထာ၊ ပမာန်ိုင်းယူ ထို့အတူသာလျှင်။ ဇရာစ၊ အို၍ခြင်းသည်၎င်း။ မစ္စုစ၊ သေခြင်းသည်၎င်း။ ခတ္တိယေ၊ မင်းမျိုးဘဲဖြစ်ပါစေ။ ဗြာဟ္မဏေ၊ ပုဏ္ဏားမျိုးပင်ဖြစ်ပါစေ။ ဝသေ၊ ကုန်သည်မျိုးပင်ဖြစ်ပါစေ။ သုဒ္ဒေ၊ ဆင်းရဲသားမျိုးပင်ဖြစ်ပါစေ။ စဏ္ဍာလ ပုက္ကုသေ၊ စဏ္ဍာလမျိုး ပန်းမိုက်သွန်မျိုးပင်ဖြစ်ပါစေ။ ကိဉ္စိ၊ ယုတ်မြတ်မဟူ ခပ်သိမ်းသူကို။ နပရိဝဇ္ဇေတိ၊ ရှောင်၍မနေပေ။ သဗ္ဗမေဝါ ဘိမဒ္ဒတိ၊ ဘယ်လိုလူစား ဘယ်ဘုရား ဘယ်ကြက္ခဏာ ဘယ်ရာဇာ ဘယ်အမျိုး ဘယ်တန်ခိုးရှင်မျှမရှောင် ကုန်စင်အောင် လိပ်ခတ်၍ ကြိတ်သတ်လျက်သာ နေလေတော့သတည်း။

၁၂၃။ အမြောက်ပုံးတို့ ဖောက်အုံးတော့မပြုံ

နာ တတ္ထ ဟတ္ထိနံ ဘူမိ၊ နာ ရထာနံ နာ ပတ္တိယာ။
နာ စာပိ မန္တာ ယုဒ္ဓေန၊ သက္ကာ ဇေတုံ မနေန ဝါ။
မဟာယသာ ရာဇဝရ၊ မဟာသမုတ အာဒယော။
တေပိ မစ္စုဝသံ ပတ္တာ၊ မာဒိသေသု ကထာဝကာ။

(ဝိသုဒ္ဓိမဂ္ဂကထာ)

တတ္ထ၊ ထိုသို့သေမင်းနှင့် ပက်ပင်းတိုးမိရာအခါ၌။ ဟတ္ထိနံ၊ အောင်ပွဲမာတင် တိုက်စစ်ဆင်တို့၏။ ဘူမိ၊ အောင်နိုင်သောအရာသည်။ နာ၊ မရှိပေ။ ရထာနံ၊ အောင်ပွဲတရာ ရထားသည့် စစ်ရထားတို့၏။ ဘူမိ၊ အောင်နိုင်သောအရာသည်။နာ၊မရှိပေ။ ပတ္တိယာ၊ အောင်စစ်သည် ခြေလျင်တပ်သားတို့၏။ ဘူမိ၊ အောင်နိုင်သောအရာသည်လည်း။ နာ၊ မရှိပေ။ မန္တာယုဒ္ဓေန၊ ဆေးဝါးမန္တရား စွမ်းပကားကိုဆောင် ဘိုးဘိုးအောင်ဖြင့်လည်း။ ဇေတုံ၊ အသေရှောင်ကွင်း အောင်နိုင်ခြင်းငှာ။ နာ၊ ဘယ်လိုနည်းမျှ အပြီးမသွေ မရှိပါခြေ။ မနေနဝါ၊ ကုဋ္ဌေကုဋ္ဌာ ရတနာကို ပေးပါငြားလည်း။ ဇေတုံ၊ အသေရှောင်ကွင်း အောင်နိုင်ခြင်းငှာ။ နဟောတိ၊ ဘယ်လိုနည်းဖြင့်လုပ်လုပ် အဟုတ်ပင် မအောင်မြင်နိုင်သည်သာတည်း။

မဟာသမုတ အာဒယော၊ ကမ္မာအစ မဟာသမုတဆိုတဲ့ အင်မတန်မှတန်ခိုးကြီးအသက်ရှည် ကမ္ဘာချဉ်းအောင် တည်မယ်ဆိုကြကုန်သော။ မဟာယသာ၊ အခြံအရံ အကျော်အစော သောသောဝိုင်းအုံ လှမ်းပတ်ခြုံကုန်သော။ ရာဇဝရပိ၊ အမြတ်တင်ထား မင်းအများတို့သည်သော်မှလည်း။ မစ္စုဝသံ၊ အင်အားကြီးလျှင်း ရှင်သေမင်း၏ အလိုသို့။ ပတ္တာ၊ တဒေါက်ဒေါက်နှင့်ခေါက်ကန် ခေါက်ကန် ရောက်ကြကုန်သေး၏။ မာဒိသေသု၊ ငါလိုယောကျာ်း သာမညလူစား တို့၌။ ကထာဝကာ၊ အဘယ်မှာလျှင် ဆိုရာစကား ရှိများ ရှိပါတော့မည်နည်း။

၁၂၄။ ရွက်ကြောက်မဲ့ကင်း ဟဲ့သေမင်း

နိလ္လဇ္ဇံ ဝိတသာရဇ္ဇံ၊ သဗ္ဗသတ္တာ ဘိမဒ္ဒနံ။
တယိဒံ့ မာဒိသံ သတ္တံ၊ ကထံ နာဘိဘဝိဿတိ။

(ဝိသုဒ္ဓိမဂ္ဂကထာ)

နိလ္လင်္ဇံ၊ အရှက်ကင်းသော။ ဝိတသာရဇ်ံ၊ သံယောဇဉ်မဖက် ငဲ့ကွက်ခြင်းကင်းသော။ သမ္မသတ္တာ ဘိမဒ္ဒနံ၊ ကြွင်းမဲ့ညှဉ်း လုံးစုံမျှားစွာ သတ္တဝါတို့ကို မညှာမတာ အခါခါကြိတ်လျက် နှိပ်စက်တတ်သော။ တယိဒံ တံ ဣဒံမရဏံ၊ ရက်စက်ဘိလျှင်း ထိုသေမင်းသည်။ မာဒိသံ သတ္တံ၊ ငါလို လူစား သာမညအာဃးကို။ ကထံ နာဘိ ဘဝိဿတိ၊ အဘယ်အားကိုး မလွှမ်းမိုး မနှိပ်စက် ငဲ့ကွက်၍နေပါလေမည်နည်း။

၁၂၅။ မသိနိုင်သောတရား

ဇိဝိတံ ဗျာဓိ ကာလော စ၊ ဒေဟနိက္ခေပနံ ဂတိ။
ပဠွတေ ဇီဝလောကသ္မိံ၊ အနိမိတ္တာ န နာယရေ။

ဇီဝိတံ၊ အသက်အပိုင်းအခြားငင်း။ ဗျာဓိ၊ မည်သည့်အနာ မည်သည့်ရောဂါဖြင့် သေမည်ကိုငင်း။ ကာလော၀၊ ဘယ်နှစ်ကာလ ဘယ်နေ့ညဟု သေမည့်ကာလ အပိုင်းအခြားကိုငင်း။ ဒေဟနိက္ခေပနံ၊ ဘယ်နေရာ၌ အလောင်းကောင်ကို ပစ်ချရမည်ဟု၊ ဝါ၊ မည်သည့်သင်းချိုင်း မည်သည့်လုပ်တိုင်းကုန်း၌ အလောင်းကောင်ကို ပစ်ချရမည်ဟူ၍ငင်း။ ဂတိ၊ သေပြီးသည့်နောက် သွားရောက်ရမည့်ဂတိငင်း။ ဧတေပဠွ၊ ဤငါးပါးတို့ကို။ ဇီဝလောကသ္မိံ၊ သက်ဖျိလောက၌။ အနိမိတ္တာ၊ မခန့်မှန်း မနှိုင်းယှဉ် မဖော်ပြနိုင်ကုန်။ န နာယရေ၊ ကြိုတင်၍ ပသိနိုင်ကုန်မသာတရားတို့မည်ကုန်၏။

၁၂၆။ စိတ်တချက်သာ အသက်ရှင်သည်

ဇိဝိတံ အတ္တဘာဝေါ စ၊ သုခဒုက္ခာ စ ကေဝလော။
ဧကစိတ္တေ သမာယုတာ၊ လဟုသော ဝတ္တတေ ခဏော။

(ဝိသုဒ္ဓိမဂ္ဂ)

ဇီဝိတံ၊ အသက်ငင်း။ အတ္တဘာဝေါစ၊ ကိုယ်ငင်း။ သုခဒုက္ခာစ၊ သုခဝေဒနာ ဒုက္ခဝေဒနာတို့သည်ငင်း။ ကေဝိတ္တေ သမာယုတာ၊ စိတ္တက္ခဏတချက်နှင့်သာယှဉ်ကုန်၏၊ ဝါ၊ စိတ္တက္ခဏ တချက်သာ အသက်ရှင်ကုန်၏။ ခဏော၊ စိတ္တက္ခဏ ဟူသည်။ လဟုသော၊ ဖော်ပြ၍ မရလောက်အောင် အလွန် လျင်မြန်သောအားဖြင့်။ ဝတ္တတေ၊ ဖြစ်၍နေပေ၏။

၁၂၇။ ဓမ္မသဘာဝ တွေးဆကြ

ယေ နိဂ္ဂဒ္ဓါ မရန္တိသ္ဩ၊ တိဋ္ဌမာနသ္ဩ ဝါ ဣဓ။
သဗ္ဗေပိ သဒိသာ ခန္ဓာ၊ ဂတာ အပဋိသန္ဓိကာ။
(ဝိသုဒ္ဓိမဂ္ဂဋ္ဌကထာ)

မရန္တိသ္ဩ၊ သေပြီးသူ၏။ နိဂ္ဂဒ္ဓါ၊ ချုပ်ပြီးကုန်သော။ ယေခန္ဓာစ၊ အကြင် ရုပ် နာမ် ခန္ဓာတို့သည်၎င်း။ ဣဓ၊ ဤဘဝ၌။ တိဋ္ဌမာနသ္ဩ၊ မသေသေးဘဲ တည်ဆဲဖြစ်သောသူ၏။ ယေခန္ဓာစ၊ အကြင်ရုပ်နာမ် ခန္ဓာတို့သည်၎င်း။ သဗ္ဗေပိ၊ အလုံးစုံကုန်သော။ ခန္ဓာ၊ ခန္ဓာငါးပါး ရုပ်နာမ်တရားတို့သည်။ သဒိသာ၊ သဘောသဘာဝ အတူသာဖြစ်ကုန်၏။ ဂတာ၊ ချုပ်ပျောက်ပြီးသမျှ ခန္ဓာတို့သည်။ အပဋိသန္ဓိကာ၊ တဖန်အသစ် ပြန်ဖြစ်ကာထပ် မဆက်စပ်ကုန်တော့ပြီ။

၁၂၈။ ပစ္စုပ္ပန်နှင့်သာ အသက်ရှင်သည်

အနိဗ္ဗတ္တေန နဇာတော၊ ပစ္စုပ္ပန္နေန ဇီဝတိ။
စိတ္တဘင်္ဂါ မတော လောကော၊ ပညတ္တိ ပရမတ္ထိယာ။
(ဝိသုဒ္ဓိမဂ္ဂဋ္ဌကထာ)

အနိဗ္ဗတ္တေန၊ မဖြစ်သေးသောအနာဂတ်ဖြင့်။ နဇာတော၊ အသက်ရှင်နေသည်မဟုတ်ပေ။ ပစ္စုပ္ပန္နေန၊ ပစ္စုပ္ပန်ဖြင့်။ ဇီဝတိ၊ အသက်ရှင်တည်နေ၏။ စိတ္တဘင်္ဂါ၊ စိတ်ပျက်စီးသွားခြင်းကြောင့်။ လောကော၊ ခန္ဓာလောကသည်။ မတော၊ သေ၏။ ပညတ္တိ၊ ပညတ်သည်။ ပရမတ္ထိယာ၊ ပရမတ်ကိုသိရန် အကျိုးငှာ အကြောင်းခံသည်။ ဟောတိ၊ ဖြစ်၏။

၁၂၉။ နွားကို တိုင်မှာချည်သလို

ယထာ ထမ္ဘေ နိဗန္ဓေယ္ယ၊ ဝစ္ဆံ ဒမ္မံ နရော ဣဓ။
ဗန္ဓေယ္ယေဝံ သကံ စိတ္တံ၊ သတိယာရမ္မဏေ ဒဠှံ။
(ဝိသုဒ္ဓိမဂ္ဂဋ္ဌကထာ)

နရော၊ နွားကို ဆုံးမလိုသောသူသည်။ ဒမ့ံ၊ ဆုံးမအပ်သော။ "ဝစ္ဆံ၊ နွားကို။ ထမ္ဘေ၊ တိုင်၌။ နိဗန္ဓေယျ၊ ယထာ၊ မြဲမြံစွာ ချည်နှောင်ရာသကဲ့သို့။ သင်္ကိစ္စံ၊ အာရုံမျိုးစုံ ပြေးလွှားခုန်ပေါက် ကရောက် ကရက် ပျံ့တက်နေသော စိတ်ကို။ သတိယာ၊ သတိတည်းဟူသော ကြိုးဖြင့်။ အာရမ္မဏေ၊ ကာယ ဝေဒနာ စိတ္တ ဓမ္မ လေးဝသော အာရုံ၌။ ဒဠှံ၊ မြဲမြံစွာ။ ဗန္ဓေယျ၊ ပင်ပြေးရအောင် တုပ်နှောင်ချည်ဖွဲ့ရာ၏။

၁၃၀။ သမင်ဖမ်းပည့်ကျွေးဃ်စ်လို

ယထာပိ ဒီပိကော နာမ၊ နိလိယိတ္ထာ ဂဏှာတိ မိဂေ။
တထေဝ ဂါယံ ဗုဒ္ဓပုတ္တော၊ ယုတ္တယောဂေါ ဝိပဿကော။
အရညံ ပဝိသိတ္ထာန၊ ဂဏှာတိ ဖလမုတ္တမံ။

(ဝိသုဒ္ဓိမဂ္ဂဋ္ဌကထာ)

ဒီပိကောနာမ၊ တောအရပ်၌ သားသမင်ကို ဖမ်းတတ်သောကျွေးသစ်သည်။ နိလိယိတ္ထာ၊ ပုန်းအောင်း၍။ မိဂေ၊ သားကောင်တို့ကို။ ဂဏှာတိ၊ ဖမ်းယူလေ့ဘိသကဲ့သို့။ တထေဝ၊ ပမာနိုင်းယူထို့အတူ။ ယုတ္တယောဂေါ၊ ကမ္မဋ္ဌာန်း အလုပ်နှင့်ယှဉ်သော။ ဝိပဿကော၊ ရုပ်နာမ်ခန္ဓာ အနိစ္စဟု တင်၍ရှုတတ်သော။ ဗုဒ္ဓပုတ္တော၊ ဘုရားသားမော် ပုဂ္ဂိုလ်ကျော်သည်။ အရညံ၊ တောသို့။ ပဝိသိတ္ထာန၊ ကမ္မဋ္ဌာန်းအလုပ် စွမ်းအားထုတ်မည် ရော်ရည်စိတ်ဓာတ် ကပ်ဝင်လတ်၍။ ဥတ္တမံ၊ လောကီလောကုတ္တရာ နှစ်ဖြာ အတွင်း တကယ်မြတ်သော။ ဖလံ၊ ကိုလသာဓာတ် လုံးဝပြတ်သည့် အရဟတ္တဖိုလ်ကို၊ ဂဏှာတိ၊ လက်ရောက်ဝိုင်ပိုင် ရယူခေါ် မူနိုင်လေသတည်း။

၁၃၁။ ဒေါသဝေဖြန်ညိုး

အတ္တာနော ဝိသယေ ဒုက္ခံ၊ ကတံ တေ ယဒိ ဒေဝိနာ။
ကိံ တသ္သာ ဝိသယေ ဒုက္ခံ၊ သစိတ္တော ကာတုမိစ္ဆသိ။

(ဝိ-မဂ် ဘဒ္ဒကထာ)

ဗဟူပကာရံ ဟိတ္ဝာန၊ ဉာတိဝဂ္ဂရုဒံ မုခံ။
မဟာနတ္ထကရံ ကောဓံ၊ သပတ္တံ နု ဇဟာသိ ကိံ။

(ဝိ-မဂ် အဋ္ဌကထာ)

ဘောမနုဿ၊ စဉ်းစားဝေဖန် အသိဉာဏ်ကြောင့် ဝေဖန်ရှုမြော်လူဟုခေါ်ငြား အိုဘယ် လူသား။ တေ-သင်၏။ ဝေရိနာ၊ ရန်တင်းဖက်ပြိုင် ဟန်ချင်းဆိုင်ယူ ဒေါသမူပွား ရန်သူတပါး သည်။ အတ္တနောဝိသယေ၊ သူ၏ပိုင်ရာ ရပ်ခန္ဓာ၌။ ဒုက္ခံ၊ အပြင်းအကဲ လွှန်ညှဉ်းဆဲသည့် ဆင်းရဲကို။ ကတံ၊ သူကစိုးပိုင် သူပြုနိုင်၏။ တာသ၊ ရန်တင်းဖက်ပြိုင် မာန်ချင်းဆိုင်ယူ ဒေါသမူပွား ထိုရန်သူတပါး၏။ အဝိသယေ၊ အရာမဟုတ်သော။ သစိတ္တော၊ ဘယ်သူမပိုင် ကိုယ်သာပိုင်၍ ကိုယ်နှင့်သာဆိုင်သော မကျွံုင်ဗဟို နဂိုရှိစွဲမြဲတ် မိမိစိတ်၌။ ဒုက္ခံ၊ ဆင်းရဲကို။ ကတ္တုံ၊ ကာယဒုက္ခဆိုတာ ရန်သူက လုပ်တာ၊ စိတ္တဒုက္ခဆိုတာ ကိုယ်မှလုပ်ရတာ သဘာဝ ဤနှစ်ဖြာကို ဉာဏ်ပညာဝေခွဲ၍ စိတ်ဆင်းရဲအောင် ပြုခြင်းငှာ။ တံ၊ စဉ်းစားဝေဖန် အသိဉာဏ်ကြောင့် ဝေဖန်ရှုမြော်လူဟုခေါ်ငြား သင်လူသားသည်။ ဣစ္ဆသိ၊ အကျိုးမပွား အလကားမို့ ဘာကြောင့်မျှား လိုချင်နေရပါသနည်း။

ဣစ္ဆ ဘောမနုဿ၊ ပ၊ အိုဘယ် လူသား။ တံ၊ သည်သည်။ ရုဒံမုခံ၊ မျက်ရည်တစိုစို ငိုသောမျက်နှာရှိသော။ ဗဟူပကာရံ၊ ကျေးဇူးဉပကာရ အထူးရှိလှပေသော။ ဉာတိဝဂ္ဂံ၊ ထွေထွေပေါင်းစု တယုတယ ချစ်ခင်ရသည့် သမုဒယယှဉ်ပွား မျိုးဆွေသားကို။ ဟိတ္ဝာန၊ သံယောဇဉ်ခတ် ငါလျှင်ဖြတ်မည်ဟု စွန့်လွှတ်ခဲ့ပြီး၍။ သပတ္တံ၊ မိမိကိုယ်တွင် အတွင်းဝင်၍ နင်းကာချေမှုန်း လုံးလုံးရန်သူ ဖြစ်ပေထသော။ မဟာနတ္ထကရံ၊ အကျိုးမဲ့ရာ ကြီးကျယ်စွာမှု သူပင်ပြုတတ်သော။ ကောဓံ၊မာန်မူဖျက်ဆီး ဒေါသမီးကို။ ကိံ နဇဟာသိ။ ဘယ်လိုအကျိုး သင်မြှောက်ကိုးလျက် မြတ်နိုးတနာ မစွန့်နိုင်ဘဲနေရှာလေသနည်း အပြီးအပြတ် ယခုပင် စွန့်လွှတ်လိုက်ပါလော့။

၁၃၂။ ဒေါသဖြစ်နည်းမျှား

ယာနိ သီလာနိ ရက္ခသိ၊ တေသံ မူလနိကန္တနံ။
ကောဓံ နု မုပဋ္ဌာလေသိ၊ ကော တယာ သဒိသော ဇဋ္ဌေ။

(ဝိသုဒ္ဓိမဂ္ဂဋ္ဌကထာ)

ယာနိသိလာနိ၊ ငါးပါးဆယ်ပါး စသည်ပြားသည့် အကြင်လီလတရားတို့ကို။ ရက္ခသိ၊ မကျိုးပေါက်အောင် ရည်ဆောင် စောင့်ရှောက်ပေ၏။ တေသံ၊ မကျိုးမပေါက် မပြောက်ကျားအောင် ရည်ဆောင်စောင့်ရှောက် အပ်သော ထိုသီလတို့၏။ မူလနိကန္တိနံ၊ အရင်းမူလပကတမှ စ၍ဖျက်ဆီး လိုးဖြတ်တတ်သော။ ကောဓံ၊ အမျက်ဒေါသ ပဋိဃံကို။ တံ၊ သင်သည်။ နမုပဇ္ဇာလေသိ၊ မဖျက်ဆီးရုံတွင် မကချင်ဘဲ အစဉ်တိုးပွား တအားတက်ရေး သင်မွေးမြူပေ၏။ တယာ၊ သင်နှင့်။ သဒိသော၊ တူသော။ ဇဋ္ဌော၊ လူဖျင်းလူအ လူနသည်။ ကောအတ္ထိ၊ ဘယ်မှာတစိ ရှိပါလေမည်နည်း။

၁၃၃။ ကတံ အနရိယံ ကမ္မံ၊ ပရေန ဇာသိ ကုဋ္ဌသိ။
ကိံ နု ဟံ့ တာဒိသံယေဝ၊ ယော သယံ ကတ္တာ့ မိစ္ဆသိ။
(ဝိသုဒ္ဓိမဂ္ဂဋီကထာ)

ပရေန၊ ရန်ကို ရန်ချင်း တုံ့နှင်းဆပ်ပွား ရန်သူတပါးသည်။ အနရိယံ၊ သူတော်မဟုတ် သူယုတ်၏သာ ဥစ္စာဖြစ်ပေသော။ ကမ္မံ၊ အကုသိုလ်စုမကောင်းမှု မတရားမှုကို။ ကတံ၊ မဟုတ်မတရား ပြုပေငြား၏။ ဇာတိ၊ ဤသို့။ တံ့၊ သင်သည်။ ကုဋ္ဌသိ၊ တရှုးရှူးနှင့် ရွံးမူးမိုက်မှား အမျက်ပွားလေ၏၊ တာဒိသံယေဝ၊ မဟုတ်မတရား မှောက်မှောက်မှားမှား ချောက်ကမ်းပါးသို့ ကျသွားစေတတ်သည်သာလျှင် ဖြစ်သောအမျက်ထွက်မှု အကုသိုလ်အစုကို။ သယံ၊ မိမိကိုယ်တိုင်က။ကတ္တာ့၊ မစဉ်းမစား ပြုမိမှားခြင်းငှာ။ ကိံ ဇာစ္ဆသိ၊ ဘာကြောင့်၍မျှား သင်လိုလားနေပါသနည်း။

၁၃၄။ ဒေါသေတုကာမော ယဒိ တံ၊ အမနာပံ ပရော ကရိ။
ဒေါသုပ္ပါဒေန တာဿေဝ၊ ကိံ ပူရေသိ မနောရထံ။
(ဝိသုဒ္ဓိမဂ္ဂဋီကထာ)

ပရော၊ ရန်သူဖြစ်ငြား တပါးသောသူသည်။ အမနာပံ၊ စိတ်စက်နှလုံးညှိုးချုံးဖွယ်ရာ အဖြာဖြာကို။ ကရိ၊ သူကမိုက်မှား သူမစဉ်းစားဘဲ ပြုမှားမိလေ၏။ တံ၊ မထောက်မထား တယောက်တပါးလျှင်ဖြစ်သော ထိုရန်သူကို။ ယဒိ ဒေါသေတုကာမော၊ အကယ်တစိ ဒေါသထွက်ခြင်းငှာ အလိုရှိအံ့။ ဒေါသုပ္ပါဒေန၊ ဒေါသအမျက် သင်ကထွက်သဖြင့်။ တဿေဝ၊

ဒေါသရှေ့ထား ထိုရဟန်သူတပါး၏သာလျှင်။မနောရထံ၊အလိုဆန္ဒကို။ပူရေ
သိကို ၊ သူကစိတ်ဆိုးစေချင်သလို သင်ကနောက်က လိုက်၍ စိတ်ဆိုးသဖြင့်
သူ့အလိုကို သင်ကဖြည့်ပေးသည်နှင့် တူလေသည် မဟုတ်ပါလော့။

၁၃၅။ ဒုက္ခံ တဿ စ နာမ တုံ၊ ကုဒ္ဓေါ ကာဟသိ ဝါ နဝါ။
အတ္တာနံ ပနိဒါနေဝ၊ ကောဓဒုက္ကေန ဗာဓသိ။

ကုဒ္ဓေါ၊ အမျက်ထုက်သော။ တုံ၊ သင်သည်။ တဿ၊ ထိုတပါးဟသော
ရန်သူ၏။ ဒုက္ခံ၊ ဆင်းရဲကို။ကာဟသိဝါ၊ ပြုချင်မူလည်း ပြုနိုင်မည်။ နဝါ
ကာဟသိ၊ မပြုချင်မူလည်း မပြုနိုင်။ ပန၊ တကယ်စင်စစ် ဖြစ်သည်ကား။
ဣဒါနေဝ၊ လက်ငင်းချက်ချင်း ပက်ပင်းခဏ ဒိဋ္ဌမွဋ္ဌပင်လျှင်။ အတ္တာနံ၊
မိမိကိုယ်ကို။ ကောဓ ဒုက္ကေန၊ အမျက်ဒေါသ ထုက်လာရသဖြင့် ကိုယ်ရော
စိတ်ပါ နှစ်ဖြာငြင်းကဲ့ လွန်ဆင်းရဲခြင်းဖြင့်။ ဗာဓသိ၊ နှိပ်စက်ဒဏ်ကိုပင်
မသွေ ခံရလှပေပြီတကား။

၁၃၆။ ကောဓံ ဝါ အဟိတံ မဂ္ဂံ၊ အာရုဇ္ဇာ ယဒိ ဝေရိနာ။
ကသ္မာ တုဝမွိ ကုဇ္ဈန္တော၊ တေသံယေဝါနုသိက္ခတိ။

ဘောသပ္ပုရိသ၊ အို သူတော်ကောင်း။ ဝေရိနာ၊ ဘက်ပြိုင်ငြူစူ ရန်
သူတပါးသည်။ကောဓံ၊ အမျက်ဒေါသထုက်ခြင်းဟုဆိုအပ်သော။ အဟိတံ
မဂ္ဂံ၊ အကျိုးမဲ့တမ်း မကောင်းလမ်းသို့။ယဒိအာရုဇ္ဇာ၊ အကယ်၍များ လမ်း
ကောက်မျှား၍ တက်သွားခဲ့ငြားဘုံ။ တုံ၊ ပညာ မြော်မြင် ဆင်ခြင်ဉာဏ်ရှိ
သင်ပညာယိုသည်။ ကသ္မာ၊ အဘယ်လမ်းကြောင်း အကြောင်းမြော်တွေး
အာဘယ်အရေးကြောင့်။ ကုဇ္ဈန္တော၊ ကိုယ်က တဖန် ပြန်လှန် ပျက်ကွက်
အမျက်ထုက်လျက်။ တေသံယေဝ၊ ပထမစခန်း အမှားလမ်းသို့ဖြောင့်တန်း
တောက်လျှောက် ရောက်၍နေသူတို့၏ နောက်သို့သာလျှင်။ အနုသိက္ခသိ၊
အတူလိုက်ကာ ကျင့်ကြံ၍နေပါလေသနည်း အိုအရှင် သူတော်ကောင်း။

၁၃၇။ ယံ ဒေါသံ တဝ နိဿာယ၊ သတ္တာနော အပ္ပိယံ ကတံ။
တမေဝ ဒေါသံ ဆိန္ဒဿု၊ ကာ အဋ္ဌာနေ ဝိဟညတိ။

ဘောသပ္ပုရိသ၊ အိုသူတော်ကောင်း။ တဝ၊ သင်သူတော်ကောင်း
၏၊ ဒေါသံ၊ အမျက်ဒေါသကို။ နိဿာယ၊ အမှီပြု၍။ သတ္တာနော၊ ရန်သူ

က။ အပ်ပြီယံ၊ မချစ်နှစ်သက်ခြင်းကို။ ကတံ၊ ပြုအပ်ပေပြီ။ တမေဝဒေါသံ၊ ထိုသို့ လူတကာတို့ မြင်လာလျှင် အဆုံး နှစ်လုံးပျို့စရာ မုန်းစရာ ကျိန်စရာဖြစ်သော ဒေါသကိုသာလျှင်။ ဆိုန္ဒဿု၊ မတွယ်မကပ် အမြစ်ကပါ ဖြတ်ပါလေလော့။အဋ္ဌာနေ၊ အရာမဟုတ်သည်၌။ ကာဝိဟညတိ၊ အဘယ်ကြောင့်မျှား မိမိအား‌ကို စိတ်ထား‌ပြု။စူ ညှဉ်းဆဲရပေအုံးမည်နည်း။

၁၃၈။ ခဏိကတ္တာ နဓမ္မာနံ၊ ယေဟိ ခန္ဓေဟိ တေ ကတံ။
အမနာပံ နိရုဒ္ဓါ တေ၊ တဿ ဒါနိဓ ကုဇ္ဈသိ။

ဓမ္မာနံ၊ ပရမတ္ထ သဘာဝဓမ္မတို့၏။ ခဏိကတ္တာ၊ ဖြစ်ဆိုလျှင် ပျက်ရခဏကလေးမျှသာ တည်တန့်သော သဘော ရှိလေသောကြောင့်။ ယေဟိ ခန္ဓေဟိ၊ အကြင်ခန္ဓာဓမ္မ သဘာဝတို့ဖြင့်။ တေ၊ သင့်အား။ ကတံ၊ အပြစ် ဒေါသ မှန်သမျှကို မုချမသွေ ပြုအပ်ပေပြီ။ တေ၊ သင့်အား။ အမနာပံ၊ မနှစ်လို့ဖွယ်ရာ ပြုလုပ်ခဲ့သော ထိုခန္ဓာသည်။ နိရုဒ္ဓါ၊ ချုပ်ပျောက် ပျက်စီးသွားလေပြီ။ ဣဓ၊ ယခုအခါ၌။ တံ၊ သင်သည်။ ကဿ၊ အဘယ်သူအား။ ကုဇ္ဈသိ၊ အမျက်ဒေါသ မီးပွားထကာ ရန်စတုန့်တင် မာန်မူ၍ နေချင်စရာ ရှိပါ‌တော့မည်နည်း။

၁၃၉။ အသုဘ ကထာ ရှစရာများ

အန္ဒုံ ပါနံ ဘောဇနီယံ၊ ဘောဇနဉ္စ မဟာရဟံ
ကေဒ္ဒါရေန ပဝိသိတ္ဝာ၊ နဝဒ္ဒါရေဟိ သန္ဒတိ။
(ဝိသုဒ္ဓိမဂ္ဂဋီကထာ)

အန္ဒုံ၊ မျိုစားစရာ ထမင်းအစာသည်ရင်း။ ပါနံ၊ သောက်ဖွယ်များစွာ အဖျော် ယမကာသည်ရင်း။ ဘောဇနီယံ၊ ခဲဘွယ်ဘောဇဉ် ချိုချဉ်ရသာ ဒးဖြာဖြာသည်ရင်း။ မဟာရဟံ၊ အဘိုးများစွာ ထိုက်တန်သော။ ဘောဇနဉ္စ၊ စားသောက်ဖွယ်ရာ အဖြာဖြာသည်ရင်း။ ဧတေ၊ စားဖွယ်သောက်ရာ ထိုအဖျော် ယမကာတို့သည်။ ကေဒ္ဒါရေန၊ ပါးစပ် တည်းဟူသော တခု သော ဝင်ပေါက်ဖြင့်။ ပဝိသိတ္ဝာ၊ စားသောက်မျိုချ ထိုခဏ၌ ဝင်ရောက်ပြီး၍။ နဝဒ္ဒါရေဟိ၊ အမာပေါက်ဝ ကိုးဒွါရတို့မှ။ သန္ဒတိ၊ ကျင်ကြိုးကတသွယ် ကျင်ငယ်ကတမျိုး ခွေးသလိပ် အညိုမျိုးတို့ဖြင့် အပုပ်အသိုး အဂျပ်ဆိုးပြီးလျှင် တဓိမ်းဓိမ်းယိုစီး၍ ကျလာပေသတည်း။

၁၄၀။ အန္နံ ပါနံ ခါဒနီယံ၊ ဘောဇနဉ္စ မဟာရဟံ။
ဘုဥ္ဇတိ သပရိဝါရော၊ နိက္ခမန္တော နိလီယတိ။

မဟာရဟံ၊ အဟိုင်းအဆ မသိရအောင် အဘိုးကို ဆောင်သော။ အန္နံ။ စားဖွယ်ရာရာ ထမင်းအစာသည်၎င်း။ ပါနံ၊ သောက်ဖွယ်ရာရာ အဖျော်ယမကာသည်၎င်း။ ခါဒနီယံ၊ ခဲဖွယ်ရာရာ အစားအစာသည်၎င်း။ ဘောဇနဉ္စ၊ စားဖွယ်ရာဟင်း ထမင်းမုံများ အစားစားသည်၎င်း။ ဧတေ၊ ဖော်ပြခဲ့ပြီး အသီးသီး အဝဝ ရသထွေပြား အစာများကို။ သပရိဝါရော၊ အခွေအရံ အသင်းအပင်း ပျော်ပဲ့ခင်းကာ ရီမောစဉ်ဖြင့်။ ဘုဥ္ဇတိ၊ သုခဝေဒနာ ပေါ်လွင်စဉ်ဖြင့် ရသာခံစား သုံးဆောင်မျိုဝါး လေ၏။ နိက္ခမန္တော၊ ကျင်ကြီးကျင်ငယ် အသွယ်သွယ်သော ဘဝဖြင့် စွန့်ပစ်ချရတော့မည့်အခါ၌မူကား။ နိလီယတိ၊ ချုံတော ကောင်းကောင်း ပုန်းကာ အောင်းလျက် အပေါင်းလူရှင် မမြင်ရအောင် ပြေးရှောင် ကွယ်ဝှက်ရလေသည်တကား။

၁၄၁။ စားတော့မြုံးပြုံး စွန့်တော့မုန်းမုန်း
အန္နံ ပါနံ ခါဒနီယံ၊ ဘောဇနဉ္စ မဟာရဟံ။
ဘုဥ္ဇတိ အဘိနန္ဒန္တော၊ နိက္ခမန္တော ဇိဂုစ္ဆတိ။

မဟာရဟံ၊ အတိုင်းအဆ မသိရအောင် တန်ဘိုးကို ဆောင်သော။ အန္နံ။ စားဖွယ်ရာရာ ထမင်းအစာသည်၎င်း။ ပါနံ၊ သောက်ဖွယ်ရာရာ အဖျော်ယမကာသည်၎င်း။ ခါဒနီယံ၊ ခဲဖွယ်ရာရာ အစား အစာသည်၎င်း။ ဘောဇနဉ္စ၊ စားဖွယ်ရာ ဟင်း ထမင်း မုံများ အစားစားသည်၎င်း။ ဧတေ၊ ဖော်ပြခဲ့ပြီး အသီးသီး အဝဝရသထွေပြား အစာများကို။ အဘိနန္ဒန္တော၊ ပျော်တပြုံးပြုံး မော်မဆုံးသည်ဖြစ်၍။ ဘုဥ္ဇတိ၊ ရသထွေပြား ခံစား ပျော်ကာ စားသောက်ရှာပေ၏။ နိက္ခမန္တော၊ ကျင်ကြီးကျင်ငယ် မစင်မကြယ်ဘဝဖြင့် စွန့်ပစ်ရမည့် အခါ၌ကား။ ဇိဂုစ္ဆတိ၊ ရွံမုန်းစက်ဆုပ် ဖက်မလုပ်ချင် ဘဝင်ပျို့ကာ နှလုံးနာ လာလေတော့သတည်း။

၁၄၂။ အန္နံ ပါနံ ခါဒနီယံ၊ ဘောဇနဉ္စ မဟာရဟံ။
ကေရတ္တိပရိဝါသော၊ သဗ္ဗံ ဘဝတိ ပူတိကံ။

မဟာရဟံ၊ အတိုင်းအဆ မသိရအောင် တန်ဘိုးကို ဆောင်သော။ အနုံ၊ စားဖွယ်ရာရာ ထမင်းအစာသည်ဌင်း။ ပါနုံ၊ သောက်ဖွယ်ရာရာ အဖျော်ယမကာသည်ဌင်း။ခါဒနီယံ၊ ခဲဖွယ်ရာရာ အစာအစာသည်ဌင်း။ ဘောဇနဉ္စ၊ စားဖွယ်ရာဟင်း ထမင်းမုံ့ငါး အမဲသားစသည် စားဖွယ်သည်ဌင်း။ ဧတေ၊ ဖော်ပြခဲ့ပြီး အသီးသီးအဝဝ ရသထွေပြား အစာမျာသည်။ ကေရတ္တိပရိဝါသာ၊ တည်ဋ္ဌတာမျှ ဝမ်းတွင်းခေါင်းဌဲ့ ပုန်းအောင်း၍ ထားလိုက်သည်ရှိသော်။ သဗ္ဗံ၊ တခုမကြွင်း ခပင်းညှဲ့ အလုံးစုံသည်။ ပူတိကံ၊ အပြောမဟုတ် တကယ်ပင် အန်ထုတ်က အပုပ်အပွသည်သာလျှင်။ ဘဝတိ၊ ထင်မှားဘဝ စိတ်ဒွိဟ မနေကြနှင့်တော့ တကယ်ပင်ဖြစ်၍ ပြသဖြင့် ဒိဋ္ဌမသွေ မြင်နေရလေတော့သတည်း။

၁၄၃။ ဘယ်မှာလဲ ဆံပင်

ဝဏ္ဏော ဂန္ဓော ရသော သြဇာ၊ စတသော စာပိ ဓာတုယော။
အဋ္ဌမမွသမောဓာနာ၊ ဟောတိ ကေသာတိ သမ္မုတိ။
တေသံယေဝ ဝိနိမ္ဘောဂါ၊ နတ္ထိ ကေသာတိ သမ္မုတိ။

(ဝိ-မဂ် ဋ္ဌ)

ဝဏ္ဏော ဂန္ဓော ရသော သြဇာ၊ အဆင်းဝဏ္ဏဓာတ် အနံ့ဂန္ဓဓာတ် အရသာ ရသာဓာတ် အဆီသြဇာဓာတ် ဤသို့ပေါင်းစပ် ဓာတ်လေးပါးတို့ဌင်း။ စတသောစာပိဓာတုယော၊ ပ, အာ, ဝါ, တေ, ရေ,မြေ,လေ, မီး ဓာတ်ကြီးလေးခုတို့ဌင်း။ ဤတိ၊ ဤသို့၊ အဋ္ဌမမွသမောဓာနာ၊ ဓာတ်ကြီးရှစ်တန် အာမာခံလျက် ပေါ်ယံထပ်ကောင်း လေးပါးပေါင်းဟန် ဥပါဒါန်ဟုရွပ်အစုဟုရှစ်ခုပေါင်းစပ်ဓာတ်ပရမတ်တို့ပေါင်းစုတည်ထားအခြင်းအရာ အစားစားတို့ကြောင့်။ ကေသာတိသမ္မုတိ၊ လောက ဝေါဟာရဆံကေသာဟု ကောင်္ခာသ အစုသည်။ ဟောတိ၊ သမ္မုတိပညတ် လောကဓာတ်အလယ် ဆန်းကြယ်စွာ ပေါ်တုန်းလာပေ၏။ တေသံယေဝ ဝိနိဗ္ဘောဂါ၊ ထိုသို့ဖဲ့စည်း ဓာတ်ကြီးရှစ်ပြာ ခဲ့စိတ်ကာပြ ဉာဏ်ဖြင့်ခွဲခြမ်းလိုက်သည်ရှိသော်။ ကေသာတိသမ္မုတိ၊ လူရှင်အများ သမုတ်ထားသည့် ကိုးစားဖွယ်ရာ ဆံကေသာဟူသည်။ နတ္ထိ၊ ဘယ်နေရာ ဘယ်အကွက် ဘယ်တချက်ကလေးမျှ ရှာမရ ဓာတ်သဘာဝကလေးမျှသာ ကျန်ရှာလေတော့သတည်း။

၁၄၄။ မလိတဝမ္ဘထေရ်

ဥက္ကဏ္ဌိတောပိ နု ဝသေ၊ ရမမာနောပိ ပက္ကမေ။
နု တွံဝါနတ္ထသံဟိတံ၊ ဝသေ ဝါသံ ဝိစက္ခဏော။

(ထေရာပဒါန်)

ဝိစက္ခဏော၊ ကောင်းမှုဆိုးမှု ဤနှစ်ခုတွင် ဆိုးမှုကိုကြဉ် ကောင်းမှုမင်၍ မြော်မြင်နိုင်းရှိ ဉာဏ်မျက်စိဖြင့် တိတိကျကျ သိတတ်လှသည့် ပဂ္ဂလဇာနည် သာကီန္ဒယ်ဝင် ပညာရှင်သည်။ ယတ္ထ၊ အကြင်ဒေသ အကြင် ဌာန၌။ ဥက္ကဏ္ဌိတောပိ၊ စိတ်စက်မပျော် မမွေ့လျော်လည်း။ နပက္ကမေ၊ လောကီ လောကုတ္တရာ နှစ်ဖြာစီးပွား အကျိုးများရန် ဝေဖန်ရှုမြော်သိမြင်သည်ရှိသော် အရပ်တပါး ဖဲခွာ၍ မသွားဟု။ ဝသေ၊ စိတ်ကိုဆုံးမသပ်ပယ် ဖြစ်အောင် ကြံဆောင်ရှိသာ သည်းခံကာဖြင့် နေထိုင်ရာသတည်း။ ရမမာနောပိ၊ စိတ်လက်မွေ့လျော် ပျော်ပိုက်ပါသော်လည်း။ ပက္ကမေ၊ အကျိုးမများ အလကားသာ ဖြစ်နေပါက ဖဲခွာကြဉ်ထားရပ်တပါးသို့ သွားရမည်သာလျှင်တည်း။ ဝိစက္ခဏော၊ ပ၊ ပညာရှင်သည်။ အနတ္ထသံဟိတံ၊ အကျိုးမပြီး အချည်းနှီးသာ ဖြစ်လေပါသော။ ဝါသံ၊ ပျော်မှုပါးမှု ကျိုးမပြုသည့် အနုအယဉ် ပုထုဇဉ်ဗာလ လူ့အနွှတို့၏ နေမှုမျိုးကို။ နတွေဝ ဝသေ၊ ဘယ်လိုနည်းနှင့်မျှ အချည်းနှီးဖြစ်ကာ မနေရာသတည်း။

၁၄၅။ ဝလ္လိယထေရ်
မျောက်စိတ်

မက္ကဋော ပဉ္ဆဒ္ဒါရာယံ၊ ကုဋိကာယံ ပသက္ကိယ။
ဒ္ဝါရေနာ နုပရိယာတိ၊ ဃဋ္ဋယန္တော မုဟုံ မုဟုံ။
တိဋ္ဌ မက္ကဋ မာ ဓာဝိ၊ နဟိ တေ တံ ယထာ ပုရေ။
နိဂ္ဂဟိတောသိ ပညာယ၊ နေဝ ဒူရံ ဂမိဿသိ။

(ထေရာပဒါန်)

မက္ကဋော၊ ဗိတ်တည်းဟူသော မျောက်သည်။ ပဉ္ဆဒ္ဒါရာယံ၊ တံခါးပေါက်ပမာ ငါးဖြာသော ဒွါရရှိသော်။ ကုဋိကာယံ၊ ခန္ဓာတည်းဟူသောအိမ်၌။ပသက္ကိယ၊ ကပ်ရောက်၍။ မုဟုံမုဟုံ၊ ခဏတဖြုတ် ရုတ်ခနဲဖြစ်၊

ရွတ်ခနဲပျက်ပြီးလျှင်။ ဃန္ဓယန္တော၊ စိတ်စက်တံခါး အစားစားကို ထိပါး ဖျက်ဆီးလျက်။ ဒွါရေန၊ စက္ခု သောတ ဃာန ဇိဝှာ ငါးဖြာမြောက်ထ ကိုယ်ကာယဖြင့်။ အနုပရိယာတိ၊ မြင်စိတ်မှ ကြားစိတ် ကြားစိတ်မှ နံစိတ် နံစိတ်မှ စားစိတ် စားစိတ်မှ ထိစိတ် မျက်စိတမှိတ်အတွင်းမှာပင် အလျှင် မပြတ် စိတ်ဓာတ်ပေါင်း ကုဋေ ကုဋာ လှည့်ပတ်ကာ ဖြစ်နေပါလေ၏။

မက္ကဋ္ဌ၊ မျောက်နှင့်တူစွာ ပြေးလာဆော့ကစား ဟိုသွားဒီခုန် ဖုံဖုံ များမိတ် အိုဘယ် စိတ်။ တိဋ္ဌ၊ ပြေးနေရာမှ မကြာခုပင် လျင်မြန်စွာ ရပ်လိုက်ပါလော့။ မာဓာဝီ။ အဝေးသို့သွား ရပ်မနားဘဲ လှည့်ပတ်၍ သာ သွားမနေပါလေနှင့်။ တေ၊ မျောက်ထက်မက အဖမ်းရခက် အ ဖျက်ထိပ်ပိတ် အသင်စိတ်သည်။ ပုရေယထာ၊ ရှေးရှေးတုန်းအခါ အစဉ် အလာသို့ ခုခါမသွေ မဟုတ်တော့ပါချေ။ ပညာယ၊ ဝိပဿနာ လွန် စွာထက်မြက် ပညာလက်နက်ဖြင့်။ တံ့၊ သင်စိတ်ကို။ နိဂ္ဂဟိတောသိ၊ နှိုင်အောင်ကွပ်ညှပ် ဖိကာသတ်အပ်လေပြီ။ ဒုရံ၊ ဝိပဿနာ အာရုံဌာ လျက် လွန်စွာဝေးငြား အရပ်တပါးသို့။ နေဝဂမိဿတိ၊ ဘယ်လိုနည်း နှင့် အပြီးမသွေ သင်မသွားနိုင်တော့သည်သာတည်း။

၁၄၆။ ဂင်္ဂါတီရိယမထေရ်

၂-နှစ်ကြာမှ စကားတခွန်းပြော

တိဏ္ဏံ မေ တာလပတ္တာနံ၊ ဂင်္ဂါတီရေ ကုဋိကတာ။
ဆဝသိတ္တောဝ မေ ပတ္တော၊ ပံသုကူလဉ္စ စီဝရံ။
ဒ္ဝိန္နံ အန္တရဝဿာနံ၊ ကေဝါစာ မေ ဘာသိတာ။
တတိယေ အန္တရဝဿိမှိ၊ တမောခန္ဓော ပဒါလိတော။

မေ၊ ပစ္စည်းဥစ္စာ ငါမရှာဘဲ သာသနာထဲဝယ် မြဲသောသတိ သန္ဓာဋ္ဌိ သုံး နှလုံးကြည်မြဲ ဓမ္မအမွေ ရအပ်စေမှု တခုကိုသာ ဖွဲ့ရှာ လာခဲ့သော ငါသည်။ ဂင်္ဂါတီရေ၊ ရေဇလာတို့ သီတာအေးမြဲ ရစ်ခွေခရာ မြစ်အဝါ၏ ဘယာမသန်း တဘက်ကမ်းနားဌိ။ တိဏ္ဏံ တာလပက္ကာနံ၊ ထန်းလက် ၃ လက်တို့ကို။ ကုဋိကတာ၊ ဒူးတုပ်ဝပ်ကာ ထိုင်နေသာရုံမျှ ပမာဏ ရှိသော တဲကုတ်ကလေးကို။ ကတာ၊ ကမ္မဋ္ဌာန်းအလုပ် စွမ်းအားထုတ် စရာ ကျောင်းခမ်းဝါဟု ပြုလုပ်ဆောက်တည် ခဲ့လေပြီ။ မေ၊ ငါ့၏။

ပတ္တော၊ ထည့်စားစရာ အရောင်မှာ မဲ့ချိတ် ခွက်ဆိုတဲ့ သပိတ်သည်။ ဆဝသိတ္တော၁၀၊ လူ့ခေါင်းခွံပမာ တူလှပါပေ၏။ မေ၊ ငါ၏။ စီဝရုံ၊ ဖလ်ဝါဆင်မြန်း ဓာတ်သက်နှံးသည်။ ပံသုကူလဥ္စ၊ ဖုံလိမ်းလိမ်းကပ် တင်ကာထပ်လျက် လမ်းမတ်တပ်အလယ် စွန့်ပယ်ထားအပ် အဝတ်အမျိုး မျိုးတို့ကို ချုပ်ဆိုးဆက်စပ် ဖာရာအထပ်ထပ်ဖြင့် မပြတ်တင်လှမ်း ပံသုကူ သက်နှံးသာဖြစ်ပါပေ၏။ ဒွိန္နံ အန္တရဝဿာနံ၊ ချိန်ခါတွက်စစ် နှစ်နှစ် တိုင်တိုင်။ မေ၊ ငါသည်။ ဧကဝါစာ၊ စကား တခွန်းကို သာ လျှင်။ ဘာသိတာ၊ မလွဲသာသဖြင့် ပြောကြားခဲ့လေပြီ။ တတိယေ အန္တရဝဿမှိ၊ တတိယနှစ် ရောက်လစ်သည်ရှိသော်။ တမောခန္ဓော၊ အဝိဇ္ဇာဟု မဟာ မောဟိုက် အမှောင်တိုက်ကို။ ပဒါလိတော၊ အရဟတ္တမဂ် စိန်သန်လျက် ဖြင့် ပယ်ဖျက်သုတ်သင် ခုတ်ထွင်၍ အောင်မြင်တော်မူလေပြီ။

၁၄၂။ ဝသက မထေရ်

နှ ဗြာဟ္မဏော ဗဟိဝဏ္ဏော၊ အန္တောဝဏ္ဏော ဟိ ဗြာဟ္မဏော။ ယသ္မိ ပါပါနိ ကမ္မာနိ၊ သ ဝေ ကဏှော သုဇမ္ပတိ။

(ထေရာပဒါန်)

ဗြာဟ္မဏော၊ ဗြာဟ္မဏဇာတ် အမျိုးမြတ်ဟူသည်။ နှ-ဗဟိဝဏ္ဏော၊ ပြင်အပကကြည့်၍လှရုံ ပေါ်ယံခြုံလှမ်း အထဲကကြမ်း၍ ညစ်ညမ်းသည့် အမျိုးဇာတ်မဟုတ်ပေ။ ဟိ၊ အဟုတ်သော်ကား။ ဗြာဟ္မဏော၊ ဗြာဟ္မဏဇာတ် အမျိုးမြတ်ဟူသည်။ အန္တောဝဏ္ဏော၊ အတွင်းသဘာဝ အဇ္ဈတ္တဉ်လှပသော အကျင့် တင့်တယ်သောစိတ် ဝင်းဖိတ်ကြည်သာ မွန်မြတ်လှပါပေ၏။ သုဇမ္ပတိ၊ သက်ထားကြင်ယာ လှသူဇာ၏ ကြင်ယာပတိ မည်ရှိကျော်သင်း အိုးသိကြားမင်း။ ယသ္မိ၊ အကြင်သူဌဉ်။ ပါပါနိ၊ ယုတ်မာညစ်ညမ်း ဟောရမ်းကုန်သော။ ကမ္မာနိ၊ အကုသိုလ်ညစ်ကျုံး မကောင်းမှုတို့သည်။ သန္တိ၊ ရှိကုန်၏။ သ-သော၊ ထိုသို့ ယုတ်မာညစ်ကျုံး အကုသိုလ်မှုနှင့် ပြည့်စုံသောသူကို။ ကဏှော၊ မည်းညစ်ယုတ်မာ လူ့ဗာလာဟူ၍။ ဝုစ္စတိ၊ အတွင်းဓာတ်သဘော နစ်နောကြည့်ကာ ခေါ်ဆိုအပ်ပါလေသတည်း။

၁၄၈။ သဗ္ဗမိတ္တဏေရ်

ရောယှက်သူများ မီးတွေပွား

ဇနော ဇနမှိ သမ္မဒ္ဓေါ၊ ဇနမေဝ သိတော ဇနော။
ဇနော ဇနေန ဟေဋ္ဌိယတိ၊ ဟေဋ္ဌေတိ စ ဇနော ဇနံ။
ကော ဟိ တဿ ဇနေ နတ္ထော၊ ဇနေန ဇနိတေန ဝါ။
ဇနံ သြဟာဟ ဂစ္ဆန္တံ၊ ဟေဋ္ဌယိတ္ဝာ ဗဟုံ ဇနံ။

(ထေရာပဒါန်)

ဇနော၊ သစ္စာရောင်မင်း မပေါ်လင်းသဖြင့် မိုးဂ်တ္ဒင်းနက်လှ လူ့အန္ဓသည်။ ဇနမှိ၊ မိမိမှ တပါးသော သတ္တဝါဌ်။ သမ္မဒ္ဓေါ၊ ငါ့လင် ငါ့သား ငါ့မယားဟု အလကားပိုကာ စွဲမိမှားရှာလေ၏။ ဇနော၊ ပ၊ လူ့အန္ဓသည်။ ဇနမေဝ၊ မိမိမှ တပါးသော သတ္တဝါကိုပင်လျှင်။ အသိတော၊ တဏှာမြှေးယှက်ပြေးမထွက်ရအောင် ဖွဲ့နှောင်မှိတ္ဒယ်၍နေပေ၏။ ဇနေန၊ (ပ) လူ့အန္ဓသည်။ ဇနော၊ မိမိမှတပါးသော သတ္တဝါကို။ ဟေဋ္ဌိယတိ၊ ဒေါသစွန်းထွက် နှိပ်စက်ကလူ ပြုမူမိလေ၏။ ဇနော၊ ပ၊ လူ့အန္ဓသည်။ ဇနံ၊ မိမိမှ တပါးသောသတ္တဝါကို။ ဟေဋ္ဌေတိစ၊ အတုန့်အလှည့် ဝင့်၏ သဘော နစ်နောဖွေရှာ မသိဒါကြောင့် ပြုမိရှာလေ၏။

တဿ အညဇနဿ၊ ထိုတပါးသောသူအား။ ဇနေန၊ အခြားတပါးသောသူဖြင့်။ ကောအတ္ထော၊ လောဘအစွန်း ဒေါသအစွန်း နှစ်စွန်းထွက်ကာ အပြစ်ရှာသဖြင့် ဘာလုပ်မည်နည်း။ ဇနေနဝါ၊ သားသမီးတို့၏ ဖခင်အဖြစ်ဖြင့်ဂုဏ်း။ ဇနိတေနဝါ၊ မိခင်အဖြစ်ဖြင့်ဂုဏ်း။ ကောအတ္ထော၊ ခင်တွယ် ဖားကိုးသဖြင့် ဘယ်အကျိုးရှိအံ့နည်း။

တံဇနံ၊ တပ်နှစ်သက်ခြင်း တွယ်တာခြင်းကို။ သြဟာယ၊ အာလယပြတ် စွန့်ပယ်လတ်သည်ဖြစ်၍။ ဗဟုံဇနံ၊ များစွာသောသူ အပေါင်းကို။ ဟေဋ္ဌယိတ္ဝာ၊ ညှဉ်းဆဲနှိပ်စက်၍။ ဌိတံ၊တည်သော။ ဒေါသဋ္ဌ၊ မျက်မာန်ပွားလှ ထိုဒေါသကိုဂုဏ်း။ သြဟာယ၊ အာလယပြတ် စွန့်ပစ်လတ်သည်ဖြစ်၍။ ဂစ္ဆံ၊တွယ်တာမှုကင်း အေးခြင်းရည်တူ မြတ်နိဗ္ဗာန်သို့ ရွယ်၍မကွာသွားရောက်တော်မူနိုင်ရာတော့သတည်း။

၁၄၉။ တိသ္သ မထေရ်

ရန်မျှားလှ၍ လာဘ်ကိုပယ်ပါသည်

ဗဟူသပတ္တော လဘတိ၊ မုဏ္ဍော သဃ်ာဋိပါရုတော။
လာဘီ အန္ဓဿ ပါနဿ၊ ဝတ္ထဿ သယနဿစ။
တေမာဒနံ ဥတ္တာ၊ သက္ကာရေသု မဟတ္တယံ။
အပ္ပလာဘော အနဝဿုတော၊ သတော ဘိက္ခု ပရိဗ္ဗဇေ။

(ထေရာပဒါန်)

မုဏ္ဍော၊ဦးခေါင်းတလုံး သျှောင်ကာထုံးကို အဆုံးခံခဲ့ပြီးဖြစ်ပါလျက်။ သဃ်ာဋိပါရုတော၊ နှစ်ထပ်သက်န်း ထူကြမ်းကြမ်းကို တင်လှမ်းဝတ်ရုံခဲ့ပြီဖြစ်ပါလျက်။အန္ဓဿစ၊ ဘောဇဉ်ငါးဖြာ စားစရာအစာကိုဂုဏ်း။ပါနဿစ၊ သောက်ဖွယ်ရာရာ ဖျော်ယမကာကိုဂုဏ်း။ ဝတ္ထဿစ၊ ဖုံးလွှမ်းဖွယ်ရာ အဝတ်တန်ဆာကိုဂုဏ်း။ သယနဿစ၊ နေထိုင်စရာ ကျောင်းအိပ်ရာကိုဂုဏ်း။ လာဘီ၊ ကိလေသာတပ် တက္ခာငတ်ကာ ရအပ်လေသောကြောင့်။ ဗဟူသပတ္တော၊ တပါးမက များလှသောင်းသောင်း ရန်သူအပေါင်းကို။ လဘတိ၊ ပုထုဇဉ်မှန်သမျှ လာဘ်လာဘကို သူကလဲလိုချင် ကိုယ်ကလဲလိုချင်နှစ်ဖက်ပင် ငြိုငြင်ကြသဖြင့် သူရကိုယ်ရပြိုင်ရာဝယ် အနှိုင်မခံ အရှုံးမပေးမှုတွေ့ကြောင့် သူ့လူကိုယ့်ဖက် ရန်စနက်တွေ့ပွဲများကာ ရန်မီးတွေ့မျှားရပေသတည်း။

သက္ကာရေသု၊ လာဘ်သပွကာ ပူဇော်ရာအဝဝတို့၌။ မဟတ္တယံ၊ဘေးရန်အစားစား အလွန်မျှားခြင်းဟု ဆိုအပ်သော။ တေအာဒီနဝံ၊ ပြဆိုခဲ့ပြီးအပြစ်ဒေါသဖြစ်တတ်ပုံနည်းကို။ ဥတ္တာ၊ ကိုယ်တိုင်ဒိဋ္ဌ မြင်တွေ့ရသည်ဖြစ်၍။ အပ္ပလာဘော၊ လာဘ်ပကာသန ကိုယ်ကာယ မျှတရှိသည်ဖြစ်၍။ အနဝဿုတော၊ ကိလေသာခတ် မစိုစွတ်ဘဲ။ သတော ဘိက္ခု၊ သတိပညာ နှစ်ဖြာယှဉ်စပ် ရဟန်းမြတ်သည်။ ပရိဗ္ဗဇေ၊ လာဘ်သပွကာလွန်စွာထွေပြော ကိလေသာတော လူအုပ်တောမှ မြတ်သောဌာနံ ပြည်ခေမံသို့ ကောန်မသွေ ဆိုက်ရောက်ပေရာသတည်း။

၁၅၀။ နန္ဒမဏေရ်

နှလုံးသွင်းမတတ်၍ ငတ်မိပါသည်

အယောနိသော မနသိကာရာ၊ မဏ္ဍနံ အနုယုဉ်ဿံ။
ဥဒ္ဓတော စပဇလော စာသိ၊ ကာမရာဂေန အဋ္ဋိတော။

ဘောန္တော်၊ စည်းဝေးညီညာ ရောက်လာကြသောင်း အိုသီတင်း သုံးဖော် သူတော်မလေ့ ပျော်မွေ့ကြသည့် ရဟန်းအပေါင်းတို့။အဟံ၊ဘုရင့်ရင်သွေး စကြာဝဠာတေးမင်း လောင်း အစရှိသော ဂုဏ် အပေါင်းကို အကောင်းထင်ကာ ထင်မှားမိရှာသော ငါသည်။ အယောနိသောမနသိကာရာ၊ သုံးဆယ့်နှစ်ဝ အသုဘကို သုဘဟုပင် စိတ်ဝယ်တင်စား အမြင်မှားမိလေသောကြောင့်။ မဏ္ဍနံ၊ ဝတ်စားဆင်ယင် အလှပြင်ခြင်းကို။ အနုယုဉ်ဿံ၊ နေ့ရှိတိုင်းလှအောင်လို့ တသသ ပြုလုပ်ခဲ့လေပြီ။ ကာမရာဂေန၊ ဝတ္ထုကိလေ နှစ်ထေပေါင်းစပ် ရာဂဓာတ်ဖြင့်။အဋ္ဋိတော၊ မလှပ်သာအောင် ချည်နှောင်ရစ်ပတ် ဖွဲ့စပ်အပ်သည်ဖြစ်၍။ ဥဒ္ဓတောစ၊ ဘဝင်မြင့်၍ အထက်လေပင့်ပြီးလျှင် အကဲလည်း ဝင့်ခဲ့ဘူးလေပြီ။ စပဇလောစာသိ၊ တလျပ်လျပ်နှင့် စိတ်ဓာတ်လော်လည်း မတည်ကြည်သဖြင့် လေကဲ့သို့ လွင့်ခဲ့ဘူးလေပြီဘကား။

၁၅၁။ သိရိမဏေရ်

ကိုယ့်ကိုကိုယ်သာ အသိဆုံးပါ

ပရေ စ နံ ပသံသန္တိ၊ အတ္တာ စ အသမာဟိတော။
မောဃံ ပရေ ပသံသန္တိ၊ အတ္တာ ဟိ အသမာဟိတော။
ပရေ စ နံ ဂရဟန္တိ၊ အတ္တာ စေ သုသမာဟိတော။
မောဃံ ပရေ ဂရဟန္တိ၊ အတ္တာ ဟိ သုသမာဟိတော။

(ထေရုပဒါန်)

အတ္တာစ အသမာဟိတော၊ မိမိကိုယ်မှာ မကောင်းပါဘဲလျက်။ ပရေစ၊ အတ္တင်းသဘော စင်းချောမသိ မောဟဖိုင်းလူအများက။

စေပသံသန္တိ၊ အကယ်၍မျှား ချီးမွမ်းမြောက်စားခဲ့ငြားအံ့။ အတ္တာဟိ အသမာဟိတော၊ မိမိကိုယ်မှာ မကောင်းပါဘဲလျက်။ ပရေပသံသံ၊ သူတပါးက ကောင်းပေစွဟု ချီးမွမ်းမြောက်စား ခြင်းသည်။ မောဃံ၊ အကျိုးမပြု အချည်းနှီးအမှား နှစ်သားမပါ ဗလာဆုံးကျ အသုံးမကျ သော ချီးမွမ်းခြင်းသာဖြစ်ပါပေ၏။

အတ္တာ စ သုသမာဟိတော၊ မိမိကိုယ်မှာ ကောင်းစွာအကျင့်ရှိပေမင့် လည်း။ ပရေစ၊ အတ္ထင်းသဘော စင်းချောမသိ မောဟဖြင်းလူအမျှား က၊ စေဂရဟန္တိ၊ အကယ်၍မျှားမသိအားကြောင့် ကဲ့ရဲ့ကုန်အံ့။ အတ္တာ ဟိသုသမာဟိတော၊ မိမိကိုယ်မှာ ကောင်းစွာအကျင့်ရှိပါလျက်။ ပရေ ဂရဟံ၊ သူတပါးက လှည့်ဖျား ညစ်ပတ် တွင်းဓာတ်မသိ ကဲ့ရဲ့သည့်အရာ သည်။ မောဃံ၊ အချည်းနှီးသား အလကားအရာသာ မှန်စွာမသွေဖြစ်ပါ ပေသတည်း။

၁၅၂။ စစ်ပွဲမှာ အသေခံမယ်

ဟတ္ထိက္ခန္ဓာဝ ပတိတံ၊ ကုဥ္ဇရော စေ အနုက္ကမေ။
သင်္ဂါမေ မေ မတံ သေယျော၊ ယဉ္စေ ဇီဝေ ပရာဇိတော။

(သောကာပေါတိရိယ ထေရာပဒါန်)

အဟံ၊ ငါ့ကို။ ဟတ္ထိက္ခန္ဓာ၊ စစ်မြေပြင်ဝင် စစ်တိုက်ဆင်၏ ကျောက် ကုန်းမှ။ ပတိတံ၊ လွှင့်ပါးရှိသာ မြေသို့ကျလာသည်ဖြစ်၍။ ကုဥ္ဇရော၊ အမှန်ရစ်မူး တရွှီးရွှီးပြေးဝင် စစ်တိုက်ဆင်သည်။ စေအနုက္ကမေ၊ ရိုးသား တခြား လွှင့်ကာသွားအောင် နင်းဝါး ကြိတ်ချေ သတ်ချင်သော်လည်း သတ်ပါစေ။ ပရာဇိတော၊ ရှုံးသည်ဖြစ်၍။ ဇီဝေ၊ အသက်ရှင်ကာ နှစ်ရှည် ကြာအောင် နေရသည်ထက်။ သင်္ဂါမေ၊ သူနိုင်ငါနိုင် အပြိုင်ပြိုင်ယှဉ်တွဲ စစ်ဆင်ပွဲ၌။ မတံ၊ ဇီဝိန်ပျက်ယွင်း သေရခြင်းက။ မေ၊ဘဘုရား၏ ချစ်သား ဇာနည် တသာကိဇာတ် ငါမထေရ်မြတ်အား။ သေယျော၊ ဆထက် တရာ လွန်ကဲသာ၍ မှန်စွာမသွေ မြတ်လှုပါပေသတည်း။

၁၅၃။ ခြေဘုရားကျေးဇူး ကြီးမားလှပေစွ

အဟော ဗုဒ္ဓေါ အဟော ဓမ္မော၊ အဟော နော သတ္ထုသမ္ပဒါ။
ယတ္ထ ဧတာဒိသံ ဓမ္မံ၊ သာဝကာ သစ္ဆိကာဟိတိ။

(ကုမာရကဿပထေရာပဒါန်)

ယတ္ထ၊ အကြင်သာသနာတော်၌။ သာဝကာ၊ ကျင့်ကြံကြိုးကုတ် အားထုတ်ကြငြား တပည့်များသည်။ ဧတာဒိသံဓမ္မံ၊ အေးမြကြည်လင် သန့်စင် မှဲ့ချော ဤသို့သဘောရှိသော တရားတော်ကို။ သစ္ဆိကာဟိတိ၊ ကိုယ်တိုင်ကိုယ်ကျ ဒိဋ္ဌ ထင်ထင် မြင်အပ်ပေ၏။

နော၊ ဤသို့ဂုဏ်အင် စုံလင်လှစွာ သာသနာနှင့် ကြုံလာရငြား အကျွန်ုပ်တို့အား။ ဗုဒ္ဓသမ္ပဒါ၊ ခွတ်ယုင်းတစိ ဘယ်မှာမှမရှိသည့် ဘုရား၏ ပြည့်စုံရခြင်းသည်။ အဟော၊ ရှင်တသိမ့်သိမ့် ပီတိဖိမ့်မျှ နှစ်သိမ့်ဝမ်းသာ ရွှင်ပျစရာ ကောင်းလှပါပေသည်တကား။

ဓမ္မသမ္ပဒါ၊ လောကီလောကုတ္တရာ နှစ်ဖြာလမ်းကြောင်း မစောင်း ရအောင် ရည်အောင်ညွှန်ပြ တရားဓမ္မ၏ ပြည့်စုံရခြင်းသည်။ အဟော၊ ရှင်တသိမ့်သိမ့်၊ပ၊ ကောင်းလှပါပေသည်တကား။

သတ္ထုသမ္ပဒါ၊ ဟောဖော်ညွှန်ပြ နည်းလမ်းကျအောင် ရှေ့ဆောင် ပေတော် ဆရာမြတ်၏ ပြည့်စုံရခြင်းသည်။ အဟော၊ ရှင်တသိမ့်သိမ့်၊ ပ၊ ကောင်းလှပါပေသည်တကား။

၁၅၄။ ရဟန်းဘဝခဲ့ ချမ်းသာချင်လျှင်

သုခံ ဧစေ ဇီဝိတုံ ကွဇ္ဈ၊ သာမညသ္မိံ အပေက္ခဝါ။
သံယိက် နာတိမညေယျ၊ စီဝရံ ပါနဘောဇနံ။
သုခံ ဧစေ ဇီဝိတုံ ကွဇ္ဈ၊ သာမညသ္မိံ အပေက္ခဝါ။
အဟိ မူသိကသောဇ္ဈံဝ၊ သေဝေထ သယနာသနံ။

သာမညသ္မိံ၊ လူ့ဘောင်ဖယ်ခွာ ကေစားကျင့်တမ်း ရဟန်းမြတ်ဘဝခဲ့။ အပေက္ခဝါ၊ သီလသိက္ခာ ဖြူစင်စွာဖြင့် သာသနာအတွက် ငဲ့ကွက်ခြင်း ရှိသည်ဖြစ်၍။ သုခံ၊ ကိုယ်စိတ်မနှမ်း ဘေးမသန်းဘဲ အေးချမ်းကြည်လင်

သန့်စင်လှစွာ။ ဇီဝိတုံ၊ အသက်ရှည်ခြင်းငှာ။ စေတ္တဋ္ဌေ၊ အကယ်တိတိ အလိုရှိခဲ့ငြားအံ့။ သံဃိကံ၊ သံဃထံမှ ဝေပုံကျ၍ ရလာအပ်သော။စီဝရံစ၊ အချမ်းအပူ ကယ်ပူပယ်ဖျောက် ရှက်ကြောက်လုံစေ သုံးထွေတင်လှမ်း ဝတ်သက်နှံးကိုငှင်း။ ပါနဘောဇနံစ။ အဖျော်ယမကာ သောက်ဖွယ်ရာနှင့် ထွေလာများဖြင် ဆွမ်း စသော ဘောဇဉ်ကိုငှင်း။ နာတိမညေယျ၊အထင်မသေးရာ၊ ဝါ၊ နာတိမညေယျ၊ သံဃိကမှ ဝေပုံကျ၍ ရသမျှဥစ္စာ လေးဖြာ ပစ္စယ ဟူသမျှသည် ပရမဝိသုဒ္ဓိ အလှန်ပင် စင်ကြယ်သည့်အရာဖြစ်၍ စင်စစ်မသွေ အလေးအမြတ်ပြုအပ်ပါပေသတည်း။

သာမညသ္မိံ၊ လူ့ဘောင်ဖယ်ခွါ ဧကစာကျင့်တမ်းမြတ်ရဟန်းဘဝ၌။ အပေက္ခဝါ၊ သိလသိက္ခာ ဖြူစင်စွာဖြင့် သာသနာအတွက် ငဲ့ကွက်ခြင်းရှိသည်ဖြစ်၍။ သုခံ၊ ကိုယ်စိတ်မနှမ်း ဘေးမသန်းဘဲ အေးချမ်းကြည်လင်သန့်စင်လှစွာ။ ဇီဝိတုံ၊ အသက် သိက္ခာ ကိုယ်ခန္ဓာမြဲတည် ရှည်စေခြင်းငှာ။ စေတ္တဋ္ဌေ၊ အကယ်တိတိ အလိုရှိခဲ့ငြားအံ့။ အဟိ၊ မြွေသည်။ မူသိက သောဗ္ဘံ၊ ကြွက်က အသင့်တူးထားသော တွင်းကို ငဲ့ကွက်ခြင်းမရှိ ခဏခေတ္တ နေရုံမျှ သဘောဖြင့် သွားရင်း လာရင်း တွင်းထဲ၌ မျှတရုံသာ နေသွားသကဲ့သို့။ ဘိက္ခုပိ၊ လာဘ်လာဘအရေး မမြော်တွေးဘဲ ကြောက်ရေး ကြောက်ရာ သံသရာဘေးမျှ ရှုတတ်လှသော ရဟန်သည်လည်း။ သေနာသနံ၊အဆောက်အအုံ ကျောင်းဆိုတဲ့ ဘုံကို။သေဝေထ၊ ကျောင်းကန်ရရေး အလေးမထား အသင့်အားဖြင့် ရလင့်သောအခါ နေရာဖြစ်ရုံ တဲအုံဖြစ်ပစေ တိုက်ဖြစ်ပစေ မရေမတွက် တရားဘက်သာ ကြိုးစားကာဖြင့် ချမ်းချမ်း သာသာ နေအပ်လေရာသတည်း။

၁၅၅။ ငါ့မှာ ခြေ-ချောင်း အကောင်းသား

အဟု တုယ့် ပုရေ သဒ္ဓါ၊ သာတေ အင္ဂ နု ဝိဇ္ဇတိ။
ယံ တုယ့် တုယ္ဟမေဝေတံ၊ နတ္ထိ ဒုစ္စရိတံ မမ။
အနိစ္စာ ဟိ စလာ သဒ္ဓါ၊ ဧဝံ ဒိဋ္ဌာမိ သာ မယာ။
ရဇ္ဇန္တိပိ ဝိရဇ္ဇန္တိ၊ တတ္ထ ကိ ဇီယျတေ မုနိ။
ပစ္စတိ မုနိနော ဘတ္တံ၊ ထောကံ ထောကံ ကုလေ ကုလေ။
ပိဏ္ဍိကာယ စရိဿာမိ၊ အတ္ထိ ဇင်္ဃလံ မမ။

(သာဠိမတ္တိယ ထေရာပဒါန်)

ဥပါသကာ၊ ပစ္စည်းလေးပါး ပေးလှူငြားသည့် ဖွံ့ထွားသဒ္ဓါအိုဥပါသကာ။ တုယ္ဍံသင် ဥပါသကာအား။ ပုဇော၊ ရွေးရွေးအခါက။ သဒ္ဓါ၊ ငါ၏ အပေါ်၌ ယုံကြည်အားထား သဒ္ဓါတရားသည်။ အဟု၊ အမှန်ပင်မသွေဖြစ်ခဲ့ချေပြီ။ သာ၊ ထိုသို့ကြည်ယုံ ပုံ၍အပ်ထား သဒ္ဓါတရားသည်။ အင်္ဂ၊ ယနေ့။ တေ၊ သင်ဥပါသကာအား။ နဝိဇ္ဇတိ၊ ပုထုဇဉ်မနော ဖောက်လဲသောသဘောဖြင့် လျှောကျတစိ မရှိလေတော့ပြီ။ တုယ္ဍံ၊ သင်ဒါယကာ၏။ ယံ၊ ရွေးရွေးကမှစ၍ ယနေ့ကျအောင် လေးပစ္စယဖြင့် ဒါနဖြစ်မြောက် အလှူတည်ဆောက်ခြင်းသည်။ အတ္ထိ၊ ရှိ၏။ တေံ၊ ဤသို့ မိမိပစ္စည်းကို မိမိက လှူဒါန်းခြင်းသည်။ တုယ္ဍမေဝ၊ သင်ဒါယကာမှာသင့်သဒ္ဓါနှင့် သင်သာလျှင် သင့်ဘာသာ ပိုင်ဆိုင်သည့် ကိုယ်ပိုင်ကိစ္စသာဖြစ်ပါစေ၊ ဝါ၊ တနည်းကား။ ယံဒုစ္စရိတံ၊ ငါ့အပေါ်၌မတော်မလျော်လော်မာဖောက်ပြား မကောင်းမှုတရားကို။ တုယ္ဍံ၊ သင်သည်။ ကတံ၊ မသိမှောက်မှားပြုမိသွားလေပြီ။ တံ၊ ထိုသို့ပြုမိဒုစ္စရိတ ကျိုးဖလသည်။ တုယ္ဍမေဝ၊ သင့်အားသာလျှင် အမှန်မသွေ ကျရောက်ပေလိမ့်မည်။ မမ၊ ငါ့အား။ ဒုစ္စရိတံ၊ ယုတ်မာညစ်ကျဉ်း မကောင်းမှုမည်သည်။ နတ္ထိ၊ တစိုးတစိမျှ မရှိရိုးမှန်လှုပါပေ၏။

သဒ္ဓါ၊ ကြည်ညိုဆပ္ပဳား သဒ္ဓါတရားဟူသည်။ အနိစ္စာ၊ မမြဲသောသဘောရှိ၏။ စလာ၊ တုန်လှုပ်ချောက်ချား ဖောက်ပြားသောသဘောရှိ၏။ ဇဝံ၊ ဤသို့။ မယာ၊ ငါ ရဟန်းမြတ်သည်။ ဒိဋ္ဌာ၊ ကိုယ်တိုင်ဒိဋ္ဌ ပစ္စက္ခပင် မြင်အပ်ပါလေပြီ။ သတ္ထာ၊ မတည်မကြည် လော်လည်ဖောက်ပြား ပုထုဇဉ်သတ္တဝါမျှားသည်။ ရဇ္ဇန်္တိပိ၊ ကြည်ညိုချင်က အလွန်အကဲ မောက်ပိုမြဲ ဖြစ်ကြပါကုန်၏။ ဝိရဇ္ဇန်္တိပိ၊ မကြည်ညိုချင်ကလည်း မကြည်ညို ပိုပိုကဲကဲနှင့် ဆိုဆဲတတ်ကြကုန်၏။ တတ္ထ၊ အတည်မမြဲဖောက်လဲဖောက်ပြန် အမှန်မရ ပုထုဇဉ်တို့၏ သဘာဝမမြဲခြင်း။ မုနိ၊ နိဗ္ဗာန်ရည်မှန်းမြတ်ရဟန်းသည်။ ကိဉ္စိယျတေ၊ စိတ်စက်စိုးနှောင့် ဘာကြောင့်မသွေဖြစ်နေစရာရှိပါတော့မည်နည်း။

မုနိနော၊ နိဗ္ဗာန်ရည်မှန်း တထပ်ဆွမ်းအပ် ရဟန်းမြတ်အတွက်။ ကုလေကုလေ၊ အိမ်တိုင်း အိမ်တိုင်း၌။ ထောက် ထောက်၊ တယောင်းမ တဇွန်းစာမျှစီ။ ဘတ္တံ၊ ဆွမ်းသည်။ ပစ္စတိ၊ ကျက်ပြီးသားအနေ အသင့်စီရှိပါပေ၏။ မမ၊ နိဗ္ဗာန်ရည်မှန်းငါရဟန်းအား။ ဇင်္ဃလံ၊ အစွမ်းဘားကောင်းခြေ ၂-ချောင်းသည်။ အတ္ထိ၊ တောင့်တောင့်တင်းတင်း ကျန်းမာခြင်းနှင့်

မယွင်းကုံလုံ ပြည့်စုံစ့ဝါပါပေ၏။ အဟံ၊ နိဗ္ဗုံရည်မှန်း ငါရဟန်းသည်။ ပိဏ္ဍိကာယ၊ ဆွမ်းခံရန်အလို့ငှာ။ စရိဿာမိ၊ အိမ်စဉ်တိုင်းရပ် ပိဏ္ဍပါတ်လမ်း ကြွမြန်းတော်မူတော့မည်သာတည်း။

၁၅၆။ ဂါရဝကင်းစင် နိဗ္ဗာန်ခွင် ဝေးလွန်းလှသည်ပင်

ယဿ သဗြဟ္မစာရီသု၊ ဂါရဝေါ နုံပလဗ္ဘတိ။
အာရကာ ဟောတိ သဒ္ဓမ္မာ၊ နဘံ ပုထုဝိယာ ယထာ။

(သဘိယထေရ်)

ယဿ၊ ဘဝင်တမြင့်မြင့်နှင့် မာန်ဝင့်နေငြား အကြင်ရဟန်းအား။ သဗြဟ္မစာရီသု၊ သီတင်းသီလ ညီမျှအတူ ကြည်ဖြူကျင့်အပ် သီတင်းသုံးဘော် အရှင်မြတ်တို့၌။ဂါရဝေါကိုယ်စိတ်နှိမ်ချ မာန်စွယ်ကျလျက်ရှိသေမှု ဂါရဝကို။ နဉ္ဇပလဗ္ဘတိ၊ မိုက်မိုက်ကန်းကန်း လူသရမ်းမို့ ရှက်ရကြောက်ရမှန်းမသိ တစိုးတစိမျှမရှိပေ။ သော၊ ရှိသေနှိမ်ချ ဂါရဝမဲ့ကင်း ထိုလူပျင်းသည်။ နဘံပုထုဝိယာယထာ၊ ကောင်းကင်နှင့်မြေဝေးကွာလေသို့ တသဝေမတိမ်း မယိမ်းနမူ တစပ်တည်းတူ၍သာလျှင်။ သဒ္ဓမ္မာ၊ အရိယာ အပေါင်းအကျင့်ကောင်းမြတ် သူတော်ဓာတ်မှ။ အာရကာ၊ ဝေးလှပါပေ၏၊ ဝါ၊ အာရကာ၊ ဇီးစေ့နှင့်မြင့်မိုရ် ပမာကို မဆိုအပ်ပါဘု ဩဝါ ဝေးလွန်းလှပါပေတော့သတည်း။

၁၅၇။ တကိုယ်လုံး ကြေမွသွားပါစေ

ကာမံ ဘိဇ္ဇတု မံ ကာယော၊ မံသပေသီ ဝိသီယရုံ။
ဥဘော ဇဏ္ဏုကသန္နိဘိ၊ ဇဃ်ာယော ပပတန္တု မေ။
နာသိဿံ နပိဝိဿာမိ၊ ဝိဟာရာ စ နိက္ခမေ။
နပိပဿံ နိပါတေဿံ၊ တဏှာသလ္လေ အနူဟတေ။
တဿ မေဝံ ဝိဟရတော၊ ပဿ ဝီရိယ ပရက္ကမံ။
တိဿော ဝိဇ္ဇာ အနုပ္ပတ္တာ၊ ကတံ ဗုဒ္ဓဿ သာသနံ။

(မုဒိတ ထေရာပဒါန်)

အယ်ကာယော၊ ၃၂-၀ ကောဋ္ဌဝ်သနှင့် နာမရူပံ ဒုယံတဲ့စပ် ပေါ်ငိုး ဆုံအပ်သော ဤကိုယ်ဒြဗ်ကြီးသည်။ ကာမံဘိဇ္ဇတု၊ ဖရိုဖရဲပြိုကဲ့ပျက်စီးပါစေ။ မံသပေသီ၊ အရေတခြား အသားတမျိုး အရိုးတို့သည်။ ဝိသီယရုံ၊ မှုန့်မှုန့်မှုန့် ကြွေကျ၍သွားကုန်ပါစေ။ ဥဘောဇဏ္ဏုကသန္ဓီဟိ၊ ဒူးကောင်းနှစ်ဖက် အရိုးအဆစ်တို့မှ။ ဇယ်ာယော၊ သလုံးမြင်းခေါင်းတို့သည်။ ပပတန္တု၊ ပြုတ်ပြုတ်ကြွေကျ မြေခ၍သွားပါကုန်ပါစေ။ တဏှာသလ္လေ၊ တဏှာပူနှောင့်ငြောင့်တသင်းတို့ကို။ အနုဟတေ၊ ရှင်းရှင်းပြတ်အောင် မနုတ်မဆောင်ရသည်ရှိသော်။ အဟံ၊ မုဒိတဟုနာမတင့်ဆန်းငါရဟန်းသည်။ နာသိသံ၊ ထမင်းအစာ စားဖွယ်ရာကို အာသာဖြတ်ထား နဲ့နဲ့ကလေးမျှ မစားပါအံ့။ နပိဝိဿာမိ၊ ရေကလေးတပေါက်မျှကိုလည်း မသောက်ပါအံ့။ ဝိဟာရာစ၊ နေစရာကိန်းအောင်း ကမ္မဋ္ဌာန်းကျောင်းမှ။ နနိက္ခမိဿာမိ၊ ခြေတလှမ်းမျှ မထွက်မကြွပေအံ့။

တဿမေ၊ မုဒိတဟု နာမတင့်ဆန်း ငါရဟန်းအား။ ဧဝံ ဝိဟရတော၊ ဤသို့ဓိဋ္ဌာန် စိတ်အကြံကို မြဲမြံလှစွာ နေသောအခါ၌။ တိဿော ဝိဇ္ဇာ၊ ပုဒိအာဟု လေးဖြာဝိဇ္ဇာ ကိလေသာချက် သတ်ရန်လက်နက်ကြီးကို။ အနုပ္ပတ္တာ၊ လက်ဝယ်ပိုင်ပိုင် ကိုင်ဆောင်ပြီးမြောက် တည်ဆောက်အပ်လေပြီ။ ဗုဒ္ဓဿ၊ မြတ်စွာဘုရား၏။ သာသနံ၊ လိုရင်းထုံးပြ ဆုံးမဖွယ်ရာ ရဟန္တာဟု သာသနာအစစ် သားတော်အဖြစ်သို့။ အနုပ္ပတ္တော၊ ကောင်းစွာမသွေ ဆိုက်ရောက်ခဲ့လေပြီ။ ဗီရိယပရက္ကမံ၊ လုံ့လကြိုးကုတ်စွမ်းအားထုတ်ခြင်း၏ ထန်ပြင်းသော အကျိုးတရားကို။ ပဿ ပဿထ၊ ဒီဋ္ဌမျက်မြင် ခုပင်မသွေ ရှုကြည့်တော်မူကြပါကုန်လော့။

၁၅၈။ မာန်မူလို၍ သာသနာဝင်လျှင်

ဥပါရမ္ဘစိတ္တော ဒုမ္မေဓော၊ သုဏာတိ ဇိနသာသနံ။
အာရကာ ဟောတိ သဒ္ဓမ္မာ၊ နဘတော ပထဝီ ယထာ။

(ယသဒတ္ထထေရာပဒါန်)

ဒုမ္မေဓော၊ ကိလေသာမျိုး မာနအိုးကြောင့် ဆိုးဝျင်တိုင်းဆိုး ရိုင်းချင်တိုင်းရိုင်းပြီးလျှင် အတိုင်းအဆ မသိလှအောင် မိုက်မှောင်တွင်းက လူဗာ

လသည်။ ဥပါရမ္ဘစိတ္တော၊ နိုင်လိုသောစိတ် ချုပ်ချယ်လိုသောစိတ်ရှိသည် ဖြစ်၍။ ဇီနသာသနံ၊ ငါးပါးမာရ်အောင် ထင်ရှားဘုန်းခေါင်၏ ဘုန်းရောင် လင်းစွာ မြတ်သာသနာကို။ သုဏာတိ၊ ကြိုးကြိုးကုတ်ကုတ် စွမ်းအား ထုတ်ကာ သင်ယူရှာ၏။ သော၊ ထိုလူမိုက်သည်။ သဒ္ဓမ္မာ၊ အရိယာ အပေါင်း သူတော်ကောင်းတို့၏တရားမှ။ နာဘတော၊ အာကာဝေဟင် ထက်ကောင်းကင်မှ။ ပထဝီယထာ၊ ကမ္ဘာမြေကြီး ပမာနည်းသို့။ အာရကာ၊ အလှမ်းလွန်စွာ ဝေးကွာလှပါပေသတည်း။

၁၅၉။ သေမင်းရန် တွန်းလှန်မရနိုင်

မစ္စုနုဘ္ဘာဟတော လောကော၊ ဇရာယ ပရိဝါရိတော။
တဏှာသလ္လေန ဩတိဏ္ဏော၊ ကွစ္ဆာဓုပါယိတော သဒါ။

အာဂစ္ဆန္တိဂိုက္ခန္ဒဝ၊ မစ္စု ဗျာဓိ ဇရာ တယော။
ပစ္စုဂ္ဂန္တုံ ဗလံ နတ္ထိ၊ ဇဝေါ နတ္ထိ ပလာယိတုံ။

(သီရိမဏ္ဍထေရာပဒါန်)

လောကော၊သုံးဆဲ့တဘုံ ကျုံးခွံလှမ်းပ ဤလောကကြီးသည်။မစ္စုနာ၊ အင်အားကြီးခြင်း ရှင်သေမင်းက။ အဘ္ဘာဟတော၊ တအားကြိတ်၍ ဖိနှိပ် ကာသာ လှမ်းမိုးနှိပ်စက်နေပါပေ၏။ ဇရာယ၊ တမြေ့မြေ့ချွတ်ယွင်း အိုမင်းခြင်းဆိုတဲ့ ဇရာတရားဖြင့်။ ပရိဝါရိတော၊ ဝန်းကျင်လှည့်ပတ် ဝိုင်းရံထားအပ်ပေ၏။ တဏှာသလ္လေန၊ ညောင့်တသင်းအလား တဏှာ တည်းဟူသော စင်းလုံးမျှားဖြင့်။ ဩတိဏ္ဏော၊ နက်ရှိုင်းကာပင် စူးဝင်၍ နေပါပေ၏။ သဒါ၊ ချိန်ခါမလပ် တဖျပ်ဖျပ်သာလျှင်။ ဂွစ္ဆာဓုပါရိတော၊ ရလေလိုလေ အိုတစ္ဆေဟု လွန်လေကဲသာ မဟိစ္ဆာမိုးဖြင့် မီးခိုးလုံးကြီး ပမာနည်းသို့ ထန်သည်းကဲမောက် မိုးထိရောက်၍နေသည်။ မစ္စု ဗျာဓိ ဇရာတယော၊ အိုနာသေမှု ဤ ၃ ခုသောတရားတို့သည်။ အဂိုက္ခန္ဒဝ၊ နှေခါခေါင်ခေါင် တောက်လောင်ထိန်ညီး တော လောင် မီး ကဲ့ သို့။ အာဂစ္ဆန္တိ၊ လေပြင်းအဟုန် သေမင်းခုန်ပေါက် လျင်မြန်စွာရောက်လာကြ ကုန်၏။ ပစ္စုဂ္ဂန္တုံ၊ ဆီးကြို၍ရှေ့ရှား ဟန့်တားခြင်းငှာ။ သတ္တာနံ၊ ဘယ် နတ် ဘယ်ဗြဟ္မာ ဘယ်သတ္တဝါကမှမကျန် ခပ်သိမ်းဥဿုံ အလုံးစုံသော သတ္တဝါတို့အား။ ဗလံ၊ စွမ်းအားသည်။ နတ္ထိ၊ တစိုးတစိ တိတိကလေးမျှ

မရှိပါပေ။ ပလာယိတုံ၊လွတ်အောင်ရှောင်ရှား ပြေးသွားခြင်းငှာ။ ဇဓေါ၊ အရှိန်အဟုန်သည်။ နတ္ထိ၊ တစိုးတစိ ဘယ်သတ္တဝါမှ မရှိရိုးအမှန်ဖြစ်ပါပေသတည်း။

၁၆၀။ ၎ကွက်ခြင်းကင်းပှဲ ချမ်းသာ

ယဉ္စ အညေန ရက္ခန္တိ၊ ယောစ အညေန ရက္ခတိ။
သဝေ ဘိက္ခု သုခံ သေတိ၊ ကာမေသု အနပေက္ခဝါ။

(သံကိစ္စထေရ်)

ယဉ္စ၊ အကြင်သူကိုလည်း။ အညေ၊ တပါးသောသူတို့က။ နရက္ခန္တိ၊ စိုးရိမ်နှောင့်၍ မစောင့်ရှောက်ရကုန်။ ယောစ၊ အကြင်သူကလည်း။ အညေ၊ တပါးသောသူတို့ကို။ နရက္ခတိ၊ စိုးရိမ်နှောင့်၍ စောင့်ရှောက်ရန် မလိုပေ။ သသောဘိက္ခု၊ တယောက်တယောက် အနှောင့်အရှက် အစိုးအရိမ်မရှိ ပကတိတည်ငြိမ် ဣန္ဒြေရရ ကြောင့်ကြမဲ့ရသော ထိုရဟန်းဘဝသည်။ ကာမေသု၊ ဝတ္ထုကိလေ နှစ်တွေ့ပူရ ဝင့်ကာမမှု။ အနပေက္ခဝါ၊ စိုးရိမ်ဖွယ်ရာ ငဲ့ကွက်ဖွယ်ရာ ဘယ်မှာတစီ မရှိလေသောကြောင့်။ သုခံ သေတိ၊ ချမ်းချမ်းသာသာ အိပ်ပျော်ရပါလေသတည်း။

၁၆၁၊ ရှင်သေနှစ်ပါးပလိုလား

နာဘိနန္ဒာမိ မရဏံ၊ နာဘိနန္ဒာမိ ဇီဝိတံ။
ကာလဉ္စ ပဋိသင်္ခါမိ၊ နိဗ္ဗိသံ ဘတကော ယထာ။

(သံကိစ္စထေရာပဒါန်)

အဟံ၊ သံကိစ္စဟု နာမတွင်ဆန်း ငါရဟန်းသည်။ မရဏံ၊ စုတိပြတ်ကြွေသေရခြင်းကို။ နာဘိနန္ဒာမိ၊ လိုလားတောင့်တ ဆန္ဒအာသာ မရှိပါပေ။ ဇီဝိတံ၊ ဇီဝိန်ထင်လင်း သက်ရှည်ခြင်းကိုလည်း။ နာဘိနန္ဒာမိ၊ လိုလားတောင့်တ ဆန္ဒအာသာ မရှိပါပေ။ ဘတကော၊ တနေ့လုပ်မှ တနေ့ရသည့် အခစားကူလီသည်။ နိဗ္ဗိသံ၊ အလုပ်အတွက် ချိန်စက်ပေးရ လုပ်အား

ခကို။ ပဋိသန်တိယထာ၊ လိုလားတောင့်တသကဲ့သို့။ အဟံပိ၊ သံကိစ္စဟု နာမတ္ဒင်ဆန်း ငါရဟန်းသည်လည်း။ ကာလဥ္စကာလံဝေ၊ သူ့သဘော အလျောက် ဆိုက်ရောက်လာမည့် သေချိန်ကာလကိုသာလျှင်၊ ပဋိသန်ါမိ၊ သေလိုလျှင်လည်းဒေါသ ရှင်လိုလျှင်လည်းလောဘ ထိုလောဘ ထိုဒေါသ အာသဝတွေအကုန် ခဝါချပြီးလို့မို့ အစွန်း၂ခုမထွက်ရအောင် ချိန်းရက် ကိုသာ စောင့်၍နေပါတော့သတည်း။

၁၆၂။ သေရှိ ဝမ်းသာ

ပါရဂူ အနုပါဒါနော၊ ကတကိစ္စော အနာသဝေါ။
တုဋ္ဌော အာယုက္ခယာ ဟောတိ၊ မုတ္တော အာဃာတနာ ယထာ။

(အဓိမုတ္တထေရာပဒါန်)

အရဟာ၊ ကိလေသာဘေး ရန်အလှေးတို့ ညစ်ကြေးမတင် သန့်စင် ပေလတ် ရဟန္တာအရှင်မြတ်သည်။ ပါရဂူ၊ နိဗ္ဗာန်ဖက်ကမ်း တက်လှမ်း ကူးမြောက် အပြီးရောက်ပြီးသည်။ အနုပါဒါနော၊ စွဲလမ်းမှုမှန်သမျှ လုံးဝကင်းစင် ကြည်လင်သန့်ရှင်းပြီးသည်။ ကတကိစ္စော၊ ပြုဖွယ်ကိစ္စ မှန်သမျှတို့ တစမကျန် ပြုစီမံပြီးသည်။ အနာသဝေါ၊ အာသဝေါလေးတန် ဧကန်ရှင်းပြတ် အာသဝဓာတ်ကြီး မယိုစီးတော့သည်။ ဟုတ္တာ၊ ဖြစ်၍။ အာဃာတနာ၊ သူသတ်၏လက်မှ။ မုတ္တောယထာ၊ ကံကောင်းထောက်၍ လွတ်မြောက်လာသောသူပမာ။ အာယုက္ခယာ၊ ဇီဝိန်ပြတ်ကြေ အသက် သေခြင်းကြောင့်။ တုဋ္ဌော၊ ဒုက္ခဘုံးဒုက္ခခဲ အစဉ်ပါဒါန် ငါးဝသောခန္ဓာမှ လွတ်ရလေပြီတကားဟု စိတ်ထားခုန်ပေါက် လွန်ဝမ်းမြောက်သည်။ ဟောတိ၊ မုချမသွေ ဖြစ်ရပါလေပြီတကား။

၁၆၃။ ချမ်းသာလိုလျှင် သီလစောင့်

သီလံ ရက္ခေယျ မေဓာဝီ၊ ပတ္ထယာနော တယော သုခေ။
ပသံသံ ဝိတ္တိလာဘဉ္စ၊ ပေစ္စ သဂ္ဂေ ပမောစနံ။

(သီလဝတ္ထေရာပဒါန်)

ပသံသဉ္ဇ၊ လူရောနတ်ပါ ဗြဟ္မာအဝှန်း ချီးမွမ်းခြင်းကိုဂုဏ်း။ ဝိတ္တိလာဘဉ္ဇ၊ စီးပွားဥစ္စာ ရတနာမျိုး အရတိုးခြင်းကိုဂုဏ်း။ ပေစ္စ၊ တပလွှန်လောက နောက်ဘဝ၌။ သဂ္ဂ၊ နည်ပြည်၌။ ပမောစနံ၊ ဝမ်းသာကြည်နူး ရွှင်မြူးရခြင်းကိုဂုဏ်း။ လွှတိ၊ ကျိသို့။ တယောသုခေ၊ ရေတွက်သင့်သော တင်ကာပေါင်း အပ် ၃ ရပ်သော ချမ်းသာ မင်္ဂလာကောင်းကျိုး တို့ကို။ ပတ္ထယာနော၊ လိုလားတောင့်တသော။ မေဓာဝီ၊ ကြောင်း ကျိုး သိမြင် ပညာရှင်သည်။ သီလံ၊ ကိုယ်မှာမချုတ် ကျင့်ကြံအပ်သည့် မြင့်မြတ်လှစွာ မြတ်သီလာကို။ ရက္ခေယျ၊ မကျိုးမပေါက် မပြောက် မကျား မမောက်မှား ရအောင် ရည်ဆောင်စောင့်ရှောက်ရာသတည်း။

လကုလ္လကဘဒ္ဒိယ ထေရာပဒါန်

၁၆၄။ ပုဒ္ဓါ စေ မေ ဝရံ ဒဒ္ဒာ၊ သော စေ လဒ္ဓွာထ မေ ဝရော။
ဂန္ဟေဟံ သဗ္ဗလောကဿ၊ နိစ္စံ ကာယဂတာသတိ ။

ပုဒ္ဓါ၊ မြတ်စွာဘုရားသည်။ မေ၊ ငါ့အား။ ဝရံ၊ ဆုမြတ်ကို၊ စေဒဒ္ဒာ၊ အကယ်၍ ပေးခဲ့အံ့။ မေ၊ ငါသည်။ သော ဝရော၊ ထိုမြတ်စွာဘုရားက ပေးအပ်သောဆုကို။ စေလဒ္ဓွာထ၊ အကယ်၍ လက်ခံရရှိမည်ဆိုအံ့။ အဟံ၊ ဘဒ္ဒိယဟု နာမတွင်ဆန်း ငါရဟန်းသည်။ သဗ္ဗလောကဿ၊ တွက်ရေမဆုံးတလောကလုံး၏။ ကာယဂတာသတိ ၊ ၃၂-ဝ ကောဋ္ဌာသ၌ ကာယဟုမှတ် သတိမြတ်ကို၊ ဝါ၊ ကာယမှတပါး ကိုးစားဖွယ်ရာ သူငါအတွက် ဘာမျှမရှိ ကတိ ဘာသာရက သုညတဓာတ် ပရမတ္ထ သဘာဝကို နှိုင်းဆဖမ်းမိ အမှတ်ရခြင်းသတိကို။ ဂန္ဟေ၊ ဝမ်းမြောက်ကြည်ဖြူ။ အရဟူမည်သာလျှင်တည်း။

အဝေါယံကြော သြယတော

၁၆၅။ ယေ မံ ဂရုပေန ပါမိံသု၊ ယေ စ ဃောသေန အန္ဓဂူ။
အန္ဓရာဂ ဝသူပေတာ၊ နာ မံ ဇာနန္တိ တေ ဇနာ။
၁၆၆။ အဒ္ဓဘ္ဘဉ္ဇ နာ ဇာနာတိ၊ ဗဟိဒ္ဓါ စ နာ ပဿတိ။
သမန္တာဝရဏော ဗာလော၊ သဝေ ဃောသေန ဝုယ္ဟတိ။
၁၆၇။ အဒ္ဓဘ္ဘဉ္ဇ နာ ဇာနာတိ၊ ဗဟိဒ္ဓါ စ ဝိပဿတိ။
ဗဟိဒ္ဓါ ဖလဒဿာဝီ၊ သောပိ ဃောသေန ဝုယ္ဟတိ။

၁၆၈။ အဇ္ဈတ္တဉ္စ ပဇာနာတိ၊ ဗဟိဒ္ဓါ စ ဝိပဿတိ။
အနာဝရဏဒဿာဝီ၊ နံ သော ဃောသေန ဝုယ္ဟတိ။

မံ၊ လကုဏ္ဍက ဘဒ္ဒိယဟု ပုက္ခသေးကွေး အမြင်သေး၍ နေသော ငါရဟန်းကို။ယေ၊ ပြင်ပမြင်ဆန်း လူရှင်ရဟန်းတို့က။ ရှုပေန၊ အပြင်မြင်ရသွင်ရှုပဖြင့်။ ပါမိ်သု၊ ပြက်ရယ်ပြုကာ ပြောင်လှောင်လာကုန်၏။

ယေစ၊ အပြင်အပ မြင်ရတွင်ဆန်း လူရှင်ရဟန်းတို့က။ မံ၊ ငါ့ကို။ ဃောသေန၊ ကရဝိက်မြည်ဟန် ကြိုးကြာသံအလား ကြားရသမျှ နားဝရှင်ကြည် ပြီပြီသသ ကြည်မြကြသော သဒ္ဒအသံဖြင့်။ ပါမိ်သု၊ အဆန်းအပြား အံ့တပါးအနေ ထင်မှတ်ကြပေကုန်၏။

ဆန္ဒရာဂ ဝသူပေတာ၊ ကာမစ္ဆန္ဒ တပ်ရာဂဖြင့် စွတ်စိုကြကုန်သော။ တေဇနာ၊ များဖြင်သောင်းသောင်း ထိုပုထုဇဉ် အပေါင်းတို့သည်။ မံ၊ ငါ့ကို။ နဇာနန္တိ၊ ကိလေသာအာသဝေါ ခွာမျောပယ်သတ် ရဟန္တာ အရှင်မြတ်ဟူ၍ အတပ်ထင်ထင် မသိမြင်ကြလေကုန်။

ယော၊ အကြင်သူသည်။အဇ္ဈတ္တဉ္စ၊ အတွင်းသဘော အဇ္ဈတ္တကိုလည်း။ နဇာနာတိ၊ မသိပေ။ ဗဟိဒ္ဓါစ၊ အပြင်သဘော ဗဟိဒ္ဓကိုလည်း။ နပဿတိ၊ နစ်နောဖွေရှာ ဉာဏ်ပညာဖြင့် မမြင်ပေ။ သမန္တာဝရဏော၊ ထက်ဝန်းကျင်မှ ပိတ်ဆို့အပ်သော။ သသော၀ါလော၊ ပညာမဲ့ငြား ထိုလူမိုက်သား သည်။ ဝေ၊ စင်စစ်ကေန် အမှန်အားဖြင့်။ ဃောသေန၊ ငါ၏ သာယာချိုမြိန် သဒ္ဒအသံကြောင့်။ ဝုယ္ဟတိ၊ အသံပေါ်မှာ သာယာတပ်မက်မြေးယှက်တွယ်တာ တဏှာရမ္မက်ဖြင့် မြောလျက်သာ နေရှာလေသတည်း။

ယော၊ အကြင်သူသည်။ အဇ္ဈတ္တဉ္စ၊ အတွင်းသဘော အဇ္ဈတ္တကိုလည်း။ နဇာနာတိ၊ မသိပေ၊ ဗဟိဒ္ဓါစ၊ အပြင်သဘော ဗဟိဒ္ဓကိုကား၊ ပဿတိ၊ မျက်ဝါးထင်ထင် မြင်သိပေ၏။ ဗဟိဒ္ဓါဖလဒဿာဝီ၊ ပြင်ပမူဟန် သွင်သဏ္ဌာန်သာ မြင်လာတော်သော။ သောပိ၊ ထိုလူမိုက်သည်လည်း။ မံ၊ လကုဏ္ဍက ဘဒ္ဒိယဟု နာမတင့်ဆန်း ငါရဟန်းကို။ ဃောသေန၊ သာယာချိုမြိန် သဒ္ဒအသံကြောင့်။ ဝုယ္ဟတိ၊ အသံပေါ်မှာ သာယာတပ်မက် မြေးယှက်တွယ်တာ တဏှာရမ္မက် မြောပါလျက်သာ နေရှာလေသတည်း။

ယော၁စ၊ အကြင်သူသည်ကား။ အဇ္ဈတ္တဉ္စ၊ အတွင်းအဇ္ဈတ္တ သဘာဝကိုလည်း။ ပဇာနာတိ ဉာဏ်ဖြင့်ထင်းဖောက် အသိအမြင် ရောက်ပေ၏။ ဗဟိဒ္ဓါစ၊ အပြင်ကာယ ဗဟိဒ္ဓကိုလည်း။ ဝိပဿတိ၊ ဉာဏ်ဖြင့်ဆင်ခြင်

သိမြင်ပေ၏။ အနာဝဏဏာ ဒဿာဝီ၊ ဟန်တားပိတ်ကာ ဘာမျှမရှိ တွင်းပြင်သို၍ အရိယန္ဒယ်ဇာတ် ဓာတ်သဘာဝအမှန် အသိဉာဏ်ပေါက်အလင်းရောင်ရောက်ပေ၏။ သော၊ တွင်းပြင်မြင်သိ ထိုပညာရှိသည်။ ဃောသေန၊ ကြည်သာချိုမြ သဒ္ဒအသံကလေးမျှဖြင့်။ နဝုယှတိ၊ အသံပေါမှာ သာယာတပ်မက် မြေးယှက်တွယ်တာ တဏှာရမ္မက် မြောပါးလျက် မနေတော့သည်သာတည်း။

၁၆၉။ လူမိုက်မျှား အာသဝပွား

ယံ ဟိ ကိစ္စံ အပဝိဒ္ဓံ၊ အကိစ္စံ ပန ကရိယတိ။
ဥန္နဠာနံ ပမတ္တာနံ၊ တေသံ ဝဍ္ဎန္တိ အာသဝါ။

(သောဏကောလိဝိသဗထရ)

ယံကိစ္စံ၊ တိတိကျကျ ပြုအပ်လှသည့် တရားဓမ္မ ကိုယ့်ကိစ္စကို။ အပဝိဒ္ဓံ၊ ချုတ်လွဲယွင်းချော် ကရော်ကမယ် ရှောင်ဖယ်၍နေပေ၏။ အကိစ္စံပန၊ မပြုသင့် မပြုအပ် လေးရပ်သောပစ္စည်း အနည်းနည်းဌ သိမ်းဆည်း တွယ်တာ ခြင်းရာကိစ္စ အဝဝကိုကား။ ကရိယတိ၊ ပြုသင့်မသင့် မန္ဒိုင်းချင့်ဘဲ အတင့်ရဲကာ ပြုမိရှာလေ၏။ ဥန္နဠာနံ၊ ကျူးရိုးပမာ နှစ်မပါဘဲ အကာသီးသီး လေဟုန်စီးကာ မြင့်မောက်၍နေရှာကုန်သော။ ပမတ္တာနံ၊ ဘဝင်မြင့်မောက် မေ့လျော့ခြင်းသို့ ရောက်ကုန်သော။ တေသံ၊ ကုသိုလ်တရားမေ့ပါးနေကြ ထိုဗာလတို့အား။ အာသဝါ၊ ကာမာသဝ စသည်ထွေပြား ကိလေသာမျှားသည်။ ဝဍ္ဎန္တိ၊ မေ့တိုင်း မေ့တိုင်း ဖိရေလှိုင်းသို့ ပဆိုင်းမတ္ထ တိုး၍သာ လာကြလေကုန်သတည်း။

၁၇၀။ လွတ်လမ်းကုန်ရာ ငဟာဒပုဏ်

ပဠကာမဂုဏာ လောကေ၊ မနော ဆဋ္ဌာ ပဝေဒိတာ။
ဇတ္ထ ဆန္ဒံ ပိရာဇေတွာ၊ ဧဝံ ဒုက္ခာ ပမုစ္စတိ။

ပဠကာမဂုဏာ လောကေ၊ ကာမဂုဏ်ငါးပါးဟု ဆိုအပ်သော လောကဌ်ဌင်း။ ဆဋ္ဌာ၊ ခြောက်ခုမြောက်။ ပဝေဒိတာ၊ ဆိုအပ်သော။ ဓမ္မလောကေ၊ပညတ်ပရမတ် နှစ်ရပ်စုပုံ ဓမ္မာရုံဟု ဆိုအပ်သော လောကဌ်ဌင်း။ ဇတ္ထ၊ ယခုဖော်ပြ ငါးဝအာရုံ ကာမဂုဏ်နှင့် တဖုံပညတ် ခေါ်မှတ်အစုံ ဓမ္မာရုံဟု ခြောက်စုံ ခြောက်ဝ ခြောက်အာရမ္မဏာဌ်။ ဆန္ဒံ၊ တပ်မက်နှစ်

သက် စွဲလျက်အာသာ မခွဲခွာရက် လောဘရမ္မက်ကို။ ဝိရာဇေတ္ဝာ၊ တရား ဘာဝနာ မြတ်မမွာဖြင့် ဖယ်ခွာပြီး၍။ ဧဝံ၊ ဤသို့ဝေးစွာ ဘာဝနာဖြင့် အာသာမဖက် ဖယ်ကာထွက်ပြီးသော်။ ဒုက္ခာ၊ ကိုယ်စိတ်နှစ်ဖြာ လွန်စွာ ပူကဲ့ ဝဋ်ဆင်းရဲမှု။ ပမုစ္စတိ၊ သန္တိသုခံ နိဗ္ဗာန်အမတ လွန်အေးမြ၍ ဘဝ အဖုံဖုံ လွတ်မြောက်တော်မူလေကုန်သတည်း။

၁၇၁။ အမြတ်ဆုံးဆိုဒါဘာလဲ

ကိ်သူဓ ဝိတ္တံ ပုရိသဿ သေဋ္ဌံ၊ကိ်သု သုစိဏ္ဏံ သုခမာဝဟတိ။
ကိ်သု ဟဝေ သာဓုတရံ ရသာနံ၊ ကထံဇီဝိ် ဇီဝိတမာဟု သေဋ္ဌံ။
(အာဠဝကသုတ် ပါဠိတော် ခုဒ္ဒကပါဌ)

ဂေါတမ၊ ဂေါတမနှယ်ဖွား အိုမြတ်စွာဘုရား။ ဤ၊ ဤလောကဌ်။ ပုရိသဿ၊ ယောကျ်ားကိုပင် အဦးတင်၍ ထို့ပြင်မိန်းမ မျှားလှုသောင်းသောင်းလှုနတ်ဗြဟ္မာ သတ္တဝါအပေါင်း၏။သေဋ္ဌံ၊ အဖိုးမဖြတ် အလွန်ပင် မြတ်လှသော။ဝိတ္တံ၊ ရတနာမျှားစွာ ဆတရာမျှ ပိုသာလှသည့် အနဏ္ဏထိုက်တန် ရတနာမှန်ဟူသည်။ ကိ်သု၊ အဘယ်သို့သော ရတနာမျိုး ဖြစ်ပါသနည်း။ သုစိဏ္ဏံ၊ ကြံ့မ်ဖန်မျှားစွာ လေ့လာအားထား ပွားမျှားအပ်သော။ ကိ်သု၊ အဘယ်သို့သောတရားသည်။ သုခံ၊ လူနတ်နိဗ္ဗာန် သုံးတန်သော ချမ်းသာကို။ အာဝဟတိ၊ မပင်မပမ်း ချမ်းသာလွယ်ကူ ပို့ဆောင်တော်မူနိုင်ပါသနည်း။ ရသာနံ၊ စားသုံးစရာ အရသာမှန်သမျှတို့ဘွင်။ ကိ်သု၊ ဘယ်လိုဆိုရိုး ဘယ်လို အမျိုးအစားသော အရသာသည်။ သာဓုတရံ၊ အကောင်းဆုံး အမှန်မြတ်ဆုံးဖြစ်ပါသနည်း။ဇီဝိတံ၊လောကလူ့ရာဘုံဓမ္မတာတွင် ကြုံလာခက်ရေး အသက်မွေးမှု အစုစုတွင်။ ကထံဇီဝိ်၊ ဘယ်လို မျော်တွေး အသက်မွေးရခြင်းသည်။ သာဓုတရံ၊ အကောင်းဆုံးအမှန်မြတ်ဆုံး ဖြစ်ပါလေသနည်း။

၁၇၂။ အမြတ်ဆုံး တရား

သဒ္ဓီဓ ဝိတ္တံ ပုရိသဿ သေဋ္ဌံ၊ ဓမ္မော သုစိဏ္ဏော သုခမာဝဟတိ။
သစ္စံ ဟဝေ သာဓုတရံ ရသာနံ၊ ပညာဇီဝိ် ဇီဝိတမာဟု သေဋ္ဌံ။
(ခုဒ္ဒကပါဌ အာဠဝကသုတ် ပါဠိတော်)

ဣမေ၊ ဤလောကဌ်။ ပုရိသဿ၊ ပ၊ ၏။သေဋ္ဌံ၊ ပ၊ သော။ ဝိတ္တံ၊ပ၊ကံ့ သည်။ သဒ္ဓါ၊ ရတနာသုံးတန် ကံ့ ကံ၏အကျိုး တရားမျိုးကို ကိုးစားယုံ ကြည်ခုံတည်သတ်မှတ် သဒ္ဓါဆိုတဲ့ ဓာတ်အကြည်ဖြစ်ပါပေ၏။ သုစိဏ္ဏော၊ ပ၊ဌသော။ ဓမ္မေ၊ မဂ်ဖိုလ်နိဗ္ဗာန် ဓမ္မကွန် ပရိယတ် ဆယ်ပါး၊သော တရား တော်မြတ်သည်။ ဝါ၊ မကောင်းမှုရှား ကောင်းမှုပွား၍ စိတ်ထား၀င်ဖြူ ယဉ်မှုသတ်မှတ် တရားတော်မြတ်သည်။ သုခံ၊ ပ၊ ကို။ အာဝဟတိ၊ ပ၏။ ရသာနံ၊ ပ၊ တို့တွင်။ သစ္စံ၊ တော်တည့်မှန်ကန် လမ်းညွှန်ပြုအပ် သစ္စာ ဆိုတဲ့ တရား၊တော်မြတ်သည်။ သာဓုတရံ၊ ပ၊ပြစ်ပါပေသတည်း။ ဇိဝိတံ၊ ပ၊ အစုစုတ္ဌင်။ ပညာဇီဝိ၊ ပညာဖြင့် အသက်မွေးခြင်းကို။ သေဋ္ဌံ၊ ပ၊ သော။ဇီဝိတံ၊ လောကအရေး အသက်မွေးခြင်းဟု အရေးပေး၊ကာခေါ်ဆို ထိုက်ပါ၊ပေသတည်း။(ပေယျာလမျှားကို အဓမ္မ ဂါထာလာသည့်အတိုင်း ဖော်၍၊ဆိုပါ)။

ဆောင်။ ။ ဤလောကမှာ၊ သဒ္ဓါသာ၊ ဥစ္စာအမြတ်ဆုံး။
လေ့ကျက်ပွား၍၊ တရားသာ၊ ချမ်းသာ အမြတ်ဆုံး။
စားဖွယ်သောက်ရာ၊ အရသာ၊ သစ္စာအမြတ်ဆုံး။
အသက်မွေးရာ၊ အဖြာဖြာ၊ ပညာ အမြတ်ဆုံး။

၁၂၃။ ဘယ်လို ကူးမည်နည်း

ကထံသု တရဘိ သြဃံ၊ ကတံ တရတိ အဏ္ဏဝံ။
ကထံသု ဒုက္ခမစ္စေတိ၊ ကထံသု ပရိသုဒ္ဓတိ။
(အာဠဝကသုတ် ပါဠိတော်)

ဂဂါတပ၊ ဂဂါတမန္ဒယ်ဖွား အိုမြတ်စွာဘုရား။ သြဃံ၊ ကာမဘဝေါ ဒိဋ္ဌောဝိဇ္ဇာ လေးဖြာကြပ်းလှံ ဝဲသြဃကြီးကို။ ကထံသု၊ အဘယ်သို့လျှင်။ တရတိ၊ ကူးသန်းထုတ်ခြေးက် ဘက်ကမ်းရောက်အောင် စွမ်းဆောင်နိုင် ပါသနည်း။ အဏ္ဏဝံ၊ ခန့်အာ၊ဓာတ်စည် အလျဉ်မပြတ် ဖြစ်လတ်သံသာ ဝဋ်အကျော်ကို။ ကထံသု၊ အဘယ်သို့လျှင်။ အစ္စေတိ၊ ခုံကျော်ပေါက် ရောက် ကူးခြောင်းတော် မူနိုင်ပါသနည်း။ ကထံသု၊ ဒုဘယ်သို့လျှင်။ ဒုက္ခံ၊ ကိုယ်စိတ်ပြင်းကဲ့ လှုံ့သင်းဇဝြင်းကို။ အစ္စေတိ၊ ခုံကျော်ပေါက် ရောက် ကူးမြောက်တော် မူနိုင်ပါသနည်း။ ကထံသု၊ အဘယ်သို့လျှင်။ ပရိသုဒ္ဓတိ၊ တထောင့်ဂါးရာ ကိုးလောကညစ်ပေါ် အာယတဉ်ကျင်းပြီး စင်ဖြူ သန့်ရှင်းတော်မူနိုင်ပါသနည်း။

၁၇၄။ ဟာဒိဖောင်နှင့်ကူး

သဒ္ဓါယ တရာဘိ သြဃံ၊ အပ္ပမာဒေန အတ္ထာဝံ။
ဝိရိယေန ဒုက္ခ မစ္ဆေတိ၊ ပညာယ ပရိသုဒ္ဓတိ။

(အာဠဝကသုတ်)

အာဠဝကဒေါသမျက်မှာန် ခက်ထန်ပြင်းလှ ဒုိကဲ့ အာဠဝက၊ သြဃံ၊ သြဃလော်ဖြာ အတ္ထာဝါကို။ သဒ္ဓါယ၊ ရတနာသုံးတန် ကံ,ကံ၏ အကျိုး တရားမျိုးကို အားကိုးယုံကြည် ခုံတည်သတ်မှတ် သဒ္ဓါခတ်ဖြင့်။ တရုတိ၊ ပ၊ နိုင်ပါပေ၏။ အတ္ထာဝံ၊ ခန့်,အာ,ဓာတ်စဉ် အမျှင်မပြတ် ဖြစ်လတ်သံသာ ဝဋ်အတ္ထာဝါကို။ အပ္ပမာဒေန၊ ရွပ်နာမ်ခမူ သန်ါရဋ္ဌ ခဏ မမေ့ ဓမ္မလေ့ကို နေ့စဉ်ရှုမှတ် သတိခတ်ဖြင့်။ တရုတိ၊ပ၊၏။ ဒုက္ခံ၊ ပ၊ ကို။ ဝိရိယေန၊အရိုးကြေကြွေ သားရေခန်းခန်း မဆုတ်တမ်းဟု အားစွမ်း ကြိုတ်ဖန် သမ္မပ္ပဓာန်လှည့် ဝီရိယဖြင့်။ အစ္ဆတိ၊ ပ၊ ၏။ ပညာယ၊ ရွပ်နာမ် ဖြစ်ဟန် သဘောမှန်ကို ဇကန်ဆုံးဖြတ် သိနိုင်တဘ်သည့် ဥဒယဗ္ဗယံ မြတ် သောဉာဏ်ဖြင့်၊ ဝါ၊ ပညာတို့တွင် အာဘွန်တပ်သည့် မဂ္ဂင် အရဟတ် ဂ္ဂဠာဏ်မြတ်ဖြင့်။ ပရိသုဒ္ဓတိ၊ ပ၊ နိုင်ပါပေ၏။

၁၇၅။ ခြသွေ့မင်းပမာတင့်တယ်စွာ

ဥပဓိ တော သမတိက္ကန္တာ၊ အာသဝါ တေ ပဒါလိတာ။
သီဟောသိ အနုပါဒါနော၊ ပဟီနဘယဘေရဝေါ။

(သုတ္တနိပါတ် ပါဋ္ဌိတော်)

ဝိဂ္ဂ၊ ကြီးမြတ်လှလွန် ဝီရိယနှင့် မုချမသွေ ပြည့်စုံတော်မူပေသော မြတ် စွာဘုရား။ တော၊ ရှင်တော်မြတ်ဘုရားသည်။ ဥပဓိ၊ ကိလေသာဟူ ညစ် ကြေးဘပူတို့ကို။ သမတိက္ကန္တာ၊ ပယ်ခွာလွန်မြောက် သန့်စင်ခြင်းသို့ ရောက်တော်မူပါပေ၏။ တော၊ ရှင်တော် မြတ်ဘုရားသည်။ အာသဝါ။ ကာမာသဝ စသည်ရစ်မှေး အညစ်အကြေးတို့ကို။ ပဒါလိတာ၊ ဖောက်ခဲ့ သုတ်သင် ခုတ်ထွင်ဖျက်ဆီးကော်မူအပ်ပေပြီ။ အနုပါဒါနော၊ စွဲလမ်းတွယ် တာ ဘယ်မှာတစိ မရှိကင်းပျောက် သန့်စင်ခြင်းသို့ ရောက်တော်မူသည် ဖြစ်၍။ ပဟီန ဘယ ဘေရဝေါ၊ ကြောက်ထိတ်လန့်ကင်း ရန်ဘေးရှင်းပြီး

သည်ဖြစ်၍။ သီဟောသီ၊ သားများသနင်း ခြသေ့မင်းသဖွယ် တင့်တယ်စမွယ်တော်မူလှုပါပေ၏။

၁၃၆။ ရေညှိမကပ် ရွေ့တ်ကြာမုံ

ဓ ဝ ဝ
ပုဏ္ဏာရက ယထာ ဝဂ္ဂု၊ တောယေ နဉပလိမွတာ။
ဇဝံ ပုညေ စ ပါလေ စ၊ ဘဂဝါ နုပလိမွတိ။
ပါဒေ ဝီရ ပသာရေဟိ၊ သဘိယော ဝန္ဒဘိ သတ္ထုနော။
(သုတ္တနိပါတ်)

ဝဂ္ဂု၊ ကြည်လင်သန့်ရှင်း ဧမြခြင်းနှင့် ပြည့်စုံသော။ ပုဏ္ဏာရီကံ၊ ဖူးပွင့်ငုံအာ ဒုမွာနိမိတ် ကြာပုဏ္ဏာရိက်သည်။ ဉဒကေပိ၊ ရေ၌မှီကာ ပေါက်ဖွားလာရပါသော်လည်း။ တောယေ၊ ရေ၌၊ နဉပလိမွတိယထာ၊ မလိမ်းမတင် သန့်ရှင်းစင်သကဲ့သို့။ ဇေတထာ၊ ပမာန္နိုင်းယူ ထို့အတူသာလျှင်။ ပုညေစ၊ ကုသိုလ်၌လည်းဖြစ်စေ။ အပုညေစ၊ အကုသိုလ်၌လည်းဖြစ်စေ။ ပုညပါပေ၊ ပုညာပုညာ အာနေဉ္ဇဟု သုံးဝမည်ငြား အာဘိသင်္ခါရ ဆိုသည့် ဝဋ်တရား၌။ တုံ၊ သုဒ္ဓိသခင် အရှင်မြတ်ဘုရားသည်။ နဉပလိမွသိ၊ မလိမ်းမကပ်လှန်စွာသန့်ရှင်း အပြစ်ကင်းတော်မူပါပေသည်ဘုရား။ ဝီရ၊ ကြီးမြတ်လှလွန် ဝီရိယနှင့် မုချမဒသ့ ပြည့်စုံပေငြား အရှင်မြတ်ဘုရား။ ပါဒေ၊ ခြေတော်အစုံ ကြာပဒုံတို့ကို။ ပသာရေဟိ၊ ဆန့်ထုတ်တော်မူပါ ဘုရား။ သဘိယော၊ သဘိယဟု နာမထင်ပေါ် ဘုရားတပည့်တော်သည်။ သတ္ထုနော၊ အရှင်မြတ်ဘုရား၏။ ဒါဒေ၊ ခြေတော်အစုံ ကြာပဒုံတို့ကို။ ဝန္ဒတိ၊ ဦးဖြင့်ထိကာ ရိုသေစွာဖြင့် ဂါရဝခြီ ရှင်ကြည်ဝမ်းသာ ရှိခိုးလိုက်ပါ၏ ဘုရား။

၁၃၇။ ပြည့်စုံချမ်းသာ ပျက်လာဆင်းရဲ

ကာမံ ကာမယမာနဿ၊ တဿ စေတံ သမိဇ္ဈတိ။
အဒ္ဓါ ပီတိမနော ဟောတိ၊ လဒ္ဓါ မစ္စော ယဒိစ္ဆတိ။
တဿ စေ ကာမယမာနဿ၊ ဆန္ဒဇာတဿ ဇန္တုနော။
တေ ကာမာ ပရိဟာယန္တိ၊ သလ္လဝိဒ္ဓေါ ရုပ္ပတိ။
(ကာမသုတ်)

ကာမယမာနဿ၊ ဟိုမှာ ဒီမှာ ထွေလာထူးဆန်း အခန်းခုံး အ[illegible]
ငါးအာရုံကို ခုံတမင်မင် ခင်တမျှားမျှား လိုလား၍နေသော။ တဿ၊ကာမ

သဘော နှစ်နောမသိ လိုက်လျောမိသည့်ထိုသူအား။ တံကာမံ၊ သူလို သမျှ ထိုကာမသည်။ စေသမိဇ္ဈတိ၊ အကြောင်းလုံလောက် ပြည့်စုံမြောက် သည်ရှိသော်။ မစ္စော၊ ကာမသဘာဝ ပျက်ရမည့်သဘော မတွေးတော နိုင်အား၊သော ထိုလူသည်။ယဒိစ္ဆသိ၊ မိမိလိုရာ ထိုဥစ္စာကို ငါရလေပြီဟူ၍။ အဒ္ဓါ၊ မဒျတ်။ပီတိမနော၊ စိတ်တွင်စဲငြိ ပီတိလွှမ်းခြုံ သိမ့်သိမ့်တုန်လောက် ခုန်ပေါက်ဝမ်းသာ ဖြစ်မိနေရှာလေ၏။

ကာမယမာနဿ၊ ပ၊ သော။ ဆန္ဒဇာတဿ၊ အာသာငင်ငင် လိုချင် ဆန္ဒ ငမ်းငမ်းထလျက်နေသော။ တဿ ဇန္တုနော၊ အပျက်ကိုပင် မမြင် နိုင်အား အဖြစ်ကိုသာ အားကိုးထားလျက် မပျက်တော့မည့် ပုံအသွင် တွင်တွင်ကြည့်၍ ပီတိဖြစ်နေသာ ထိုသူအား။ တေကာမာ၊ဖြစ်လျှင်ပျက်မြဲ မလဲမှန်လှ ငါးဝအာရုံ တို့ကာမဂုဏ်တို့သည်။ပရိဟာယန္တိ၊ မလဲမသွေ ပျက် ကြေဆုံးရှုံး လုံးလုံးကွယ်ပျောက် နောက်ဆုံးရောက်သော်။သလ္လရုဒ္ဓေါ၊ နှလုံးသားတွင် မျှားစူးဝင်သို့။ ရုပ္ပတိ၊ တဆွဲ့ဆွဲ့လူး မေ့၍မူးလောက် အောင် အရူးပမာ ဆင်းရဲရှာလေတော့သတည်း။

ဆောင်ပုဒ်။ ။ကာမတရား- ကြိုးစားဖွေရှာ၊
ရလာတုန်းတော့- ပြုံး၍ပျော်ကာ၊
အဖြစ်ဆုံးလို့- ပျက်သုဉ်းသောခါ၊
နှလုံးမြိုက်-ပူလိုက်လောင်ဆွေးရှာ။

၁၇၀။ တောတောင်ထဲဝယ် ပျော်မွေ့ဖွယ်

နိလဗ္ဘဝဏ္ဏာ ရုစိရာ၊ သီတဝါရိ သုစိန္ဓရာ။
ဂ္ဂန္ဒ ဂဂါပကသဉ္ဆန္နာ၊ တေ သေလာ ရမယန္တိ မံ။
(ထေရာပဒါန်ပါဠိတော် ဝနဝစ္ဆထေရ်)

နီလဗ္ဘဝဏ္ဏာ၊ တိမ်မဲညိုရောင် မြူမှောင်ယှက်သန်း တိမ်ညွှန့်ပန်းကို ဆင် မြန်းလျက်ရှိကုန်သော။ ရုစိနာ၊ နှစ်သက်ဖွယ်ရာ လွန်စွာအေးမြ လှပေကုန် သော။ သီတဝါရိသုစိန္ဓရာ၊ အေးမြကြည်လင် မိုးကောင်းကင်ကို အလျင် မပြတ်ဆောင်ပေတတ်ကုန်သော။ ဂ္ဂန္ဒဂဂါပကသဉ္ဆန္နာ၊ သိကြား ကွမ်း သွေးနီထွေးလှိုလှိုဖြင့် အတင့်အတယ် ကူးသွယ် ယှက်သန်း ဟိုဒီ

လှမ်းကာ ဖုံးလွှမ်းအပ်ကုန်သော။ တသေလာ၊ လိုင်းအဆင့်ဆင့်ပမာ နှိမ့်မြင့်ကာဖြင့် သွယ်ဖြာပတ်ဝန်း ထိုတောင်တန်းတို့သည်။ မံ၊ အဖော်မဲ့ခင်တောရိပ်သွင်ကို ခိုဝင်ကြည့် မနသီ ဆင်မြန်း ဂါရဟန်းကို။ ရမယန္တီ၊ သန္တိသုခ ဧမြချမ်းသာ ဘာဝနာဖြင့် လွန်စွာမသွေ မွေ့လျော်ကြစေကုန်သည်တကား။

ဧဆောင်ပုဒ်။ ။သိကြားကွမ်းသွေး- နီထွေးတျောတျော၊
ဒိုးဝေသံညောင်း- ဥဒေါင်းသံသာ၊
နေခြည်မသန်း-စိမ့်စမ်းမြိုင်မှာ၊
သဲငွေလှ၊ ပျော်စရာ့ တောဝနာ။

၁၇၉။ ဘိုးဝေသံသာ တောဝနာ

နိလာ သုဂိဝါသိခိနော၊ မောရကာရမ္ဘိယံ အဘိနဒန္တိ။
တေ သီတဝါတကီဠိတာ၊ သုတ္တံ စျာယံ နိဗောဓေန္တိ။

(ထေရာပဒါန်ပါဠိတော် စိတ္တကထေရ်)

နိလာ၊ မှင်ပိုတုံးရောင် ညိုမှောင်ပြက်သန်း အဆင်ဆန်းကုန်သော။ သုဂိဝါ၊ ရွှေမုရိုးစည် လည်တန်သွယ်သွယ် တင့်တယ်လှဆန်း ရွှမခန်းကုန်သော။ သိခိနော၊ ဦးစွန်းမှေးမှင် အလှဆင်အပ်ကုန်သော။မောရာ၊ဘိုးဝေ ဘိုးဝေတောဝနေ၌ သံခြေရင့်ညောင်း ရွှေဥဒေါင်းတို့သည်။ သီတဝါတကီဠိတာ၊ လေချိုသွေးသွေး အေးအေးမြမြ သီဆိုကကြကုန်လျက်။ ဝါ။ သီဆိုကကြကုန်သော အသံတို့သည်။ သုတ္တံ စျာယံ၊ စျာန်ယာဉ်ပျော်မွေ့ရသော ရဟန်း ကျိန်းစက်ခန်းကို။ နိဗောဓေန္တိ၊ နှိုးပေးကြလေကုန်သည်တကား။ ဝါ၊ စည်းစောင်းပတ်သာ တူရိယာသံလွင် မတုယှဉ်သာ ညှင်သာ ဧမြ မာဂဓဖြင့် သဘာဝအနေ နှိုးပေးကြလေကုန်သတည်း။

ဧဆောင်ပုဒ်။ ။သူတော်ရဟန်း- စိတ်ချမ်းမြေ့စရာ၊
သစ်သီးဆွမ်းနှင့်- သခ်ၤကြီးငယ်မှာ၊
ဘာဝနာဓလေ့- ပျော်ဓမ္မ့ကာသာ၊
ဘေးမသန်း- အေးချမ်းတောဝနာ။

၁၈၀။ အပြတ်ရအောင်ဝယ်

အဇရံ ဇီရမာနေန၊ တပပ မာနေန နိဗ္ဗုတိံ။
နိမိယံ ပရမံ သန္တိံ၊ ယောဂက္ခေမံ အနုတ္တရံ။
(သုပ္ပိယထေရ်)

ဘိက္ခဝေ၊ အေးမှုအေးရာ အေးခွင့်ရှာ၍ သာသနာမြတ် အရိပ်ခိုတတ်ဝယ် ဆည်းကပ်ခိုလှုံ ပြည်ကုံအာဖတာ မြန်းကြွလိုညောင်း တရားနာပရိသတ် အပေါင်းတို့။ ဇီရမာနေန၊ မဒိုချင်ငြား ဆေးဝါးဝိဇ္ဇာ ဥဂ္ဂါဆာဖြင့် တားပါမရ အိုခြင်သာလာဖရသော ခန္ဓာကိုယ်ဖြင့်။ အဇရံ၊ မအိုရာမှန် အလွန်တရာ မွန်မြတ်လှစ္ဆာသော။ ပရမံသန္တိံ၊ အအေးတကာ့ အအေးဆုံး လုံးလုံးချမ်းမြ အလွန်မြတ်လှစ္ဆာသော။ ယောဂက္ခေမံ၊ ယောဂလေးဖြာ ကုန်ဆုံးရာဖြစ်သော။ အနုတ္တရံ၊ ပြိုင်သူဆိုင်သူ နှိုင်သူဘယ်မှာ မရှိပါဘဲ အမြဲသာလျှင် တုမယှဉ်နိုင်သော။ နိဗ္ဗာနံ၊ ကိလေသာငြိမ်း ဝဋ်ဇာတ်သိမ်း၍ အောင်ကိန်းမည်မှန် မြတ်နိဗ္ဗာန်ကို။ နိမိယံ၊ လဲလှယ်ဖလှယ် ဝယ်ယူလိုက် ရာ၏။ တပပမာနေန၊ တန္ခစ်ယက်သက် တမက်မက်နှင့် စိတ်လက် ပူလောင် အပူကောင်ဖြစ်သော ခန္ဓာဖြင့်။ နိဗ္ဗုတိံ၊ အေးမြချမ်းသာ ခေမာအမတ မြတ်သုခကို။ နိမိယံ၊ အခွင့်သင့်ရာ ဤသာသနာဝယ် လဲလှယ်ကာသာ ဝယ်လိုက်ရာသတည်း။

ဆောင်ပုဒ်။ ။ဒိုတတ် နာတတ်- သေတတ်ခန္ဓာ၊
ပူလောင်တတ်တဲ့- တကဲ့ခန္ဓာ၊
ခန္ဓာဆိုးနှင့်- အာဘိုးတန်ရာ၊
နိဗ္ဗာန်မြတ်- လဲထပ် ဝယ်ယူပါ။

ပုတ်ချက်။ ။အချို့ဂါထာများမှာ ရိုးရိုးအနက်မျှဖြင့်သာ သင့်တော်၍ သဒ္ဒါနက် အဓိပ္ပာယ်နက်မျှသာ ပေးပါသည်။ လက်ဝနက် မငဖးတောပါ။

၁၈၁။ အရဟံအနက်

ဗအာရကတ္တာ ဟတတ္တာ စ၊ ကိလေသာရီန သော မုနိ။
ဟတဿံသာရ စက္ကာရော၊ ပစ္စယာဒိန စာရဟော။
နှ ရဟော ကရောတိ ပါပါနိ၊ အရဟံ တေန ဝုစ္စတိ။
(ပါရာဇိက အဋ္ဌကထာ)

တဿ တထာဂတဿ၊ ရွေးရွေးဘုရား အရှင်များသို့ ဆယ်ပါးပါရမီ စုံအညီကို လေးလီသခြေ့ သိန်းကပွေတို့ ရှောင်သွေမလွဲ အားအန်ခဲလျက် ရဲရင့်တည်ကြည် ဖြည့်ဆည်လာငြား ထိုမြတ်စွာ ဘုရား၏။ ဝါ၊ မြတ်စွာ ဘုရားသည်။ အာရကတ္တာစ၊ ကိလေသာဆိုး အယုတ်မျိုးကို ဖျက်ချိုးပယ် စွာ ဝါသနာဓလေ့ ထုံငွေ့ မကပ် ဝေးတော် မူတတ်သည်၏ အဖြစ် ကြောင့်၎င်း။ သောမုနိ၊ အာဂါ နာဂါ ပစ္စေကာနှင့် သေက္ခာ သေက္ခ ငါးဝထွင့်တင် ထိုမုနိသခင်သည်။ ကိလေသာရိန်၊ ကိလေသာဟူ မာန် မူခင်းကျင်း ရန်သူခပင်းတို့ကို။ ဟတတ္တာစ၊ အရဟတ္တမဂ် စိန်သံလျက်ဖြင့် ပယ်ဖျက်ခုတ်ထွင် သုတ်သင် သတ်ဖြတ်တော်မူတတ်သည်၏အဖြစ်ကြောင့် ၎င်း။ ဟတံသံသာရစက္ကာရော၊ အဝိဇ္ဇာနှင့် တဏှာမူလ သူကစ၍ ဘဝ ဥပါဒါန်=ကံသခ်ါရ မရဏဟု ဖြစ်မှုမဆုံး လုံးလည် လှည့်ပတ် သံသရာ တည်းဟူသော စက်ရဟတ်ကို ဖျက်ဆီးတတ်သည်၏ အဖြစ်ကြောင့်၎င်း။ ပစ္စံယာဒီနံ၊ လူနတ်ဗြဟ္မာ သတ္တဝါတို့ သဒ္ဓါရည်မှန်း လူဒါန်းအပ်သော ပစ္စည်းတို့ကို။ အရဟတ္တာစ၊ အပူဇော်မှန် အလူတော် ခံထိုက်တော်မူ သည်၏ အဖြစ်ကြောင့်၎င်း။ ရဟောစိတ်ကွယ်ရာ၌။ ပါပါနိ၊ ယုတ်မာ ညစ်ကျုံ့ မကောင်းမှုတို့ကို။ နကရောတိ၊ ပြုတော်မမူပေ၊ တေန၊ ကိလေ သာမှ ဝါသနာဓလေ့ ထုံငွေ့မကပ် ဝေးတော်မူတတ်သော ဂုဏ်တော်။ ကိလေသာမျိုး ရန်သူဆိုးတို့ကို ပယ်ချိုး သတ်ဖြတ် သုတ်သင်တော်မူတတ် သော ဂုဏ်တော် သဒ္ဓါကြည်ဖြူ ပေးလှူသမျှ လေးဝပစ္စည်း အသီးသီး တို့ကို အနည်းနည်းမှန် အပူဇော်ခံထိုက်သော ဂုဏ်တော်။ ဆိတ်ကွယ်ရာ၌ ယုတ်မာညစ်ကျုံ့ မကောင်းမှုကို မပြုမလုပ်သော ဂုဏ်တော် ဤသို့ဖော် ပြ ဂုဏ်တော်အဝဝကြောင့်။ အရဟံ၊ အရဟံဟူ၍၊ ဝုစ္စတိ၊ ကျိုးကြောင်း ဆီလျော် ခေါ်ဝေါ်အပ်ပေသတည်း။

၁၈၂။ မရဏဿတိ

အစ္စယန္တိ၊ အဟောရတ္တာ၊ ဇီဝိတမုပရုဇ္ဈတိ။
အာယု ခီယတိ မစ္စာနံ၊ ကုန္နဒီနံဝ ဥဒကံ။
(ဝိသုဒ္ဓိမဂ္ဂကထာ)

ဘောန္တော၊ (သင့်ရာ အာလုပ်အနက်ကို ထည့်ဆိုပါ၊ ရှေ့၌များစွာ အနက်ပေးပြီးပါပြီ)တို့။ အဟောရတ္တာ၊ နေ့ညဉ့်ချိန်တာ အခါကာလ မှန်

သမျှတို့သည်။ အစ္စယန္တီ၊ နေ့ညပြောင်းရွေ့ တရွေ့ရွေ့နှင့် တစေ့စေ့ မသေ့လွန်သွားကြလေပြီတကား။ ဇီဝိတံ၊ နာမ်ရုပ်နှစ်ရပ် ဖြစ်လတ်တည် ငြိမ် ဇီဝိန် အသက်သည်။ ဥပရုဇ္ဈတိ၊ တရွေ့တရွေ့ဆွေးမြေ့ ရော်ယွင်း အိုမင်း၍သာလာရလေ၏။မစ္စာနံ၊ဝိညာဉ်ထင်လင်း ရှင်ခြင်းထင်ရှား သက်ရှိ သတ္တဝါများ၏။ အာယု၊ အသက်သည်။ ခီယျတိ၊ တရွေ့ရွေ့မှုန် တမြေ့ မြေ့ကုန်ခမ်းလာလေပြီတကား။ ကိမိဝ၊ ဥပမာပုံဆို ဘယ်လိုနည်းဟူမူ ကား။ကုန္နဒီနံ၊ ရေအယဉ်နည်းပါး မြစ်ငယ်ချောင်းငယ်များ၏။ ဥဒကံဝ၊ နွေရာသီတွင်း ဖြေးဖြေးချင်းရောက် ရေခန်းခြောက်လာသကဲ့သို့ တရွေ့ ရွေ့မသေ့ တမြေ့မြေ့ကြေလျက် ပလေးထွေမရဏာ ခံတွင်းဝသို့ ခရာ မကြာရောက်လာရတော့သည်သာတည်း။

ဆောင်ပုဒ်။ ။နေ့ရက်လများ နှစ်စားကုန်ပြီ၊
ဝိညာဉ်ထင်လင်း သေမင်းသို့ချီ။
ပူရှိန်ပြင်းတဲ့ နွေမင်းရာသီ၊
စမ်းရေပေါက် သွေ့ခြောက်ပမာညီ။

၁၈၃။ ဒေါသပယ်နည်း

အဘ္ဘာနော ဝိသယေ ဒုက္ခံ၊ ကတံ တေ ယဒိ ဝေရိနာ။
ကိံ တဿာ ဝိသယေ ဒုက္ခံ၊ သစိတ္တော ကတ္တုမိစ္ဆသိ။
(ဝိသုဒ္ဓိမဂ္ဂ)

အတ္တာနော၊မိမိ၏။ဝိသယေ၊ စွမ်းနိုင်လောက်တုံ အာရုံဖြစ်သော အပြင် အပခေါ်ဆို ဤရုပ်ကိုယ်၌။ တေ၊ သင်၏။ ဝေရိနာ၊ ရန်သူသည် ဒုက္ခံ၊ ဆင်းရဲကို။ ယဒိကတံ၊ အကယ်၍မူဟူး ပြုလာငြားအံ့။ တဿ၊ ဆန့်ကျင်ပြုမူ ထိုရန်သူ၏။အဝိသယေ၊ အရာမဟုတ်သော။ သစိတ္တော၊ ရန်သူမပိုင် ကိုယ် သာပိုင်သည့်စိတ်၌။ ဒုက္ခံ၊ ဆင်းရဲကို။ ကတ္တုံ၊ ရန်သူအကြိုက် မိမိလိုက်၍ ပြုခြင်းငှာ။ ကိံ ဣစ္ဆသိ၊ အဘယ်ကြောင့် အလိုရှိပါသနည်း၊ ဝါ၊ ကိံ ဣစ္ဆသိ၊ ဤရုပ်ခန္ဓာ မပိုင်ပါ၍ မနာလိုသူ ရန်သူရန်ဖက် နှိပ်စက်ချင် နှိပ်စက်ပါစေ ကိုယ့်စိတ်ကိုယ်နိုင် ကိုယ်သာပိုင်သည့် မိမိစိတ်တွင်း ဆင်းရဲခြင်းမူကား အလျဉ်းမသေ့ မဖြစ်ပါစေနှင့်။

၁၀၄။ အဆိပ်တွေ

ရူပါ သဒ္ဒါ ဂန္ဓာ ရသာ၊ ဖောဋ္ဌဗ္ဗာ စ မနောရမာ။
ဧတေ လောကံ ဝိသံဃောရံ၊ ဧသော လောကော ဝိမုစ္ဆိတော။
(ဝိသုဒ္ဓိမဂ္ဂ)

ဘောန္တော၊ပ၊ တို့။ မနောရမာ၊ စိတ်နှလုံးကိုရှင်ပြုံးလာအောင် ဆဲဆောင်တတ်ကုန်သော။ ရူပါ၊ ဖြူပြာ မူယာ အူမှာတုန်အောင် ပုံဆောင်တင့်ဆန်း ရူပါရုံဆိုတဲ့ အလှပန်းတို့သည်ၵင်း။ သဒ္ဒါစ၊ ဘဝင်ငြိစရာ သုတိသာသည့် ရင်မှာမြေ သဒ္ဒအသံတို့သည်ၵင်း။ ဂန္ဓာစ၊ မွေးပျံ့သင်းထုံ ဂန္ဓာရုံဟု ဖုံဖုံထွေပြား အနံ့များသည်ၵင်း။ ရသာစ၊ ချိုဆိမ့်စပ်ဖန် ခါးငန်ထွေပြား စားစရာဖုံဖုံ လျာအာရုံကိုနှိုးဆွသည့် ရသဖုံဖုံ အာရုံများသည်ၵင်း။ ဖောဋ္ဌဗ္ဗာစ၊ အကြောတထောင် စိမ့်လောက်အောင် အို စဲငြိဖွယ်ရာ ဖောဋ္ဌဗ္ဗာဟု အတွေ့အထိ အစုစုသည်ၵင်း။ ဧတေ၊ ဖော်ပြပြီး ဃမ္ဗ ငါးဝကာမဂုဏ် အာရုံအစုသည်။ လောကံ၊ အာရုံနှင့်မကင်းသမျှ ပုထုဇဉ်လူ့ဗဟလ၏။ ဃောရံ၊ အလွန်တရာမှ ပြင်းထန်လှသော။ ဝိသံ၊ လတ်တလောလက်ငင်း ချက်ချင်းမနေ သေစေတတ်သည့် အဆိပ်ပါ၊ပေတည်း။ လောကော၊ တလောကလုံးသည်။ ဝ၊ အာရုံနှင့်မကင်းသမျှ တရုံးရုံးနှင့် တပြုံလုံးထနေသည့် ဤလောကသည်။ ဧသော၊ ယခုဖော်ပြ ငါးဝအာရုံ ကာမဂုဏ်အဆိပ်အတောက်ဖြင့်။ ဝိမုစ္ဆိတော၊ မေ့မူးမြှုပ်နေပေ၏။ ဝ၊ ဝိမုစ္ဆိတော၊ မြူးခွင့်ကကြုံချင်စရာ ဘုံသခ်ၤါနယ်ဓလေ့မှာဖြင့် ဂုဏ်တင်စရာ ဘယ်မရှေ့ပြီဟု သြော်-မူးမူးမေ့မေ့နှင့် အရူးဓလေ့တွေ ထွန်းကားပြီး အရမ်းသမားတွေ ဖြစ်၍နေကြလေကုန်သတည်း။

ဆောင်ပုဒ်။ ။ရူပ သဒ္ဒ ဂန္ဓ ရသာ၊
ဖောဋ္ဌဗ္ဗာဟု ငါးဝကာမာ။
အဆိပ်လူးလို့ ရစ်မူးနေရှာ၊
မူးမူးမေ့မေ့ ရူးလေ့ ကျိလူ့ရှာ။

၁၀၅။ အဆိပ်မလူးလို

နာဟံ ဧတေန အတ္ထိကော၊ သုခိတော ဓမ္မရသေန တပ္ပိတော။
ပိတ္ဝာ ရသဂ္ဂမုတ္တမံ၊ နာ စ ကာဟာမိ ဝိသေနသန္ထဝံ။
(ဗန္ဓုဇေရ)

အဟံ၊ ဖလ်ဝါဆင်မြန်း ရဟန်းဘဝ တောရကေစာ ကျင့်လမ်းဖြာ၍ ဘာဝနာဓလေ့ တရားမွေ့ကာ ချမ်းမြေ့စွာဖြင့် နေရပါသောငါသည်။ ဧတေန၊ ရူပသဒ္ဒ ဂန္ဓရသ ဖောဋ္ဌဗ္ဗဟု ငါးဝအာရုံ ကာမဂုဏ်ဓလေ့ အဆိပ်ငွေ့ဖြင့်။ နအတ္ထိကော၊ အနည်းငယ်မျှ အလိုမရှိပါပေ။ ဓမ္မရသေန၊ ဓမ္မရသ မြတ်သုခဖြင့်။ တပိတော၊ ဘာမျှမလို အပိုဆန္ဒ မတောင့်တဘဲ ရောင့်ရဲ၍သာလျှင်။ သုခိတော၊ ကိုယ်ရောစိတ်ပါ ဧမြေစွာဖြင့် ဘယာမသန်း ခြေမ်းလှုပါပေ၏။ ရသဂ္ဂမုတ္တမံ၊ အရသာတို့တွင် အထွဋ်တင်သည့် မည်တွင်သတ်မှတ် အမြိုက်ဓောတ်ကို။ ပိတ္ဝာ၊ မနောဟဒယ ခံတွင်းဝဖြင့် သုခချမ်းသာ ဝလင်စွာသောက်သုံးရပြီးမှ။ ဝိသေန၊ အဆိပ်တခွက် ပျားတစက်ပုံ၊ ငါးအာရုံခဲလေ့ အဆိပ်ငွေ့နှင့်။ သန္ထဝံ၊ ကပ်ယှဉ်ပေါင်းတဲ့ မှီဝဲခြင်းကို။ နစကာဟာမိ၊ တခါသေဘူး ပျဉ်ဘိုးနားလည် ဥပမာနှယ်လျှင် တကယ်ပင် မလိုချင်တော့သည်သာတည်း။

၁၈၆။ မျှားစူးခံရသူ

ပင်္ကေါတိ နံ ပဝေဒယုံ့။ ဝန္ဒနပူဇနာ ကုလေသု။
သုခုမံ သလ္လံ ဒုရုဗ္ဘဟံ၊ သက္ကာရော ကာပုရိသေန ဒုဇ္ဇဟော။
(ပိင်္ဂလော ဘာရဒ္ဒါဇဿရောပဒါန်)

ကုလေသု၊ မင်းစိုးသူကြွယ် အသွယ်သွယ်အဝဝ ဒကာဒကာမတို့၌။ ယာယံဝန္ဒနပူဇနာ၊ အကြင် ရှိခိုးကော်ရော် ပူဇော်ပသ သက္ကာရမှု ပြုစုခြင်းသည်။ အတ္ထိ၊ ရှိ၏။ နံ၊ ထိုသို့ ရှိခိုးကော်ရော် ပူဇော်ပသ သက္ကာရမှု ပြုစုခြင်းကို။ ဟိ၊ စင်စစ်ကန် အမှန်အား ဖြင့်။ ပင်္ကေါတိ၊ သက်ဆင်းမိလျှင် ပြန်၍တက်ရန် အလွန်တရာခဲယဉ်းလှသော ညှံစေး ညှံပျော့ပျော်ဟူ၍။ ပဏ္ဍိတာ၊ ပညာရှိတို့သည်။ ပဝေဒယုံ့၊ ဟောကြားပြသ ဆိုဆုံးမတော်မူကြလေကုန်ပြီ။ ဧတံ၊ ရှိခိုးကော်ရော် ပူဇော်ပသ လာဘသက္ကာရ သိလောကသည်။ သုခုမံ၊ အလွန်တရာသိမ်မွေ့စွာသော။ ဒုရုဗ္ဘဟံ၊ ပယ်နှုတ်ဘို့ရန် အလွန်ပင်ခဲယဉ်းလှစွာသော။ သလ္လံ၊ တဖြေးဖြေး ချင်း ခန္ဓာထွင်းဝယ် သိမလွယ်ဘဲ လွန်ကဲစူးဝင်၍နေသော ငြောင့်တသင်း မည်ပါပေ၏။ သက္ကာရော၊ လာဘသက္ကာရ သိလောကဟု ပစ္စယဓမ္မ နှစ်ဝသောအလှူ ပူဇော်ပသ ခံယူရခြင်းကို။ ကာပုရိသေန၊ အလကား စာရင်း ယောကျ်ားဖျင်းသည်။ ဒုဇ္ဇဟော၊ စွန့်ပယ်ဘို့ရန် အလွန်မတန် ခဲယဉ်းလှပါပေ၏။

၁၀၄။ ကောင်းစွာအိပ်ရသူ

သုခံ သုပန္တိ မုနယော၊ ယေ ဣတ္တိသု နာ ဗဒ္ဓရေ။
သဒါ ဝေ ရက္ခိတဗ္ဗာသု၊ ယာသု သစ္စံ သုဒုလ္လဘံ။

ယေမုနယော၊ ကိလေသာနှင့် တဏှာမဖက် မရောယှက်ဘဲ သက်သက်ကြည်လင် သန့်စင်ကုန်သော အကြင်ရဟန်းတော်တို့သည်။ သစ္စံ၊ သစ္စာတရားကို။သုဒုလ္လဘံ၊ ရခဲရှံတင် မကချင်ဘဲ အလွန်အလွန်ရခဲလှသော၊ ဝါ။ သစ္စာမဲ့ကုန်သော။ သဒါ၊ အမြဲမပြတ်။ ရက္ခိတဗ္ဗာသု၊ မျက်စိအောက်က မပျောက်ရအောင် စောင့်ရှောက်မှသာလျှင် မဖောက်မပြန် တော်တန်ရုံ ရှိကုန်သော။ ဣတ္ထီသု၊ လော်လည်ဖောက်ပြား မှောက်မှားမပြတ် မယုံကြည်အပ်သော တလျှပ်လျှပ်ပေလီ အတည်မကျ ထိုမိန်းမတို့၌။ နာဗဒ္ဓရေ၊ မငြိမတပ် တဏှာငတ်ဖြင့် မစွဲလန်းတတ်ကုန်။ တေ၊ ကိလေသာနှင့် တဏှာမဖက် မရောယှက်ဘဲ သက်သက်ကြည်လင် သန့်စင်ကုန်သော ထိုရဟန်းတော်အရှင်မြတ်တို့သည်။ သုခံ၊ ဘေးဘရမ်းမသန်း စိတ်စက်အေးချမ်းစွာ။ သုပန္တိ၊ အိပ်ပျော်တော်မူကြကုန်၏။ ဝါ၊ သုပန္တိ၊ ကိလေသာဓာတ်ယုတ်မာကို ဖြတ်ထုတ်ကာဖယ်ခွာ ထားတာကြောင့် ချော်ပျော်ကြီး အိပ်စက်တော်မူနိုင်ကြလေကုန်သတည်း။

၁၀၈။ မာရ်နတ်ထောင်ထားသောကျော့ကွင်း

ဓိရတ္ထု ပုရေ ဒုဂ္ဂန္ဓေ၊ မာရပက္ခေ အဝဿုတေ။
နဝသောတာနိ တေ ကာယေ၊ ယာနိ သန္ဒန္တိ သဗ္ဗဒါ။
ယေ စ ခေါ ဗာလာ ဒုမ္မေဓာ၊ ဒုမ္မန္တိမောဟပါရုတာ။
တာဒိသာ တတ္ထ ရဇ္ဇန္တိ၊ မာရခိတ္တာမှိ ဗန္ဓနေ။
(နန္ဒကထေရာပါဒါန်)

တေ၊ ဝတ်စားပြင်ဆင် အလှဆင်၍ တင့်တယ်လှပ မာန်မာနဖြင့် တကြွကြွ တသ သနေသော သင်၏။ ကာယေ၊ သုံးဆဲ့နှစ်ဝ ကောဌာသဟု ပေါင်းစုထားရာ ကိုယ်ခန္ဓာ၌။ ဓိရတ္ထု၊ ရွံရှာစဘွယ် တကယ်စက်ဆုပ်စရာတွေပါတကား။ ဒုဂ္ဂန္ဓေပုရေ၊ အနံ့ဆိုးလှောင်း ခိုအောင်းရှိနေသော။ မာရပက္ခေ၊ ကိလေသာမာရ် တွင်းပရန်၏ လက်ဝေဝံမင်း အသင်းအပင်းဖြစ်သော။ အဝဿုတေ၊ တဏှာရေမိုး သောက်ချိုးတွေ့တွေ

စိုစွတ်၍နေသော။ တေ၊ သင်၏။ ကာယေ၊ ပ၊ ဌ်၊ သဗ္ဗဒါ၊ ဘယ်ခါမလပ် ဒလစပ်သာလျှင်၊ နဝသောတာနိ၊ ကိုးပေါက်ဒွါရ အမာဝမှ စီးကျယိုယို တစိုစိုဖြင့် ထိုထိုကျိကျိ မသဒိစရာ မစင်မကြယ်သည့်အရာတို့သည်။ သန္ဒန်၊ မစင်အိုးကြီး ယိုကျနည်းဖြင့် တဒီးဒီး စီးယိုကြလေကုန်၏။ ယေယာဒိသာ၊ အကြင်သို့ သဘောရှိကုန်သော။ဒုမ္မဓာ၊ပညာမဲ့ကင်း အလွန်ဖျင်းအ့ကုန်သော။ ဒုမ္မန်၊ ရှေ့နောက်တိုင်းထွာ ပညာမဲ့ကင်း အလွန်ပျင်းကုန်သော။ မောဟပါရုတာ၊ မောဟပိတ်ဖုံး လုံးလုံးမမြင် အကန်းအသွင် ဖြစ်ကုန်သော။ဗာလာ၊ရာဂစရိုက်များ အကြင်ငမိုက်သားတို့သည်။အတ္ထိ၊ရှိကုန်၏။ တာဒိသာ၊ ရာဂစရိုက်များ ထိုငမိုက်သားတို့သည်။ မာရခိတ္တာမှိ၊ ငမိုက်သားတွေ့မိပစေဟု မသွေမယွဲင်း ထိုမာရ်မင်းက ပစ်ချထားအပ်သော။ ဗန္ဓနေ၊ အသုဘကောင် သုဘယောင်ဖြင့် မရှန်းနိုင်အောင် ဖွဲ့နှောင်အပ်သော။ တတ္ထ၊ အပေါ်ယံတွင် အလှဆင်၍ ထဲတွင်ပုပ်ပွ အသုဘဌ်။ ရဇ္ဇန်၊ တပ်မက်မောကြကုန်၏။ ဝါ၊ ရဇ္ဇန်၊ ဗာလအမိုက်အမဲတွေ့မှာ ရာဂစရိုက်စွဲကာ မဲ့ပြာကျဒါကြောင့် တကထဲပါ ကဲလာရဒါမို့ မခွဲသာ မခွာရက်အောင် မက်မောတွယ်တာ၍ နေကြလေကုန်သတည်း။

၁၈၉။ မြွေဟောက်မ

ရူပါ သဒ္ဒါ ဂန္ဓာ ရသာ၊ ဖောဋ္ဌဗ္ဗာ စ မနောရမာ။
ပဠု ကာမဂုဏာ ဧတေ၊ ကွတ္ထိရူပသ္မိံ ဒိဿရေ။
ယေ တော ဥပသေဝန္တိ၊ ရတ္တစိတ္တာ ပုထုဇ္ဇနာ။
ဝဓုန္တိ ကဋသိံ ဃောရံ၊ အာစိနန္တိ ပုနပ္ဘဝံ။
(သဗ္ဗကာမိ ထေရာပါဒါန်)

မနောရမာ၊ စိတ်နှလုံးကို ဋ္ဌင်ပြုံးလာအောင် ဆွဲဆောင်တတ်ကုန်သော။ ရူပါစ၊ ဖြူပြောမူယာ အူမှာတုန်အောင် ပုံဆောင်တင့်ဆန်း ရူပါရုံဆိုတဲ့ အလှပန်းတို့သည်ဌင်း။ သဒ္ဒါစ၊ ဘဝင်ငြိစရာ သုတိသာသည့် ရင်မှာအေးမြ သဒ္ဒအသံတို့သည်ဌင်း။ ဂန္ဓာစ၊ မွှေးပျံသင်းထုံဂန္ဓာရုံဟု အဖုံဖုံထွေပြား အနံ့များသည်ဌင်း။ ရသာစ၊ ချိုဆိမ့်စပ်ဖန် ခါးငန် ထွေပြားစားစရာအဖုံဖုံ လျှာအာရုံကို နှိုးဆွသည့် ရသဓာတ်အဖုံဖုံ အာရုံများသည်ဌင်း။ ဖောဋ္ဌဗ္ဗာစ၊ အကြောတထောင် စိမ့်လောက်အောင်အိ စွဲညိဖွယ်ရာဖောဋ္ဌဗ္ဗာဟု အတွေ့ အထိ အစုစုသည်ဌင်း။ ဧတေပဠုကာမဂုဏာ၊ မလွတ်ရအောင် ဖွဲ့နှောင်ချည်ပတ် ငါးရပ်အာရုံ ထိုကာမဂုဏ်တို့သည်။ ကွတ္ထိ

ရှုပသို့၊ တဖိန်းဖိန်းသ တကိန်းပြီးတကိန်းပြနေတဲ့ မိန်းမဆိုတဲ့ သတ္တဝါဌ္ဌ။ ဒီဿရေ၊ အထင်အရှား အင်အားကြီးစ္ဓာ ထီလာလျှင် ပေါက်လိုက်မဟဲ့ လို့ မြွေဟောက်မပမာ ကြောက်စရာကောင်းလောက်အောင် အမောက်ထောင်ကာ စောင့်စား၍နေကုန်၏။ ပုထုဇ္ဇန၁၊ ပုထုဇဉ်ဟု လူ့ခွင်ထင်ရှား ကိလေသာ ပေါများတဲ့ အန္ဓ ဗာလသတ္တဝါများသည်။ ရတ္တစိတ္တာ၊ ဂျိတ်ကိုမမြင် အစာမင်၍ တွင်ဘွင်စိတ်ထဲ ကြိတ်ခဲတပ်မက် လောဘထုက် ကြကုန်သည်ဖြစ်၍။ ဧတေ၊ တဖိန်းဖိန်းနှင့် ချယ်လိမ်း ဆင်သ အလှပြ၍ နေကြကုန်သော ထိုမိန်းမတို့ကို။ ဥပသေဝန္တိ၊ ရာဂဓာတ်ချင်း ပူးကပ်သွင်း၍ ချင်းနင်း မှီဝဲကြလေကုန်၏။ တေ၊ ထိုရာဂစရိုက်ပွား ငမိုက်သား ပုထုဇဉ်တို့သည်။ ဃောရံ၊ အလွန်တရာ ကြမ်းတမ်းစွာသော။ ကဋ္ဌသိ၊ သူသေမျှပ်နှံ့ မြေသုသာန်ကို။ ဝဇ္ဇန္တိ၊ ခဏအား သေဖန်မျှားသဖြင့် တိုးပွားစေကုန်၏။ ပုနဗ္ဘဝံ၊ ဘဝသံသရာ အဆက်မျှားစွာကို။ အာစိနန္တိ၊ မရပ်မနား ပွားစည်ကားအောင် လုပ်ဆောင်၍သာနေလေတော့သတည်း။

ဧဆာင်ပုဒ်။ ။ရှုပါရုံဆန်း ဘန်းပြဟန်ဆောင်၊
အာရုံငါးပါး စုံမ်းအားကိုဆောင်၊
တဖိန်းဖိန်းသ မိန်းမ သူယောင်၊
မြွေဟောက်မ မှတ်ကြအဆိပ်ကောင်။

၁၉၀။ ဘေးရန်ပက်လည် ပိုင်းနေသည်

အဝိဇ္ဇာယ နိဝုတော လောကော၊ စတုဂန္ထေန ဂန္ထိတော။
သြဃသံ သိဒနော ကာယော၊ အနုသယဇာလမောတ္ထဋော။
(ကပ္ပတ္ထေရုပါဒါန်)

ဘောန္တော၊ (သင့်ရာအလုပ်ထည့်ဆို ရှေ့ဦးအမျှားကြီး ပြုပြီးပြီ) တို့။ ကာမယော၊ ရုပ်နာမ်နှစ်ရပ် ပေါင်းစပ်တည်ထောင် ဤကိုယ်ကောင်ကို။ အဝိဇ္ဇာ၊ အမှန်မသွား အမှာသိမြင် လမ်းဆိုးထွင်ပြား အဝိဇ္ဇာတရားသည်။ နိဝုတော၊ အမှန်မပေါက် အမှားရောက်အောင် ခေါ်ဆောင်ညွှန်ကြား၍နေလေသည်တကား။ စတုဂန္ထေန၊ အတင်းအကြပ် ရစ်ပတ်ဖွဲ့ထား ဂန္ထဆိုတဲ့တရားက ဂန္ထိတော မလွှတ်သာအောင် မထွက်သာအောင် တုပ်နှောင်ဖွဲ့ကြပ် ထားအပ်ပေသည်တကား။ သြဃသံသိဒနော၊ ကာမသြဃ ဘဝဝါဃနှင့် ဒိဋ္ဌိဝိဇ္ဇာ လေးဖြာနက်နဲ ဂရက်ဝဲဝယ် မြုပ်လဲမြုပ်ကာ

ပေါ်မလာအောင် နက်မှောင်၍ နေပေသည်ဟုကား။ အနုသယဇာလ မောတ္ထတော၊ ကာမရာဂ စသည်ကြိတ်နင်း အတွင်းကိန်းဝပ် အနုသယ ဆိုတဲ့ ပိုက်ကွန်ခေတ်ဖြင့် ရစ်ပတ်ရှုပ်ထွေး သံသာဘေးမှ ပြေးမရအောင် ပိတ်လှောင်ဆီးတား၍ ထားပါပေသည်တကား။

၈ဆောင်ပုဒ်။ ။အဝိဇ္ဇာလှိုင်း ပတ်ဝိုင်းနေသည်၊
ဂန္ထ လေးပါး ဝိုင်းထားလေပြီ၊
သြဃဝဲထဲ နစ်စဲကာတည်း၊
ဘေးရန်သိုင်း ဝိုင်း၍ထားလေပြီ။

၁၉၁။ ကိုယ်.အလုပ်ကိုယ်လုပ်ပါ

ယံ ဟိ ကိစ္စံ အပဝိဒ္ဓံ၊ အကိစ္စံ ပန ကရီယတိ။
ဥန္နဠာနံ ပမတ္တာနံ၊ တေသံ ဝဍ္ဎန္တိ အာသဝါ။
(သောဏကောဋိ ဝိသတ္ထေရာပဒါန်)

ယံကိုစ်း၊ ခန္ဓာငါးဝ ရုပ်နာမ်မျဉ် ဓမ္မသဘော နစ်နောဖွေရှာ သိစရာ မှန် ကောန်မုချ ပြုရမည့်ကိစ္စကို။ အပဝိဒ္ဓံ၊ ခွံတ်လွဲချော်ကာ တော်ရာဖယ် ထား ရှောင်ရှားမပြု လစ်လျူရှု၍ နေတတ်၏။ အကိစ္စံပန၊ ကိုယ်နှင့် နှောင်းခြင့် မသင့်မတော် ပြုမလျော်သော လော်လော်လီလီ ဗာဟီရစု လောကီမှုကို။ ဝါ၊ လာဘ်ပကာသံ ဂုဏ် ဟန် ကြီးမား တရားမရှု အလကား အမှုကို။ ကရီယတိ၊ ကြိုးကြိုးစားစား နေမနားအောင် ပြုဆောင်တတ်ပေ၏။ ဥန္နဠာနံ၊ ထဲနှစ်မပါ အကာပွားစီး အရှည်ကြိုးမြှင့်တင် ကျူးပင်ပမာ လေမှာလွှင့်လွှင့် မာနဆင့်၍ တမြင့်တည်းမြင့်မာန်ဟုန်စွင့်၍နေကုန်သော။ ပမတ္တာနံ၊ လောကီဂုဏ်ဟန် ပကာသံဖြင့် တော်တန်လေပြီ ဟုတ် လှပြီဟု မာန်ဆီရစ်ကာ မေ့မြောရှာသော ထိုလူဖျင်းတို့အား။အာသဝါ၊ လေးဖြာ အာသဝေါ တဏှာတောသည်။ ဝဍ္ဎန္တိ၊ တဆင့်တဆင့် မြင့်တက် မြင့်မှု အပြောထူလျက် တလူလူ ကြီးပွား၍ လာကြလေကုန်သတည်း။

ဆောင်ပုဒ်။ ။ပြုသင့်ကိစ္စ မမှဆိုလျှင်၊
ပြုရန်ဓလေ့ မေ့၍နေချင်၊
လာဘ်များမှုကား ပြုငြားအစဉ်၊
အာသဝ ပွားရထိုသူ့တွင်။

၁၉၂။ လွတ်မြောက်စေသူ

ဗုဒ္ဓပီရ နမော တျတ္ထု၊ သဗ္ဗသတ္တာနု မုတ္ထမ။
သော မံ ဒုက္ခာ ပမောစေသိ၊ အညဉ္စ ဗဟုကံ ဇနံ။
(မဟာပဇာပတိ ကာတမိ ထေရုပါဒါန်)

ဗုဒ္ဓ၊ သစ္စာလေးဆူ သရဖူကို ရွယ်ချ။ကိုယ်တိုင် သိတော်မူနိုင်သော။ ဝီရ၊ ကြီးမြတ်လှလွန ဝီရိယနှင့် မုခ္ဂမသွေ ပြည့်စုံလေငြား မြတ်စွာဘုရား။ တေ၊ ကျေးဇူးဂုဏ်အင် လွန်ပင်ကြီးမား၍တော်မြတ်ဘုရားအား။ နမော၊ ရိုသေမြတ်နိုး မာန်ညွတ်လျှိုး၍ ရှိခိုးလိုက်ပါ၏ဘုရား။ တံ့၊ ရှင်တော်မြတ်ဘုရားသည်၊ ဝါ၊ လောကအမြုတေ လူ့အဆွေဟု ပရမေအတွင် တမှတ်ခေါင်ဖျား ရှင်တော်မြတ်ဘုရားသည်။ သဗ္ဗသတ္တာနံ၊ လုံးစုံများစွာ သတ္တဝါတို့ထက်။ ဥတ္တမ၊ ထူးကဲသာလွန် အမှန်တမှတ် အတွင် ခေါင်ဖျား မြင့်မားတော် မူပါပေသည်တကား။ ယောတံ့၊ ရှင်တော်မြတ်ဘုရားသည်။ မံ၊ ပဇာပတီ ဂေါတမီတု နာမည်မှည့်ခေါ် တပည့်တော်မကို။ ဒုက္ခာ၊သံသာဝဋ်ထဲ ပြင်းကဲပိတ်လှောင် ဒုက္ခဘောင်မှ။ ပမောစေသိ၊ ကောင်းစွာမသွေ လွတ်မြောက်တော် မူစေလေပြီ။ အညံ၊ တပည့်တော်မှ တခြားတပါး သော။ ဗဟုကံဇနံ၊ များစွာသောင်းသောင်း သတ္တဝါအပေါင်းကိုလည်း။ ဒုက္ခာ၊ပ၊ မှ။ ပမောစေသိ၊ ကောင်းစွာမသွေ လွတ်မြောက်တော် မူစေပါသည်တကား။

၁၉၃။ ဟဲ့ သေမင်း ရက်စက်လေခြင်း

ဟာ ယောဂါ ဝိပ္ပယောဂန္တာ၊ ဟာ နိစ္စံ သမ္ဗသန်တံ။
ဟာ ဇီဝိတံ ဝိနာသန္တံ၊ ဣစ္စာသိ ပရိဒေဝနာ။
(မဟာပဇာပတိဂေါတမီ ထေရုပါဒါန်)

ဘောန္တော၊ စည်းဝေးဆောက်လာ များစွာသောင်းသောင်း နတ်လူအပေါင်းတို့။ ယောဂါ၊ ဆက်ဆံပေါင်းသင်း အချင်းချင်းတို့ မြိတ်နေကြ သဘာဝသည်။ ဝိပ္ပယောဂန္တာ၊ သေကဲ့ ရှင်ကဲ့ နှစ်ကဲ့ နှစ်ဖုံ ခွဲရခြင်းသာလျှင် အဆုံးရှိကုန်သည်တကား။ ဟာ၊ ရင်တဒိတ်ဒိတ် တထိတ်ထိတ်ခုန် နှလုံးတုန်စရာ ကောင်းလှပေသည်တတား။ သမ္ဗသန်တံ၊ပြုပြင်သမျှ ဖြစ်လာရသည့် သန်ဂါရတရား မှန်သမျှသည်။ ဟာ-အနိစ္စံ၊ ရင်တထိတ်ထိတ် တဒိတ်

ဒိတ်ခုန် နှလုံးတုန်စရာကောင်းလှပါသည်တကား။ ဇီဝိတံ၊ ဝိညာဏ်ထင်လင်း သက်ရှင်ခြင်းသည်။ ဟာ ဝိနာသန္တိ၊ ရင်တဒိတ်ဒိတ် တထိတ်တိတ်ခုန် နှလုံးတုန်စရာ၊ ဟာ-သေခြင်းသာ အဆုံးရှိပါပေသည်တကား။ (ဟာ ယောဂါ ဝိပ္ပယောဂန္တာ၊ ဟာ နိစ္စံ သမ္ဗဿခ်တံ။ ဟာ ဇီဝိတံ ဝိနာသန္တိ)။

ဣတိ၊ ဤသို့။ ပရိဒေဝနာ၊ ယောင်ယမ်းဟစ်ဆို ငိုယိုခြင်းသည် အာသိအရှင်မကြီး နိဗ္ဗုတိုးကို ခိုမှီးသောအခါ ကျန်ရှာရစ်သူ နတ်လူပြဟ္မာ သတ္တဝါတွေ ဖြစ်၍သာ နေရရှာပါတော့သည်ဘုရား။

(ဘုန်းကြီးပို့ စသည်၌ သံဝေဂ ကထာ၊လွှမ်းတ ကထာ များအဖြစ် အလွန်အသုံးတည့်ပါသည်။ အလွတ်ရေးဖွဲ့သည့် ရစနာဂါတာမဟုတ်၊ ပါဠိတော်လာ ဖြစ်၍လည်း တလွန်လေးနက်ပါသည်။)

၁၉၄။ မီးထဲမှ ဆွဲထုတ်ပါ

အာဒိတ္တာသို့ အဂါရသို့၊ ယံ နိဟရတိ ဘာဇနံ။
တံ တဿ ဟောတိ အတ္ထာယ၊ နော စာယံ တတ္တာ ဒဃ်္ဂတိ။
ဧဝံ အာဒိတ္တကော လောကော၊ ဇရာယ မရဏေန စ။
နိဟရတေဝ ဒါနေန၊ ဒိန္နံ ဟောတိ သုနိဟတံ။

(သံယုတ် ပါဠိတော်)

အဂါရသို့၊ လူတို့နေရာ အိမ်ဂေဟာကို။ အာဒိတ္တာသို့၊ တဟုန်းဟုန်းနှင့် ဟစ်ကြုံးကျော်ဟီး ညီးညီး တောက်ပြောင် မီးကြီး လောင်သည်ရှိသော်။ ယံဘာဇနံ၊ အကြင်အိုးခွက် စသည်ကို။ နိဟရတိ၊ လက်လှမ်းမှီရာ ဆွဲရမ်းကာဖြင့် မြန်စွာသုတ်သုတ် ဆွဲထုတ်ယူလာခဲ့ပေ၏။တတ္ထ၊ ထိုမီးလောင်ရာ အိမ်ဂေဟာ၌။ ယံ၊ အကြင် အတင်းဆွဲကာ ထုတ်ယူလာသည့် ရရာပစ္စည်း အသီးသီးသည်။ နော-ဒယှတိ၊ မီးလောင်ရာထဲ မပါဘဲနှင့် လွတ်မြဲလွတ်ကာ လက်ထဲ၌ ပါလာခဲ့ပေ၏။ တံ၊ ထိုမီးလောင်ရာတွင် မပါဝင်ဘဲ လက်ထဲပါသည့် ပစ္စည်းသည်။ တဿ၊ ကံကြမ္မာနဲ့ မီးလောင်စဲ၍ စိတ်ထဲပူလောင် အပူကောင်ခေါ်ငြား ထိုလူသား၏။ အတ္ထာယ၊

အသက်ဆက်ကာ ရှင်ရန်အလို့ငှာ။ ဟောတိ၊ သတိထားကာ ရရာပစ္စည်း ဆွဲယူနည်းဖြင့် အပြီးမသွေ ဖြစ်ရလေ၏။ ဧဝံတထာ၊ ပမာန္နိုင်းယူထို့ အတူ သာလျှင်။ လောကော၊ လောကကြီးသည်။ ဇရာယစ၊ ဇရာဖိစီး အိုခြင်း မီးဖြင့်ငင်း။ မရဏေနစ။ ရှောင်ကွင်းမရ မရဏဆိုတဲ့ မီးဖြင့်ငင်း။ အာဒိတ္တ ကော၊ နေ့ရှိတိုင်းလောင် ပြေးရှောင်မလွတ် ဒလစပ် ခံနေရပေ၏။ တသ္မာ၊ ထိုသို့သခ်ါရဓမ္မတာ သင်တို့၏ဥစ္စာကို မကွာမပြတ် ဒလစပ်ပင် မီးစဲဝင် နေလေသောကြောင့်။ ဒါနေနှ၊ ယုတ်ဖြတ်မဟူ ကြည်ဖြူသဒ္ဓါ ပေးလှူ ပါရ မြတ်ဒါနဖြင့်။ နိဗ္ဗာရဏေဝ၊ ခပ်သုတ်သုတ်ပင် ဆွဲထုတ်ယူငင်လိုက် ကုန်ရာ၏။ ဒိန္နံ၊ ယုတ်မြတ်မဟူ ကြည်ဖြူသဒ္ဓါ ပေးလှူပါရ မြတ်ဒါနသည်။ သုနီဟတံ၊ မီးထဲမပါ ကိုယ့်ဥစ္စာကို ကောင်းစွာမသွေ ထုတ်ဆောင်၍ ထားသည်မည်ပါပေသတည်း။

၁၉၅။ အဆိပ်တခွက် ပျားတစက်

သာတ သေဝက္ခကော အပ္ပါ၊ တ ဟေတု အနန္တ ဒုက္ခါ။
ဓီရော အာသံဟနေ ဆိန္နေ၊ ခုရဓာရမဓူပမေ။

ကာမာ၊ လောကီအာရုံ ကာမဂုဏ်တရား‌တို့သည်။ သေဝက္ခကော၊ မှီဝဲလေရာ ခဏတာ၌။ အပ္ပံ၊ မဆိုလောက်စရာ ခဏသာတည်း အနည်းကလေးမျှ သုခချမ်းသာ ခံစားရပါလျက်။ တံဟေတု၊ မှီဝဲကာသာ ခဏတာမျှ ထိုသုခကလေးကြောင့်။ အနန္တဒုက္ခံ၊ ပျားရည်တစက် အဆိပ်တခွက်သို့ လိုက်ဖက်စရာ မမျှပါဘဲ အနန္တပြင်းကဲ ပိုလွန်သောဆင်းရဲကို။အနုဘောတိ၊ မချိမဆန့် လူးလာလွန့်လျက် ခါးတွန့်ကာသာ ခံစားရရှာ၏။ တသ္မာ၊ ခဏတာမျှ ထိုသုခကြောင့် အနန္တပြင်းကဲ ထိုဆင်းရဲကို ငြင်းလဲမရ ခံစား ရလေသောကြောင့်။ ဓီရော၊ ရှု့နောက် ကြောင်းကျိုး မြော်ကိုးသိမြင် ဆင်ခြင်နိုင်ဘိ ပညာရှိသည်။ ခုရဓာရမဓူပမေ၊ သင်ခုန်းသွားတွင် ပျား ရည်တင်သို့ နှိုင်းယှဉ်စရာ ဥပမာအလား ငါးပါးအာရုံ ကာမဂုဏ်သုခ လှူ့ရသ၌။အာသံ၊တပ်မက် အာသာ မာရ်တရာကို။ဟနေ၊ပယ်သတ်ရာ၏။ ဆိန္နေ၊ ရှု့နောက်မြော်ခေါ် တော်မတော်ကို အလျော်ယှဉ်ကာ မသင့်ရာမှီ့ ဖင့်ကာမနေ ဖြတ်တောက်လိုက်ရာပေသတည်း။

၁၉၆။ ကိုးကွယ်ရာမှားသည့်
(ဓမ္မပဒ အဂ်ိဒတ္တ ပုဏ္ဏား)

ဘုရားမြတ်စွာ၊ မပုဉ္ဇခါက၊ ဘာသာမျိုးခြား၊ အစားစားတို့၊ အားထားဖွယ်ရာ၊ အဖြာဖြာကို၊ လိုက်ရှာနေကြ၊ ကြံတွေးဆ လျက်၊ မိုးဝကောင်းကင်၊ သစ်ပင်တောတောင်၊ နေရောင်ကြယ် လ၊ အဝဝကို၊ ပသကာသာ၊ လွတ်ကြောင်းရှာ၏။ မဟာမောဟာ၊ မှားလေစွတည့်၊ ဗုဒ္ဓမြတ်စွာ၊ ပုဉ္ဇသောခါမှ၊ သစ္စာလေးပါး၊ အားထားဖွယ်ရာ၊ ဖော်ထုတ်လာသည်....ဒို့မှာ ဝမ်းမြောက်ဖွယ် ပါတကား။

၁၉၇။ ဗဟုံ ဝေ သရဏံ ယန္တိ၊ ပဗ္ဗတာနိ ဝနာနိ စ။
အာရာမ ရုက္ခစေတျာနိ၊ မနုဿာ ဘယတဇ္ဇိတာ။
နေတံ ခေါ သရဏံ ခေမံ၊ နေတံ သရဏမုတ္တမံ။
နေတံ သရဏမာဂမ္မ၊ သဗ္ဗဒုက္ခာ ပမုစ္စရေ။

မနုဿာ၊ လူအပေါင်းတို့သည်။ ဘယတဇ္ဇိတာ၊ လောကသံသရာ နှစ်ဖြာရန်ဘေးမအေးစရာ ကြောက်လန့်ရွာကြကုန်သည်ဖြစ်၍။ ပဗ္ဗတာနိစ၊ မြင့်မြင့်မားမား တောင်ထွဋ်များကိုငင်း။ ဝနာနိစ၊ စိမ်းစိမ်း ညို့ညို့ မို့မို့ထီးထီးတောအုပ်ကြီးဟို့ကိုငင်း။ အာရာမ ရုက္ခ စေတျာနိစ၊ အရပ်တောစိုးသစ်ပင် စသည်တို့ကိုငင်း။ ဗဟုံ၊ များစွာ။ ဝေ၊ စင်စစ် ဧကန် အမှန်အားဖြင့်။ သရဏံယန္တိ၊ ဘေးရန် ကွယ်ပျောက် ကောင်းကျိုးရောက် မည် ကြံစိတ်ရည်လျက် မှီခိုဆည်းကပ်ကြလေကုန်၏။

ဧတံ၊ ဤသို့ ရောက်ကတ်ရာရာ အားကိုးရွာလျက် ဖြာဖြာဝိုးဝါး ကိုးစားခြင်းသည်။ ခေမံ၊ ဘေးကင်းရန်အောင် အကျိုး ဆောင်ငြား အားထားကိုးကွယ်ရာသည်။ နဟောတိ၊ မုချမသွေ မဟုတ်ပါခြေ။ ဧတံ၊ ပ၊ ကိုးစားခြင်းသည်။ ဥတ္တမံ၊ မြတ်သော။ သရဏံ၊ ကိုးကွယ်အားထား လေးစားလောက်ရာ ရဘနာသည်။ နဟောတိ၊ မုချမသွေ မဟုတ်ပါခြေ။ ဧတံသရဏံ၊ ဤသို့ယုံကြည် ခုံတည်အားထား ကိုးစားခြင်းကို။ အာဂမ္မ၊ စွဲ၍။ သဗ္ဗဒုက္ခာ၊ အပြင်းအပြ ဆင်းရဲလှသည့် လောကသံသာ နှစ်ဖြာ လုံးစုံ ဒုက္ခအဖုံဖုံမှ။ နပမုစ္စရေ၊ ဧကန်ထုတ်ခြောက် လွတ်မြောက်ဘိုရာ မှန်စွာမသွေ မဟုတ်နိုင်သည်သာလျှင်တည်း။

၁၉၈။ ကိုးကွယ်ရာအစစ်

ယော စ ဗုဒ္ဓဉ္စ ဓမ္မဉ္စ၊ သံဃဉ္စ သရဏံ ဂတော။
စတ္တာရိ အရိယ သစ္စာနိ၊ သမ္မပညာယ ပဿတိ။
ဧတံ ခေါ သရဏံ ခေမံ၊ ဧတံ သရဏ မုတ္တမံ။
ဧတံ သရဏမာဂမ္မ၊ သဗ္ဗဒုက္ခာ ပမုစ္စရေ။
(ဓမ္မပဒအဋ္ဌဒတ္တပုဏ္ဏား)

ယောစ၊ အားထားဖွယ်ရာ ရှာသောခါ၌ ပညာသတိ ရှေ့သွားရှိသည့် အကြင်သူသည်ကား။ ဗုဒ္ဓဉ္စ၊ လေးလီသစ္စာ ခိုင်ရှေကြောကို ဆရာမကူ သယမ္ဘူဖြင့် ဉာဏ်ယူသိပြီး မြတ်စွာဘုရားကိုဂုဏ်း။ ဓမ္မဉ္စ၊ ရှင်တော် ဗုဒ္ဓ ဟောဖော်ပြသည့် လေးဝအမှန် မြတ်သစ္စံဟု မုကွဲဖော်ထုတ် ဓမ္မစက်ကိုဂုဏ်း။ သံဃဉ္စ၊ တရားရင်ခွင် မေ့းလာတင်၍ မဂ္ဂင်ပဋိပတ် ကျင့်မြတ် ထွင်္ဂတင် အရိယာနှယ်ဝင် သံဃာရှင်နှင့် မည်တွင်သမှုတိ ယခုရှိကြ မြတ် သံဃကိုဂုဏ်း။ သရဏံ၊ကိုးကွယ်အားထား လေးစားရာအဖြစ်သို့။ ဂတော၊ ကောင်းစွာမသွေ မြတ်ဓမ္မေ၌ တည်နေမျက်မှောက် ဆိုက်ရောက်လေ၏။ စတ္တာရိ၊ သခ်ျာပိုင်းခြား အပြား အားဖြင့် လေးပါးဖြစ်ကုန်သော။ အရိယသစ္စာနိ၊ အရိယာတို့သာ သိကောင်းရာသည့် မှန်ရာထွင်ထား သစ္စာတရားတို့ကို။ သမ္မပညာယ၊ ကောင်းစွာပိုင်းခြား မဂ်ပညာအားဖြင့်။ ပဿတိ၊ ပိုင်းပိုင်းခြားခြား ပရိဏ်းသားလျက် ကသိုဏ်းအာသင် ထင်မြင်သိရှိတော်မူလေ၏။

ဧတံသရဏံ၊ ဤသို့သစ္စာ သိမြင်ကာဖြင့် ရတနာသုံးပါး အားထားဆည်းကပ် ကိုးကွယ် တတ်ခြင်းသည်။ ခေမံ၊ ဘေးရန်ကင်းကွာ လွတ်မြောက်ရာ အစစ်အမှန်ဖြစ်သော။ သရဏံ၊ ကိုးကွယ်အားထား လေးစားရာအစစ်သည်။ ဟောတ်၊ မုချမသွေ ဖြစ်ပါပေ၏။ ဧတံသရဏံ၊ ပါသည်။ ဥတ္တမံ၊ ကိုးကွယ်မှုမှန်သမျှတို့ထက် ဆထက်ထူးချွန် အလွန်ပင်မြတ်လှသော။ သရဏံ၊ ကိုးကွယ်အားထား လေးစားရာအစစ်အမှန်ပင် ဖြစ်ပေ၏။ ဧတံ သရဏံ၊ ပါ ကို။ အာဂမ္မ၊ ကောင်းစွာအမှု အကြောင်းပြု၍။ သဗ္ဗဒုက္ခာ၊ အပြင်းအပြ ဆင်းရဲလှသည့် လောကသံသာ နှစ်ဖြာလုံးစုံ ဒုက္ခအဖုံဖုံမှ။ ပမုစ္စရေ၊ ကောန်ထုတ်ခြောက် အမှန်ပင် လွတ်မြောက် နိုင်ကြလေကုန်သတည်း။ ဝါ ပမုစ္စရေ၊ ကိုးကွယ်ရာ အစစ်အမှန် ရောက်ပြီမို့ မျိုးနွယ်မဟာတဆစ်တရံဖြင့် မဖောက်ပြီဘု သြော်....ဘေးအတန်တန် ရန်အသွယ်သွယ် အန္တရာယ်အဝဝ အမှန်တကယ် ပပျောက်တော် မူကြလေကုန်သတည်း။

၁၉၉။ ရှိမနေဘူး ဖြစ်နေဒါ

မဏိနာ အာတပေ အဂ္ဂိ၊ အသန္တောပိ သမာဂမေ။
ယထာ ဟောတိ တထာ စိတ္တံ၊ ဝတ္ထာ လမ္ဗာဒိသဂ်မေ။
(ဝိသုဒ္ဓိမဂ္ဂဋ္ဌကထာ)

မဏိနာတပေ၊ မှန်ဘီလူးနှင့် နေရောင်ရှိန်သည်။ သမာဂမေ၊ အကြောင်းတိုက်ဆုံ ပေါင်းမိ ထိမိကုန်သည်ရှိသော်၊ အဂ္ဂိ၊ အခိုးပြာမှောင် အရောင်ထိန်လျှပ် မကိုင်နိုင် မကြည့်နိုင်အောင် ပူလောင်သည့် မီးစာတ်သည်။ ဟောတိယထာ၊ စာတ်ခိုက်သည့် သဘောဖြင့် လတ်တလော မပါ လက်ငင်း ချက်ချင်းပင် ပေါ်လာသကဲ့သို့။ စေတထာ၊ မိမိခန္ဓာညာဏ်ဖြင့်ရှာ၍ နမူနာယူ ကျင့်ပမာနှင့် အလားတူသာလျှင်။ စတ္ထာလမ္ဗာဒိ သဂ်မေ၊ စက္ခုပသာဒခေါ်သော မျက်စိအကြည်က ရုပ်အခံစာတ်၊ ရူပါရုံဆိုတဲ့ ပါဠိစာတ်အရှိကတော့ အဆင်းစာတ်၊ နှစ်ရပ်တွေ့ကြုံ စတ္ထုနှင့်ရူပါရုံကြားမလို့ အလို မစာတ်ဖို့စာတ် စဲစာတ်ခိုက်မှုဖဿဖျတ်ကနဲစလို့က် သည်ရှိသော်။ စိတ္တံ၊ နိယာမ သဘာဝ ခဏချင်းပေါ်ထင် မြင်တယ်ဆိုတဲ့ ဒဿနစိတ်, ကြားဒါက သဝနစိတ်, ဃာယန နံစိတ်, သာယန လျက်စိတ်, ဖုသန ထိစိတ်, အာရုံတခုကို မတွေ့လျှင် မနေတတ် မနောဝိညာဏပရမတ် တလုံးသေ-တလုံးဖြစ် သူ့ဘာသာ သူဖြစ်ပေါ်နေတဲ့ စာတ်သဘောအစစ်တွေသည်။ အာသန္တောဂ၊ ကျွဲကိုယ်ကာယ အသုဘခန္ဓာထဲ၌ မူလကထဲက ကြိုကြိုတင်တင် ဘာတခုမှ ရှိမနေကြပါသော်လည်း။ ဟောတိ၊ လျှပ်စစ်တွေ့ ပျက်သန်းသကဲ့သို့ ဖြန်းကနဲ ဖြန်းကနဲ တဖြစ်ထဲဖြစ်၍မနေလေ၏။ ဝါဟောတိ၊ 'တိဏ္ဏံ သိဂ်တ် ဖသော' စာတ်သဘော သဘာဝ လတ်တသောခဏ လျှပ်သဘော ပမာပြသကဲ့သို့ ဒြပ်သဘော ရှာမရပေဘူ သုဒ္ဓမမ္မာ သက်သက်သော သဘောပါဘဲ အဟုတ်ပြစရာ မနောနှင့် တွေးကြည့်တော့ဒီနှင့် ဟိုနှင့် ဆုယ်မကူး မသန်းပါဘဲ တကယ်ထူးဆန်းစွာ စာတ်သဘောစာရင်းတွေ့မို့ ဩော် လတ်တလော လက်ငင်းဖြစ်ပေါ်၍ လာရလေတော့သတည်း။

၂၀၀။ ဩော် အနတ္တ အနတ္တ

အနတ္တာ မေ ပဥ္စက္ခန္ဓာ၊ ကာသမ္မူရိဝ ရိတ္တကာ။
ကုဇ္ဈာ ဒပ္ပကဆာယာဝ၊ သုညာပက္ခိပထော ယထာ။
(ဓမ္မပဒ ပါဠိတော်)

ဣမေ-ပဥ္စက္ခန္ဓာ၊ အကြောင်းဖန်လာ ခြင်းအရာကြောင့် ဖြစ်လာတုံ ငြား ဤရုပ်နာမ်တရားတို့သည်။ အနတ္တာ၊ ဘယ်တော့ကမှ မအိုချင်ပါ ဘယ်တော့ကမှ မသေချင်ပါ ဖြာဖြာစုပေါင်း ဆုမဲ့နှံတွေတောင်းသော်လဲ တောင်းတိုင်းမရ တ-တိုင်းမဖြစ် ထင်တိုင်းမပေါက် အမှောက်မှောက် အပြန်ပြန် အမှန်အစိုးမရတဲ့ အနတ္တ အဖတ်မရ အာသာရက ဆိုတဲ့ အနှစ် မဲ့သော သဘောပါတကား။ ကသမ္မုရိဝ၊ အပြင်ဘန်းကြည့်တော့ လှု ဝယ်ထင် အထဲတွင် အနှစ်မရှိ၍ ပကတိဖောက်ပြားတတ်တဲ့ ခရု ယောက် သွားတို့ကဲ့သို့။ ရိတ္တကာ၊ အပေါ်က အုပ်ဖုံး အတွင်းက ဆိတ်သုဉ်း၍ လုံးလုံး အနှစ်ကင်းသော တရားတို့ပါတကား။ ဒပ္ပဏဆာယဝ၊ သွားဟန် လာဟန် ပြုံးရယ်ဟန်နှင့် သန္တာန်တူစွာ မြင်ရပါလဲ စမ်းကာမတွေ့ ခေါ်၍ မထူး ဦးလည်းမညိတ် ခာတ်ရုပ်ပုံ မှန်တင်ရိပ်ကဲ့သို့။ တုဿာ၊ ကိုယ်စိတ် နှစ် ဖြာ ချွမ်းသာသုခ ဘယ်ခါမှ မပြီးစီးနိုင်၍ အချည်းနှီးသော တရားတို့ပါ တကား။ ပက္ခိပထောယထာ၊ ငှက်မျှားပို့သန်း ကောင်းကင်လမ်းသို့ ကိုင် စမ်းစရာ ဘာမျှမရှိ ဟင်းလင်းအတိသာဖြစ်သော ကောင်းကင်ပြင်ကဲ့သို့။ သုညာ၊ ဘာမျှမရှိ ပကတိအသုံးမကျတဲ့ သုညဆိုတဲ့ ဝလုံးသာတည်း။ ဝါ။ သုညာ၊ အသုံးမကျတဲ့တရားတွေမို့ အလကားလို့သာ မှတ်လိုက်ကြပေ ရော့· သြော်-ရုပ်နာမ်နှစ်ပါးဆိုဒါ အနတ္တာ အနတ္တာ အနတ္တာ တရားတို့ပါ တကား။

ဆောင်ပုဒ်။ ။* ခန္ဓာငါးဝ အနတ္တာမှန်ဒါ၊
ပေါ်ယံဖုံးအုပ် အဟုတ်ထင်ကာ၊
မှန်တင်ခုံရိပ် နိမိတ်ထင်ဒါ၊
လုံးလုံးမှ သုံးမကျ အနတ္တာ။
* ခန္ဓာငါးဝ ဒုက္ခမှန်ဒါ၊
ပျားရည်အုပ်ဖုံး အဆိပ်တုံးပမာ၊
တံလျှပ်သဘော လိုက်မောခါခါ၊
ဒုက္ခတုံး မဆုံးနိုင်တော့ဒါ။
* ခန္ဓာငါးဝ အနိစ္စမှန်ဒါ၊
လျှပ်တပြက်အတွင်း ပျက်ခြင်းမျှားစွာ၊
ဖြစ်ပေါ်ပြီးပျက် ရေပွက်ပမာ၊
အနိစ္စ ဒိဋ္ဌမှတ်ကြပါ။

၂၀၁။ စိတ်ဖြင့်ဆေးပါ

ဇလေန ပကတံ ပက််၊ ဇလေနဝ ဝိသုဇ္ဈတိ။
စိတ္တေန ပကတံ ပါပံ၊ စိတ္တေနဝ ဝိသုဇ္ဈတိ။
(ဓမ္မပဒ ပါဠိတော်)

ဇလေန၊ ကမ္ဘာပြုမိုး ရွာဖြိုးသွန်းစေ့ အာပေါရေကြောင့်။ ပက််၊ ညစ်ပတ်ပေကံ့ အကြင်ရှုံညွန်သည်။ ပကတံ၊ ဖြစ်ပေါ်လာ၏။ တံပက််၊ ရေကြောင့် ရင်းခံ ထိုရှုံညွန်ကို။ ဇလေနေဝ၊ ကြောင်းရင်းမှန်ပေ ထိုသည့် ဇရဖြင့်သာလျှင်။ ဝိသုဇ္ဈတိ၊ ညစ်ကြေးမတင် စင်ကြယ်နိုင်ပေ၏။ စိတ္တေန၊ အကြောင်းမူလ သူကစသည် ပဘာဿရံ အခြေခံဟိတ် စိတ်ဆိုတဲ့ တရားကြောင့်။ ပါပံ၊ ယုတ်မာ ညစ်ကျူ မကောင်းမှုအကုသိုလ် ဒုစရိုက်သည်။ ပကတံ၊ အကြောင်းအာဒေါလျှော်စွာ ဖြစ်ပေါ်၍လာပေ၏။ တံပါပံ၊ ထို ယုတ်မာ ညစ်ကျူ မကောင်းမှုအကုသိုလ်တရားကို။ စိတ္တေနေဝ၊အကြောင်းမူလ သူကစသည့် ပဘာဿရံ ထိုစိတ်ဖြင့်သာလျှင်။ ဝိသုဇ္ဈတိ၊ ညစ်ကြေးမတင် သန့်ရှင်း စင်ကြယ်ပေ၏။ ဝါ၊ သူ့ကြောင့်ဘဲမဲ သူ့ကြောင့်ဘဲဖြူ ဇမ္မူတလူ သူမတူ အစုမ်းထက်သည့် စိတ်ကိုဖြင့် ကမ္မဋ္ဌာန်းလက်နက် အရှိန်အဝါပြပြီးလျှင် သြဒ်နှိမ်ပါမှ တော်ရာကျတော့သည်သာတည်း။

ဆောင်ပုဒ်။ ။ရေကြောင့်ဖြစ်ရေး ညစ်ကြေးတင်လျှင်၊
ရေနှင့်ဆေးလို့ ညစ်ကြေးဖြူစင်၊
စိတ်ကြောင့်ဖြစ်ရေး ညစ်ကြေးတင်လျှင်၊
စိတ်ဖြင့်ဆေး ညစ်ကြေးဖြူသန့်စင်။

၂၀၂။ နှစ်သစ်ကူးသည့် သစ်ထူးချိန်မှာ

ဝဿံဝုဋ္ဌာ ဝယောဝုဓော၊ ဇိဏ္ဏာ မရဏာသန္တိကာ။
သခ်ါရာနံ ဘာဝံ ဉတွာ၊ ပါပါ စိတ္တံ နိဝါရယေ။

ဘောမနုံဿာ၊ တစေ့စေ့တွေး တရေးရေးပေါ် ခုနှော်ချိန်ကောင်း နှစ်ဟောင်းပြောင်း၍ နှစ်သစ်လောင်းမည် ခါကောင်းတည်ရာ မင်္ဂလာဟု စဉ်လာပြုညောင်း အိုလူအပေါင်းတို့။ ဝဿံဝုဋ္ဌာ၊ တနေ့တနေ့ တရွေ့ရွေ့ပြောင်း တနှစ်အောင်း၍ နှစ်သစ်လောင်းကာ ခုချိန်မှာလျှင် (တဝါကင်းလွတ် ဟသီတင်းကျတ်ခဲ့လေပြီ) (ဝါ)မင်္ဂလာစေ့မြောက် နှစ်အသစ်

ဖြင့် ရောက်ခဲ့ပါလေပြီ။ ဝယောဝုဗ္ဘာ၊ ဆံဖြူလို့ခါးကိုင်း, နားထိုင်းလို့ သွားကြေ, သားရေယိုယွင်း အိုမင်းခဲ့လေပြီ။ ဝါ ဝယောဝုဗ္ဘာ၊ တနေ့ တနေ့ တရွေ့ရွေ့နှင့် ရှေသို့သာအို နုမပျိုဘဲ ခုလိုချိန်မှာ ငယ်မူရာတို့ ကွယ်ကာပျောက်ဆုံးနောက်တုန်းကနှင့်မတူ ခုတမူအရွယ်က ယွင်းသဖြင့် သြော်ကြီးပြင်း၍ လာခဲ့ကြရလေကုန်ပြီ။ ဇီဏ္ဏာမရဏာသန္တိကာ၊ အိုဒါတွေ ဒလစပ်ဝိုင်းသဖြင့် နာဒါက မပြတ်မဆိုင်းပြီဟု သေမင်း၏ နယ်ပိုင်းသို့ ခုန်စိုင်း ပြေးဝင်၍ လာခဲ့ရလေပြီ။ သခ်ါရာနံ၊ ဖြစ်ပြန် ပျက်ပြန် နိယံမစဲ တသဲသဲလျှင် အမြဲတွင်တွင် သွားနေသော သခ်ါရတရားတို့၏။ ဘာဝံ၊ တဖြစ်ဖြစ်နှင့် တသစ်လဲလဲ မီးစာကုန်ဆီခန်းသည့် နည်းကဲ့သို့ မမြဲမှန်လှ အနိစ္စ, ဆင်းရဲမှန်လှ ဒုက္ခ, အနှစ်မဲ့စ အစိုးမရတဲ့အနတ္တဆိုတဲ့ သဘောကို။ သုဘာဝေတ္ဘာ၊ နေ့စဉ် နေ့စဉ် မြဲဆင်ခြင်လျက် တွင်တွင်ကြီးစား ပွားများ အားထုတ်ပြီး၍။ ပါပါစိတ္တံ၊ ယုတ်မာညစ်ညမ်း လွန်ဟောရမ်းသည့် သောသမ်းလော်လည် မတည်မကြည်တဲ့ စိတ်ကို။ နိဝါရယေ၊တားမြစ်လိုက်ကြစမ်းပါလော။ ဝါ၊ နိဝါရယေ၊ အများမချစ်ပေမဲ့ (မယားမချစ်ပေမဲ့) ဘုရားချစ်ဘို့ဟာ တကယ်အရေးကြီးသမို့ ဩော်-တနည်း-သစ်ကာ ကြိုးစား အားထုတ်လိုက်ကြပါကုန်။

ဆောင်ပုဒ်။ ။တနှစ်ဟောင်းလို့ သစ်လောင်းလေပြီ။
အဟောင်းအသစ် ပြောင်းလစ်မတည်၊
သစ်ဟောင်းသဘော နစ်နောကြံစည်၊
နှစ်သစ်ကူး သစ်ထူးချိန်ခါမို့။
(ဝါကျတ်ပဲ့၊ သကြန်ပဲ့တို့၌ ဖော်ပြသည်)

၂၀၃။ ယုဝါ စရေ ပြဟ္မစရိယံ၊ ပြဟ္မစာရီ ယုဝါ သိယာ။
ယုဝဿ ပြဟ္မစရိယံ၊ တေ ဗုဒ္ဓဟိ ဝဏ္ဏိတံ။
(ရဋ္ဌပါလသုတ်)

ပြဟ္မစရိယံ၊ တဆင့်တဆင့် မြင့်ထက်မြင့်၍ အားနှင့်မာန်နှင့် မာန်ဟုန်ဖွင့်ကာ အသင့်ကြိုးကုတ် စွမ်းအားထုတ်မှ အလုပ်တွင်ကာ ရသင့်ရာသည့် သာသနာတင့်အပ် ပြဟ္မစရိယဓမ္မာသော အကျင့်မြတ်ကို။ ယုဝါ၊ ပျို မြစ်နုနယ် အင်အားကြွယ်သည့် ငယ်ရွယ်စဉ်အခါက။ စရေ၊ အားမာန်လုလွန် ဝါယာမဖြင့် မရမနေ ကျင့်ကြံလေရာ၏။ ပြဟ္မစာရီ၊ တဆင့်တဆင့်

မြင့်ထက်မြင့်၍ အားနှင့်မာန်နှင့် မာန်ဟုန်ဖွင့်ကာ အသင့်ကြိုးကုတ် စွမ်းအားထုတ်မှ အလုပ်တွင်ကာ ရသင့်ရာသည့် သာသနာတင့်အပ် အကျင့်မြတ်ကို မလတ်ပုံသေ အားထုတ်နေသော သူသည်။ ယုဝါ-သိယာ၊ ပျိုမြစ်နုနယ် အားအင် ကြွယ်သည့် ငယ်ရွယ်သူသာလျှင် အမှန်ဖြစ်သင့်ရာ၏။ ယုဝဿ၊ ပျိုမြစ်နုနယ် အားအင်ကြွယ်သည့် ငယ်ရွယ်သူ၏။ တေံဗြဟ္မစရိယ်၊ ဤသို့မြတ်သောအကျင့်ကို ကျင့်ခြင်းကို။ ဗုဒ္ဓဟိ၊ သိသင့်သိရာအဖြာဖြာကို သေချာထင်ထင် သိမြင်တော် မူကုန်သော ဘုရားရှင်တို့သည်။ ဝဏ္ဏိတံ၊ သာဓုနုမော် ခေါ်သံတော်ဖြင့် အဟော်ဝတ ဩဩ ချီးမွမ်းတော်မူပါပေသတည်း။

ဆောင်ပုဒ်။ ။အဆင့် အဆင့် မြင့်တဲ့ သာသနာ၊
ငယ်ရွယ်သန့်တုန်း ကျင့်သုံးလိုက်ပါ၊
မာန်ဟုန်ရွယ်ကွဲ့ ငယ်တဲ့ချိန်မှာ၊
ကျင့်သူမှ ဗုဒ္ဓချီးမွမ်းဒါ။

၂၀၄။ ဖြစ်သင်္ခါရ မဖြစ်နိဗ္ဗာန်

ဥပ္ပါဒေါ သင်္ခါရာ, အနုပ္ပဒေါ နိဗ္ဗာနန္တိ အာဘိညျော်၊
ပဝတ္တံ သင်္ခါရာ, အပ္ပဝတ္တံ နိဗ္ဗာနန္တိ အာဘိညျော်၊
ဇာတိ သင်္ခါရာ, အဇာတိ နိဗ္ဗာနန္တိ အာဘိညျော်၊
ဇရာ သင်္ခါရာ, အဇရာ နိဗ္ဗာနန္တိ အာဘိညျော်၊
မရဏံ သင်္ခါရာ, အမတံ နိဗ္ဗာနန္တိ အာဘိညျော်၊

(ပဋိသမ္ဘိဒါ မဂ္ဂ ပါဠိတော်)

ဥပ္ပါဒေါ၊ ဖြစ်ပေါ်မှုလက္ခဏာ ရှိသော စိတ် စေတသိက် ရုပ်ပရမတ် တရားသည်။ သင်္ခါရာ၊ သင်္ခါရတရားမည်၏။ အနုပ္ပါဒေါ၊ ဖြစ်ပေါ်မှုလက္ခဏာ မရှိသော အသင်္ခတ ပရမတ်တရားသည်။ နိဗ္ဗာနံ၊ နိဗ္ဗာန်မည်၏။ ဝါ၊ မီးဆဲ့တပါးတို့၏ ငြိမ်းအေးကွယ်ပျောက်ကြောင်းဖြစ်သော မင်္ဂုလ်ဉာဏ်တို့၏ ကိုင်တွယ်ရာ အာရုံဖြစ်သော နိဗ္ဗာန် ပရမတ်တရားမည်၏။ ဣတိ၊ ဤသို့။ အာဘိ၊ ထူးသော ဝိပဿနာဉာဏ် ဂေါတြဘူဉာဏ် မဂ်ဉာဏ်ဖိုလ်ဉာဏ် ပစ္စဝေက္ခဏာဉာဏ်တို့ဖြင့်။ ဥယျော်၊ သိအပ် သိသင့် သိထိုက်ပါပေသတည်း။

ပဝတ္တံ၊ ဘုံ ၃-ပါး၌ ဖြစ်ပေါ်မှုလက္ခဏာရှိသော ပရမတ်တရားသည်။ သင်္ခါရာ၊ သင်္ခါရတရားမည်၏။ အပ္ပဝတ္တံ၊ ဖြစ်ပေါ်မှု လက္ခဏာမရှိသော ပရမတ္ထ တရားသည်။ နိဗ္ဗာနံ၊ နိဗ္ဗာန်မည်၏။ ဣတိ၊ ဤသို့။ အာဘိ၊ ထူးသော၊ ပ၊ တို့ဖြင့်။ ဥဒယံ၌ သိအပ် သိသင့် သိထိုက်လှပါပေသတည်း။

* ဇာတိ၊ ဖြစ်ပေါ်မှုတရားသည်။ သင်္ခါရာ၊ သင်္ခါရတရားမည်၏။ အဇာတိ၊ မဖြစ်ပေါ်သော တရားသည်။ နိဗ္ဗာနံ၊ နိဗ္ဗာန် ပရမတ်မည်၏။

* ဇရာ၊ ဆွေးမြေ့ ရင့်ရော်တတ်သော တရားသည်။ သင်္ခါရာ၊ သင်္ခါရ တရား သင်္ခတ တရားမည်၏။ အဇရာ၊ ဆွေးမြေ့ ရင့်ရော်မှု မရှိသော တရားသည်။ နိဗ္ဗာနံ၊ နိဗ္ဗာန် ပရမတ်မည်၏။

* မရဏံ၊သေတတ် ပျက်တတ်သော တရားသည်။ သင်္ခါရာ၊သင်္ခါရတရားသင်္ခတတရား မည်၏။ အမတံ၊ မပျက်စီးသော တရားမသေသော တရားသည်။နိဗ္ဗာနံ၊ နိဗ္ဗာန်မည်၏။ဝါ၊မီးတဆဲ့တပါး၏ ငြိမ်းအေး ကုယ်ပျောက်ကြောင်း ဖြစ်သော နိဗ္ဗာန်မည်၏။ ဣတိ၊ ဤသို့။ အာဘိ၊ ထူးသော ဝိပဿနာဉာဏ် ဂေါတြဘူဉာဏ် မဂ်ဉာဏ် ဖိုလ်ဉာဏ်တို့ဖြင့်။ ဥဒယံ့၊ သိအပ် သိသင့် သိထိုက်ပါပေသတည်း။

၂၀၅။ ဟောသူ နာသူ တရားတောင်းသူ သာဓုခေါ်သူ

နဝကပ္ပ သုတမမ္မ၊ အဒ္ဓကပ္ပဉ္စ ယာစတော။
ကောကပ္ပေါ နုမောဒနာ၊ ဒေသိတော စ အသင်္ခ်ယျော။

သုတမမ်ံ၊ မြတ်စွာဘုရားဟောသည့် တရားကို မှတ်သားနာယူ အလေးမူလျက် ကြည်ဖြူသဒ္ဓါ ရှိသေစွာ နာကြားသူ၏။ နဝကပ်ံ၊ ကိုးကမ္ဘာတိုင်တိုင် အပါယ်လေးပါး မသွားမရောက် နတ်ဘုံတွေ့ အဆင့်ဆင့် ပေါက်ပြီးလျှင် အံ့လောက်သည့် ချမ်းသာကို ဝမ်းသာစွာ ခံစားလျက် ဘုရားမြတ်စွာ စိန္တေယျာတို့ မှန်စွာခိုဝင် ပြည့်ခွင် အမတ နိဗ္ဗာနသို့ အနှိမ်ကာလ နောက်ပိတ်ဆုံး ဘဝတွင် မုချမသွေ ဝင်ရောက်ရလေသတည်း။

ယာစိတော၊ တရားဒေသနာ ဟောမြွက်ပါဟု ရိုသေစွာ လျှောက်ထားသော်သူသည်။ အဋ္ဌကပ္ပံ၊ ရှစ်ကမ္ဘာတိုင်တိုင် အပါယ်လေးပါးမသွားမရောက်၊ ပ၊ မုချမသွေ ဝင်စံရလေသတည်း။

အနုံမောဒနော၊ရှင်တော်မြတ်ဘုရား ဟောသည့် တရားသည် ကောင်းလေစွ–ကောင်းလေစွဟု သာဓုနုမော် ခေါ်သော်သူသည်။ကောကပွေါ၊ တကမ္ဘာပတ်လုံး အပါယ်လေးပါး မသွားမရောက်၊ ပ၊ မုချမသွေ ဝင်စံရလေသတည်း။

ဒေသိတော၊ ဂုဏ်ပကာသန လာဘ်လာဘကို မငဲ့မကွက်ဘဲ သက်သက်သော မေတ္တာ စေတနာဖြင့် ဝေနေယျာများ တရားဓမ္မ ရပါစေဟု အာရုံပြုကာ ဟောကြားပါသော ပုဂ္ဂိုလ်သည်။ အသခ္ခေယျော၊ အကျိုးတရား ကျိမျများသည်ဟု ကမ္ဘာအားဖြင့်လဲ ပိုင်းခြားရှုမရ ဘဂဝါဘုရားကလဲ ပိုင်းခြားရှုမပြ သြော် အနန္တ အသခ္ခေ့ အကျိုးတွေ့ မရေနိုင်အောင် မြားမြောင်လှပါပေတော့သတည်း။

၂၀၆။ သမင်နှင့်မြက် လူမိုက်နှင့်ကာမ

မဏိ မိဂေါ ပဿန္တောပိ၊ တိဏံ ခါဒံဝ ဂစ္ဆတိ။
လဒ္ဓကာလော ဒုပ္ပညော ဟိ၊ ကာမံ ဘုဉ္ဇံဝ ဂစ္ဆတိ။

မိဂေါ၊ တောမှာမွေးဖွား တောစာစားလျက် တောသားမည်တွင် တောသမင်သည်၊ ဝါး မေထုန်အိပ်စား ပျော်ပါးဘို့ရန် ဤ ၃ တန်မျှ သူ့ဘဝတွင် အမြင်ရှိငြား တောသားခေါ်တွင် သားသမင်သည်။ မဏိ၊ တဆန်ကျိုးမျှ အာဘိုးပြည်တန် အလွန်မြင့်မောက် ပတ္တမြားကျောက်ကို။ ပဿန္တောပိ၊ မျက်စိရှေ့မှောက် တည့်တည့်အောက်တွင် ထင်းထင်းကြီးမြင်နေပါသော်လည်း။ တိဏံ၊တိရစ္ဆာန်သဘာဝ စားနေကျ ဖြစ်သည့် မြက်ကိုသာလျှင်။ ခါဒံ-ခါဒန္တော၊ မြိန်မြိန်ယှက်ယှက် စားသောက်လျက်။ ဂစ္ဆတိ၊ သားတို့ပျော်ရာ တောဝနာသို့ လျင်စွာမသွေ ပြန်သွားလေသကဲ့သို့။ ဧဝံတထာ၊ သမင်အလား မခြားနမူ အလားတူသာလျှင်။ ဟိ-တံပါကဋံကရောမိ၊ လင်နှင့်မယား သမီးသားတို့ စီးပွားအာရုံ ကာမဂုဏ်သော ဓမ္မာဂုံနှောင့် ထင်ရှားအောင် ဟောရသည်ရှိသော်။ ဒုပ္ပညောအသုတဝါပုထုဇ္ဇနော၊ ဝိပဿနာမဂ်ဖိုလ် ရလိုသောစိတ် တဆိတ်ကမျှ မရှိလှ

ဘဲ အရိယသစ္စာ မြတ်ဓမ္မာကို မနာမကြား မမှတ်သားဘူးသော ဗာလ မည်တွင် ပုထုဇဉ်သည်။ ဤမသို့ သာသနာ့နေ၊ အဇဋ္ဌာဝေဟင် ထက်ကောင်း ကင်၌ နှင်းမြူတိမ်ကင်း လွန်ပဝင်းသည့် နေမင်းပမာ သာသနာငါးထောင် ဘုန်းရောင်ထွန်းပ ဒုလ္လဘဟု ကြုံရသည့်ကာလ ဤသမယ၌။ လဒ္ဓကာလောပိ၊ မင်္ဂိုလ်နီဗွဲဝန် ရရန်အကြောင်း ခွင့်ကောင်းကြုံရ ခေတ်ကာလကို ကျနသိုက်မြိုက် တည့်တည့်မတ်မတ်ကြီးဆိုက်နေပါလျက်။ကာမံ၊ တိရစ္ဆာန် ကဲ့သို့နား အစထားလျက် ပိုးမွှားမကျန် ထိုက်တန်ရာရာ လွယ်ကာခဏ ရနိုင် ကြသည့် ငါးဝအာရုံ ကာမဂုဏ်ယုတ် အစုတ်အနုတ်ကိုသာလျှင်။ ဘုဥ္ဇံ= ဘုဥ္ဇန္တော၊ နေ့စဉ် ရက်ဆက် ရမက်မပြေ ဝက်တတွေ့သို့ တပေပေ တကျွကျွ အပြန်ပြန်အလှန်လှန် သုံးဆောင်ခံစားလျက်သာလျှင်။ ဂစ္ဆတိ၊ ကာမဂုဏ် အာရုံ၌စွဲပြီးလျှင် ဘုရားနှင့်လဲ တရားနှင့်လဲ သံဃာနှင့်လဲတာကြောင့် အကဲမလှ၊ သေခါနီးကျလေတော့ ကိုးစားစရာ့ဘယ်မမြင် တကယ်ပင် အနေမတတ်ခဲ့တာကြောင့် အကြပ်ကြီး ကြပ်လှိုမို့ မျက်ရည် ကလေး တစို့စို့နှင့် ဘဝင်ဆို့စရာ ဘဝအခင်းပေမို့ ဩဩ-ငိုရင်းသာ သေပဲ့ဝင်ရရှာလေတော့သတည်း။

၂၀၇။ အမဲရိုးခွံခွေးတော်ကြိုက်

ဣမံ ဟိ သုဘတော ကာယံ၊ ဂယောတ္ဝာ တတ္ထ မုစ္ဆိတာ။
ဗာလာ ကရောန္တာ ပါပါနိ၊ ဒုက္ခာ နု ပရိမုစ္စရေ။
(ဝိသုဒ္ဓိမဂ္ဂဋ္ဌကထာ)

ဣမံ ဟိ ကာယံ၊ အသုဘသဘော ရှံဘွယ်ပေါသည့် သူရောကိုပါ ဤခန္ဓာကိုယ်ကိုပင်။ သုဘတော၊ စဲ့မက်စာဘွယ် တင့်တယ်လှပပေ၏ဟူ၍။ ဂယောတ္ဝာ၊ အရှိသဘော စိတ်မစောဘဲ မနောတွေးကြံ လှုပဟန်နှင့် မူဟန်တင့်တယ် တပ်မက်ဖွယ်ဟု စဲ့ယူပြုကြကုန်လျက်။ တတ္ထ၊ ထိုအယုတ်တမာ များစွာပြည့်လျှောင် အပုပ်ကောင်၌။ မုစ္ဆိတာ၊ စရိုက်ဓလေ့ အမိုက်ငွေ့ဖြင့် မေ့မေ့မှုးမှုး အလွန်ရူးကြကုန်သည်ဖြစ်၍။ ပါပါနိ၊ ကာမေသုမိစ္ဆာ ယုတ်မာညစ်ညမ်း ဟော့ရမ်းသမှု အကုသိုလ်အစုစုတို့ကို။ ကရောန္တာ၊ ခွေး,ငှက်ဒုက္ခိုး အသီးသီးတို့ ပုပ်ပြီးပွရောင် အလောင်းကောင်၌ နှစ်ခြိုက်ရှင်မြူး အပျော်ကြူးကြကုန်သကဲ့သို့။ ဗာလာ၊ ရာဂစရိုက် ဗာလမိုက်မှား ပုထုဇဉ်များသည်။ ဒုက္ခာ၊ အပါယ်လေးဖြာ အိုနာသေရေး

ဆင်းရဲသောဘေးမှ။ နပရိမုစ္စရော၊ စရိုက်ဓလေ့ အမိုက်ငွေ့ဖြင့် တကွေ့ပတ်ပတ် အထပ်ထပ်လျှင် မလွတ်မကြောက် ထပ်၍သာရောက်နေကြလေကုန်သတည်း။

ဆောင်ပုဒ်

တောမြိုင်ကျက်စား၊ သမင်များ၊ ပတ္တမြားတွေ့လဲရှောင်သွားသည်။
မြက်ကိုသာစား၊ ပတ္တမြား၊ တန်ဘိုးအားဖြင့်နားမလည်။
ဥပမာအား၊ လူမိုက်များ၊ တရားနှင့်တွေ့ရှောင်သွားသည်။
ကာမကိုသာ၊ စားသုံးကာ၊ သံသရာ၌တလည်လည်။

ဆောင်ပုဒ်

ဤကိုယ်ကာယ အသုဘသာ၊
မွန်စွာဖြစ်လဲ မြင်ခဲလှစွာ၊
အမဲရိုး၌ ခွေးကြိုက်ပမာ၊
အပုပ်စား လူသားဗာလသာ။

၂၀၈။ လူမိုက်သံသရာရှည်လှစွာ

ဒီဃံ ဇာဂရတော ရတ္တိ၊ ဒီဃာ သန္တသ္သ ယောဇနံ။
ဒီဃော ဗာလာန သံသာရော၊ သဒ္ဓမ္မံ အဝိဇာနတံ။
(ဓမ္မပဒ)

ဇာဂရတော၊ ဝိတက်ထွေလျက် အိပ်စက်မပျော်သောသူအား၊ ရတ္တိ၊ ညဉ့်သည်။ ဒီဃာ၊ အိပ်မပျော်ရင်း ဘယ်တော့လင်းမလဲဟု တွေးရင်း တွေးရင်းနှင့်သာ အချိန်တွေအလွန်ပင် ကြာလှပါပေ၏။ သန္တသ္သ၊ ခရီးပမ်း၍ မလှမ်းချင်သောသူအား။ ယောဇနံ၊ လေးဂါဝုတ်တာ တယူဇနာဆိုတဲ့ခရီးသည်။ဒီဃာ၊ ပင်ပန်းသမျှ ရှည်လွန်းလှပါပေ၏။ သဒ္ဓမ္မ၊ အရိယာအပေါင်း သူကောင်းတို့ ကျိုးကြောင်းညွှန်ပြ မြတ်ဓမ္မကို။ အဝိဇာနတံ-အဝိဇာနန္တာနံ၊ မသိကြကုန်သော။ ဗာလာနံ၊ မိုက်တိမိုက်မှား ပုထုဇဉ်လူ့ဗာလတို့အား။ အဝိဇာနတံ-အဝိဇာနန္တာနံ၊ ရုပ်နာမ်ဓမ္မ သဘာဝကို အစ အနကလေးမျှ မသိကြခြင်းကြောင့်။ သံသာရော၊ ရုပ်နာမ်နှစ်ရပ်ကြောင်းကျိုး စပ်လျက် လှည့်ပတ် တည်ဟန် သံသရာဆိုတဲ့ ခန္ဓာအစဉ်သည်။ ဒီဃော၊ရှည်လျားလှပါပေ၏။ ဝါ၊ ဒီဃော၊ သံသရာစက်အဝိုင်းကိုဖြင့် အမတံဓမ္မာ မဖျက်မပိုင်းနိုင်လို့ ဒုန်းစိုင်းကာ တဖားဖားနှင့် သြော်-တသွားတည်း သွား၍သာ နေကြရလေကုန်သတည်း။

ဆောင်ပုဒ်

* အိပ်မပျော်သူမှာ၊ တညတာ၊ လွန်စွာ ရှည်လှသည်။
* ပင်ပန်းသူမှာ၊ တယူဇနာ၊ လွန်စွာရှည်လှသည်။
* လူမိုက်မျှားမှာ၊ သံသရာ၊ လွန်စွာရှည်လှသည်။

၂၀၉။ သစ္စာမမြင်၍ ကျင်လည်ရသည်

စတုန္နံ ဘိက္ခဝေ အရိယသစ္စာနံ အနနုဗောဓာ
အပ္ပဋိဝေဓာ ယထာဘူတံ အဒဿနာ ဧဝမိဒံ ဒီဃမဒ္ဓါနံ
သန္ဓာဝိတံ သံသရိတံ မမဉ္စေဝ တုမှာကဉ္စ။

(သုတ်မဟာဝါဂါဠိတော်)

ဘိက္ခဝေ၊ သံသရာညွတ်ဗေ့ ကရွတ်ခွေမှ လွတ်စေဘို့ရေး ဉာဏ်ယူ တွေးလျက် ခုရေးနောက်ပါမြွေထောက်ကာဖြင့် တရားပေစာ ဒေသနာကို သေချာမှတ်သား အို ရဟန်းမျှားတို့။ စတုန္နံ၊ သခ်္ခါပိုင်းခြား ပရိဏ်းသားက လေးပါးသာလျှင် အမှန်ပင်ရှိကုန်သော။ အရိယသစ္စာနံ၊ ပုထုဇဉ် ဗာလ ဘာမှမဆိုင် မလွှိုင်ဉက္ကဋ္ဌ အရိယာမြတ်တို့သာ သိအပ်ကုန်သော ဒုက္ခသမုဒယ နိရောဓဟု လေးဝမည်သာ မြတ်သစ္စာတို့ကို။ အနနုဗောဓာ၊ ဝိပဿနာ ဉာဏ်ပညာဖြင့် လျှော်စွာမသိခြင်းကြောင့်။ အပ္ပဋိဝေဓာ၊ လောကုတ္တရာ မဂ်ပညာဖြင့် သေချာစွာထိုးထွင်း၍ ရှင်းရှင်းကြီး မသိခဲ့ခြင်းကြောင့်။ ယထာဘူတံ အဒဿနာ၊ ဖိုလ်ဉာဏ် ပစ္စဝေက္ခဏာဉာဏ်တို့ဖြင့် ကေန်ပိုင်ပိုင် မသိနိုင်ခဲ့ခြင်းကြောင့်။ ဧဝံ၊ ဤသို့။ ဣဒံဒီဃမဒ္ဓါနံ၊ ရှည်လျားလှစွာ သံသရာကာလပတ်လုံး။ မမဉ္စေဝ၊ ငါဘုရားရှင်သည်ငင်း။ တုမှာကဉ္စ၊ သင်ခွဖ်သားတို့သည်ငင်း။ သန္ဓာဝိတံ၊ ကျင်လည်ကျက်စား တဖားဖားဖြင့် ပြေးသွားခဲ့ရလေပြီ။ သံသရိတံ၊ ရုပ်နာမ်နှစ်ရပ် ခေါင်းဆောင်လျက် အလောင်းကောင် သေစရာမပြတ်နိုင်သဖြင့် ဘုံသုံးထပ် သံသရာမှာ မြေကမ္ဘာ ခြေရာတွေ့ ထပ်လောက်အောင် လှည့်ပတ်၍သာ လာရပါပေတော့သတည်း။

၂၁၀။ ခေးသိ ဝက်သိ မဟုတ်ပါ

တတ္ထ ကာမံ သောဏသိင်္ဂါလာဒယောပိ ဂစ္ဆန္တာ ဂစ္ဆာမာတိ ဇာနန္တိ၊ နာ ပနေတံ ဧဝရူပံ ဇာနနံ သန္ဓာယ ဝုတ္တံ။ ဧဝရူပဉ်ိ ဇာနနံ သတ္တာပုလဒ္ဓံ နာ ပဇဟတိ၊ သတ္တာသည်ံ နာ ဥဿာဒ္ဒေတိ၊ ကမ္မဋ္ဌာနံ ဝါ သတိပဋ္ဌာန ဘာဝနာ ဝါန ဟောတိ။

ဣမဿာ ပန ဘိက္ခုနော ဇာနနံ သတ္တာပုလဒ္ဓိံ ပဇဟတိ၊ သတ္တာသည်ံ ဥဿာဒ္ဒေတိ၊ ကမ္မဋ္ဌာနဥ္စော သတိပဋ္ဌာနဘာဝနာ စ ဟောတိ။

(သုတ်မဟာဝါ အဋ္ဌကထာ)

တတ္ထ၊ ထိုဣရိယာပထပဗ္ဗဒ်။ သောဏသိင်္ဂါလာဒယောပိ၊ ခွေး မြေခွေး အစရှိကုန်သော တိရစ္ဆာန်တို့သည်လည်း။ ဂစ္ဆန္တာ၊ သွားကုန်သည်ရှိသော်။ ဂစ္ဆာမာတိ၊ သွားကုန်၏ဟူ၍။ ကာမံဇာနန္တိ၊ အကယ်၍သိကြကုန်၏။ ပန တထာပိ၊ ထိုသို့ပင် သိကြပါကုန်သော်လည်း။ ဧဝရူပံ၊ ဤသို့သဘောရှိသော။ ဇာနနံ၊ ခွေးသိဝက်သိကို။ သန္ဓာယ၊ ရည်ရွယ်၍။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ နဝုံတ္တံ၊ ဟောတော်မမူအပ်။ ဟိသဒ္ဒံ၊ မှန်၏။ ဧဝရူပံ၊ ဤသို့သဘောရှိသော။ ဇာနနံ၊ ခွေးသိဝက်သိသည်။ သတ္တာပုလဒ္ဓိံ၊ သတ္တဝါဟူသောအယူကို။ နပဇဟတိ၊ မစွန့်နိုင်။ သတ္တာသည်ံ၊ သတ္တဝါဟူသော အမှတ်သညာကို။ နဥဿာဒ္ဒေတိ၊ မခွာနိုင်။ ကမ္မဋ္ဌာနံ ဝါ၊ ကမ္မဋ္ဌာန်းသည်ရင်း။ သတိပဋ္ဌာနဘာဝနာဝါ၊ သတိပဋ္ဌာန်ဘာဝနာဃသည်ရင်း။ နဟောတိ၊ မဖြစ်။ ပန၊ ကမ္မဋ္ဌာန်း, သတိပဋ္ဌာန်ဘာဝနာ မဖြစ်သည်မှတပါး ဖြစ်သည်ကိုဆိုဦးအံ့။ ဣမဿဘိက္ခုနော၊ ဤယောဂီရဟန်း၏။ ဇာနနံ၊ သိခြင်းသည်။ သတ္တာပုလဒ္ဓိံ၊ သတ္တဝါဟူသောအယူကို။ ပဇဟတိ၊ စွန့်နိုင်၏။ သတ္တာသည်ံ၊ သတ္တဝါဟူသော အမှတ်သညာကို။ ဥဿာဒ္ဒေတိ၊ ခွဲ၏။ ကမ္မဋ္ဌာနဥ္စော၊ ကမ္မဋ္ဌာန်းသည်လည်းကောင်း။ သတိပဋ္ဌာန ဘာဝနာစ၊ သတိပဋ္ဌာန်ဘာဝနာသည်ရင်း။ ဟောတိ၊ ဖြစ်၏။

၂၁၁။ ဘယ်ပုဂ္ဂိုလ်မဆို သတိပဋ္ဌာန်ပွားမှ နိဗ္ဗာန်ရ

ယသ္မာ ပန ကာယဝေဒနာစိတ္တမေ့သု ကိဉ္စိ ဓမ္မံ
အနာမသိတ္ဝာ ဘာဝနာ နာမ နတ္ထိ၊ တသ္မာ တေပိ
ဣမိနာဝ မဂ္ဂေန သောကပရိဒေဝေ သမတိက္ကန္တာတိ ဝေဒိတဗ္ဗံ။
(သုတ်မဟာဝါ အဋ္ဌကထာ)

(သန္တတိမဟာမတ္တာဒယော၊ သန္တတိအမတ်,ပဒ္မာစာရီစသော ဥဉ္ဆာဒ်ီ တည္ဟူ ပုဂ္ဂိုလ်ထူးတို့သည်။ ဧကဂါထာပရိယောသာနေ၊ တဂါထာ ဟော သည့်အဆုံးဌ်။ သောကပရိဒေဝေ၊ သောကပရိဒေဝတို့ကို။ ကိဉ္စာပိ သမတိက္ကန္တာ၊ အာကယ်ရှိကား လွန်မြောက်ပါပေကုန်၏။ ဝါ။ အရိယာဘဝဌ်တည်ကြပါကုန်၏)။(ဤအထိထည့်ပါဌ်အနက်)။ ပန တထာပိ၊ ထို သို့ တဂါထာအဆုံးဌ် အရိယာ ဖြစ်ကြပါကုန်သော်လည်း။ ယသ္မာ၊ အကြင်ကြောင့်။ ကာယဝေဒနာစိတ္တာဓမ္မေသု၊ ကာယဝေဒနာ စိတ္တ ဓမ္မ ဟူသော သတိပဋ္ဌာန် အာရုံ ၄-ပါးတို့တွင်။ ကိဉ္စိဓမ္မံ၊ တစုံတခုသော တရားကို။ အနာမသိတ္ဝာ၊ မသုံးသပ်မူ၍။ ဘာဝနာနာမ၊ ဘာဝနာမည် သည်။ နတ္ထိ၊ မရှိပါ။ တသ္မာ၊ ထို့ကြောင့်။ တေပိ၊ ထိုဥဉ္ဆာဒ်ီတည္ဟူခေါ် သော ပုဂ္ဂိုလ်တို့သည်လည်း။ ဣမိနာဝ မဂ္ဂေန၊ ဤသတိပဋ္ဌာန် တည်းဟူ သော လမ်းဖြင့်သာလျှင်။ သောကပရိဒေဝေ၊ သောကပရိဒေဝ တို့ကို။ သမတိက္ကန္တာ၊ လွန်မြောက်ကုန်၏။ ဝါ၊ အရိယာ အဖြစ်ဌ်တည်ကုန်၏။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗံ၊ သိအပ်၏။

၂၁၂။ လေးလန်လှစွာ ဝန်ခန္ဓာ

ဘာရော ဟဝေ ပဉ္စက္ခန္ဓာ၊ ဘာရာဟာရောဝပုဂ္ဂလော။
ဘာရာဒါနံ ဒုက္ခံ လောကေ၊ ဘာရနိက္ခေပနံ သုခံ။
(ခန္ဓဝဂ္ဂသံယုတ် ပါဠိတော်)

ဘိက္ခဝေ၊ သံသရာညွှန် ခန္ဓာဝန်ကို အားသွန်ကြိုးပမ်း ထမ်း၍ခါခါ မလွတ်သာဘဲ သံသာထဲတွင် တဝဲလည်လည် ဇာတိဇာည်လျက် သေသည် မရဏ အပါယ်နှင့် ဒုက္ခဖုံဖုံ အစုံစုံကို အကုန်စုံခံ နှုမကျန်ဘဲ ဝန်လေး လှပြား အိုချစ်သားတို့။ ပဉ္စက္ခန္ဓာ၊ ရုပ်ဝေဒနာ သညာသင်္ခါရဝိညာ ဏဟု ငါးစုသောခန္ဓာတို့သည်။ ဟဝေ= ကေန္တေန၊ အပြောမဟုတ် မုချ အမှန် ကေန်စင်စစ်အားဖြင့်။ ဘာရာ၊ မြင့်မိုရ်တောင်ကြီး ထမ်းရနည်း သို့ အလေးကြီးလေးလှပါ၏။ ပုဂ္ဂလော၊ ခန္ဓာဝန်ကို အားသွန်ကြိုးပမ်း ထမ်း၍နေပြား ပုဂ္ဂိုလ်အစားစားသည်။ ဘာရာဟာရော၀၊ သူတပါး၏ဝန် ကို အားသွန်ကာထမ်းနေရသည့် ကူလီကောင်မ ကူလီကောင်အထီးတွေ့ မည်လှပါပေ၏။ဘာရာဒါနံ၊ခန္ဓာဝန်ကို တရုံမစဲ အမြဲထမ်းနေရခြင်းသည်။ ဒုက္ခံ၊ဒုက္ခမှန်သမျှ အနန္တကို ခဏမသွေ ရှိ၍ရှိ၍ သာနေသဖြင့် ကောန်ညှဉ်းဆဲ ပြင်းကဲလှသော ဆင်းရဲမည်ပါပေ၏။ လောကေ၊တဘူမက ဘုံလော

ကဋ္ဌ။ဘာရနိကျွေပန်၊ နင်္ဂလားဟဲ့ဝန်ခန္ဓာ လေးလံစ္စာ ငါမထမ်းတော့ပြီဟု ကမ္မဋ္ဌာန်း အလုပ်နှင့် အစ္စမ်းထုတ်ကာ အထုပ်ကိုပစ်ချလိုက်ရခြင်းသည်။ သုခံ၊ဒုက္ခဟူသမျှ လွတ်ငြိမ်း၍ ဝဋ်ဇာတ်တွေ့ ဤတွင်သိမ်းပြီမို့ ဩော်— အငြိမ်ကြီးငြိမ်းချမ်း လှပါပေတော့သတည်း။

ဆောင်ပုဒ်။ ။ခန္ဓာဝန်ဘေး လေးလှလေသည်၊
ခန္ဓာရှိသမျှ ဒုက္ခပေလို၊
ခန္ဓာဝန်ကြမ်း မထမ်းတော့ပြီ၊
ဘေးမသန်း ချမ်းရလေသည်။

၂၁၃။ လူကထိန်သင်္ကန်းမြတ်

သပ္ပဝဇ္ဇံ အပနေတွာ၊ အနဝဇ္ဇံ ဝိနောဒတိ။
ဟန္တိ ဝဇ္ဇံ စ သပ္ပဿ၊ တသ္မာ ကထိနမုတ္တမံ။

ကထိန်၊ တန္ခစ်မှတခါကြုံ ရတနာပုံဆိုက်သည့်အလား ကဲ့သို့ မခြား ပမာ တင်စားစရာ ပမာကပ်အပ်သည့် ဥတ်ကထိန်အလှူသည်။ သပ္ပဝဇ္ဇံ၊ လောကသံသရာ နှစ်ဖြာညစ်ပေ အပြစ်တွေကို။ အပနေတွာ၊ မကျမရောက် မဖြစ်မြောက်အောင် ပယ်ဖျောက်၍။ အနဝဇ္ဇံ၊ အပြစ်မဲ့ကင်း သန့်ရှင်း စင်ကြယ်အောင်၊ ဝိနောဒတိ၊ ဆီးနှင်းမြူတိမ် သူရိန်မီးခိုး ညစ်မျိုး ငါး အင် လေပြင်းနှင်သကဲ့သို့ ကင်းစင်ပပျောက်စေပေ၏။ သပ္ပဿ၊ အာနိသံသ ကျိုးငါးဝကို မုချမသွေ ရကြပေလတ် ရဟန်းမြတ်၏။ ဝဇ္ဇံ၊ ဝိနည်း ဇဒသနာ ဥပဒေလာသော မြက်စ္စာ ဗုဒ္ဓ ထုတ်ဟပညတ် သင့်အာပတ်ကို။ ဟန္တိ၊ တခါတည်း ဖျက်ဆီးလျက် အပြစ်မီး ကင်းပြတ်အောင် ရှင်း သတ် နိုင်ကုန်၏။ တသ္မာ၊ ထို့ကြောင့်။ ကထိနံ၊ တန္ခစ်မှတခါကြုံ ရတနာပုံအရှိန် လျှမ်းသည့် ကထိန်သင်္ကန်း အလှူတော်ကြီးကို။ ဥတ္တမံ၊ ဘယ်အလှူနှင့်မျှမတူ တမူထူးကဲ အလှူဘဲဟု၍။ ဝဒန္တိ၊ ပညာမြော်မြင် သူတော်စင်အပေါင်းတို့ သည် ကောင်းပေစ့ ကောင်းပေစ့ဟူ၍ သောင်းသောင်းဖျဖျ ချီးမွမ်းတော် မူကြပေကုန်သတည်း။

၂၁၄။ အနေကဇာတင် ဥဒါန်းမဟာ မြတ်မင်္ဂလာ

အနေကဇာတိ သံသာရံ၊ သန္ဓာဝိဿံ အနိဗ္ဗိသံ။
ဂဟကာရံ ဂဝေသန္တော၊ ဒုက္ခာ ဇာတိ ပုနပ္ပုနံ။
ဂဟကာရကဒိဋ္ဌောသိ၊ ပုန ဂေဟံ န ကာဟသိ။

သဗ္ဗာ တေ ဖာသုကာ ဘဂ္ဂါ၊ ဂဟကူဋ္ဌံ ဝိသခ်ၤတံ။
ဝိသခ်ၤါရဂတံ စိတ္တံ၊ တဏှာနံ ခယမဇ္ဈဂါ။

ဂဟကာရက၊ အိုမင်းပိုင်နက် နာမင်းပိုင်နက် သေမင်းပိုင်နက် အပါယ်မင်းပိုင်နက် သူ့စားကျက်၌ မြေကွက်ဂရံ အမိန့်ခံလျက် ရုပ်နာမ်ယှက်လိမ် ခန္ဓာအိမ်ကို ကြိမ်ဖန်များစွာ ဆောက်လုပ်လာသည့် တဏှာယောကျ်ား ဟယ်လက်သမား။ ပုနပ္ပုနံ၊ အမှန်းအဆ ဂဏန်းမပြနိုင်သော ဘဝအတန်တန် အဖန်ဖန်အထပ်ထပ်။ ဇာတိ၊ အိုနာသေရေး ဒုက္ခဘေးတို့ လုံးထွေးရောယှက် ကြိုးစုံဖက်လျက် အဆက်ဆက်သန္ဓေ တည်နေရခြင်းသည်။ ယသ္မာ၊ အကြင့်ကြောင့်။ ဒုက္ခာ၊ ပြောပြလို့မကုန် လောကဓာတ်အဖုံဖုံတွင် အစုံစုံညှဉ်းဆဲသဖြင့် ဆင်းရဲခြင်းကြီး ဆင်းရဲလှပါပေ၏။ တသ္မာ၊ ထိုသို့ညှဉ်းဆဲ ပြင်းကဲလှစွာ ဆင်းရဲလှပါလေသောကြောင့်။ ဂဟကာရံ၊ ကပ်ကမ္ဘာအနန္တတွင် လပ်ကွာလို့ မကျန်ရအောင် သတ္တဝါမှန်သမျှတို့၏ ဘဝတပင်တိုင် ခန္ဓာအိမ် လေးပင်တိုင် ငါးပင်တိုင် ခန္ဓာအိမ်တွေကို ကြိမ်ကြိမ်ဖန်ဖန် ကန်ထရိုက်ဆွဲပြီးလျှင် တဆောက်တည်း ဆောက်လုပ်လာသော တဏှာယောကျ်ား သင်လက်သမားကို။ ဂဝေသန္တော၊ ဘယ်လိုဘယ်က ဘယ်ပုံ စသနည်းဟု နိဿည်းမခံ သိပ်သည်းစွာ ကြိတ်ဖန်လျက် ကိုယ်ပိုင်ဉာဏ်အဟုန်စွမ်းဖြင့် စုံစမ်းရှာဖွေလာခဲ့ရသော ငါဘုရားသခင် ကိုယ်တော်မြတ်ကြီးသည်။ အနိဗ္ဗိသံ=တံဉာဏံ အဝိန္ဒန္တော၊ သင့်ကိုလှမ်း၍ အတင်းဖမ်းကိုင် မြင်စွမ်းနိုင်သော ကိုယ်ပိုင်ဉာဏ် မှန်ပြောင်းကို ကောင်းကောင်း ပိုင်ပိုင် မရနိုင်သေးသည် ဖြစ်၍။ အနေက ဇာတိသံသာရံ၊ ဘုရားမြတ်ဒီပင်္ကရာနှင့် သုမေဓာ ရှင်ရသေ့ဘဝမှာ တွေ့ကြစဉ် အခါကစပြီးလျှင် ရက် လ-နှစ်တွေ တွက်စစ်၍ ရေလိုက်သော် သခ်ျေလေးရပ် ထိမ်းအမှတ်ဖြင့် တသိန်းကပ် ကာလပတ်လုံး။ သန္ဓာဝိဿံ သံသရိံ၊ ခန္ဓာအိမ် အကြိမ်ကြိမ် ဆောက်လျက် သံသရာ ပြန်ကာရောက်ပြီးလျှင် တုန်ခေါက်လှည့်လည်၍ လာခဲ့ရလေပြီ။ ဝါ၊ ရုပ် နာမ် နှစ်ရပ် ခေါင်းဆောင်လျက် အလောင်းကောင်တွေ သေစရာမပြတ်နိုင်သဖြင့် မြေကမ္ဘာတွင် ခြေရာ ထပ်လောက်အောင် လှည့်ပတ်၍ လာခဲ့ ကြရလေပြီ။ ဂဟကာရ၊ ကာမဂုဏ်ငါးပါး တံစိုးစားပြီးလျှင် ဆိုးဝါးယုတ်မာ တိုးပွားရှည်ကြာလာခဲ့ရသော တဏှာယောကျ်ား ဟယ်သမား။ ဟဲ့၊ လှည့်ချင်တိုင်းလှည့် ခဲ့ချင်တိုင်းခဲ့တတ်တဲ့ တကယ့်ယောကျ်ား သင်လက်သမားကို။ မယာ၊ အိုမှုတဖြာ နာမှုတထွေ သေမှုတဖုံ ကြောက်မက်ဖွယ် ဝိုင်းအုံလျက် လက်နက်စုံပစ်ပေါက် ရန်သူတို့လက်အောက်မှာ စုံထောက်ခန်း

ဖဉ်ကာ ပဉ်ထွန်းလာခဲ့ရသော ငါဘုရားသခင် ကိုယ်တော်မြတ်ကြီးသည်။ ဒီဌေဝ၊ ဗောဓိပင်အောက် အမြင်ပေါက်လျက် သင်ဆောက်တဲ့ ခန္ဓာအိမ် တွေကို မနီန္ဒြေဉာဏ် ကွန်မြူးလျက် လက်ပူးလက်ကြပ် ယခုပင်တွေ့မြင် အပ်ခဲ့ပေပြီ။ တဲ့၊ တဏှာယောကျ်ား သင်လက်သမား။ ပုန်၊ နောက်ထပ် တဖန် ပြန်လှန်ကွန့်လျက်။ ဂေဟံ၊ ရေ-မြေ-လေ-မီး ဓာတ်ကြီး ၄-ခု တိုင်ခြေပြုလျက် သွေးစု သားစု ရိုးစုံ တပ်ဆင် ဒိုင်းများ တင်လျက် ကိုယ်တွင်ဖြစ်လာ ဒုတ္ထိ သာဟု ညီညာစပ်နှောငါ့ခန္ဓာအိမ် အတွာဘောကို။ နကာဟသိ၊ သင် ဘယ်လိုစိမ် ဘယ်လိုဖန်လို့မှ ဉာဏ်နိစ္စမ်းထုတ် ကြံစည် ကြိုးကုတ်၍ ရနိုင်တော့မည်မဟုတ်ပေ။ တေ၊ သင်၏။ ဖာသုကာ၊ ညစ်ပူ ရွှပ်နောက် အဆောက်အဦ အကူတန်ဆာ အတူပါလျက် ထောင့်ငါး ရာစက် တဲ့ဖက်ပူးဝင် အခြင်ဒိုင်းများ အလားတူစွာ ၃ ထောင်ဝက် ကိလေသာတွေကို။ ဘဂ္ဂါ၊ ကမ္မကွယိန် ဉာဏ်လက်နက်ဝရဇိန်ဖြင့် ရွယ်ချိန် ပစ်သွင်း အရင်းအမြစ် အုဥ်ပနက်တို့ကို နှုတ်ဖျက်အပ်ခဲ့လေပြီ၊ ဂဟကွဋ္ဌ၊ သင်ဆောက်လုပ်ပြီး ခန္ဓာကိုယ်တိုက်အိမ်ကြီး၏ ထွဋ်ထိုးပမာ မိုးကာလှမ်း ချုပ် အဝိဇ္ဇာတည်းဟူသော ခေါင်အုပ်ကိုလည်း။ ဝိသခ်္ခါ၊ အရဟတ္တမဂ် စိန်သံလျက်ဖြင့် ပယ်ဖျက်ခုတ်ထွင် သုတ်သင်ခဲ့လေပြီ။ စိတ္တံ၊ ညစ်နောက် ပူကင်း သန့်ရှင်းအေးကြည် ငါဘုရား၏ စိတ်နှလုံးတော်သည်။ ဝိသခ်ၤရ ဂတံ၊ ဤကမ္ဘာလောကဓာတ်တွင်ဖြင့် အတောမသတ်ရွှပ်ပွေသည့် အလုပ် တွေဇာတ်သိမ်းလျက် အငြိမ်းဓာတ်နိဗ္ဗာန်ဆိုတဲ့ အသခ််တ နယ်အတွင်းသို့ သက်ဆင်းဝင်ရောက်ခဲ့လေပြီ။ တဏှာနံ၊ သံသရာတခွင်မှာ ခန္ဓာအိမ်တွေ စီစဉ်ပြီးလျင် စည်ပင်သာယာရုံးထောင်၍ မဆုံးအောင်ခဲ့ထွင်ကြသည့် တဏှာမာန ဒိဋ္ဌိတရားတို့၏။ ခယံ၊ ကိလေသာ အသင်းအပင်းတို့ကို စာရင်း အင်းနှင့်တကွ အကုန်ဖျက်တတ်တဲ့ လက်မြက်ပြင်းထန် ခဲယဉ်ခေါ်တဲ့ အရဟတ္တမဂ်ဉာဏ်ကို။ ဗဲဒဂူ၀ါသရေ၊ ၁၀၃-ခု ဥတုန္ဒေကဆုန် လပြည့်နေ့ အကြုံတွင် နေအရဏ်လှမ်း စန်းဝိသာခါ ယှဉ်လာတွေ့အပ်နေ့ထူးမြတ်၌။ အဇ္ဈဂါ၊ ဗောဓိမဏ္ဍိုင် ခန်းဝါပိုင်၍ ထိုင်ရာမထ ယခုပင် လက်ကိုင်ရရှိ တော်မူပေပြီ။

(အဋ္ဌသာရဒေသနာမှ)

(ဆောင်ပုဒ်)

(၁) တဏှာယောကျ်ား လက်သမားကိုပင်၊
မသတ်နိုင်ကြ ဘဝတွင်တွင်၊
ခန္ဓာအိမ်ကြီး ဆောက်ပြီးအစဉ်၊
သေမပြတ် မရပ်သံသာနှင့်။

(၂) ဗောဓိပင်အောက် အမြင်ပေါက်လေပြီ၊
သစ္စာလေးပါး ပိုင်းခြားသိပြီ၊
တဏှာဝင်္ဆမင်း စင်းစင်းသေပြီ၊
နိဗ္ဗာန်ဓာတ် ဆိုက်ကပ်ရလေပြီ။

(၃) အောင်သံပေးလို့ ဟစ်ကြွေးနိုင်ပြီ၊
သဗ္ဗညုတဉာဏ်အား ငါကားပိုင်ပြီ၊
အောင်ရန်ရှိသမျှ မုချအောင်ပြီ၊
အောင်စည်တီး အောင်ကြိုး-အောင်လေပြီ။

၂၁၅။ လေးပါးသစ္စာ ဤကိုယ်မှာ

ဤမသို့ယော ဗျာမ မတ္တေ ကင်္ဌဝဓရ
သသညမို့ သမနကေ လောကဠ ပညပေမိ
လောကသမုဒယဉ္စ လောကနိရောဓဉ္စ
လောက နိရောဓ ဂါမိနိ ပဋိပဒဉ္စ။

(အင်္ဂုတ္တိရ်ပါဠိတော် ရောဟိတသုတ်)

အာဝုသော၊ ငါ့ရှင်ရောဟိတသ နတ်သား။ ဗျာမ မတ္တေ၊ အလျားတလံ အနံတထ္ဌာမျှသာရှိသော။ သသညမို့၊ သညာနှင့်တကွဖြစ်သော။ သမနကေ၊ စိတ်နှင့်တကွဖြစ်သော။ ဤမသို့ယော ကင်္ဌဝရေ၊ ဤအလျားတလံ အနံတထ္ဌာမျှသာရှိသော ကိုယ်ကောင်၌။ လောကဉ္စ၊ ဒုက္ခသစ္စာဟု ဆိုအပ်သော လောကကိုဎင်း။ လောက သမုဒယဉ္စ၊ ဒုက္ခဖြစ်ကြောင်းဖြစ်သော သမုဒယသစ္စာကိုဎင်း။ လောကနိရောဓဉ္စ၊ လောက၏ ချုပ်ငြိမ်းရာ နိဗ္ဗာန်ဟူသော နိရောဓသစ္စာ ကိုဎင်း။ လောကနိရောဓ ဂါမိနိ ပဋိပဒဉ္စ၊ လောကချုပ်ရာ နိဗ္ဗာန်သို့ရောက်ကြောင်း အကျင့်ကောင်းဟု ဆိုအပ်သော မဂ္ဂသစ္စာကိုဎင်း။ ပညပေမိ၊ ရှိ၏ဟု ပညတ်တော်မူ၏၊ ဝါသိဋ္ဌစေတော်မူ၏။

ဆောင်ပုဒ်။ ။လေးပါးသစ္စာ၊ ဤကိုယ်မှာ၊ မှန်စွာရှိပါသည်။
အဝေးအခြား၊ ရပ်တပါး၊ သွားရှာမသင့်ပြီ။
ရောဟိတသ၊ နတ်ဗြဟ္မာ၊ ဗုဒ္ဓဟောလေသည်။
ထို့ကြောင့်မှန်စွာ၊ လေးသစ္စာ၊ဤကိုယ်ထဲမှာရှာရမည်။

၂၁၆။ နဂ္ဂတော ဒူရေ ဘဝိသဗ္ဗံ၊ ဘဝဂ္ဂံ ကိံ ကရိဿတိ။
ပစ္စုပ္ပန္နမ္ပိ ဓဝါဟာရေ၊ သကေ ကာယမ္ပိ ဝိန္ဒထ။

ဣတော၁ဣ္ဂါ ခန္ဓာကိုယ်မှ။ ဒူရေ၊ အဝေးအလံ အပြင်ပဋ္ဌ။ နဘဝိတဗ္ဗံ၊ လေးပါးသစ္စာ တွေ့ဘို့ရာဟု မှန်စွာမသွေ မရှာအပ်ပေ။ ဘဝဂ္ဂံ၊ အမြင့်ထက်မြင့် ဆင့်ဆင့်တက်သည့် ဘုံဘဝဂ်ကို။ ကိံ ကရိဿတိ၊ အဘယ်လို့ဌာ တရားရှာရေး စောင့်မျှော်တွေးနေရပါမည်နည်း။ ပစ္စုပ္ပန္နမ္ပိ၊ပစ္စုပ္ပန်ဖြစ်သော။ ဓဝါဟာရေ၊ ခန္ဓာကိုယ်ဟု ခေါ်ဆိုထိုက်သော။ သကေ ကာယမ္ပိ၊ မိမိခန္ဓာကိုယ်၌။ ဝိန္ဒထ၊ တရားရအောင် ရှာမှီးကြကုန်လော့။

၂၁၇။ ခန္ဓာငါးဖြာ ဥပမာ

ဖေဏပိဏ္ဍူပမံ ရူပံ၊ ဓဝဒနာ ပုဗ္ဗုဋ္ဌူပမာ။
မရီစိကူပမာ သညာ၊ သင်္ခါရာ ကဒလူပမာ။
မာယူပမဉ္စ ဝိညာဏံ၊ ဧဝဒ္ဓနာ ဒိစ္စဗန္ဓုနာ။
(ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်)

ရူပံ၊ ရုပ်တရားသည်။ ဖေဏပိဏ္ဍူပမံ၊ အခိုင်အမြဲ အစိုင်အခဲ ထင်ပါသော်လည်း လက်နှင့်ကိုင်ဆုပ် အဟုတ်မရ ပျောက်ပျက်သွားရသည့် ရေမြုပ်တုံးကြီးပမာ တူလှစွာ၏။ ဓဝဒနာ၊ ချမ်းသာ ဆင်းရဲ မျိုးစုံကဲ့လျက် ဖြစ်လဲပျက်ရာ ဓဝဒနာသည်။ ပုဗ္ဗုဋ္ဌူပမာ။ ရေပေါ် ပေါတက် ခဏပင့်၍ ချုပ်ပျက်ခါခါ ရေပင့်ပမာသာတည်း။ သညာ၊ သညက္ခန္ဓာသည်။ မရီစိကူပမာ၊ နွေခါကာလ တောရိပ်စဝယ် အသွယ်သွယ် အထပ်ထပ် ရေတံလျှပ်ကဲ့သို့ မချို့နှမူ အလားတူပါပေ၏။ သင်္ခါရာ၊ သင်္ခါရက္ခန္ဓာသည်။ ကဒလူပမာ၊ တထပ်ချင်း တထပ်ချင်း ခွါလိုက်သော် ဘာမျှမကျန် အနှစ်အဆန် မနှော ငှက်ပျောတုံး သဘောနှင့် တူလှပါပေ၏။ ဝိညာဏံ၊ အာရုံမျိုးစုံ အကုန်သိပြန် ကြုံသိဟန်ကြောင့် ဝိတ္ထံခေါ်တဲ့ ဝိညာဏက္ခန္ဓာသည်။ မာယူပမံ၊ အမျိုးမျိုးအား လှည့်ပတ် စားသည့် မျက်လှည့်သမားနှင့် တူပါပေ၏။ ဣတိ၊ ဤသို့။ အာဒိစ္စဗန္ဓုနာ၊ အာဒိစ္စနေမျိုး တန်ခိုးထင်ပေါ် ရှင်တော်မြတ်ဘုရားသည်။ ဒေသိတာ၊ သဘာဝတရား သိထင်ရှားအောင် ပမာဆောင်၍ အခေါင်ပရမေ ဟောပြတော် မူပါပေသတည်း။

၂၁၈။ နောက်ဆုံးမှာတော်မူ

ဟန္ဒ ဒါနိ ဘိက္ခဝေ၊ အာမန္တယာမိ ဝေါ၊
ဝယဓမ္မာ သင်္ခါရာ၊ အပ္ပမာဒေန သမ္ပာဒေထ။
(မဟာပရိနိဗ္ဗာနသုတ်ပါဠိတော်)

ဘိက္ခဝေ၊ ငါဘုရား၏ ထံပါးနီးစပ် ခဝပ်ကာသာ စောင့်မျှော်ရှာ ငြား အိုချစ်သားတို့။ ဟန္ဒ၊ ပရိနိဗ္ဗာန် စံဝင်ခါနီး ယခုလိုအခါကာလ ကြီး၌။ ဝေါ တုမှာကံ၊ ချစ်သား ချစ်သမီးအပေါင်း သင်သူတော်ကောင်း တို့ဖား။ အာမန္တယာမိ၊ နောက်ဆုံးစကား မှာကြားခဲ့ပေအံ့။ သင်္ခါရာ၊ ကံ့စိတ်,ဥဟာ ကြောင်းလေးဖြာတို့ ညီညာပြုပြင် တီထွင်လာရ သင်္ခါရ ခေါ်သည့် နာမ်ရုပ်နှစ်ဝတို့သည်။ ဝယဓမ္မာ၊ ဖြစ်ပြီးမုချ ပျက်စီးရတဲ့ သဘာဝတရားတွေ ဖြစ်ပါကုန်၏။ တသ္မာဟိ = တသ္မာဝေ၊ ထိုသို့လျှင် သင်္ခါရဓမ္မ သဘာဝတွေက ဖြစ်ပြီး မုချ ပျက်စီးရတဲ့ သဘာဝဓမ္မတွေ ဖြစ်လေသောကြောင့်။ တုမှေ၊ သင်ချစ်သားချစ်သမီးအပေါင်းသူတော် ကောင်းတို့သည်။ အပ္ပမာဒေန၊ မမေ့မလျော့ မပေါ့မဆသော အပ္ပ မာဒဆိုတဲ့ သတိတရားနှင့်။ သမ္ပာဒေထ၊ ကိုယ်စီကိုယ်ငှ သဘာဝဖြင့် နေညမသွေ ပြည့်စုံ၍သာ နေကြပါကုန်လော။

ဆောင်ပုဒ်။ ။နောက်ဆုံးစကား မှာကြားပါမည်၊
သင်္ခါရမျှား ပျက်ပြားမတည်၊
သတိစံလို့ ခိုင်မြဲတည်ကြည်၊
ပြည့်စုံကြ ဗုဒ္ဓမိန့်မှာသည်။

၂၁၉။ မင်းစည်းစိမ် ဘယ်မမက်တယ်

ပထဗျာ ဧကရဇ္ဇေန၊ သဂ္ဂဿ ဂမနေန ဝါ။
သဗ္ဗလောကာ ဓိပစ္စေန၊ သောတာပတ္တိဖလံ ဝရံ။
(ဓမ္မပဒပါဠိတော်)

ပထဗျာ၊ ဇမ္ဗူသောင်းခွင် မြေအပြင်၌။ ဧကရဇ္ဇေနဝါ၊ တဦးတည်း လွှမ်းမိုး၍ အုပ်စိုးပိုင်နင်း မင်းကောင်း၏ စည်းစိမ်ချမ်းသာထက်ဎင်း။ သဂ္ဂဿ၊ နတ်ပြည်ခြောက်ထပ် အထက်ရပ်သို့။ ဂမနေနဝါ၊ သွားရောက် လွှမ်းမိုး အုပ်စိုးနှိမ်နင်း မင်း၏စည်းစိမ်ချမ်းသာမျိုးထက်ဎင်း။ သဗ္ဗလော

ကာ ဓိပစ္စေန၊ ခပ်သိမ်းသော လောကဓာတ်အလုံးကို သိမ်းကြုံးလွှမ်းမိုး အုပ်စိုးရသော စည်းစိမ်ချမ်းသာမျိုးထက်ဌင်း။ သောတာပတ္တိဖလံ၊ သော တာပတ္တိဖိုလ်ချမ်းသာသည်။ ဝရုံ၊ မြင့်မြတ်လှပါပေ၏။ ဝါ၊ ဝရုံ၊ ဒိဋ္ဌ ကိစ္စာ ကိလေသာရှင်း အပါယ်ရန်ကင်းသဖြင့် သေရင်းလဲမြတ် ရှင်ရင်းလဲ မြတ် အထပ်ထပ်ရန်ဘယာ စိတ်ထင့်စရာ မတွယ်မကပ်နိုင်သဖြင့် သြဉ်-တကယ်ပင် မြင့်မြတ်လှပါပေတော့သတည်း။

၂၂၀။ ဆုံတောင်း မေတ္တာ

သာသနဿ စ လောကဿ၊ ဝုဋ္ဌိ ဘဝတု သဗ္ဗဒါ။
သာသနမ္ပိ စ လောကဉ္စ၊ ဒေဝါ ရက္ခန္တု သဗ္ဗဒါ။

သာသနဿစ၊ ဗုဒ္ဓမြတ်စွာ ရောင်ဝါထိန်ညီး ဘဘုရား၏ သာသနာ တော်ကြီး၏ဌင်း။ လောကဿစ၊ သာသနရိပ်ညို မှီခိုဆည်းကပ် လော ကဓာတ်သား လူအမျှား၏ဌင်း။ ဝုဋ္ဌိ၊ တနေ့တခြား တက်နေလားသို့ ဟုံး ပွားစည်ပင်ခြင်းသည်။ သဗ္ဗဒါ၊ အခါခပ်သိမ်း။ ဘဝတု၊ မေတ္တာရေ ပန်း လှစ်ခါဖြန်းသဖြင့် ရှင်လန်းကြည်သာ ဖြစ်ပါစေ။ သာသနမ္ပိစ၊ ဗုဒ္ဓမြတ်စွာ ရောင်ဝါထိန်ညီး သာသနာတော်မြတ်ကြီးကိုဌင်း။ လော ကမ္ပိစ၊ သာသနာ့ရိပ်ညို မှီခိုဆည်းကပ် လောကဓာတ်သား လူအမျှားကို ဌင်း။ ဒေဝါ၊ သမ္မာဒေဝ နတ်မြတ်နတ်ကောင်း နတ်အပေါင်းတို့သည်။ သဗ္ဗဒါ၊ အခါခပ်သိမ်း။ ရက္ခန္တု၊ သာသနာရန်စွယ် လှုန်ပယ်ကာဖျက်ချိုး လျက် ထက်မိုးခွင့်အာကာဗေဒမှာ တာရာအလယ် ပပဝင်းသည့် ရှေ့လ မင်းထိန်ထိန်သာသလို အရာရာပိုမောက်၍ အဖြာဖြာ ဆိုစလောက်အောင် စောင့်ရှောက် ဖေးမတော်မူကြပါစေ ကုန်သတည်း။

ဧဆာင်ပုဒ်။ ။သာသနာမြတ်၊ တရားဝတ်၊ မပြတ်ဝိုးပွားလင်းပါစေ။ လောကလူသား၊ချမ်းသာပွား၊တရားနှင့်ထိမ်းကြိမ်းပါစေ။ မြတ်သာသနာ၊ ဒါယကာ၊ ဒေဝါနတ်များစောင့်ပါစေ။

၂၂၁။ မသိနိုင်သောတရား ငါးပါး

ဇီဝိတံ ဗျာဓိကာလော စ၊ ဒေဟာနိက္ခေပနံ ဂတိ။
ပဋ္ဌေတေ ဇီဝလောကသ္မိံ၊ အနိမိတ္တာ နု နာယရေ။

ဇီဝိတံ၊ အသက်အပိုင်းအခြားငင်း။ ဗျာဓိ၊ မည်သည့်ရောဂါဖြင့် သေမည်ကိုငင်း။ ကာလေစ၊ မည်သည့်ဥတု မည်သည့်ကာလ မည်သည့်အချိန်၌ သေမည်ဟု ကာလ အပိုင်းအခြားကိုငင်း။ ဒေဟာနိက္ခေပနံ၊ မည်သည့်ဌာန၌ သေရမည်ကိုငင်း။ ဂတိ၊ သေပြီးနောက် မည်သည့် ဂတိသို့ ရောက်ရမည်ကိုငင်း။ ဇီဝလောကသို့၊ အသက်ရှိကြ သတ္တလောက၌။ ဧတေပဉ္စ၊ ဤငါးပါးတို့ကို။ အနိမိတ္တာ၊ ကြိုတင်၍ နိမိတ်မဖတ်နိုင်ကြကုန်။ နာယရေ၊ မသိနိုင်ကြကုန်။

(အသုဘ တရား၌ ထည့်ဟောနိုင်သည်)

၂၂၂။ အသိုးအပုပ်ထဲက အနှစ်ထုတ်ပါ

ပီဠေယျ ကာယတော မေဒံ၊ မနတော ဖဂ္ဂုဏာ ဝရံ။
တေန မေဒေန နိဗ္ဗာနံ၊ ကီဏေယျ အဇရံ ဝရံ။

ဖေဂ္ဂုနာ၊ ကိုးဆယ်ခြောက်ဖြာ ဘေးရောဂါတို့ ဝဲယာဝိုင်းအုံ အကာအတိသာ လွှမ်းခြုံထားအပ်သော။ ကာယတော၊ မစင်ပုပ်လှောင် ညှီဟောင်ညစ်စုတ် ဤကိုယ်ယုတ်မှ။ ဝရံ၊ နိဗ္ဗာန်ရောက်ကြောင်း ကောင်းမြတ်လှစွာသော သူတော်ကောင်းတရားဟူသော အဆီအနှစ်ကို။ပီဠေယျ၊ အားကုန်သစ်၍ ညှစ်ထုတ်လိုက်ရာ၏။ ဖေဂ္ဂုဏာ၊ ရန်သူငါးတန် ဆက်ဆံရောယှက်၍ အကာသက်သက်ဖြစ်သော။ မနတော၊ လောကီရတနာ အဖြာဖြာအသီးသီး ပစ္စည်းဥစ္စာထဲမှ။ ဝရံ၊ နိဗ္ဗာန်ရောက်ကြောင်း အကျင့်ဖြစ်၍ ကောင်းမြတ်လှစွာသော။ မေဒံ၊ သူတော်ကောင်းတရားတည်းဟူသောအဆီအနှစ်ကို။ပီဠေယျ၊ အားကုန်သစ်၍ ညှစ်ထုတ်လိုက်ရာ၏။ တေန မေဒေန၊ ပစ္စည်းဥစ္စာ ကိုယ်ခန္ဓာထဲမှ ညှစ်ထုတ်လိုက်ရသော ထိုသူတော်ကောင်းဥစ္စာ ရတနာအနှစ်ဖြင့်။ ဝရံ၊ အသေပြတ်၍ မြတ်လှစွာသော။ အဇရံ၊ ဘယ်တော့မှမအို အစဉ်နုပျိုရှိနေသော။နိဗ္ဗာနံ၊ ဘေးဘယာကင်းကွာ နိဗ္ဗာန်ဆိုတဲ့ မြတ်ချမ်းသာကို။ ကီဏေယျ၊ လဲလှယ်ဖလှယ် ဝယ်ယူလိုက်ရာသတည်း။

ဆောင်မှဲ့

ခန္ဓာကိုယ်ယုတ် အရင်းလုပ်ကာ၊
နိဗ္ဗာန်ဓာတ်မြတ် ဝယ်တတ်ရမှာ၊
အကာပစ်လို့ အနှစ်ဖေ့ရှာ၊
အဆီနှုတ် ထုတ်လိုက်ကြစမ်းပါ။

၂၂၃။ ဟဲ့ကာမ

အဒ္ဒသံ ကာမ ဇတေ မူလံ၊ သက်ပ်ံ ကာမ ဇာယသိ။
နံ တံ သက်ပ်ဟယိဿာမိ၊ ဇဝံ ကာမ နံ ဟေဟိသိ။

ကာမ၊ ဟဲ့ကာမ။ ဇတေ၊ ပရိယာယ်သုယ်ဖြာ မာယာမျှားလှ သင် ကာမ၏။ မူလံ၊ကြောင်းရင်းမူလ သဘာဝကို။ အဒ္ဒသံ၊ ငါယခုပင် ရှုဆင် ခြင်သော် အမြင်ထွင်းဖောက် အလင်းရောက်ခဲ့ပေပြီ။ ကာမ၊ ဟဲ့ကာမ။ တုံ၊ ပရိယာယ်သုယ်ဖြာ မာယာမျှားလှ သင်ကာမသည်။ သက်ပ်ံ၊လောကီ အာရုံ ကာမဂုဏ်ကို ဖုံဖုံလီလီ ကြံစည်တွေးကြံ အကြောင်းခံကြောင့်။ ဇာယသိ၊ လျှပ်ပေါ်ကာ ဖြစ်ပေါ်လာရသည် မဟုတ်ပါလား။ ဒါနှံ၊ သင့်အကြောင်းကို ကောင်းကောင်းသိလာ ယခုအခါ၌။ အဟံ၊ ငါသည်။ တံ၊ သင့်ကို။ နသက်ပ်ဟယိဿာမိ၊ ဘယ်နည်းဘယ်ဟန် ဘယ်ပုံစံနှင့်မျှ မကြံ မစည်တော့ပြီ။ ကာမ၊ မာယာမျှားလှ ဟဲ့ကာမ။ ဇဝံ၊ ဤသို့ပေပေလီလီ မကြံစည်သည်ရှိသော်။တုံ၊ သင်ကာမသည်။ နဟေဟိသိ၊သင်ဘယ်လိုစည်မံ ဘယ်လိုဖန်လှိမ့် ဉာဏ်နီစွမ်းထုတ်ကာ ဖြစ်ပေါ်လာနိုင်တော့မည် မဟုတ် ပါပေတော့သည်တကား။

၂၂၄။ ဒိဋ္ဌိပယ်မှူ အလေးပြု

သဟ္ဘံယာ ဝိယ ဩမဇ္ဇော၊ ဒယ္ဟမာနော၀ မတ္ထကေ။
သက္ကာယဒိဋ္ဌိ ပဟာနာယ၊ သတော ဘိက္ခု ပရိပ္ပဇေ။

သဟ္ဘိယာ၊ အသွားနှစ်ဖက် မြမြထက်သည့် လုံမကြီးဖြင့်။ ဩမဇ္ဇော ဝိယ၊ ရင်ဝဠ် စူးဝင်နေသောသူကဲ့သို့ဇင်း။ မတ္ထကေ၊ ဦးခေါင်း၌။ ဒယ္ဟမာနော၀၊ မီးလောင်နေသောသူကဲ့သို့ဇင်း။ သတော ဘိက္ခု၊ သတိနှင့် ပြည့်စုံသော ရဟန်းသည်။ သက္ကာယဒိဋ္ဌိ၊ ဘ၀မျှားစွာ အနုမတဂ္ဂါက စဲ့လာကပ်ပြီး အပါယ်မီးပွား သက္ကာယဒိဋ္ဌိဆိုတဲ့ အယူမှားမျှားကို။ ပဟာနာယ၊ ပယ်နုတ်ခြင်းငှာ။ ပရိပ္ပဇေ၊ လွန်လွန်မင်းမင်း အပြင်း အထန် ကြိုးစားပွားများ အားထုတ်ရာ၏။

ဆောင်ပုဒ်

ရင်ဝလှန်စူး ဦးခေါင်းမီးလောင်၊
ဒိဋ္ဌိအရေးက မကြီးသေးပေါင်၊
ဒိဋ္ဌိပယ်ရေး ကြိုးလေးဝန်ဆောင်၊
ဒိဋ္ဌိသတ် လွတ်ရအပါယ်ဘောင်။

ခေတ်ကြီးလေးပါး ပြေလေးကောင်

(ပထဝီခေတ်)

၂၂၅။ ပတ္ထဒ္ဒေါ ဘဝတိ ကာယော၊ ဒဋ္ဌော ကဋ္ဌမုခေန ဝါ။
ပထဝီဓာတုပ္ပကောပေန၊ ဟောတိ ကဋ္ဌမုခေဝ သော။

ကဋ္ဌမုခေန၊ ကဋ္ဌမုခ မြေသည်၊ ဝါ၊ကိုက်လျှင် ဒုတ်ကဲ့သို့ ခက်မာသွေး စေတတ်သောမြေသည်။ ဒဋ္ဌော၊ ကိုက်အပ်သော။ ကာယော၊ကိုက်သည်။ ပတ္ထဒ္ဒေါ၊ လွန်စွာ တောင့်တင်း ခက်မာသည်။ ဘဝတိဝါ၊ ဖြစ်သည်လည်း ရှိ၏။ မန္တာဂဒဝသေန၊ မန္တန်အစွမ်း ဆေးအစွမ်းဖြင့်။ ပတ္ထဒ္ဒေါ၊ လွန်စွာ တောင့်တင်း ခက်မာခြင်းသည်။ နဝါဘဝတိ၊ မဖြစ်သည်လည်း ရှိ၏။ ပထဝီ ဓာတုပ္ပကောပေန-ပန၊ အဇ္ဈတ္တပထဝီဓာတ် ပျက်လေသောအခါ ကား။ မန္တာဂဒရဟိတော၊ ဆေးဝါးမန္တန်အစွမ်းဖြင့် ကယ်မ၍ မရတော့ဘဲ။ သောကာယော၊ ထိုကိုယ်သည်။ ကဋ္ဌမုခေဝ၊ ကဋ္ဌမုခမြေ၏ခံတွင်း၌ ရောက်သကဲ့သို့၊ ဝါ၊ ကဋ္ဌမုခ မြေပေါက်ခံရသကဲ့သို့။ ပတ္ထဒ္ဒေါ၊ ကေန်မုချ တောင့်တင်းခက်ထန်ရသည်။ ဟောတိ၊ ဖြစ်ရလေတော့၏။

(အာပေါခေတ်)

၂၂၆။ ပူတိယော ဘဝတိ ကာယော၊ ဒဋ္ဌော ပူတိမုခေန ဝါ။
အာပေါဓာတုပ္ပကောပေန၊ ဟောတိ ပူတိမုခေဝ သော။

ပူတိမုခေန၊ ပူတိမုခမြေသည်။ ဝါ၊ ကိုက်လိုက်လျှင် တကိုယ်လုံး ပုပ်သွားစေတတ်သောမြေသည်။ ဒဋ္ဌော၊ ကိုက်အပ်သော။ ကာယော၊ကိုယ်သည်။ ပူတိယော၊ပုပ်သည်။ ဘဝတိဝါ၊ ဖြစ်သည်လည်းရှိ၏။ မန္တာဂဒဝသေန၊ မန္တန်အစွမ်းဆေးဝါး၏ အစွမ်းဖြင့်။ ပူတိယော၊ ပုပ်သည်။ နဝါဘဝတိ၊ မဖြစ်သည်လည်းရှိ၏။ အာပေါဓာတုပ္ပကောပေန ပန၊ အာပေါဓာတ် ပျက်စီးသွားသော အခါဌ်ကား။ မန္တာဂဒရဟိတော၊ ဆေးဝါးမန္တန်အစွမ်းဖြင့် ကယ်မ၍မရတော့ဘဲ။ သောကာယော၊ ထိုကိုယ်သည်။ ပူတိမုခေဝ၊ပုတိမုခမြေ၏ခံတွင်း၌ ရောက်သကဲ့သို့။ ဝါ၊ အပေါက် ခံရသကဲ့သို့။ ပူတိဝေ၊ ပုပ်သည်သာလျှင်။ ဟောတိ၊ မုချ ဖြစ်ရပေ၏။

(တေဇောခေတ်)

၂၂၇။ သန္တတ္တော ဘဝတိ ကာယော၊ ဒဋ္ဌော အဂ်ိမုခေန ဝါ။
တေဇောဓာတုပ္ပကောပေန၊ ဟောတိ အဂ်ိမုခေဝ သော။

အဂ်ိမုခေန၊ အဂ်ိမုခမြွေသည်။ ဝါ၊ ကိုက်လိုက်လျှင် မီးလောင်သကဲ့သို့ ခံစားရသောမြွေသည်။ ဒဋ္ဌော၊ ကိုက်အပ်သော။ ကာယော၊ ကိုယ်သည်။ သန္တတ္တော၊ ပူလောင်သည်။ ဘဝတိဝါ၊ ဖြစ်သည်လည်းရှိ၏။ မန္တာဂဒဝသေန၊ ဆေးဝါးမန္တရား၏ အစွမ်းဖြင့်။ နဝါဘဝတိ၊ မဖြစ်သည်လည်းရှိ၏။ တေဇောဝေတုပ္ပကောပေနပန၊ တေဇောခဲတ်ပျက်လျှင်ကား။ ကာယော၊ ကိုယ်သည်။ မန္တာဂဒရဟိတော၊ မန္တန်ဆေးဝါးဖြင့် ကယ်မရှိမရနိုင်တော့ဘဲ။ သန္တတ္တော၊ ဧကန်မုခ်၊ ပူလောင်တော့သည်သာလျှင်။ ဟောတိ၊ ဖြစ်ရလေတော့၏။

(ဝါယောဓာတ်)

၂၂၀။ သဉ္ဇိန္နော ဘဝတိ ကာယော၊ ဒဋ္ဌော သတ္ထမုခေန ဝါ။
ဝါယောဓာတုပ္ပကောပေန၊ ဟောတိ သတ္ထမုခေဝ သော။

သတ္ထမုခေန၊ သတ္ထမုခမြွေသည်။ ဝါကိုက်လျှင် ဓားဖြင့်ခုတ်ဖြတ်သကဲ့သို့ ခံစားရသောမြွေသည်။ ဒဋ္ဌော၊ ကိုက်အပ်သော။ ကာယော၊ ကိုယ်သည်။ သဉ္ဇိန္နော၊ အပိုင်းအပိုင်းပြတ်သည်။ ဘဂဝတိဝါ၊ ကြွသည်လည်းရှိ၏။ မန္တာဂဒဝံသေန၊ မန္တန်ဆေးဝါး၏အစွမ်းဖြင့်။ နဝါဘဝတိ၊ မဖြစ်သည်လည်းရှိ၏။ ဝါယော ဓာတုပ္ပကောပေန ပန၊ ဝါယောဓာတ်ပျက်လေသောအခါကား။ မန္တာဂဒရဟိတော၊ ဆေးဝါးမန္တယားဖြင့် ကုမရှိမရတော့ဘဲ။ သတ္ထမုခေဝ၊ သတ္ထမုခ မြွေ၏ ဘကိုက်ခံရသကဲ့သို့။ သဉ္ဇိန္နော၊ အပိုင်းအပိုင်း ပြတ်သည်။ ဟောတိ၊ ဖြစ်ရလေတော့၏။

၂၂၉။ သံယောဇဉ်

ထမ္ဘာရမ္မဏော ယောဇန္တိ၊ သံသုဒ္ဓါ ပုထုကေ ဇနေ။
ပိဉ္ဍန္တော ဒုက္ခမေမှိ၊ သမ္ဖဇ္ဇ- ဝိမုဉ္စိကေ။

ဘောဇန္တော၊ သံယောဇဉ်ကြိုး သည်ကာပိုးတွေ ဝဋ်မျိုးဝန်းယဉ် ဝဋ်စုံလည်သဖြင့် ဘယ်ဝယ်လွှတ်ရာ တွေ့ရှိုင်ပါဟု မြွေကာမှန်းဆ ရော်ရမ်းတလျက် ဝဋ်မှ လွတ်စေ မြတ်ဓမ္မကို သေချာမှတ်သား နာကြားလိုညောင်း ဒို....တရားနာပရိသတ်အပေါင်း သူတော်ကောင်းတို့။

သံယောဇနော၊ စကားကလေး သုံးလုံး ပေမဲ့ မဆုံးတဲ့ အဓိပ္ပာယ် သူ့နယ်က ဘဝဂ်အကုန် လွှမ်းခြုံပိတ်ဖုံး ရှန်းနိုင်ရန် အခက်ဆုံး

လူရော နတ်ရော ဗြဟ္မာရော မကျန် တအုံးအုံးနှင့် စုရုံး ဆူညံ့ ဘဝဂ်တိုင် အန်ထွက်အောင် ဖွဲ့နှောင်ချည်ထား အကျဉ်းအားဖြင့် တဆယ်၊ အကျယ်အားဖြင့် ထောင့်ငါး ရာ ကိုလေသာ တဏှာပေမ ဆိုတဲ့ အနှောင်အဖွဲ့တို့သည်၊ ဝါ၊ သူနှင့်သာဘဲ မခဲ့ဘဲနေချင်ပါသည် သူ့ကိုသာဘဲ အစဉ်အမြဲမမိုတ်ဘဲ ကြည့်နေချင်ပါသည် သူမပါရင် ရင်ထဲ မှာမချိတရိနှင့်နေမထိထိုင်မသာ စာကိုလဲမကျက်နိုင် စား လို့လဲမဝင်နိုင် အိပ်စက်လဲမပျော်နိုင် တဝိုင်ဝိုင်ငေးလျက် တတွေးတွေးဝေ့လယ်လယ် ငယ်ရွယ်သူ အပျိုလူပျိုဘဝ မှာ စကထဲက သဲသဲမဲမဲကြီးလွမ်းပြီးတော့ အသဲကျမ်းတယ် ဆိုတဲ့ ဇနီး မယားမကျခင်က သမီးရီးစားတို့၏သံယောဇဉ် ဇနီးမယားလို့ဖြစ်လာပြန်တော့ သမီးသားတွေ တခါရံလို့ မဟာပန် မြတ်သောတာ တို့တောင်မှ ရှောင်မရ ရှားမရနဲ့ သားတရာ မြေးတထောင် တွက်ရေလို့ မကုန်နိုင်အောင် အ တောင်တွေ အလက်တွေ အခက်တွေ အတက်တွေ ပေ့ရှုပ် ကာ ကြခတ်ဝါးရုံကဲ့သို့ အလွတ်ခုန်ရန် အမှန်ပင် ခဲယဉ်း လှသဖြင့် ဇဲတင်းကာတိမ်ယောင်နှင့်နက်လှတဲ့ အိမ်ထောင် ဖက်တို့၏ သံယောဇဉ် အရွယ်တော်သီသီ ဟိုင်းလာလို့ ဇရာအပိုင်း ရောက်လာသောအခါ နောက်နောက်က ဟာတွေကို ပြန်ပြန်တွေးပြီးတော့ ငယ်မူငယ်သွေးတွေ ပြန်ချင်သလိုလို အာသစ်တွေ ဘယ်လိုကောင်းသော်လဲ အဟောင်းကို တလယ်လယ်နဲ့ တကယ်တတပြီးနေကြတဲ့ ဒုကာမကြီးတွေ ဒကာကြီးတွေရဲ့ အိုပြီးမှ နလံထကြတဲ့ သံယောဇဉ် လူ့သံယောဇဉ် နတ်သံယောဇဉ် ဗြဟ္မာ သံယောဇဉ် နိဂ္ဂမံအဓိဋ္ဌာန်ဆောက်ကာပ စိတ်ကြံကာ နိဗ္ဗာန်ပေါက်ရောဟဲ့လို့ ကူးမြောက်ကာ ဖလ်ဝါဆည်နှင့် အရဟံဘဂဝါ သာသနာနယ်သို့ ကူးခဲ့သော်လဲ အထူး သဒ္ဓါဗလဝတွေနှင့် ဦးချကာ ပဏာသကြတဲ့ လာလာသမျှ ဒကာဒကာမတွေကို တရားဒေသနာပြရင်းပြရင်း တစချင်း တစချင်း မသိမသာ တွယ်ကပ်ပြီး တဖြေးဖြေးအလုံးကြီး လာတဲ့ ဘုန်းကြီးတို့ရဲ့ သံယောဇဉ် ပြောမဆုံးပေါင် တောသုံးထောင်မက အရာကျယ်လှတဲ့ အမတာနယ်

ထုတ်ခွာသွားမရအောင် ဖက်တွယ်ကာ ချည်နှောင်ထား
ကြတဲ့ သံယောဇဉ်တရားတို့သည်။

သမ္မဇ္ဇ ဝိမုတ္တိကော၊ သတိသမ္ပဇဉ် ညဏ်ယှဉ်မကပ် အမှတ်တွေလွတ်၍
နေသော။

ပုထုကောဇနော၊ ကိလေသာတရား ပေါများတွင်တွင် ပုထုဇဉ်ဟု ရှင်လူ
နတ်များ ပြဟ္မာအစားစားတို့ကို။

သံသုဒ္ဓ။။ မဂ္ဂင်ညာဏ် ဝင်မသုံးရင်ဖြင့် ဘယ်လိုပင် နင်းကန်ရုန်းသော်
လဲ ကုန်းအထက် ဟိုနယ်မှာ လွတ်ဖယ်ရာ ဘယ်မတွေ့နိုင်
ဘု ဓလေ့ပိုင်ပိုင် တကယ့်ကို ခိုင်ခိုင်မြဲမြဲကြီးသာလျှင်။

တမ္ဘာရမ္မဏော၊ ရူပသဒ္ဒ ဂန္ဓရသ ဖောဋ္ဌဗ္ဗဟု ၎င်း၀ အာရုံ ကာမဂုဏ်
ဆိုတဲ့ ချည်တိုင်၌၊ ၀ါ။ထမ္ဘာရမ္မဏော၊ သမီးသားနှင့် စီးပွား
အာရုံ ကာမဂုဏ်ဆိုတဲ့ ချည်တိုင်၌။

ယောဇေန္တိ၊ တုပ်နှောင်၍ ထားလေကုန်၏၊ ၀ါ၊ ယောဇေန္တိ၊ ဘုရား
တရား သံဃာနားသို့မသွားရအောင် တုပ်နှောင်ရစ်ပတ်
အထပ်ထပ် ဖဲ့ချည်ကြလေကုန်၏။

ယောဇန္ဓော၊ အထပ်ထပ်တုပ်နှောင် မလွတ်အောင် ဖဲ့ချည်ကြကုန်သည်
ဖြစ်၍။

ဒုက္ခဓမ္မဟိ၊ ဇာတိဇရာ ဗျာဓိမရဏ ဝဋ်ဒုက္ခတရားတို့ဖြင့်။

ပိဋ္ဌေန္တော ပိဋ္ဌေန္တိ၊ နှိပ်စက်တက်ကြလေကုန်၏၊ ၀ါ၊ ပိဋ္ဌေန္တိ၊ ဒုံနှိုင်လျှင်လဲ
ခံ မခံနိုင်လဲခံ နှင့်ဒဏ်တွေ့ နှင့်ကိုထိရော့ဟဲ့လို ဩဿ-
ဗ်ဖို့စီးစီးကြီး နှိပ်စက်ကြလေကုန်သတည်း။

၂၃၀။ နတ်ပင့်

သမန္တာ စက္ကဝါဠေသု၊ အတြာဂစ္ဆန္တု ဒေဝတာ။
သဒ္ဓမ္မံ မုနိရာဇဿ၊ သုဏန္တု သဂ္ဂ မောက္ခဒံ။

သမန္တာ၊ အနီးအနား ထံပါးပတ်ခြာ ရပ်ဒီသာမှ။ စက္ကဝါဋေသု၊ ဖြစ်တူ ပျက်တူ ဇာမဲ့ရှိကြောင်း စကြဝဠာတိုက်တသောင်းတို့၌၊ ဝါ။ ဘုရားမြတ်စွာစီနွေယျာ၏ အာဏာခမ်မစက်ပြန့်နှံ့ထုက်ရာ သမ္မာရှိကြောင်း စကြဝဠာတိုက်တသောင်း၌။ ဝသန္တာ၊ ကြည်သာချမ်းမြ နေထိုင်ကြကုန် သော၊ ဝါ။ ဗုဒ္ဓမြတ်စွာ ဒေသနာ ဓမ္မ ဆုံးအဖြင့် လုံးဝသေခ္ခ စိတ်နေ ကိုယ်ကျ ချမ်းအေးမြလျက် ဓမ္မရိပ်သာ အေးသာယာဝယ် ကြည်သာချမ်း မြ နေထိုင်ကြကုန်သော။ ဒေဝါ၊ သမ္မာအယူ ပြုစင်ဖြောင့်မတ် အရှင်နတ် ကောင်း နတ်မြတ်တို့သည်။ အတြ၊ ဓမ္မသဘင် ဆင်ယင်ကျင်းပ ဤဌာနသို့။ အာဂစ္ဆန္တု၊ အာကာဝေဟာင် ခရီးယဉ်ဖြင့် အပြီးနှင်ကာ ကြွရောက်တော် မူကြပါကုန်လော့။

ဓမ္မဿဝနကာလော အယံ ဘဒ္ဒန္တာ။

ဘဒ္ဒန္တာ၊ သာသနာ့အယူ ဖြူစင်ဖြောင့်မတ် အို နတ်ကောင်းနတ်မြတ် အပေါင်းတို့။ အယံကာလော၊ ကြွရောက်လာကြ ဤအခါသမယသည် ကား။ ဓမ္မဿဝနကာလော၊ တရားဒေသနာ မြို့ရွာသားကို ကောင်းစွာ မသွေ နာယူကြရမည့် အခါကာလတည်း၊ ဝါ၊ တရားဒေသနာ မြို့ရွာသားကို ကောင်းစွာမသွေ နာကြားတော်မူကြပါလေကုန်လော့။

ပရိတ်အမှန်း

ဗုဒ္ဓါဒိနံ နုဘာဝေန၊ ဒုန္နိမိတ္တံ ဒုမင်္ဂလံ။
ဒုဿဒ္ဒါ ပါပဂ္ဂဟာ စ၊ ဝိနာဿန္တု ဒုဿုပိနံ။

လူမသို့ ဂေဟာ၊ ဇနီးမယား သမီးသားနှင့် စီးပွားရွှေငွေ အခြေပိုင်ပိုင် နေထိုင်ကြရာ ဤအိမ်ဂေဟာအတွင်း၌။ ဒုန္နိမိတ္တံ စ၊ စနည်းတဘောင် စို့သက်ရောင်နှင့် ထက်ခေါင်ဖျားကို ငွင်းဒဝင်တိုး ဆိုးသမျှငှက် တော နက် တိရစ္ဆာန် ဝင်ပျံခိုအောင်း မကောင်းသောအတိတ်နိမိတ်အပေါင်းတို့ သည်ငှင်း။ ဒုမင်္ဂလံစ၊ အနိဋ္ဌဖလရွပ် ဒုက္ခဝေဒနာ များစွာတွင်းကျင်း ကျော်မိလျှင်းက ရေတွင်းရေကန် မကျန်တံတားစသည်များက အသွားမတော် ဆိုသော်ဖြစ်ငြား စကားမမှန် ကြမ်းတမ်းစိမ့်ရေ အထွေထွေမျိုး ကျောင်းဆိုး အိမ်ဆိုး လျှိုးမိတထွေ မြေနေမကောင်း ကျောင်းဆောက် အိမ်ဆောက် ထုပ်လျောက်သစ်ဝါး အထားမမှန် မျက်လှန်ဇောက်ထိုး

ထိုးမိလေရာ အခါမတော် ကြောင်ကျော် ဖွတ်တက် ခွေးကြွက် ဝက်က
ကျဲနွားစသည့် မြင်းကမကျန် တိရစ္ဆာန်အပေါင်း မကောင်းသော အမင်္
လာ တို့သည်ချင်း။ ဒုသဒ္ဒါ စ၊ ကျယ်ကျယ်လောင်လောင် ထက်ခေါင်အိမ်
မိုး ဝင်တိုးကျော်သန်း ငှက်သရဲန်းတို့၏ စိတ်မသန့်ဖွယ် ကျယ်ကျယ်လောင်
လောင် ခေါင်ခေါင်ကျည်ကျည် အော်မည်ဟစ်ကြွ မကောင်းသော သဒ္ဒ
အမင်္လာတို့သည်ချင်း။ ပါပဂ္ဂဟာ၊ ကြိုဟ်အိပ်စန်းကျ ပါပသက်ခတ် သမ
သတ်နှင့် ကြိုဟ်စား ကြိုဟ်ပျက် ကြိုဟ်ထွက် ကြိုဟ်ဝင် ကြိုဟ်နှင် ကြိုဟ်ဆီး
ထွက်ငြီးမငြိမ် စန်းအိမ်လွန်းပြတ် နက္ခတ်ယိမ်းယိုင် မနိုင်လှုပ်ရှား မကောင်း
ထားသည် သုဉ်းငြားခန္ဓာ လေးဖြာခာတ်ပျက် တာချက်တွင်းဆိုး အကျိုး
မထင် နတ်လျှင်တထွေတစ္ဆေတောသူ ဖမ်းယူစုံနှံးဘုတ် ရုပ်မြုပ်နာမ်ထား
များစွာအပေါင်း မကောင်းသမျှသော ကြိုဟ်စိုးဒသာ ကံကြမ္မာတို့သည်
ချင်း။ ဒုဿုပိနဉ္စ၊ မြေပေး မြေဟောက် ငန်းပြောက် ငန်းကျား တော
သား ကိုက်ခဲ ခေါင်းကွဲ ရိုက်နှက် သွေးထွက်သံယို မလိုဆင်လိုက် ဖုတ်လိုက်
ပြင်းထန် ညှဉ်းပုပ်သိုး သစ်ရောင်ချိုးနှင့် ချိုးသည့်သစ်စိမ်း ကတိမ်းကပါး
တောကျားကိုက်တွေ့ တစ္ဆေသဘက် ဂေါင်းထက်ဆံပင် ပြဝ်လျှင်တယွေ့
အနေမကျ မြင်က ကြောက်ဖွယ် အစွယ်ပြူးတူး ဘီလူးလိုက်လျက် ဝက်
တောင်ပက်နှင့် သစ်ထက်တောင်ဖျား ကမ်းပါးကကျ များလှထွေထွေ
အသရေဖျက် အိပ်မက်အပေါင်းတို့သည်ချင်း။ ဇတေ-ဒုန္နိမိတ္တာဒယော၊ ထို
ဆိုအပ်ခဲ့ပြီး အသီးသီးအဝဝ မကောင်းသော အတိဝန်နိမိတ် မကောင်း
သော အမင်္လာ မကောင်းသော ငှက်၏မြည်သံတွန်သံ မကောင်းသော
ကြိုဟ်စိုး ဒသာ ကံကြမ္မာ မကောင်းသော အိပ်မက် မြင်မက်ခြင်း ဟူသမျှတို့
သည်။ ဗုဒ္ဓါဒီနံ၊ ဂင်္ဂါဝါဠ္ဠ သဲစုမက ပင့်ကုန်ကြသည့် ဘုရားအစ မြတ်ဓမ္မ
နှင့် သံဃရိယာ မြတ်ဆရာနှင့် ဝိဇ္ဇာဇော်ဂျီ တပသီတို့၏။ အာနုဘာဝေန၊
တန်ခိုးရှိန်စော် မေတ္တာတော် အာနုဘော်ကြောင့်။ အာဂတာနံ၊ မနော
ပုဗ္ဗင်ဇော အစဉ်ဖြင့် ကြည်လင်ဟဒယ ရောက်ခဲ့ နေကြကုန်သော။ ဝေါ
တုမ္ဟာကံ၊ တရားနာ ပရိသတ်အပေါင်း သင် သူတော် ကောင်း တို့ ၏။
အဇ္ဈတ္တိကဗာဟိရေသု၊ ကိုယ်တွင်းကိုယ်ပ အိမ်တွင်း အိမ်ပ အာရုံတွင်း
အာရုံပ နှစ်ဌာနတို့၌။ သဗ္ဗအန္တရာယာ၊ အလုံးစုံအဝဝ အန္တရာယ်ဟူသမျှ
တို့သည်။ ဝိနဿန္တု၊ နေခြည်တိကျောက် နှင်းရည်ပေါက်သို့ ပျောက်ပျက်
လွင့်စင် ကြပါစေကုန်သတည်း။ ဣဒ္ဓိမက်လာနို၊ ကောင်းကျိုး ချမ်းသာ
မင်္ဂလာအဝဝဟူသမျှတို့သည်။ ဝဏ္ဏန္တု၊ တနေ့တခြား တက်နေအလား သို့
တိုးပွားနိုင်ကြပါစေကုန်သတည်း။

မင်္ဂလာပြဿနာမှန်သမျှအတွက်
မင်္ဂလဂါထာ

၂၃၂။ ဘဝတု သဗ္ဗမင်္ဂလံ၊ ရက္ခန္တု သဗ္ဗဒေဝတာ။
သဗ္ဗဗုဒ္ဓါ နုဘာဝေန၊ သဒါ သုခီ ဘဝန္တု တေ။

၂၃၃။ ဘဝတု သဗ္ဗမင်္ဂလံ၊ ရက္ခန္တု သဗ္ဗဒေဝတာ။
သဗ္ဗဓမ္မာ နုဘာဝေန၊ သဒါ သုခီ ဘဝန္တု တေ။

၂၃၄။ ဘဝတု သဗ္ဗမင်္ဂလံ၊ ရက္ခန္တု သဗ္ဗဒေဝတာ။
သဗ္ဗသံဃာ နုဘာဝေန၊ သဒါ သုခီ ဘဝန္တု တေ။

သဗ္ဗမင်္ဂလံ၊ မင်္ဂလာကြောက်သရေ တက်ဓေဘို့အကြောင်း ကောင်းမြတ်ချမ်းသာ ဣဋ္ဌ မင်္ဂလာအပေါင်းသည်၊ တေ-တုမှာကံ၊ တရားနာပရိသတ်အပေါင်း သင်သူတော်ကောင်းတို့အား။ သဒါ၊ နွေရော ညည်ဉ့်ပါဗိဇ္ဇနာမပြုတ် အခါခပ်သိမ်းသာလျှင်။ ဘဝတု၊ မေတ္တာရေပန်း လှုစ်ခါဖျန်းသဖြင့် ရှင်လန်းကြည်သာ ဖြစ်ပါစေ။ သဗ္ဗဒေဝတာ၊ အလုံးစုံအရပ်ရပ်နတ်မြတ်နတ်ကောင်း နတ်အပေါင်းတို့သည်။ တေတုမှာကံ၊ ပါတို့အား။ သဒါ၊ ပါ သာလျှင်။ ရက္ခန္တု၊ ဘေးအသွယ်သွယ် အန္တရာယ်မရောက် ရန်စွယ် ပျောက်အောင် စောင့်ရှောက်ကြပါစေကုန် သတည်း။ သဗ္ဗဗုဒ္ဓါ နုဘာဝေန၊ ဂင်္ဂါဝါဋ္ဌ သဲစုမက ပွင့်ကြကုန်ငြား မြတ်စွာဘုရား တို့၏ တန်ခိုးရှိန်စေဘ် အာနုဘော်ကြောင့်။ တေတုမှာကံ၊ တရားနာပရိသတ် အပေါင်း သင်သူတော်ကောင်းတို့အား။ သဒါ၊ ပါ သာလျှင်။ သုခီ၊ ကိုယ်ရောစိတ်ပါ ဘယာမငြိ. ကြာရေတွေ့သို့ ချမ်းမြေ့ကြည်လင်ခြင်းသည်။ ဘဝန္တု၊ မေတ္တာရေပန်း လှုစ်ခါဖြန်း၍ ရှင်လန်း ကြည်သာ ဖြစ်ကြပါစေကုန်သတည်း။

ဒုတိယ ဂါထာဘွဲ့၊ (သဗ္ဗဓမ္မာ နုဘာဝေန၊ သက္ခာတတာ အစလာသည့် ဖြောသော ဂုဏ်တော်နှင့် ပြည့်စုံသော တရားတော်တို့၏ တန်ခိုးရှိန်စေဘ်အာနုဘော်ကြောင့်)

တတိယ ဂါထာဘွဲ့၊ (သဗ္ဗသံဃာ နုဘာဝေန၊ သုပ္ပဋိပန္နတာ- အစလာသည့် ကိုးဖြောသော ဂုဏ်တော်နှင့် ပြည့်စုံသော သံဃာတော်တို့၏ တန်ခိုးရှိန်စေဘ်အာနုဘော်ကြောင့်)
(ဤမျှသာပြင်၍ဆိုရတော့မည်)

မေတ္တာပို့ဆောင်ပုဒ်လက်ဝများ

(၁) သာသနာကြီး၊ ဘုန်းမီးနေလ၊ ထိန်ထိန်ပ၊ ချမ်းမြပါစေ
မေတ္တာဝေ။

(၂) သာသနာထမ်း၊ ရဟန်းသံဃ၊ ကြည်လင်ပ၊ ချမ်းမြပါစေ
မေတ္တာဝေ။

(၃) သာသနာကျိုး၊ သည်ပိုးနိုင်ကြ၊ အမှန်ပ၊ ချမ်းမြပါစေ
မေတ္တာဝေ။

(၄) ပြသသွန်သင်၊ ဆရာအရှင်၊ ကိုယ်စိတ်တွင်ပ၊ ကြည်လင်ရ၊
ချမ်းမြပါစေ မေတ္တာဝေ။

(၅) မိဘနှစ်ဖြာ၊ ဂုဏ်နန္တာ၊ ချမ်းသာသုခ၊ အမှန်ရ၊ ချမ်းမြပါစေ
မေတ္တာဝေ။

(၆) သာသနာကြီး၊ ခိုမှီးနေကြ၊ ဝေနေယျ၊ ချမ်းမြပါစေ
မေတ္တာဝေ။

(၇) ဤကမ္ဘာကြီး၊ ခိုမှီးနေကြ၊ ဝေနေယျ၊ ချမ်းမြပါစေ
မေတ္တာဝေ။

("ပဏာမဂါထာတော်များ" နှင့်တွဲရန်)

* သာသနာနေမင်း ဝင်းပသောဝါ၊
လူရော-နတ်ရော မြတ်သောရောင်ဝါ၊
ပညာတန်းပ ရှုန်းမြကြည်သာ၊
နိဗ္ဗာန်ဓာတ် ဆိုက်ကပ်ကြစေရာ။

* သာသနာနေမင်း မလင်းသောခါ၊
လူရော-နတ်ရော မိုက်တောထဲမှာ၊
စာမ်းပျောက်လို့ ကျရောက်ပယ်ရှာ၊
အဲဒါကြောင့် ဗုဒ္ဓသာသန ပို့ရဖွေမင့်ဘာ။

("သာသနာ့ဂုဏ်ရည်" ဂါထာနှင့်တွဲရန်)

အာဃာတ

စာအုပ် ဖြစ်မြောက်ရေးအတွက် အခက်အခဲပေါင်း များစွာရှိသည့် အနက် ငွေကြေးအခက်အခဲကို စာရေးသူ အလွန်ကြောက်သည်။ စာမူ ပြုစုရေး စသော အခြားကိစ္စများ ဘယ်လောက်ပင် ရှိပါစေ၊ စာရေး သူက ထိုအခက်အခဲများကို စိတ်ရှည်ရှည်ဖြင့် ဖြေရှင်းချင်ပါသည်။ ဖြေ ရှင်းနိုင်စွမ်း ရှိပါသည်။ ငွေကြေး အကြောင်းနှင့် ပတ်သက်လာလျှင် ကား ခက်သလိုလည်း တွေ့သည်၊ ရှက်သလိုလည်း တွေ့သည်။ ရှက်နေ မှတော့ ခက်တော့မည်ကား အမှန်ပင်။

တရားတပုဒ်ကိုသာ ကြာချင်သလောက် ကြာပစေ ဟော်လိုက်ချင် သည်။ ငွေကြေးအကြောင်းနှင့် စပ်လာလျှင် တခွန်းသော စကားကိုမျှ မဆိုချင်။

ဤသို့သော အကြောင်းကြောင့်လည်း စာရေးသူ၏ စာမူများ စာ အုပ်အဖြစ်သို့ ရောက်မလာခဲ့။ စာမူများ စာအုပ်အဖြစ်သို့ ရောက်မလာ သည့် အတူတူတော့ စာစောင်များ၌ ဆောင်းပါးရေးချသာလျှင် မိမိ၏ စာရေးဝါသနာကို အာသာဖြေကာ အေးအေးသာ နေတော့သည်။ ဤသို့ နေတော့မှ မိတ်ဆွေများ, တပည့်များက ဆရာတော် တရားဟောဂါထာ ပါဠိအနက်များကို "မမှကထိက" သုံးရန် ဂါထာ အစုံအလင် ရွေး၍ ထုတ်ဝေမည့်အကြောင်း တိုက်တွန်း လျှောက်ထားလာသည်။

ထိုအခါ မိမိက "ငွေကြေး အကြောင်းက လဲ့လျှင် ကျန်ကိစ္စအကုန် လုံး လုပ်ပေးမည်"ဟု ပြောပြရသည်။ သူတို့က "ငွေကြေးကို ကြိုးစားကြ ပါမည်"ဟု ကတိပြုကြသည်။ သို့သော် သူတို့မှာလည်း သူလိုကိုယ်လို ဖြစ်ကြသည်မို့ ပြည့်စုံကြမည်ကား မဟုတ်။ သို့သော် သူတို့က တာဝန် ယူကြတော့မှ ကျန်ကိစ္စကို စိစဉ်ပေးရမှာ တာဝန်လေးနေစရာ မရှိပြီ။

ဤတွင် ကျမ်းစာတခု ဖြစ်ပေါ်မှုဌ် ငွေကြေးသည်သာ အခက်အခဲ တခုမဟုတ်ကြောင်းကို စာပေထုတ်လုပ်ရေးနှင့် စပ်သူများ သိကြပါမည်။ စာရေးသူဆိုလိုသည်ကား မိမိအနေနှင့် ငွေကြေးကိစ္စကိုသာ ရှက်ကြောက် နေ၍ အခက်အခဲတခုဟု ဆိုခဲ့ခြင်း ဖြစ်ပါသည်။

ဤသို့ အခက်အခဲများစွာ အကြားမှ ဤ "ဂါထာတထောင် ကျမ်းစာ"မှာ စာအုပ်အဖြစ် ရုန်းကန်လှုံးလွှန့်၍ ရုက်ညွှန့်ထွက်ကာ ဗာပေဥယျာဉ်အလယ်မှာ ဖြစ်ထွန်းလာခဲ့ရခြေပြီ။ စာပေ ဥယျာဉ်ဝယ် စာပေပန်းပင်ငယ်များ ရှင်သန်ဖူးပွင့်၍ မြူးခွင့်ရရန်မှာ စာပေဥယျာဉ်မှူးများက အဓိကနေရာ၌ တည်ပါသည်။ စာပေဥယျာဉ်မှူးဆိုသည်ကား စာရေးဆရာ, ကျမ်းပြုဆရာများ ဖြစ်သည်ဟု စာရေးသူက မထင်မြင်မိပါ။ စာဖတ် ပရိသတ်များသာ ဖြစ်သည်ဟု ထင်မြင်ယူဆပါသည်။

ထို့ကြောင့် မိမိဘို၏ စာပေဥယျာဉ် ဒေသငယ်၌ လှုံးလွှန့်ကာ ရုက်ညွှန့်ဖြာလာသော ဤဂါထာတထောင် ပန်းပင်ကလေးကို စာပေဥယျာဉ်မှူးဖြစ်သော စာဖတ် ပရိသတ်များက ဝမ်းပမ်းတသာ ဆီးကြို၍ ရေစင်းချမ်းမြ သွန်းလောင်းပေးကြလိမ့်မည်ဟု မြော်လင့်လျက်—

× ပုညေနာဇနန စညေန၊ ပပေ့ယျံ ဥဇုကံ သိဝံ။
သံသာရေ သံသရန္တောပိ၊ ကာယစိတ္တာသုခီ ဘဝေ။

× ပဋိရူပေ ပဒေသေ စ၊ ဒေသဇ္ဇေ ကုလေဝ ဇာတိယာ။
သန္တဝုကာယာ စာဝိက္ခား၊ သဇမယျံ သနရာမသုံ။

× ပဘလ နှံ ပဒဿီ နံ သုဇော၊ နှံ စ ပဘလေန သဝေသေ။
ပဘလေ နလ္လာပ သလ္လာပ၊ နှ ကဒေ့ နှ စ ဆောစယေ။

× ဒီရံ ပဿေ သုဏေ စိရံ၊ ဝိဒေန သဟ သံဝသေ။
စိဒေ့ နလ္လာပ သလ္လာပံ၊ တံ ကဒေ့ တန္တ ဆောစယေ။

"အမျိုသေ ရပါစေ"

ဤစာပြုစု မြတ်ကောင်းမှုကို
ကွယ်လွန်လေပြီးသော မွေးသမိခင်
အနှစ်ကျေးဇူးရှိ မေတ္တာသဒ္ဓါ
(ပယ်တော် ဒေါငကလေး)အား ဆက်ပူဇော်-
ပေးအပ်ခဲ့ပါသည့် ဘုရား ကျောင်းတိုက်သော
(အဘွား ဒေါကြွင်းငရု နှင့် ဒေါစိန်ပွင့်)တို့အား ရင်း-
အမျိုသေ ရပါစေကြောင်း
ပမတ္တာရေလောင်းပါ၏။

ဂါထာတထောင် ပဌမတွဲ ပြီး၏။

၂၂။ "ဝတိ်သာမှ ဘုရားကြွ"
(အဘိဓမ္မာအခါတော်နေ့အတွက်)

နမေ ဒိဋ္ဌော လွတော ပုဗ္ဗေ၊ နသုတော ဥဒ ကဿစိ။
ဧဝံ ဝဂ္ဂုဂတော သတ္ထာ၊ တုသိတာ ဂဏိမာ ဂတော။

မေ၊ သာရိပုတ္တရာ မည်သည်ဖြင့် လက်ျာတော်ရံ ဌာနန္တရ ဘွဲ့ပုံသသည့် ဘုရား တပည့်တော်သည်။ လွတော၊ တာဝတိ်သာ နတ်တို့ရွာမှ ဘဂဝါပရမေ သက်ဿသို့ ခုနေချိန်ခါ ကြွမြန်းလာသည့် မဟာသမယ ဤကာလမှ။ ပုဗ္ဗေ၊ ရှေးရှေးကာလ ဘဝဘဝါ အခါခါ၌။ ဧဝံဝဂ္ဂုဂတော၊ တဓလောကလုံး မဆုံးကြက်သရေ တက်သစ်နေထောင် ရာထောင်ဖြိုးမောက် သို့ကလောက်ပင် တန်ခိုးတောက်တော် မူထသော။ သတ္ထာ၊ နတ်လူဗြဟ္မာ သတ္တဝါအစားစားတို့၏ အားထားမှီခို ဗဟိုရှိ ခရိုင် မဏ္ဍိုင်ဥက္ကဋ္ဌ ဝိသုဒ္ဓိနတ်ဖြစ်တော်မူထသော မြတ်စွာဘုရားကို။ နဒဋ္ဌေ၊ မံသ ပညာ နှစ်ဖြာသော စက္ခုဟူဖြင့် ကြည့်ရှု၍ အမြင်မိရိုးအမှန်ပါပေတည်း။ ဥဒကဿစိ၊ သုံးဆဲ့တဘုံ လုံးစုံထက်အောက် တယောက်တလေ၏ အထံမှသော်လည်း။ နသုတော၊ ပကတိနား ဒိဗ္ဗနားဖြင့် လားလားမှပင် မကြားမိရိုးအမှန် ပါပေတည်း။ တုသိတာ၊ လူနတ်ဗြဟ္မာ သတ္တဝါအပေါင်း နှစ်ထောင်းဒူးရုန်း ရှင်ပျဉ်ခြင်းကိုဖြင့်စေထသော။ ဂဏိမာ၊ သောင်းလောကဓာတ် လူနတ်ဗြဟ္မာ သတ္တဝါအပေါင်း နှင်းထောင်းကြည်ညို ဗဟိုရှိဥက္ကဋ္ဌ အထွဋ်အထိပ်ကြီးဖြစ်ပေ ထသော။ သတ္ထာ၊ နတ်လူဗြဟ္မာ သတ္တဝါအပေါင်းတို့၏ လမ်းကြောင်းညွှန်ရာ ဗို့မြတ်စွာသည်။ အာဂတော၊ ဤစောင်းတန်းအသွယ်သွယ် ငွေစောင်းတန်း အဆင့် ပတ္တမြားစောင်းတန်းကအလယ် နတ်ဗြဟ္မာတွေ့ တင့်တယ်ခြုံရုံလျက် ဝတိ်သာ ကသစ်နန်းမှ သက်ဿံ လူ့ကြွင်းသို့ မြန်းကြွတော်မူလာခဲ့ပါပေသည် တကား။

၂၃။ "မလဲ့သာ ခဲ့ခဲ့ဘရမေမဲ့"

ဝန္ဒာမဟံ မဟာဝီရ၊ ဤဒံ ပစ္ဆိမဒဿနံ။
သစေ ဒေါသံ ခမာပေဟိ၊ ဂစ္ဆာမိ ကရုဏာဂရ။

မဟာဝီရ၊ မြတ်သောလူလွန် ဝီရိယနှင့် မုချကုံလုံ ပြည့်စုံပေငြား အရှင် မြတ်ကြီးဘုရား။မေ၊ အရှင်ထံပါး ခဲ့ခဲ့ဘသွားရန် အကြောင်းကံဟုန် ကြုံလာခဲ့ရ တပည့်တော်မ၏။ ဤဒံဒဿနံ၊ ဤယခုတွင် အဦးတင်၍ ဖူးမြင်လိုက်ရခြင်းသည်။ ပစ္ဆိမဒဿနံ၊ နောင်သောအခါ ဘယ်မှာတဖုံ ပြန်ဆုံတွေ့ရန် ကြောင်းကံတစိ မရှိလုံးလုံး နောက်ဆုံးအနေ ဖူးလိုက်ရခြင်းပါပေတည်း။ အဟံ၊ သိန်းစက္ကဝါ ကမ္ဘာဘာက ဆယ်ဖြာပါရမီ တူညီပြည့်ဖက် မပျက်စိတ်စဉ် အရှင်နှင့်သာ မကွဲအဖော် ဘုရားတပည့်တော်မသည်။ ဝန္ဒာမိ၊ ကြည်ညိုလွမ်းပတ် သဒ္ဓါခေတ်ဖြင့် ရှက်ချပ်အစုံ ကြာပဒုံသို့ ဆယ်စုံလက်

ချောင်းရိုညွတ်ပြောင်းလျက် ဦးခေါင်းညွတ်ကာ ရှိခိုးကန်တော့လိုက်ပါ၏ ဘုရား။ မေ၊ ဘုရားတပည့်တော်၏အပေါ်၌။ ဒေါသံ၊ ကာယဝစီ မနောခြို လျက်သုံးလီမှန်စွာ ပြစ်ဒေါသာသည်။သစေအာတ္တိ၊တစိုးတစိအကယ်၍မျှားရှိ ခဲ့အုံ။ကရုဏာဂကရ၊သတ္တဝါမျှား ရင်ဝယ်သားသို့မခြားမှန်စွာကရုဏာမျှား လတ် အရှင်မြတ်သည်။ ခမာပေဟီ၊ အပြစ်မဲ့ရေး တောက်မြော်တွေးလျက် မနှေးလျင်စွာ သည်းခံတော်မူပါဘုရား။ အဟံ၊ တပည့်တော်မသည်။ ဂစ္ဆာမိ၊ ဝင်္ဂကင်းရာမှန် မြတ်နိဗ္ဗာန်သို့ အမှန်မသွေ သွားရောက်ပါတော့ မည်ဘုရား။

၂၄။ သင်တို့တွက်တာ ဧကာင်းဘို့ရာ

တာရကာ ဝိယ စက္ခူနိ၊ မံသာနိ ဓ မဟာပထဝီ။
လောဘိတံ သမုဒ္ဒါဒကံ၊ ဒန္ဒံ သိနေရုသဒိသံ။
တောဒိသံ ဇဟိတ္ဝာန၊ ပုရေသိ ဒသပါရမိ။

ကာရုဏိကော၊သတ္တဝါဝေဝနေ မျှားဗိုလ်ခြေတို့ ကယ်မည့်သူဝေး ဘေး တွေက ပိုင်းဘို့ ရန်ဆူးတွေအပုံဖုံမို့ ကြင်နာပုံအရေး ရှေးညာဏ်တော်မြော် တွေးလျက် ကိုယ့်အရေးကိုယ့်အရာလို မဟာကရုဏာတွေ လွန်စွာပိုလှ သောမြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးသည်။ သတ္တာနံတာရဏာတ္ထာယ၊ သံသရာကြာ တမျှောမျှောနှင့် အတောမသတ် ဒုက္ခထပ်လျက် ဖိကြပ်ပေ ရေ သတ္တဝါတွေကို ခေမာသောင်ကမ်း နိဗ္ဗာန်နန်းသို့ ဖြောင့်တန်းလယ်ကူ ပို့ ဆောင်တော်မူခြင်းငှာ။ တာရကာဝိယစက္ခူနိ၊ ဟိုထက်ကောင်းကင် ဘေဝ်ကြယ်စင်သို့ တွယ်လျှင်မရ မြော်မြှော်မြှားလှသည့် မျက်လုံးတော် အစုံတို့ကိုငှင်း။ မဟာပထဝီမံသာနိစ၊ နွှစ်သိန်းလေးသောင်းထုပေါင်းမျှား တည် မဟာပထဝီသို့ တွက်ညီမျှားပြား ကိုယ့်အသားတော်တို့ကိုငှင်း။ လောဟိတံသမုဒ္ဒါဒကံ၊ သမုဒ္ဒရာရေ မကလေသည့် နှိနှိတွေးတွေး ကိုယ့် အသွေးတော်တို့ကိုငှင်း။ အင်္ဂ် သိနေရုသဒိသံ၊ မြင့်မိုရ်တောင်မင်း ကမ လျှင်းသည့် အကွင်းတည်မျိုး ကိုယ့်အရိုးတော်တို့ကိုငှင်း။ ဇဟိတ္ဝာန၊ နှမြောမတွန့် ရက်ရက်စက်စက်ကြီး စွန့်လျက် သာလျှင်။ ပါရမီ၊ ဘုရားဖြစ်ရန် အကြောင်းခံဟု ဆယ်တန်စုံညီ ပါရမီတော်တို့ကို။ ပုရေသိ၊ မဆုတ်မနစ် အားသစ်လုလွ ဝါယာမဖြင့် နွေးညွှမသွေ ပြုစုဆည်းပူးတော်မူ ခဲ့ပါပေသည်တကား။